ကျင်းဖုံး၏
ထင်းရှစန်းကျားကျမ်း
ဇာတ်သိုလ်
နေလင်းအောင်
မီးကြွင်းရန်ကြွင်း အောင်ပွဲခင်း
စာစဉ် (၃)
၄ အုပ်တွဲသိုင်းစာစဉ်
သိုင်းစာစဉ်များPAGE

ပန်းကိုင်းဒေသကြီး

မိုးကြီးရွာနှင်းသော်မှင်း

ဒေါ်ကယ်လွှဲ သိန်းထောဋ္ဌ

စာစဉ် (၃)



စာဆို

နေလင်းဒေါင်

မိုးကြင်းရုန်ကြင်းဓောင်ပွဲခင်း

(စာစဉ်-၃)

အဝန်း(၂၅)

လူးမဲ့များ

ဇွေ .... ။

မိုး .... ။

ဆောင်း .... ။

ရာသီအလိုလိုပြောင်းလဲသွားခဲ့ပြီ ဖြစ်ပါသည်။ အိုမင်းရင့်ရော်နေသော သစ်ပင်များ ပြိုလဲသွား၏။ ပင်ပျိုများ ရှင်သန်ကြီးထွားလာခဲ့သည်။

အများသူငါ အသုံးပြုနေကြသည့် လမ်းများသည် သွားလာရန်အတွက် လွယ်ကူပြီး အဆင်ပြေချောမွေ့စေသော လမ်းသစ်များ ပေါ်ပေါက်သောအခါ လမ်းအို၊ လမ်းဟောင်းများ ဖြစ်သွားသည်။

အဓိကာလ ရွှေ့လျားသွားသည်နှင့်အမျှ အဟောင်းများနေရာတွင် အသစ်များ အစားထိုးဖြစ်ပေါ်လာသည်မှာ လောကဓမ္မတာ ဖြစ်ပါသည်။

သိုင်းလောကဌာလည်း ထိုနည်းနှင့်ပင် ယခင်က လူကြီးသို့
သမားများ ယခုအချိန်၌ အိုမင်းမစွမ်းခေါ်ကုန်ကြချေပြီ။ အချို့က
သေဆုံးသွားကြချေပြီ။

လူငယ်သိုင်းသမားများက လူကြီးသိုင်းဓသားများ ဖြစ်
သည်။

နောက်ထပ် မျိုးဆက်သစ်လူငယ်သိုင်းသမားများ ထွက်
လာသည်။

သိုင်းလောကသည်လည်း အသစ်အသစ်သောဖြစ်ရပ်များဖြ
ဆက်လက်ဖြစ်ပျက်လျက်ရှင်သန်လည်ပတ်နေလေတော့သည်။

လျှို့ဝှက်သော တစ္ဆေဂူဂိုဏ်းသည်ကား လောကဓမ္မတာ
အာဓံဆန့်ကျင်လျက်ရှိနေပါသည်။ သိုင်းလောကဌာ ပေါ်ပေါက်လာက
နေရာယူခဲ့သည်မှာ နှစ်ပေါင်းအတော်ကြာသွားပြီ ဖြစ်သော်လည်
ယနေ့တိုင် သိုင်းလောကဌာ ရှင်သန်နေဆဲပင်။

အခြားသော သိုင်းဂိုဏ်းများကဲ့သို့ တည်ထောင်ခဲ့သည့် နှ
ပေါင်း ကြာမြင့်လာသောအခါ အဓိကဦးဆောင်သူများ ကွယ်လွန်သွ
ပြီးသည့်နောက်ဝိုင်း ဦးဆောင်သူများလျော့ရဲလာကာ တစ်စထက်တ
စ အင်အားနည်းလာပြီး သိုင်းလောကဌာ မှေးမှိန်သွားတတ်သည်။

တစ္ဆေဂူဂိုဏ်းကား ထိုသို့မဟုတ်ချေ။

နှစ်ကြာလာလေလေ သိုင်းလောကဌာ ဝိုင်းထင်ရှားလာလေ
ပင်။

တစ္ဆေရုဂိုဏ်းသည် သိုင်းလောကအား ယခင်ကထက်ဝိုင်း ခြိ
ခြောက်လာနိုင်ကာ အကြောက်တရား မေးစွမ်းနိုင်မှု ကြီးမားလ
သည်။

ရှောင်လင်ဟူ၍ ဂူဖီး၊ ဒိမိုးအစရှိသော သိုင်းဂိုဏ်းကြီးများထက်
ပင်ဝိုင်း ထည်ဝါသည်ဟု ဆိုပေတော့သည်။

ထိုအချိန်တွင် ....

သိုင်းလောကဌာ ထွက်ပေါ်လာသည့် လူငယ်မျိုးဆက်သစ်
အများအပြားထဲ၌ လူတိုင်းသတိထားမိစေခဲ့သည်။ လူငယ်သိုင်းသမား
လေးဦးထွက်ပေါ်လာခဲ့သည်။

ထိုလူငယ်သိုင်းသမားလေးဦးမှာ ....

* ◆ *

တောက်ပသောနေရောင်ခြည်အောက်တွင် ရောင်စုံပန်းများ
ငွားငွားစွင့်စွင့် မွှင့်လန်းနေသည်။ ပျားဝိတုန်း၊ လိပ်ပြာကလေးများက
ပန်းဝတ်ရည်စုပ်ယူ၍ ဟိုမှသည်မှ ပျံဝဲနေ၏။

လေပြည်လေညင်းတိုက်ခက်လာသောအခါ မွှေးကြိုင်သင်းပျံ
သော ပန်းရနံ့များက ဝန်းကျင်တစ်ခုလုံး ကြိုင်လိုင်သင်းပျံသွားသည်။

ကျို့ထူးသည် ပန်းရနံ့များ သင်းပျံနေသည့် နံနက်ခင်း လေ
ပြည်ကို အားရပါးရ ရှူရှိုက်ရင်း ကျေနပ်စိတ်ဖြစ်နေမိလေသည်။

သူ၏ အသက်ခြောက်ဆယ်ကျော်ပြီ ဖြစ်သော်လည်း ကျွန်းမာ
သန်စွမ်းကာ သွက်လက်ဖျတ်လတ်နေဆဲ ဖြစ်ပါသည်။

ထိုသို့ ကျွန်းမာရေးကောင်းနေသည်မှာ အဓိကအချက် နှစ်ချက်
ကြောင့်ဖြစ်သည်ဟု ကျို့ကူးခံယူထား၏။ သန့်ရှင်းလတ်ဆတ်သော
နံနက်ခင်းလေပြည်ကို ရှူရှိုက်ရင်း ကိုယ်လက်လှုပ်ရှားခြင်း

ဖြစ်ပါသည်။

ဒုတိယအချက်ကား သိုင်းလောကမှ အနားယူလိုက်ခြင်း ဖြစ်သည်။

ကျို့ကူးသည် အသက်ဆယ့်သုံးနှစ်သားအရွယ်ကပင် အာမခံဌာနတစ်ခုဌ အလုပ်သမားလေးတစ်ယောက်အဖြစ် သိုင်းလောကသို့ ဝင်ရောက်လာခဲ့ခြင်း ဖြစ်သည်။

သူ၏ရိုးသားကြိုးစားမှုကြောင့် သာမန်အလုပ်သမားလေးဘဝမှ အာမခံပစ္စည်း ပို့ဆောင်ရာဌ လိုက်ပါရသည်။ အလုပ်သမားလေးသည် ထိုမှတဖန် သိုင်းပညာသင်ယူခွင့်ရကာ အာမခံဌာန သိုင်းသမားဖြစ်လာသည်။

သူ၏အသက်နှစ်ဆယ့်သုံးနှစ်တွင် အာမခံဌာနဌ မရှိမဖြစ်အားထားရသူ ဖြစ်လာကာ အသက်သုံးဆယ်အရွယ်တွင် သီးခြားခွဲထွက်၍ ကိုယ်တိုင်အာမခံဌာနထူထောင်နိုင်သူ ဖြစ်လာသည်။

နောက်ပိုင်း သိုင်းလောကဌ ထင်ရှားကျော်ကြားလာကာ ထိတ်ထိတ်ကြဲစာရင်းဝင် ဖြစ်လာခဲ့ပြီး တပည့်တပန်းများစွာ ရှိလာရသည်။

ဘဝတစ်လျှောက်လုံး သိုင်းလောကဌ ကျင်လည်ခဲ့ရသော ကျို့ကူးသည် အသက်ငါးဆယ်ကျော်လာသောအခါ ရှပ်ထွေးပွေလီလှ သော သိုင်းလောကအား စိတ်ကုန်လာလေသည်။ စိတ်မကုန်တဲ့ အဘယ်ရှိအံ့နည်း။ နိုးဆိုးလှယင်ခြင်း၊ သတ်ဖြတ်ခြင်းအလုပ်ကိုသာ သံသရာလည်နေသော လောကသည် သိုင်းလောကဖြစ်ပါသည်။ ရတနာရှာဖွေခြင်း၊ ရတနာစားလက်နက်ရှာဖွေခြင်း၊ သိုင်းကျမ်းရှာဖွေခြင်းတို့သည် သိုင်းလောကအလုပ် ဖြစ်ပါသည်။ ကြာသော် သူ စိတ်ကုန်လာသည်။

ယုံကြည်စိတ်ချရပြီ။ သူ့အား မိဘသဖွယ် သဘောထားသည့် တပည့်တစ်ယောက်အား အာမခံဌာနကို လွှဲပြောင်းပေးအပ်ပြီး သိုင်းလောကမှ အနားယူခဲ့လေတော့သည်။

ကျို့ကူးသည် သိုင်းလောကမှ အနားယူခဲ့ခြင်းကြောင့် စိတ်ညစ်ညူးစရာများကို စွန့်ခွာနိုင်ခဲ့ပြီး အေးချမ်းစွာ နေထိုင်နိုင်တော့ ကျန်းမာရေးကောင်းမွန်နေခြင်း ဖြစ်သည်ဟု ယုံကြည်ထားသည်။

ရုတ်တရက် ....

ပင်ယံမြင့်ထက်၌ တေးဆိုနေသော ငှက်ကလေးတစ်ကောင်သည် အထိတ်တလန့်ဖြင့် အဝေးသို့ ပျံသန်းသွားသည်။

ကျို့ကူး ကြောင်အမ်းအမ်း ဖြစ်သွားသည်။

သာယာလှပသော နံနက်ခင်းနှင့် ငှက်ကလေး၏ တေးဆိုသံတို့ လိုက်ဖက်တင့်တယ်လှသည်ဟု တွေးတောကြည်နူးနေစဉ်မှာပင် ငှက်ကလေးက အလန့်တကြား ပျံသန်းသွားခြင်း ဖြစ်လေသည်။

"ဘာလို့ဖြစ်တာပါလိမ့် .... "

ကျို့ကူး၏ နားထဲမှာ ပျော့ပါးညင်သာသော ခြေသံများ ကြားလိုက်ရလေသည်။

ကပျာကယာ လျှမ်းကြည့်လိုက်လျှင် ပန်းပင်များကြားမှ ဖြတ်သန်းကာ လှမ်းလာနေသူ တစ်ယောက်ကို တွေ့လိုက်ရသည်။

မီးခိုးရောင်ဝတ်ထားသော လူငယ်တစ်ယောက်ဖြစ်ပါသည်။ ထိုလူငယ်သည် အကွာအဝေးညီညာသော ခြေလှမ်းများဖြင့် ကျို့ကူးထံသို့ ဦးတည်လှမ်းလာနေသည်။

ကျို့ကူး အံ့သြသွား၏။

သူထံသို့ သိုင်းလောကမှ စိတ်ဆွေများ လာရောက်လည်ပတ်

ဆိုးလိုက်လေသည်။

"အဟမ်း .... "

သူ၏ချောင်းဆိုးသံအဆုံးတွင် လူငယ်ထံမှ စကားသံ ထွက်ပေါ်လာလေသည်။

"ခင်ဗျားက ကျို့ကူးလား .... "

ကျို့ကူး ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ် .... မင်းကကော .... "

"ဝမ်းတဟိုး .... "

"ဘာကွ .... "

ဝမ်းတဟိုးဟူသော လူငယ်အမည်ကြောင့် ကျို့ကူးမျက်နှာ ပျက်သွားလေသည်။

လူငယ်(ဝါ)ဝမ်းတဟိုးက ....

"သူဌေးဇင်က ခင်ဗျားအတွက် စကားတစ်ခွန်း လက်ဆောင်ပါးလိုက်ပါတယ် .... ခင်ဗျားကို ဘယ်တော့မှ မေ့မသွားဘူးဆိုတာပါပဲ .... "

အေးတိအေးစက် ပြောလာလေသည်။

ကျို့ကူး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

"လက်စသတ်တော့ သူဌေးဇင်က မင်းကို လွှတ်လိုက်တာကိုး"

ဝမ်းတဟိုး ခေါင်းညိတ်လိုက်သည်။

သိုင်းလောက၌ နှစ်ပေါင်းများစွာ ကျင်လည်ကျက်စားခဲ့ပြီး တိုက်ပွဲများစွာနှင့် ရင်ဆိုင်ခဲ့ဖူးသော ကျို့ကူးမှာ အခြေအနေအရပ်ရပ်ကို နားလည်သဘောပေါက်လိုက်သည်နှင့် စိတ်တည်ငြိမ်အောင် ချက်ချင်း ချုပ်ထိန်းထားနိုင်လိုက်သည်။

ချက်ချင်း တည်တည်ငြိမ်မြိန် ဖြစ်သွားသည်။

"သိုင်းလောကဟာ အပြောင်းအလဲ အတော်များနေလို့ သည်နှစ်ဝိုင်းတွေဟာ စိတ်ဝင်စားစရာကောင်းနေတယ် .... အစွမ်းအစရှိတဲ့ လူငယ်သိုင်းသမား အတော်များများ ထွက်ပေါ်လာနေတယ် .... ဒါပေမယ့် .... "

စကားတစ်ဝိုင်းတစ်စဖြင့်ရပ်ကာ ဝမ်းတဟိုးအား စိုက်ကြည့်လိုက်လေသည်။

ဝမ်းတဟိုး၏ မျက်လုံးများက အေးစက်နေသော်လည်း သူ၏မျက်နှာကား ပြုံးယောင်သန်းနေသည်။

ကျို့ကူးအား စိုက်ကြည့်နေပြီး ဘာမှမပြောချေ။

ကျို့ကူး စကားဆက်လိုက်သည်။

"သည်နှစ်ဝိုင်းတွေမှာ လူတိုင်းသတိမထားဘဲ မနေနိုင်အောင် အစွမ်းပြည့်တဲ့ လူငယ်သိုင်းသမားလေးတွေဟာ တစ်ချိန်ကျရင် သိုင်းလောကမှာ အရေးပါတဲ့ လူတွေဖြစ်လာကြမှာ အမှန်ပဲ .... ဒါပေမယ့် သိုင်းလောကအတွက် ကောင်းတဲ့ကိစ္စတစ်ခုတော့ မဟုတ်ဘူး"

ဝမ်းတဟိုးက ....

"ခင်ဗျားဟာ သိုင်းလောကက အနားယူလိုက်ပြီဆိုပေမယ့် သိုင်းလောကအကြောင်း မျက်ခြည်မပြတ်ဘဲကိုး .... "

ကျို့ကူး ခေါင်းညိတ်လိုက်သည်။

"ကျုပ်က အနားယူလိုက်ပြီဆိုပေမယ့် အားလုံးက ကျုပ်ဆီလာပြီး လည်ပတ်နေကြတာပဲလေ .... သိုင်းလောကအကြောင်းကို သူတို့ကပဲ သယ်ဆောင်လာကြတာပေါ့ .... "

ဝမ်းတဟိုးကလည်း ခေါင်းညိတ်လိုက်သည်။

"ခင်ဗျား သိထားတယ်ဆိုတော့ ကောင်းတာပေါ့ဗျာ .... ဘာမှ ထွေထွေထူးထူး ပြောနေစရာ မလိုတော့ဘူးပေါ့ .... "

"ဟုတ်တယ် .... ဝမ်းတဟိုးဆိုတဲ့ လူငယ်ကြေးစားသိုင်းသမား ဟာ မြေဟောက်အကောင်ပေါင်းတစ်ထောင်ထက်တောင်ပိုပြီး .... ကြောက်စရာကောင်းတယ်လို့ ပြောသံတွေ ဆူညံနေတာပါပဲ .... "

ဝမ်းတဟိုးက ....

"ခင်ဗျား ပြောစရာကုန်ပြီလား .... "

ကျို့ကူး လက်ကာပြလိုက်သည်။

"ခဏနေဦး .... "

ဝမ်းတဟိုး ငြိမ်နေလိုက်လေသည်။

ကျို့ကူးက ....

"သူဌေးဇံက အတော်လူလည်ကျတာ .... အနယ်နယ်အရပ်ရပ်က နိုးရာပါပဝစ္ဆည်းတွေ ဓားပြတိုက်ရာပါပစ္ဆည်းတွေကို လက်ခံတယ်၊ ပြီးတော့ ကျွပ်ရဲ့ အာမခံဌာနမှာ လာအပ်နှံပြီး နယ်ခြားကို ပို့နိုင်းတယ်၊ ကျွပ်က အဖြစ်မှန်ကို မသိဘဲ လက်ခံပို့ဆောင်ပေး .... ဒါပေမယ့် နယ်ခြားကိုမရောက်ခင် သတင်းရလို့ နေပြည်တော်ကို အကြောင်းကြားလိုက်တာ .... ဘုရင့်တပ်ရဲ့တွေ အရိန်ဖိလိုက်လာပြီး သိမ်းဆည်းသွားကြတယ် .... "

ဝမ်းတဟိုးက ငြိမ်နေ၏။

ကျို့ကူး၏စကားကို စိတ်ဝင်စားစွာ နားထောင်နေခြင်း မဟုတ်ချေ။

ကျို့ကူးအား မည်သို့ တိုက်ခိုက်ရမည်ကို တွေးတောစဉ်းစားနေပုံမျိုး ဖြစ်လေသည်။

ကျို့ကူးက စကားဆက်လိုက်လေသည်။

"ဓားပြတိုက်ရာပါပစ္ဆည်းတွေ ဖြစ်နေတော့ သူဌေးဇံ မနည်း ဖြေရှင်းခဲ့ရတယ် .... ကံကောင်းလို့ လူက အဖမ်းမခံလိုက်ရပေမယ့် ပစ္ဆည်းတွေကိုတော့ ဆုံးရှုံးလိုက်ရတယ် .... သက်ဆိုင်ရာက သိမ်းဆည်းလိုက်တာပေါ့ .... သည်ကိစ္စကို သူဌေးဇံ မကျေနပ်နိုင်ဘူး ဖြစ်နေတယ် .... ဒါကို ငါ သိပါတယ် .... ကဲ .... မင်း စဉ်းစားကြည့်စမ်း သူက ငါ့ကို ရန်သူတစ်ယောက်လို သဘောထားတာ မှန်ရဲ့လား .... ငါ့ရဲ့လုပ်ရပ်က မှားနေလို့လား .... "

ဝမ်းတဟိုးက ....

"ဝမ်းနည်းပါတယ်ဗျာ .... ခင်ဗျားတို့ ကိစ္စမှာ ဘယ်သူမှားတယ် မှန်တယ်ဆိုတာ ဆုံးဖြတ်လို့ ကျွန်တော်မှာ အခွင့်အရေး မရှိပါဘူး .... ကျွန်တော့်ရဲ့ တာဝန်က အလုပ်ရှင်ခိုင်းတဲ့အတိုင်း ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ် .... "

ကျို့ကူး သက်ပြင်းချလိုက်သည်။

"ကျွပ်တို့နှစ်ယောက်ကြားက အဖြစ်အပျက်တွေကို မင်း သိရပြီ .... ကျွပ်ဟာ သိုင်းလောကကိုလည်း ကျောခိုင်းလိုက်ပြီ .... ဒါတောင် သိုင်းလောကရဲ့ ကိစ္စတွေက ကျွပ်နဲ့လာပြီး ပတ်သက်နေတုန်းပဲလား .... "

ဝမ်းတဟိုးက ....

"ခင်ဗျား ပြောစရာကုန်ပြီ ထင်တယ် .... "

ကျို့ကူး ခေါင်းညိတ်လိုက်လေသည်။

ဝမ်းတဟိုးအား မည်သို့မျှ ဖျောင်းဖျ၍ ရမည်မဟုတ်ကြောင်း နားလည်ထား၏။

ထို့ကြောင့် ....

"မင်းမှာ တာဝန်ရှိတဲ့အတိုင်း ဆောင်ရွက်နိုင်ပါတယ်ကွယ်"

ဟူ၍ သူအားတိုက်ခိုက်ရန် ခွင့်ပြုလိုက်လေသည်။

ဝမ်းတဟိုး၏မျက်နှာပေါ်မှ အပြုံးရိပ်များ ကွယ်ပျောက်သွားလေသည်။

"ခင်ဗျား သတိထားပါ .... "

စကားဆုံးလျှင် ခါးမှဓားကို လျှပ်တစ်ပြက်ဆွဲထုတ်ကာ ကျို့ကူး၏ရင်ဝသို့ ထိုးသွင်းလိုက်လေတော့၏။

* ◆ *

ဝမ်းတဟိုးက လျှပ်တစ်ပြက် တိုက်ခိုက်လိုက်သည်။ သူ၏ဝဘက်ပခုံးလှုပ်ရှားလိုက်သည်နှင့် ဓားတစ်လက်က လက်ထဲရောက်လာသည်။

ဝမ်းတဟိုးသည် သူများနှင့်မတူသော ဘယ်ကျော်ဓားသမားတစ်ယောက် ဖြစ်နေသည်။

သူ၏ဓားမှာ နှစ်ပေနှင့် လေးလက္ခဏာရှိသော အရှည်ရှိသည်။

ဓားက သိုင်းလောကၥ အသုံးပြုလေ့ရှိကြသော ဓားများနှင့် မတူဘဲ သံတူရွင်းတစ်ခုပမာ ခပ်လုံးလုံးရှိနေသည်။

ထို့ကြောင့် ဓားသွားဟူ၍ မယ်မယ်ရရ ပြောစရာမရှိတော့ဘဲ အံ့သြစရာကောင်းသော ဓားတစ်လက်ဖြစ်နေသည်။

ဓားအရောင်ကလည်း ဝင်းလက်တောက်ပြောင်မနေတဲ့သံရိုင်းကို မီးဖုတ်ထားသကဲ့သို့ မည်းညစ်ညစ်ဖြစ်နေသည်။

ဓားသည် ပေါ့ပါးမနေဘဲ လေးလံသည့်သဘော ရှိနေသည်။

ဝမ်းတဟိုးသည် ထိုဓားဖြင့် သိုင်းလောက၏ မျိုးဆက်လူငယ်များကြား၌ ထင်ပေါ်ကျော်ကြားလာသည်မှာ အံ့သြစရာ ကောင်းနေသည်။

ထို့အပြင် ....

ဝမ်းတဟိုးသည် ထူးဆန်းသော ကြေးစားလူသတ်သမားတစ်ယောက် ဖြစ်နေသေး၏။

သိုင်းပညာထက်မြက်သော်လည်း ငယ်ငယ်ရွယ်ရွယ်နှင့် ကြေးစားလူသတ် သိုင်းသမားဖြစ်နေသည်မှာ သိုင်းလောကအတွက် ဝမ်းနည်းစရာ ကောင်းနေပါတော့သည်။

ဝမ်းတဟိုးသည် ကျို့ကူးနှင့် ခြေငါးလှမ်းအကွာတွင် ရပ်တန့်နေခြင်း ဖြစ်ပါသည်။

ထို့ကြောင့် သူက နှစ်ပေလေးလက္ခဏာရှိသော ဓားကိုဆွဲထုတ်လိုက်သည့်တိုင် ကျို့ကူးအား ထိအောင်တိုက်ခိုက်နိုင်ဦးမည် မဟုတ်ပါချေ။

ကျို့ကူးက မလှုပ်မယှက် ရပ်နေဆဲ။

သူသည် သိုင်းလောကမှ အနားယူထားပြီး ဖြစ်သည်။

သို့သော် ....

သူအတွက် အသက်အန္တရာယ် ကြုံကြိုက်လာသောအခါ သိုင်းပညာအသုံးမပြုဘဲ ခေါင်းငုံ့ခံနေမည်လော။

အကျင့်မကောင်းသူတစ်ယောက်က ရန်ငြိုးထားကာ ကြေးစားလူသတ်သမား စေလွှတ်၍ လုပ်ကြံသည်ကို လည်စင်းပေးမည့်သူ

မဟုတ်ချေ။

ရင်ဆိုင်သွားမည်သာ ဖြစ်လေသည်။

ဝမ်းတဟိုးသည် ဓားဆွဲထုတ်ပြီးသည်နှင့် ရှေ့သို့ ခြေတစ်လှမ်းတိုးကာ ကျို့ကူး၏ရင်ဝသို့ ထိုးသွင်းလိုက်သည်။

ရှေ့သို့တစ်လှမ်းတိုးလိုက်ခြင်းကြောင့် ကျို့ကူးနှင့် ခြေလေးလှမ်းအကွာသို့ ရောက်သွားစေ

ဓားက နှစ်ပေလေးလက္ခရှည်ပြီး ဝမ်းတဟိုး၏ ဝဘက်လက်တဲ့က သုံးပေနီးပါးရှည်လျားသည်။

ဓားနှင့် လက်တံရှည်ထည့်ပေါင်းလျှင် ဝမ်းတဟိုးနှင့် ခြေတစ်လှမ်းအကွာသာသာ ရွေ့လျားသွားတော့သည်။

သို့တိုင် ဝမ်းတဟိုး၏ဓားသည် ကျို့ကူးအား အန္တရာယ်ပေးစွမ်းနိုင်ခြင်း မရှိသေးပါ။ နောက်ထပ် ခြေတစ်လှမ်းတိုးလိုက်မှသာလျှင် ကျို့ကူး၏ရင်ဝသို့ ထိုးသွင်းလိမ့်မည် ဖြစ်သည်။ ဝမ်းတဟိုးက နောက်ထပ် ခြေတစ်လှမ်း မလှမ်းမချင်း ကျို့ကူးအတွက် အန္တရာယ် မဖြစ်နိုင်သေးပါ။

ဝါရင့်သိုင်းသမားကြီးဖြစ်သော ကျို့ကူးက ဝမ်းတဟိုး လှုပ်ရှားလိုက်သော်လည်း အခြေအနေကိုကောင်းစွာ သဘောပေါက်ပြီး လှုပ်ရှားခြင်း မပြုသေးဘဲ တည်တည်ငြိမ်ငြိမ် ရပ်နေ၏။

ဝမ်းတဟိုးသည် ကြေးစားလူသတ်သမားသာ ဖြစ်သည်။

အဘယ်ကြောင့် နာမည်ရနေသည်ကိုလည်း စဉ်းစားမရအောင် ဖြစ်နေသည်။

"သူ့ရဲ့ တိုက်ခိုက်ပုံဟာ တကယ့်ကို ကလေးတစ်ယောက်နဲ့ တူနေတာပဲ.... တိုက်ကွက်က ရိုးစင်းလွန်းတယ်.... သိုင်းပညာမတတ်

တဲ့ လူတောင်မှ ဓားကိုင်ထားရင် သည်လိုထိုးသွင်းတတ်မှာပဲ .... "

ကျို့ကူးသည် တွေးတောစဉ်စားရင်း ဝမ်းတဟိုနာမည်ကျော်နေသည်မှာ လျှို့ဝှက်ချက်တစ်ခုခု ရှိရမည်ဟု တွေးမိလိုက်လေသည်။

"သွေးမဲ့ဓား .... "

ဝမ်းတဟိုးသည် သိုင်းလောကဌ် သွေးမဲ့ဓားဟူသော ဘွဲ့ထူးရရှိထားသည် မဟုတ်လား။

အကြောင်းမဲ့ရထားခြင်းတော့ မဖြစ်နိုင်ပါ။

ကျို့ကူးက ဝမ်းတဟိုး၏ဓားကို သတိပြုကြည့်လိုက်မိသည်။

ဝမ်းတဟိုး၏ ပုံပန်းမကျသော ဓားကလည်း အထင်ကြီးစရာတစ်ချက်မှ မရှိပါ။

ကျို့ကူး နားမလည်နိုင်အောင် မြန်ဆွေးလေသည်။

ဝမ်းတဟိုးနှင့် ပတ်သက်ပြီး အချိန်ပေးတွေးတောနေစဉ် ....

"ယား .... "

ဝမ်းတဟိုးက ညာသံပေးကာ နောက်ထပ်ခြေတစ်လှမ်း ရှေ့တိုးပြီး တိုက်ခိုက်လိုက်သည်။

ယခု ....

သူ၏တိုက်ခိုက်မှုမှာ အန္တရာယ်ရှိလာပြီ ဖြစ်သည်။ ကျို့ကူးက ရှောင်တိမ်းခြင်း မပြုချေ။

ဝမ်းတဟိုး၏ တိုက်ကွက်သည် ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ရှောင်တိမ်းရမည့်အဖြစ်မျိုးတော့ အရောက်မခံနိုင်ပါ။ ဝမ်းတဟိုး၏ဓားကိုလှုပ်ကာ ပြန်လည်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။

ယာဘက်လက်ကို ဆန့်ထုတ်ကာ ဝမ်းတဟိုး ထိုးသွင်းလိုက်သည့်ဓားကို ဖမ်းဆုပ်လိုက်သည်။

တစ်ဖန် ....

ဝဲဘက်လက်ကို လက်ဝါးအသွင်ဖြင့် ဝမ်းတဟိုး၏ရင်ဝကို ရိုက်ချလိုက်၏။ သူ့အားတိုက်ခိုက်လာသည်ကို ဟန့်တားကာ ချက်ချင်းတုန့် ပြန်လိုက်ခြင်း ဖြစ်လေသည်။

ရုတ်တရက် ....

"ချပ် .... "

မြည်သံသဲ့သဲ့ ထွက်ပေါ်လာပြီးနောက် အခြေအနေမှာ ချက်ချင်း ပြောင်းလဲသွားတော့သည်။

ဝမ်းတဟိုး၏လုံးဝန်သောစား၏ ထိပ်ဖျား၌ အပေါက်ကလေးမှသုံးမြှောင်သဏ္ဌာန်စားကလေးတစ်လက် ထိုးထွက်လာသည်။

ထိုသုံးမြှောင်စားသည် လုံးဝန်းသော စားအရှည်အတိုင်း နှစ်ပေနီးပါးရှိရကား အကာအကွယ်ကင်း၍နေသော ကျီ့ကူး၏အသည်းနှလုံးနေရာတည့်တည့်သို့ ထိုးဖောက်စိုက်ဝင်သွားတော့သည်။

"အား .... "

ကျီ့ကူး စူးရှစွာ အော်လိုက်သည်။

ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားသည်။

"ချပ် .... "

ဝမ်းတဟိုးက လျှို့ဝှက်သုံးမြှောင်စားကိုလည်းကောင်း၊ လုံးဝန်းသောစားကိုလည်းကောင်း၊ ချက်ချင်း ပြန်လည်သိမ်းဆည်းထားပြီးသား ဖြစ်သွား၏။

တစ်ဖန် ....

လက်နှစ်ဖက်ကို တွဲလောင်းချကာ မလှုပ်မယှက်ရပ်နေလိုက်သည်။ ထပ်မံတိုက်ခိုက်စရာ မလိုတော့သည့်အသွင်မျိုး ဖြစ်လေသည်။

ကျီ့ကူး မယုံနိုင်အောင် ဖြစ်နေသည်။

"မင်း .... မင်းက အကောက်ကြံတာပဲ .... "

ဒေါသတကြီး ပြောလိုက်သည်။

ဝမ်းတဟိုးက ....

"သိုင်းလောကမှာရှိကြတဲ့ ကြေးစားတွေဟာ ဘယ်သူကများရိုးသားလို့လဲဗျာ .... "

"မင်း .... "

ကျီ့ကူး၏မျက်နှာကြီး ရှဲ့မဲ့ကာ ရှေ့ဆက်မပြောနိုင်တော့ပါ။

သူ၏အကျီ ရင်ဘတ်ရှေ့၌ အပေါက်ကလေးတစ်ပေါက် ဖြစ်ပေါ်နေသည်။ သွေးတစ်စက်မှ ထွက်မလာပါ။

သို့သော် ....

နှလုံးသားကိုစားဖြင့် ထိုးဖောက်ခံလိုက်ရပြီ ဖြစ်ရကား ကျီ့ကူး ဘာမှမတတ်နိုင်တော့ပါ။

"ဝုန်း .... "

မြေပေါ်လဲကျကာ အသက်ပျောက်သွားတော့သည်။ ဝမ်းတဟိုးက သေချာနေသည့်တိုင် ပို၍သေချာအောင် ဝမ်းတဟိုးသေဆုံးခြင်း ရှိမရှိစစ်ဆေးကြည့်လိုက်ပြီးမှ ချာခနဲ လှည့်ထွက်သွားလေတော့သည်။

သူကတော့ ထူးထူးခြားခြား ထွက်ပေါ်လာသည့် လူငယ်သိုင်းသမားတစ်ဦးထဲမှ တစ်ဦးသာ ဖြစ်ပါသည်။

* ◆ *

အခန်း(၂၆)

ကြေးစားစိန့်လုံးသား

အိပ်မက်နတ်သမီးဂေဟာ ....

ဝမ်းတဟိုးသည် အိပ်မက်နတ်သမီးဂေဟာသို့ ရောက်ရှိလာသည်။

ဂေဟာဝိုင်ရှင်မှာ **"ရှမ်းရှမ်း"** ဆိုသော အမျိုးသမီးတစ်ယောက် ဖြစ်သည်။

ရှမ်းရှမ်းသည် သဘောမကောင်းပြီး **ချောမောလှပသည့်** အမျိုးသမီးတစ်ယောက် ဖြစ်ပါသည်။

သူမသည် သိုင်းပညာတတ်မြောက်ထားပြီး သိုင်းလောကဌ် ကျင်လည်ကျက်စားခဲ့သူလည်း ဖြစ်ပါသည်။

ယခုအခိုန်ဌ်မှ် သူမသည် သိုင်းလောကကို စွန့်ခွာကာ အိပ်မက်နတ်သမီးဂေဟာကို ဖွင့်လှစ်၍ စီးပွားရှာသူ ဖြစ်နေချေပြီ။

အိပ်မက်နတ်သမီးဂေဟာဌ် ချောမောလှပသည်ဆိုသော မိန်းကလေးများချည်း ရှိနေသည်။

ထိုမိန်းမချောလေးများသည် ဂေဟာသို့ ရောက်လာသူအပေါင်းကို အိပ်မက်လှလှ ပေးစွမ်းနိုင်ကြသည်။

ထို့ကြောင့်လည်း အပျော်အပါးဝါသနာပါကြသူများသည် အိပ်မက်နတ်သမီးဂေဟာသို့ သွားလိုနေကြသည်။

တကယ်တမ်း အိပ်မက်နတ်သမီးဂေဟာသို့ အရောက်သွားနိုင်သူ အနည်းအကျဉ်းသာ ရှိသည်။ ငွေကို ရေလိုသုံးနိုင်သူများသာ ဖြစ်ပါသည်။

မိန်းမချောလေးများအား မျှော်မှန်းရန် မဖြစ်နိုင်ပါ။

ဝမ်းတဟိုးသည် သိုင်း**လောကဌ်** ထွက်ပေါ်လာသည်မှာ .... မကြာသေးသော်လည်း ဈေး**ကြီးသော ကြေးစား**တစ်ယောက် ဖြစ်နေချေပြီ။

နာမည်ကြီးသော **ကြေးစားလူသတ်**သမားသည် အလွန်အလွန် ဝင်ငွေကောင်းသည်။

သူက အလုပ်တစ်ခုလုပ်လျှင် ငွေအများအပြားရရှိသည်။ ငွေအများအပြား ရရှိလာသောအခါ အိပ်မက်နတ်သမီးဂေဟာသို့ ရောက်သွားလေတော့သည်။

ဝမ်းတဟိုးက အိပ်မက်နတ်သမီးဂေဟာသို့ ရောက်လာသော အခါ ရှမ်းရှမ်းကိုယ်တိုင် ပျူပျူငှာငှာကြိုဆိုသည်။

"မင်း ရောက်လာပြန်ပြီကိုး .... သည်လထဲမှာ မင်း ရောက်လာတာ သုံးကြိမ်ရှိသွားပြီ .... မင်းက "စုလင်း"ကို တော်တော် သဘောကျနေတယ် ထင်တယ် .... "

ရှမ်းရှမ်းသည် သဘောကောင်းသည်။ လက်ရွေးသည်။ သို့သော် စကားများလွန်းသည်ဟု ဝမ်းတဟိုး ယူဆထားသည်။

ရှမ်းရှမ်းကို ပြုံးပြရင်း ငွေတစ်ထပ်ထုတ်ပေးလိုက်သည်။ ရှမ်းရှမ်းက အရှိအသေပေးရင်း ငွေကိုလက်ခံယူလိုက်သည်။

"စုလင်းက သူအဆောင်မှာပဲ ရှိနေတယ် .... "

"ကောင်းပါပြီဗျာ .... "

ဝမ်းတဟိုးက ရှမ်းရှမ်းရှေ့မှောက်မှ ထွက်လာခဲ့လေသည်။

ပန်းအိုးများ အစီအရီချထားသော စကြံ့လမ်းကလေးအတိုင်း ထွက်လာရင်း လမ်းတစ်လျှောက်၌ အစောင့်အကြပ်များကို တွေ့ရသော်လည်း ဝမ်းတဟိုးက ဂရုမစိုက်ချေ။

စကြံ့လမ်းကလေးဆုံးသွားပြီး ဝဲဘက်သို့ ချိုးကွေ့လိုက်လျှင် လှပသန့်ရှင်းသော အဆောင်ငယ်လေးတစ်ခုကို ဘွားခနဲ တွေ့မြင်လိုက်ရသည်။

ထိုအဆောင်လေးမှ ချိုလွင်သော ဗျပ်စောင်းသံများ ထွက်ပေါ်နေသည်။

ဝမ်းတဟိုး၏မျက်လုံးအစုံမှ အေးစက်ပြီး ရက်စက်သော လှို့ဝှက်သော အရိပ်အယောင်များ ပျောက်ကွယ်သွားလေသည်။

တကယ်ရက်စက်တတ်သူများ၌ ထိုအရည်အသွေးများ ရှိနေတတ်သည်။

ဝမ်းတဟိုးသည် အလွန်နူးညံ့သိမ်မွေ့သော လူငယ်လေးတစ်ယောက်အသွင် ပြောင်းလဲသွားလေတော့သည်။ သူသည်လည်း ခံစားမှုရှိသော လူငယ်တစ်ဦးပေတကား။ ခံစားမှုရှိလျှင် အသည်းနှလုံးလည်း ရှိတတ်သည်။

ညင်သာစွာလှမ်းသွားလိုက်ပြီး အဆောင်လေးအရှေ့သို့ ရောက်ရှိသွားသောအခါ တံခါးကို ခပ်ဖွဖွလေး ခေါက်လိုက်လေသည်။

တံခါးခေါက်သံနှင့် မရွေးမနှောင်းမှာပင် ....

"ဝင်ခဲ့ပါရှင် .... "

စောင်းသံအလား ချိုလွင်သော စကားသံလေး ထွက်ပေါ်လာသည်။

ဝမ်းတဟိုးက တံခါးဖွင့်ကာ အဆောင်ထဲ လှမ်းဝင်လိုက်သည်။

အဆောင်ကလေးက သန့်ရှင်းသပ်ရပ်နေ၏။

အသုံးအဆောင်ပရိဘောဂပစ္စည်းများသည်လည်း ရိုးရိုးစင်းစင်းသာဖြစ်သော်လည်း သလွန်ညောစောင်းတစ်ခုပေါ်၌ အဖြူရောင်ချည်ထည် အဝတ်အစားများ ဝတ်ဆင်ထားသည့် မိန်းမချောလေးတစ်ယောက်က ပုံ့ပုံ့ကလေးထိုင်ကာ ဗျပ်စောင်းတီးခတ်နေသည်။

သူမည် အိပ်မက်နတ်သမီးဂေဟာမှ ကြေးစားအလှမယ်ကလေး စုလင်းဖြစ်ပါသည်။

အိပ်မက်နတ်သမီးဂေဟာ၌ စုလင်းထက်ပို၍ ငယ်ရွယ်ပြီး ချောမောလှပသော မိန်းကလေးများစွာ ရှိနေပါသည်။

သို့သော် ....

ဝမ်းတဟိုးသည် အိပ်မက်နတ်သမီးဂေဟာသို့ ရောက်လာလျှင် အခြားမိန်းကလေးများထံသို့ မသွားဘဲ စုလင်းထံသို့သာ သွားလေ့ရှိသည်။

စုလင်းက ဗျပ်စောင်းကို ချလိုက်သည်။

ဝမ်းတဟိုးအား ခရီးဦးကြိုပြုလိုက်သည်။

"ထိုင်ပါရှင် .... တစ်ခုခုများ သုံးဆောင်ဦးမလား .... "

သူမ၏အသံ နူးညံ့သိမ့်မွေ့ကာ ချိုလွင်နေ၏။

ဝမ်းတဟိုးမှာ စိတ်ထဲအေးချမ်းကာ ငြိမ်းချမ်းမှုရရှိလိုက်သည်

ဟု ခံစားရသည်။

ဘာမှမစားတော့ဟူသော သဘောဖြင့် ခေါင်းခါယမ်းပြလိုက်သည်။

ထို့နောက် .... သူက နူးညံ့စွာ ပြောဆိုတောင်းဆိုလိုက်၏။

"**မင်း**က ကျွဲပ်ကို တေးသွားတစ်ပုဒ်လောက် **တီးခတ်ပြရင်** ကောင်းမယ် .... အေးချမ်းသာတဲ့ တေးသံပေါ့ .... "

စုလင်းက ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီရှင် .... "

သူမသည် သလွန်ညောင်စောင်းပေါ်သို့ ပြန်တတ်ကာ .... ဗျပ်စောင်း**ကိုယူပြီး** ပုံပုံကလေး ထိုင်လိုက်သည်။

ထို့နောက် အလွန်သာယာနာပျော်ဖွယ်ကောင်းသော တေးသွား**အလိုက်**တစ်ခုကို တီးခတ်လိုက်လေသည်။

သူမ တီးခတ်လိုက်သော တေးသွားမှာ ရှေ့နှစ်ပေါင်းများစွာ **ကတည်းက** လူသိများခဲ့သော တေးသွားအလိုက်တစ်ခု ဖြစ်သည်။

နန်းတွင်းသို့ တိုင်အောင် ပို့နှံ့စိမ့်ဝင်နေသော တေးသွားလည်း ဖြစ်သည်

ထိုတွေးသွားမှာ ဓာတိရပ်ရွာ၏ ပျော်ရွှင်ဖွယ်ကောင်းပုံကို ရေးသားစပ်ဆိုထားသည့် တေးသီချင်း**တစ်ပုဒ်**၏ တေးသွားမလိုက်ပင် ဖြစ်ပါသည်။

ဝမ်းတဟိုးက အကြောအချဉ်**များ**၍လျှောကာ သက်တောင့်သက်သာထိုင်ကာ မျက်လုံးမှိတ်ထားလိုက်သည်။

စုလင်းတီးခတ်နေသော တေးသွားအလိုက်ကို အာရုံစိုက်ကာ နားထောင်နေခြင်း ဖြစ်လေသည်။ စုလင်းက စိတ်ပါလက်ပါ တီးခတ်

နေသည်။ အဆောင်ကလေးအတွင်း၌ တိတ်ဆိတ်ငြိမ်သက်ကာ ဗျပ်စောင်းသံတစ်ခုထဲသာ သာယာစွာ ထွက်ပေါ်နေသည်။

စုလင်းက ဗျပ်စောင်းကို တီးခတ်ရင်း တဖြည်းဖြည်း တေးသွားပြီးဆုံးသွားသည်။

သူမသည် ဝမ်းတဟိုးအား လှမ်းကြည့်လိုက်သောအခါ မျက်လုံးမှိတ်ကာ မလှုပ်မယှက် ရှိနေသည်ကို တွေ့ရ၏။

ရုတ်တရက်ကြည့်လျှင် ဝမ်းတဟိုး အိပ်ပျော်သွား**ပြီ ထင်ရ**၏။

သို့သော် ....

စုလင်းက ဝမ်းတဟိုး**၏** မျက်ဝန်းမှမျက်ရည်များ စီးကျနေသည်ကို ကောင်းစွာ**တွေ့ခြင်းခံ**လိုက်သည်။ ဝမ်းတဟိုး ငိုကြွေးသည်တကား .... ။

နေဝန်းနီများ **အနောက်ဘက်**တွင် ငုတ်လျှိုးပျောက်ကွယ်သွားပြီ ဖြစ်ပါသည်။

စုလင်းက မီးအိမ်ထွန်းညှိလိုက်သည်။

စားပွဲပေါ်၌ စားသောက်ဖွယ်ရာနှင့် အရက်များ စုံစုံလင်လင် ရှိနေသည်။ အိပ်မက်နတ်သမီးဂေဟာသည် ပိုက်ဆံတတ်နိုင်သူများအတွက် ဘာမဆို အပြည့်အစုံ လုပ်ပေးထားသည်။

ဝမ်းတဟိုးက အရက်တစ်ခွက် ငဲ့သောက်လိုက်သည်။ ပြီးလျှင်

"မင်းကော မစားသေးဘူးလား .... "

စုလင်းအား မေးလိုက်လေသည်။

စုလင်း ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း .... "

"ဘာဖြစ်လို့လဲ .... မင်းပါ့ တစ်ခါတည်းဝင်စား .... "

သူ၏စကားမဆုံးလျှင် စုလင်းက ကြားဖြတ်ပြောလိုက်သည်။

"ည့ဲသည်ကို လေးလေးစားစား ပြုစုရမယ်ဆိုတဲ့ စည်းကမ်းကို အလေးအနက်လိုက်နာတယ်ဆိုတာ ရှင် သိပါတယ် .... "

ဝမ်းတဟိုးက ဘာမှမပြောတော့ဘဲ နောက်ထပ် အရက်တစ်ခွက် သောက်လိုက်ပြန်သည်။

စုလင်းက ....

"ရှင် အသက်ငယ်ငယ်ရပဲ ရှိသေးတယ် .... အရက်တွေ သည်လောက်သောက်နေရင် မကောင်းဘူး .... "

ဝမ်းတဟိုးက နောက်တစ်ခွက် ထပ်သောက်လိုက်သည်။

ဝမ်းတဟိုးက ပြုံး၍ ပြောလိုက်သည်။ သူ့အပြုံးသည် ဤဂေဟာအတွင်း၌သာ ဖြစ်ပေါ်လေသည်။

"ကျုပ်ကလည်း အရက်သောက်ရင် မူးအောင်သောက်မယ်ဆိုတဲ့ အကျင့်ရှိတယ်လေ .... "

စုလင်း ဘာမှမပြောတော့ပါ။

ဝမ်းတဟိုးနှင့် မျက်နှာချင်းဆိုင်ထိုင်ကာ အရက်ငှဲ့ပေးလိုက်သည်။ အရက်ခွက်ကို ဝမ်းတဟိုး ရှေ့သို့ရွှေ့သေစွာ ချပေးသည်။

"ရှင် စိတ်ချမ်းသာမယ်ဆိုရင် သောက်ပါ .... တစ်ခါတလေ တော့လည်း အရက်မူးအောင်သောက်တာ အကောင်းဆုံးပါပဲ .... ဒါမှ မေ့ချင်တာတွေကို မေ့သွားတယ် မဟုတ်လား .... "

ဝမ်းတဟိုးက ရယ်မောလိုက်သည်။

"မင်း .... တကယ့်ကို အလိုက်သိတတ်တဲ့ မိန်းကလေးတစ်ယောက်ပါပဲ .... "

စုလင်းက ....

"ဟုတ်ပါတယ် .... ကျွန်မက ရှင့်ရဲ့ ညီမလေးဖြစ်ရင် .... သိပ်ကောင်းမှာပဲလို့ တွေးမိသေးတယ်ရှင့် .... "

ဝမ်းတဟိုး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွား၏။ အရက်ကို တစ်ခွက်ပြီးတစ်ခွက် ငှဲ့သောက်ကာ သုံးလေးခွက်ဆင့်ကာ သောက်လိုက်၏။

စုလင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ရှင် .... သည်လောက်စိတ်လှုပ်ရှားသွားမယ်ဆိုတာ သိခဲ့ရင် ကျွန်မ သည်စကား မပြောပါဘူး .... တောင်းပန်ပါတယ်ရှင် .... "

ဝမ်းတဟိုး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ကို တောင်းပန်စရာ မလိုပါဘူးလေ .... ကျုပ်ကပဲ မင်းကို ကျုပ် ညီမလေးနဲ့တူတယ်လို့ ပြောခဲ့တာ မဟုတ်လား .... "

စုလင်းက ....

"ရှင် ဘယ်လိုခံစားနေရတယ်ဆိုတာ ကျွန်မ ခင်ပါတယ် .... ဒါကြောင့် .... "

ဝမ်းတဟိုး လက်ကာပြလိုက်သည်။ မဖြေနှင့်တော့ဟု တားမြစ်လိုက်သည့် သဘောပင်။

"ကျုပ် စိတ်ချမ်းသာအောင် ကြိုးစားပေးချင်တာကို ကျေးဇူးတင်ပါတယ် .... ကျုပ် ညီမလေးက သေဆုံးသွားခဲ့ပါပြီ .... မင်းဟာ ကျုပ် ညီမလေးဘယ်တော့မှ မဖြစ်လာနိုင်ဘူးဆိုတာကို ကျုပ်သဘောပေါက်ထားပါတယ် .... ဒါကြောင့် ကျုပ်အတွက် အပင်ပန်းမခံစေချင်ဘူး .... "

စုလင်းက ပြုံးပြလိုက်သည်။

"ပင်ပန်းစရာ မရှိပါဘူးရှင့် .... ဘယ်သူပဲဖြစ်ဖြစ် ကျွန်မဆီကို

ရောက်လာရင် စိတ်ချမ်းသာအောင် ကျွန်ုပ်မှ အပြည့်အဝရှိနိုင်အောင် ပြုစုပေးရမှာ ကျွန်မ တာဝန်ပဲ မဟုတ်လား .... သည်တော့ ရှင် ရောက်လာတုန်း ရှင့်ရဲ့ညီမလေးအဖြစ် ဟန်ဆောင်ပေးချင်ပါတယ် .... ခွင့်ပြုနိုင်မလားရှင် .... "

ဝမ်းတဟိုးလည်း ပြုံးလိုက်သည်။

"သိပ်ကောင်းတာပေါ့ကွယ် .... "

စုလင်းက ....

"ဒါဆို အစ်ကိုကြီးက ညီမလေးရဲ့ စကားကို နားထောင်ရမယ်၊ အရက်တွေအများကြီး မသောက်ရဘူး .... "

ဝမ်းတဟိုး လက်ခံသည်။

"ကောင်းပြီ .... **သောက်**တော့ပါဘူး .... "

ချက်ချင်းပင် **အရက်ခွက်**ကို မှောက်ထားလိုက်၏။ သူက အရက်တစ်အိုးလုံးသောက်ပြီးနေပြီ မဟုတ်ပါလား။

အရက်က နာမည်ကျော် ပန်းတစ်ရာအရက်ဖြစ်သည်။ ပန်းတစ်ရာ အရက်ကို တစ်အိုးလုံးကုန်အောင် သောက်ပြီးသောအခါ မည်သူမဆို မူးယစ်လာမည်က ဧကန်ပင်။

ယခု ....

ဝမ်းတဟိုးလည်း မူးယစ်နေလေပြီ။

သူက သီချင်းတစ်ပုဒ်ဆိုလိုက်သည်။

စုလင်းတီးခတ်ခဲ့သော တေးသွားအလိုက်၏ သီချင်းဖြစ်သည်။

စုလင်းက ....

"အစ်ကိုကြီးက အိမ်ကို လွမ်းနေပြီ ထင်တယ် .... "

ဝမ်းတဟိုး၏ တေးသံရပ်တန့်သွားသည်။

စုလင်းအား မျက်လုံးပြူး၍ ကြည့်လိုက်သည်။

"အိမ် .... အိမ် ဟုတ်လား .... "

"ဟုတ်တယ် .... အစ်ကိုကြီး အိမ်ပြန်ချင်နေတယ်မဟုတ်လား၊ ကျွန်မတို့မောင်နှမနှစ်ယောက် အတူတူ အိမ်ပြန်ကြမယ် .... "

"ဟုတ်တယ် .... အိမ်ပြန်ကြမယ် .... "

ဝမ်းတဟိုက ဗလုံးဗထွေးပြောရင်း ထိုင်ရာမှထလိုက်သည်။

ရုတ်တရက် ....

သူ့ခန္ဓာကိုယ် ယိမ်းယိုင်သွားကာ အရက်မူးနေသည့်**အရှိန်**ကို **မထိန်းနိုင်တော့ဘဲ** လူကောထိုင်ခုံကော ရောထွေးကာ ဝုန်းခနဲ **လဲကျ**သွား၏။

"အစ်ကိုကြီး .... "

စုလင်းက ကပျာကယာ ဖေးမတွဲယူလိုက်လေသည်။

ဝမ်းတဟိုးက ....

"ညီမလေး .... ဘာမှမပူပါနဲ့ .... ကျွန်တော် မမှားပါဘူး .... ချက်ချင်း လူးလိမ့်ထကာ ထိုင်ခုံကို နေရာပြန်ချပြီး ထိုင်ချလိုက်သည်။

စုလင်း စိတ်မကောင်းဖြစ်သွား၏။

ဝမ်းတဟိုးသည် ယခုထကာ ထိုင်ခုံကို နေရာပြန်ချပြီး ထိုင်ချလိုက်သည်။

စုလင်း စိတ်မကောင်းဖြစ်သွား၏။

ဝမ်းတဟိုးသည် ယခုတလော သိုင်းလောကဌ နာမည်ကျော်လာသည့် "သွေးမဲ့ဓား" အမည်ရှိသော ကြေးစားလူသတ်သမားဖြစ်ကြောင်း သူမ သိရှိထားပြီး ဖြစ်သည်။

ဝမ်းတဟိုးသည် မြွေပွေးတစ်ကောင်ထက်ပင် ကြောက်စရာ

ကောင်းသူ ဖြစ်ကြောင်းလည်း သိရှိထားသည်။

အိပ်မက်နတ်သမီးဂေဟာ၌ ထိပ်သီးသိုင်းသမား အများအပြား ရှိသော်လည်း ဝမ်းတဟိုးကို စိုးရွံ့နေကြသည်။

သို့သော် ....

ဝမ်းတဟိုးသည် အိပ်မက်နတ်သမီးဂေဟာသို့ ရောက်ရှိလာလျှင် ကြေးစားလူသတ်သမားအသွင်မျိုး မဟုတ်တော့ချေ။

အပျော်အပါးလိုက်စားသူ တစ်ယောက်အဖြစ် ရောက်ရှိလာခြင်းမျိုး မဟုတ်ပါ။

မိန်းမချော မိန်းမလှလေးများ ရှိနေသည့်တိုင် ရောက်လာတိုင်း စုလင်းကိုသာ ရွေးချယ်ခဲ့သည်။ ဤသည်မှာ မိမိသည် သေဆုံးသွားပြီဖြစ်သော ဝမ်းတဟိုး၏ညီမနှင့် ရုပ်ချင်းတူနေခြင်းကြောင့်ဖြစ်ကြောင်း စုလင်း နားလည်ထားသည်။

ဝမ်းတဟိုးက ညီမဖြစ်သူကို အလွန်ပင် ချစ်မြတ်နိုးသူ ဖြစ်သည်။

ညီမဖြစ်သူနှင့် ရုပ်ချင်းဆင်သော စုလင်းကို တွေ့သောအခါ ဝမ်းတဟိုးက မှောက်ထားသော အရက်ခွက်ဖြင့် စားပွဲကို တဒေါက်ဒေါက်ခေါက်လိုက်သည်။ သူ စွဲလန်းနေသော တေးသီးချင်းကို ဗလုံးဗထွေးသီဆိုရင်း စည်းချက်ဝါးချက် လိုက်နေခြင်း ဖြစ်သည်။

ဝမ်းတဟိုးသည် အကြာမီ အိပ်ပျော်သွားပေတော့မည်။ နံနက်မိုးစင်စင်လင်းလျှင် သူမအား နှုတ်ဆက်ကာ ထွက်သွားပေလိမ့်မည်။

အသက်နှင့် ရင်းကာရယူခဲ့သော ငွေကြေးများသည် အဓိပ္ပာယ်မဲ့ ကုန်ခမ်းသွားသည်ဟု စုလင်း ခံစားနေရသည်။

ဝမ်းတဟိုးက ပျော်ပါးရန်လာသည်ဆိုလျှင် သူမ မည်သို့မျှ ဝံ

စားရမည် မဟုတ်ချေ။

ယနေ့တော့ ဝမ်းတဟိုးအတွက် နစ်နာလှသည်ဟု တွေးတောမိလေသည်။

"သည်နေရာကို မလာတာ သူ့အတွက်ကော ငါ့အတွက်ပါ အကောင်းဆုံး ဖြစ်လိမ့်မယ် .... "

ဤတွင် ....

ဝမ်းတဟိုး ရောက်လာပါက ပြောမည်ဟု ကြံစည်ထားသော ကိစ္စတစ်ခုကို သတိရလာသည်။

ထို့ကြောင့် သူမက ပြောလိုက်မိသည်။

"တကယ်တော့ ရှင့်ညီမ မသေသေးဘူးရှင့် .... "

"ဘာ .... "

ဝမ်းတဟိုး ခေါင်းထောင်လာလေသည်။

သူ၏မျက်လုံးများ ရဲရဲနီနေသည်။

စုလင်းက ....

"ရှင့်ညီမအသက်ရှင်လျက်ရှိနေသေးတယ်ရှင့် .... "

ဝမ်းတဟိုး လက်မခံပါချေ။

"ဒါ .... ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး ညီမလေးရဲ့ .... အလောင်းကို ကျုပ်ကိုယ်တိုင် မြေမြှုပ်သင်္ကြိုလ်ခဲ့တာ .... သူဟာ ကျုပ်ရဲ့လက်ပေါ်မှာတင် သေဆုံးသွားခဲ့တာ မဖြစ်နိုင်ဘူး .... မဖြစ်နိုင်ဘူး"

တိတ်ဆိတ်နေသော အဆောင်ကလေးအတွင်း၌ သူ၏အသံကျယ်လောင်စွာ ထွက်ပေါ်လာသည်

စုလင်းက ....

"ဒါဆိုရင်တော့ သူဟာ ရှင့်အပေါ်မှာ သံယောဇဉ်မဖြစ်လို့ ပြန်

ပြီး လူဝင်စားလာတာပဲ .... "

"ဘာ .... ဘာ .... ပြောတယ် .... "

"ရှင့်ညီမ .... အသက်ရှင်နေသေးတယ် .... "

ဝမ်းတဟိုး ဒေါသထွက်သွားလေသည်။

"မင်း .... မင်း .... ဘာကြောင့် လိမ်ပြောနေရတာလဲ"

အော်ငေါက်ရင်း ရိုက်နှက်ဖို့ လက်ဟန်ပြင်လိုက်လေသည်။

စုလင်း ကြောက်လန့်မသွားပါ။

သူမ ဣန္ဒြေမပျက်ပင် ဝမ်းတဟိုးအား ကြည့်နေလိုက်သည်။

ဝမ်းတဟိုးမှာ တစ်စုံတစ်ခုသော ဝေဒနာခံစားလိုက်ရသည့် အလား မျက်နှာကြီး ရှုံ့မဲ့သွားသည်။

ရိုက်ရန်ရွယ်ထားသော လက်ကလည်း အောက်သို့ ပြန်ကျသွား၏။

"ညီမလေး .... သေသွားပါပြီ .... "

သူ၏ညည်းတွားသံများ ဒဏ်ရာရထားသော တိရစ္ဆာန်တစ်ကောင်နှင့်ပင် တူနေတော့သည်။

စုလင်းက ရှေ့တိုးလိုက်သည်။

"ကျွန်မဟာ .... ရှင့်ရဲ့ညီမလေးနဲ့ ရုပ်သွင်ချင်း တူနေတာ အလွန်ပဲလား .... ရှင် မှန်မှန်ဖြေပါ .... "

ဝမ်းတဟိုး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... ဒါပေမယ့် မင်းဟာ ငါ့ရဲ့ ညီမလေးအစစ် မဟုတ်ဘူး .... ဒါ .... ကို .... ငါ .... ဓါ သိတယ် .... "

စုလင်းက ....

"ဒါဖြင့် ကျွန်မနဲ့ ရုပ်ချင်းဆင်တဲ့ မိန်းကလေးတစ်ယောက် ရှိ

နေသေးတယ်ဆိုရင်ကော .... "

"ဘာ .... "

"ကျွန်မနဲ့ ရုပ်ချင်းဆင်တဲ့ မိန်းကလေး ရှိနေသေးတယ်ရှင့်"

ဝမ်းတဟိုးက ခေါင်းခါယမ်းလိုက်သည်။

"ဘာလဲ .... သေသွားတဲ့ ကျုပ်ရဲ့ ညီမလေးကို ပြောနေတာလား .... "

"မဟုတ်ဘူး .... သူက အသက်ထင်ရှားရှိနေသေးတာ"

"ဘယ်သူလဲ .... "

ဝမ်းတဟိုးက အမောတကြီး မေးလိုက်သည်။

စုလင်း၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"ချန်ယို့ဝါးပါရှင် .... "

မိန်းကလေးတစ်ယောက်၏အမည်ကို ပြောလိုက်တော့သည်။

* ◆ *

ဇာတ်တိုက်ရွှေဘုံတော်

ညသန်းခေါင်ယံဖြစ်နေလေပြီ။

သို့သော် အိပ်မက်နတ်သမီးလေးကေဟာဒ္ဒ မီးရောင်များ ရှိနေဆဲ .... ။

အစောင့်အကြပ်များက သတိဝိရိယဖြင့် စောင့်ကြပ်နေကြသကဲ့သို့ ချွေကြိုလှုလင်များကလည်း အိပ်ချင်ဟန်မရှိဘဲ တက်တက်ကြွကြွရှိနေကြဆဲ .... ။

အချို့သော ကြေးရတတ်များသည် လူသိမခံရသောကြောင့် ညဦးနက်အချိန်မှ နိုးကြောင်နိုးဂွက် ရောက်လာတတ်ကြသည် မဟုတ်ပါလား။

ညဦးနက်သန်းခေါင်မှ ရောက်လာသူများကို ကေဟာဝိုင်ရှင် အစ်မကြီးရှမ်းရှမ်းကဝိုး ငွေဝိုတောင်းနိုင်ခြင်းကြောင့် ဖြစ်ပါသည်။

ယနေ့သည် ....

ညဦးနက်စပြုလာပြီဖြစ်သော်လည်း မည်သူမျှ ရောက်မလာသေးပါ။

ကေဟာမှထွက်သွားလိုသူတစ်ယောက်သာ ရှိနေပါသည်။

ထိုသူမှာ ....

ဝမ်းတဟိုးပင် ဖြစ်လေ၏။

ဝမ်းတဟိုးက အရက်မူးနေသေး၏။

သို့သော် ....

ကြေးစားလူသတ်သမားတစ်ယောက်အသွင်သဏ္ဌာန်သို့ ပြန်လည် ပြောင်းလဲသွားပြီ ဖြစ်ပါသည်။

သူက ကေဟာရှင်အမေကြီးရှမ်းရှမ်းထံ၌ တစ်စုံတစ်ခု မေးမြန်းပြီးသည်နှင့် ထွက်သွား၍ ဆုံးဖြတ်ထား၏။

ကေဟာရှင် အစ်မကြီးရှမ်းရှမ်းသည် ဝမ်းတဟိုး ရုတ်တရက် ရောက်လာခြင်းကြောင့် ကြောင်အမ်းအမ်း ဖြစ်သွား၏။

"မင်းကိုး .... "

ဝမ်းတဟိုးက ....

"ဟုတ်တယ် .... ခင်ဗျားကို မေးစရာရှိလို့ .... "

ပြောရင်း ရှမ်းရှမ်းနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည်။

ရှမ်းရှမ်း၏နံဘေး၌ အနီရောင်အင်္ကျီရှည် ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်ရှိနေ၏။

ထိုအဘိုးအိုမှာ ခန္ဓာကိုယ်ပိန်ပိန်ပါးပါး ရှိသည်။ ပြိုးရွှင်ရယ်မောခြင်း မရှိသူဖြစ်သည်။

ထိုဟန်အမူအရာကင်းမဲ့သော အဘိုးအိုအား ဤကေဟာသို့ ရောက်လာတိုင်း တွေ့မြင်နေရသဖြင့် ဝမ်းတဟို သတိပြုမိထားပြီး ဖြစ်သည်။

ထိုအဘိုးအိုသည် ထိပ်သီးသိုင်းပညာရှင်တစ်ယောက် ဖြစ်

ကြောင်းကိုလည်း ရိပ်စားမိထားသည်။

ထူးခြားသည်ကား အဘိုးအိုသည် တစ်ခိုန်လုံး ဆေးတံဖွာရှိုက်နေတတ်ခြင်း ဖြစ်သည်။ အဘိုးအိုမည်မျှ ဆေးတံဖွာနေသနည်း။ သို့သော် အခိုးအငွေ့များသည် ပတ်ဝန်းကျင်၌ မြူခိုးများ ကျဆင်းနေသကဲ့သို့ ထင်မှတ်နေရသည်။

အစ်မကြီးရှမ်းကလည်း အဘိုးအိုဆေးတံသောက်သည်ကို တားမြစ်ခြင်း မရှိပါချေ။

ဝမ်းတဟိုး ထိုင်ချလိုက်သည်နှင့် အစ်မကြီးရှမ်းရှမ်းက မေးလာသည်။

"ဘယ်လိုလဲ .... သည်တစ်ခါတော့ စုလင်းကို စိတ်ပျက်သွားပြီလား .... "

ဝမ်းတဟိုး ခေါင်းခါယမ်းလိုက်သည်။

"သည်လို မဟုတ်ပါးဘူးဗျာ .... "

"ဒါဖြင့် .... "

"စုလင်းနဲ့ ရုပ်ချင်းဆင်တဲ့ မိန်းကလေးတစ်ယောက် ရှိနေသေးတယ်ဆိုတာ သိရလို့ပါ .... "

ရှမ်းရှမ်း အံ့သြသွားလေသည်။

"မင်းကို ဘယ်သူ ပြောလိုက်တာလဲ .... "

"စုလင်း .... "

"သြော် .... "

အစ်မကြီးရှမ်းရှမ်း ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ဟိုတစ်နေ့က ကျွန်မ အမှတ်တမဲ့ ပြောလိုက်မိတာကို .... သူက မှတ်ထားလိုက်တာကိုး .... "

သူမသည် ဆေးတံဖွာရှိုက်နေသော အဘိုးအိုဘက်သို့ လှည့်လိုက်သည်။

"ထိယန်ဖြို့မှာ စုင်းနဲ့တူတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ခဲ့ရတယ် .... သည်ကိစ္စ ရှင်သိပြီးပြီ မဟုတ်လား .... "

အဘိုးအိုက ခပ်အေးအေးပင်ပြောသည်။

"လောကမှာ လူတူမရှား နာမည်တူမရှားပါ .... ဒါ ဆန်းကြယ်တဲ့ကိစ္စ မဟုတ်ပါဘူး .... "

ထိုအခါ ဝမ်းတဟိုးက စိတ်ဆိုးဟန်ဖြင့် ပြောသည်။

"ခင်ဗျားအတွက် မဆန်းပေမယ့် ကျွန်တော်အတွက်တော့ ဆန်းပါတယ်ဗျာ .... သူဟာ စုလင်းနဲ့တူတယ်ဆိုရင် ကျွန်တော်ရဲ့ညီမနဲ့ တူနေတာပဲ .... "

အဘိုးအိုသည် ဝမ်းတဟိုးအား စိုက်ကြည့်ကာ ပခုံးတွန့်လိုက်သည်။

"ဟုတ်မှာပေါ့ .... "

ဝမ်းတဟိုးက ရှမ်းရှမ်းအား မေးလိုက်သည်။

"သူကို ထိယန်ဖြို့မှာ တွေ့ခဲ့တယ် ဟုတ်လား .... "

ရှမ်းရှမ်းက ....

"ဟုတ်ပါတယ်ရှင် .... "

ဝမ်းတဟိုးက ထပ်မေးသည်။

"ဘယ်လိုတွေ့ခဲ့တာလဲ .... ပြောပါဦးဗျ .... "

ရှမ်းရှမ်းက ....

"မင်း ဘာလုပ်မလို့လဲ .... "

ဝမ်းတဟိုး ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်သည်။

"စုလင်းနဲ့တူရင် ကျုပ်ညီမနဲ့ တူနေမှာပေါ့ .... ဒါကြောင့် ကျုပ်
စိတ်ဝင်စားတယ် .... သူ့ကိုတွေ့ချင်တယ် .... "

ရှမ်းရှမ်းက ရယ်မောလိုက်သည်။

"မင်း တော်တော်ခက်ပါလား .... မင်းရဲ့ညီမနဲ့ ရုပ်ချင်းတူတယ်
ဆိုရင် ဘယ်သူ့ကိုမဆို စိတ်ဝင်စားတာပဲလား .... တကယ်လို့ ရုပ်ချင်း
ဆင်တဲ့ မိန်းကလေးအယောက်တစ်ရာလောက်ရှိနေမယ်ဆိုရင်ကော"

ဝမ်းတဟိုးက အမှုမထားချေ။

"ဘယ်သူက တွေ့ခဲ့တာလဲ .... ဘယ်အချိန်ကလဲ .... ထိယန်
မြို့မှာဆိုတာကော သေချာရဲ့လား .... "

ရှမ်းရှမ်း လက်ကာပြလိုက်သည်။

"ရှင် သိချင်တာတွေကို ကျွန်မ ပြောနိုင်မှာ မဟုတ်ဘူး ....
သည်တော့ ကိုယ်တိုင်တွေ့ခဲ့ရတဲ့ ဆရာစုံကန်းကို ခေါ်ပေးမယ် ....
သူ့ကိုမေးကြည့်ပေါ့ ဟုတ်လား .... "

ဝမ်းတဟိုးက လက်နှစ်ဖက်ဆုပ်ကာ ဦးညွတ်လိုက်သည်။

"ကျေးဇူးပါပဲဗျာ .... "

ရှမ်းရှမ်းသည် မလှမ်းမကမ်း၌ရှိနေသော အစောင့်တစ်ယောက်
အား ဆရာစုံကန်းကို သွားခေါ်ရန် အမိန့်ပေးလိုက်သည်။

အစောင့်က ချက်ချင်းထွက်သွားလေသည်။

ဝမ်းတဟိုး စိတ်လှုပ်ရှားနေသည်။

အဘိုးအိုနှင့် ရှမ်းရှမ်းတို့က မသိမသာ အကဲခတ်နေကြသည်။

သူတို့ကြောက်ကြောက်မစောင့်လိုက်ရပါ.

ခန္ဓာကိုယ်ဝဝဖိုင့်ဖိုင့် အသက်လေးဆယ်ကျော်ခန့်ရှိသူ တစ်
ယောက်ရောက်လာသည်။

ထိုလူမှာ ဆရာစုံကန်းဖြစ်ပါသည်။

ဆရာစုံကန်းသည် အိပ်မက်နတ်သမီးဂေဟာမှ အရေးပါသော
သိုင်းဆရာတစ်ယောက်ဖြစ်သည်။

ဂေဟာအတွက် မိန်းမချော မိန်းမလှလေးများအား နေရာအနှံ့
အပြားသို့ သွားရောက်ရှာဖွေရန် တာဝန်ယူထားသူလည်း ဖြစ်လေ
သည်။

ဆရာစုံကန်းက ရှမ်းရှမ်းအား ဦးညွတ်လိုက်၏

"အစ်မကြီးရှမ်း ခေါ်တယ်ဆိုတာ .... "

ရှမ်းရှမ်းသည် သူ့ထက်အသက်ငယ်သော်လည်း ....
ဂေဟာရှင်ဖြစ်နေ၍ အစ်မကြီးရှမ်းဟု ခေါ်လိုက်ခြင်း ဖြစ်ပါ
သည်။

ရှမ်းရှမ်းက ....

"ဟုတ်တယ် စုလင်းနဲ့ တူတဲ့ မိန်းကလေးကို ဆရာစုံကန်း
တွေ့ခဲ့ရတယ်ဆိုတာ အမှန်ပဲလား .... "

ဆရာစုံကန်း ခေါင်းညိတ်လိုက်သည်။

"အမှန်ပါပဲ .... အဲသည်မိန်းကလေးဟာ စုလင်းထက်တောင်
ပိုပြီး ချောမောလှပပါသေးတယ် .... သူ့ကိုခေါ်ဖို့ ကြိုးစားပေမယ့်
အကြောင်းမညီညွတ်လို့ မရခဲ့ပါဘူး .... "

ရှမ်းရှမ်းက ....

"ထိယန်မြို့မှာ တွေ့ခဲ့တာ ဟုတ်လား .... "

"ဟုတ်ပါတယ် .... "

"သူက အဲသည်မှာ နေတာပေါ့ .... "

ဆရာစုံကန်းကအနည်းငယ်စဉ်းစားလိုက်ပြီးမှဝေဝေဝါးပြောသည်။

"သေသေချာချာမပြောနိုင်ပါဘူး .... "

"သူတို့ဟာ ခရီးသည်တွေ ဖြစ်ဖို့များပါတယ် .... "

ရှမ်းရှမ်းက ....

"ခရီးသည်တွေဆိုတော့ ထိယန်ဖြို့မှာ ဘယ်ရှိနေနိုင်ပါတော့မလဲ .... "

"ဟုတ်ပါတယ် .... သူတို့ ရှိတော့မယ် မထင်ပါဘူး .... သူတို့ကို ကြည့်ရတာ အရှေ့ဘက်ကို ဦးတည်သွားကြမယ့်ပုံပါပဲ .... "

"ဆရာစုံတွေခဲ့တာ တယ်လောက်ကြာပြီလဲ .... "

"တစ်လလောက်တော့ ရှိပါပြီ .... "

"တစ်လဆို တော်တော်ကြာသွားပြီပဲ .... "

"ဟုတ်ပါတယ် .... "

"အင်း .... အရှေ့ကဘက်ကို သွားပုံရတယ် .... တစ်လလောက် ရှိနေပြီဆိုတော့ ချန်ကျန်းမြစ်အနီး ပတ်ဝန်းကျင်ကို ရောက်နေလောက်ပြီ .... "

ရှမ်းရှမ်းက ခန့်မှန်းလိုက်သည်။

"ဖြစ်နိုင်ပါတယ်ဗျာ .... "

စုံကန်းက ခေါင်းညိတ်ရင်း ပြောလိုက်ပါသည်။

ရှမ်းရှမ်း ပြုံးပြီး ပြန်ခွင့်ပြုလိုက်သည်။

"ခုလိုပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ် .... ဆရာစုံ သွားနိုင်ပါပြီ .... "

ဆရာစုံကန်းက ဦးညွှတ်ကာ ပြန်လည်ထွက်ခွာသွားလေ၏။

ရှမ်းရှမ်းက ဝမ်းတဟိုးဘက်လှည့်လိုက်သည်။

"ကဲ .... ရှင်ကြားတဲ့အတိုင်းပဲ .... "

ဝမ်းတဟိုးက ....

"ကျေးဇူးပါပဲဗျာ .... ကျူပ်ကို ခွင့်ပြုပါဦး .... "

စကားဆုံးလျှင် ထိုင်ရာမှ ထလိုက်လေသည်။

ရှမ်းရှမ်းက ဟန့်တားလိုက်သည်။

"ခဏနေပါဦးရှင် .... "

ဝမ်းတဟိုးက လှည့်ကြည့်သည်။

"ရှင့်ကို စကားနည်းနည်းလောက် ပြောချင်လို့ .... "

"ရပါတယ် .... ပြောပါဗျာ .... "

"ရှင်ဟာ သွေးမဲ့ဓား ဝမ်းတဟိုးနော် .... "

ဝမ်းတဟိုး မျက်မှောင်ကုတ်သွားသည်။

"ငိုဗျားက ကျူပ်ရဲ့ ဘွဲထူးကိုတောင် သိနေတာကိုး .... ခိုး ကျူးပါတယ်ဗျာ .... "

ရှမ်းရှမ်း ရယ်မောလိုက်သည်။

"ရှင်ဟာ လူစွမ်းကောင်းတစ်ယောက်ပဲရှင် .... "

"ခင်ဗျားပြောချင်တာ ဒါပဲလား .... "

"အို .... သည်ထက်မကပါဘူးရှင် .... ရှင့်ကို စိတ်ဝင်စားနေကြသူတွေ ရှိနေကြသေးတယ်ဆိုတာ ပြောပြချင်လို့ပါ .... "

"ကျူပ်ကို .... "

"ဟုတ်တယ် .... "

ဝမ်းတဟိုးက မေးလိုက်သည်။

"ဘယ်သူတွေကများ ကျူပ်ကို စိတ်ဝင်စားနေကြတာလဲဗျာ"

ရှမ်းရှမ်း မျက်နှာတည်သွား၏။

"ရှင်ဟာ သိုင်းလောကထဲမှာ ကျင်လည်ကျက်စားနေတယ်

ဆိုတော့ တစ္ဆေဖြူဂိုဏ်းက ရှင့်ကို စိတ်ဝင်စားနေတယ်ဆိုရင်ကော"

"ဟင် ...."

ဝမ်းတဟိုးကြောင့် အံ့သြသွားလေသည်။

ရှမ်းရှမ်းက ....

"တစ္ဆေဖြူဂိုဏ်းဟာ အရည်အချင်းရှိတဲ့လူတွေကို ချီးမြှင့်မွှောက်စားနေတဲ့ ဂိုဏ်းတစ်ခုပါ .... သိုင်းလောကမှာ ဘယ်လောက် အောင်မြင်နေတယ်ဆိုတာလည်း ရှင် အသိပါပဲ .... ရှင်သာ တစ္ဆေဖြူဂိုဏ်းမှာဝင်ပြီး အမှုထမ်းမယ်ဆိုရင် မကြာခင်အချိန်အတွင်းမှာ ကြီးမွားတိုးတက်လာမှာ အမှန်ပဲရှင် .... "

ဝမ်းတဟိုးက ပြုံးလိုက်သည်။

"လက်စသတ်တော့ ကျွပ်ကို တစ္ဆေဖြူဂိုဏ်းထဲဝင်ဖို့ စည်းရုံးနေတာကိုး .... "

ရှမ်းရှမ်းက ....

"ရှင့်အတွက် တိုးတက်ကြီးမွားမယ့် အခွင့်အရေးရှိနေလို့ပါရှင်"

ဝမ်းတဟို၏မျက်နှာပေါ်တွင် အပြုံးရိပ်များ ပြန်လည်ပျောက်ကွယ်သွားလေသည်။

"ဝမ်းနည်းပါတယ်ဗျာ .... ကျွပ်အတွက် အခွင့်အရေးပေးတာကို ကျေးဇူးတင်ပေမယ့် ကျွပ်က ကိုယ့်သဘောနဲ့ကိုယ် လွတ်လွတ်လပ်လပ် လူပ်ရှားရတာကိုပိုပြီး သဘောကျပါတယ် .... ဒါကြောင့် လက်မခံပါရစေနဲ့ဗျာ .... "

ရှမ်းရှမ်း ပခုံးတွန့်လိုက်သည်။

"ရှင် လက်မခံဘဲ ငြင်းလိမ့်မယ်ဆိုတာကို ကျွန်မ သိပါတယ်၊ ကိစ္စမရှိပါဘူး .... တစ္ဆေဖြူဂိုဏ်းဟာ သူတို့သဘောကျတဲ့လူအတွက်

စိတ်ရှည်ပါတယ် .... ရှင် စိတ်ဝင်စားလာတာတဲ့အထိ စောင့်နေပါလိမ့်မယ် .... "

ဝမ်းတဟိုးက ....

"ခင်ဗျား ပြောစရောစကား ကုန်ပြီဆိုရင် ကျွပ် သွားတော့မယ်ဗျ .... "

"ကောင်းပါပြီရှင် .... "

ဝမ်းတဟိုးသည် ထိုင်ရာမှထကာ ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွားလေတော့သည်။

ဝမ်းတဟိုး ထွက်သွားပြီဖြစ်ပါသည်။

ရှမ်းရှမ်းက ဆေးတံအဘိုးအိုဘက်သို့ လှည့်လိုက်၏။

"ရှင် ဘယ်လို သဘောရသလဲ .... "

ဆေးတံအဘိုးအိုက ....

"ရုတ်တရက် ကြည့်မယ်ဆိုရင် ရူးနေတဲ့လူတစ်ယောက်လို့ ထင်ရတယ် .... "

ရှမ်းရှမ်းက ....

"သူက ညီမရူးရူးနေတာရှင့် .... စုလင်းကို မြို့လယ်ဈေးရှေ့မှာ တွေ့ပြီးတဲ့နောက်ပိုင်း သူ့ရဲ့ညီမနဲ့ တူတယ်ဆိုပြီး သည်ကိုရောက်လာတော့တာပဲ .... သူရောက်လာရင် စုလင်းနဲ့ စကားပြောတယ်၊ အတူတကွ စားသောက်ကြတယ် .... သီချင်းကျေဆိုကြတယ် .... တစ်ည‌လုံး မအိပ်ကြဘူး .... အင်း .... မိုးလင်းတာနဲ့ စုလင်းကို နှုတ်ဆက်ပြီး ပြန်သွားတာပဲ .... "

ဆေးတံအဘိုးအိုက ....

"စုလင်းဟာ သူ့ညီမ မဟုတ်မှန်းလည်း သူ သိနေတာပဲ ....

သူဟာ ယဉ်ယဉ်ကလေးနဲ့ ရူးသွပ်နေတယ်လို့ ပြောရမယ် .... "

သူ၏မျက်နှာ ပြုံးရွှင်သွားလေသည်။

"သည်လိုလူစားမျိုးကို ကျုပ်တို့ တစ္ဆေဖြူဂိုဏ်းကပိုပြီး .... သဘောကျတာပေါ့ .... သူမှာ သိုင်းပညာလည်း ရှိနေတော့ သူများ ထက်ပိုပြီး ထူးခြားအောင် လုပ်နိုင်စွမ်းရှိမယ့်လူတစ်ယောက်ပဲ မဟုတ်လား .... "

ရှမ်းရှမ်းက ....

"သူကို သဘောကျတာက အကြောင်းမဟုတ်ဘူး .... သူက တစ္ဆေဖြူဂိုဏ်းကို စိတ်မဝင်စားတာက ခက်တယ် .... "

ဆေးတံအဘိုးအို ပြုံးလိုက်သည်။

"သူက ဘာကို စိတ်ဝင်စားနေတယ်ဆိုတာ ကျုပ်တို့ သိထားပြီးပြီပဲဟာ .... "

ရှမ်းရှမ်း မျက်မှောင်ကုတ်သွား၏။

ဆေးတံအဘိုးအိုက ဆက်ပြောလိုက်လေသည်။

"သူ့ရဲ့ညီမသာ ကျုပ်တို့လက်ထဲမှာ ရှိနေပြီဆိုရင် ကျုပ်တို့ကို သူက စိတ်ဝင်စားလာတော့မှာပဲ မဟုတ်လား .... "

ရှမ်းရှမ်းက ....

"နေပါဦး .... သူညီမအရင်းက သေသွားပြီလို့ သိရတယ် .... သူညီမကို ကျွန်မတို့ .... "

"စုလင်းနဲ့တူတဲ့မိန်းကလေးသာ ကျုပ်တို့လက်ထဲရှိနေမယ်ဆိုရင် လုံလောက်ပါပြီ .... "

"ဩော် .... "

ယခုမှ ရှမ်းရှမ်း သဘောပေါက်သွားသည်။

ဆေးတံအဘိုးအိုက ....

"ဆရာစုံကန်းကိုပဲ တာဝန်ပေးလိုက်ပါ။ အဲဒီစိန်းကလေးကို ဆရာစုံကန်း ရှာနိုင်ပါလိမ့်မယ် .... သူမှာ အတွေ့အကြုံ အများကြီး ရှိတယ် .... "

ရှမ်းရှမ်းက သဘောတူလိုက်သည်။

ချောမောလှပသော ကြေးတန်းစားမယ်ကလေးများ စုဝေးနေသည့် အိပ်မက်နတ်သမီးဂေဟာမှာ သိုင်းလောကၭ နာမည်ရထားသည်။

ထိုအိပ်မက်နတ်သမီးဂေဟာသည် လှို့ဝှက်သော တစ္ဆေဖြူဂိုဏ်းနှင့် ပတ်သက်နေသည် မဟုတ်ပါလား။

တစ္ဆေဖြူဂိုဏ်းသည် သိုင်းလောကအရပ်ရပ်၌ ပျံနှံ့စိမ့်ဝင်နေလေတော့သည်။

* ◆ *

အခန်း(၂၈)

ပြဿနာအစ

တာယင်းလမ်းဆုံ ....

တာယင်းလမ်းဆုံသည် မြေလတ်ပိုင်း၏ လမ်းခရီးဆက်သွယ်ရေးတွင် အဓိကကျသော လမ်းဆုံတစ်ခုဖြစ်ပါသည်။

ရပ်ဝေးသို့ ခရီးသွားကြမည့်သူများသည် တာယင်းလမ်းဆုံသို့ ရောက်သွားပြီးမှသာ ထိုမှတစ်ဆင့် မိမိတို့သွားလိုရာအရပ်သို့ ခရီးဆက်နိုင်ပါသည်။

ထို့ကြောင့် ....

ခရီးသည်များ၊ ဈေးသည်များ၊ ကုန်သည်ပွဲစားများနှင့် ဒေသန္တရဗဟုသုတရှာဖွေလိုသူများသည် တာယင်းလမ်းဆုံသို့ ရောက်လာကြသည်။

ထိုခရီးသွားများအား အဓိပ္ပြကာ ဈေးဆိုင်များ၊ တည်းခိုခန်းများ အလှူရှိလှူပေါ်ပေါက်လာသည်။ ဤကား သဘာဝပင်။ လမ်းဆုံလမ်းခွတိုင်း စားသောက်ဆိုင်၊ တည်းခိုခန်းတို့ ရှိစမြဲ။

သို့ဖြင့် ....

တာယင်းလမ်းဆုံသည် မြို့ငယ်ကလေးတစ်မြို့နှင့် မခြား စည်ကားသိုက်မြိုက်လာလေတော့သည်။

လူပေါင်းစုံ စရိုက်ပေါင်းစုံ တွေ့ရနိုင်သော နေရာတစ်ခု ဖြစ်လာသောအခါ နောက်ဆက်တွဲ ပြဿနာများလည်း ဖြစ်ပေးလာတော့သည်။

နေ့စဉ်လိုပင် ပြဿနာတစ်ခုမဟုတ် တစ်ခုဖြစ်ပွားလေ့ရှိရကား တာယင်းလမ်းဆုံမှာ နာမည်ကြီးသောနေရာတစ်ခု ဖြစ်လာတော့သည်။

"ခွပ်ခွပ် .... ခွပ်ခွပ် .... "

"ခွပ်ခွပ် .... ခွပ်ခွပ် .... "

မြင်းခွာသံများ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်နေသည်။

လူငယ်နှစ်ယောက်သည် မြင်းကိုယ်စီနှင့် တာယင်းလမ်းဆုံသို့ ရောက်ရှိလာကြသည်။

တာယင်းလမ်းဆုံကား ထုံစံအတိုင်း စည်ကားသိုက်မြိုက်နေပါသည်။

လူငယ်နှစ်ဦးသည် တာယင်းလမ်းဆုံ၏ စည်ကားမှုကို ကြည့်ရင်း သဘောကျစွာ ပြုံးလိုက်ကြ၏။

ထိုလူငယ်နှစ်ဦးစလုံး ယောကျ်ားဝီသသည်။ ချောမောပြီး ခါးဆွဲလေးကိုယ်စီ ချိတ်ဆွဲထားရသည်။ ထို့ကြောင့် သိုင်းပညာတတ်မြောက်ထားကြသူများ ဖြစ်ကြောင်း သိနိုင်သည်။

တာယင်းလမ်းဆုံသို့ လူငယ်နှစ်ဦး ရောက်လာချိန်မှာ နေမွန်းတည့်တော့မည် ဖြစ်သည်။

တစ်ယောက်က ကောင်းကင်ပေါ်မှနေဝန်းကြီးကို မော့ကြည့်

လိုက်သည်။

ထို့နောက် အဖော်လူငယ်ဘက်သို့ လှည့်လိုက်သည်။

"ကောင်းစုံပုံး .... သည်မှာ ခဏနားပြီး ဓိုက်ဖြည့်လိုက်ကြရင် ကောင်းမယ် .... "

ကောင်းစုံပုံးဆိုသော လူငယ်က ခေါင်းညိတ်လိုက်သည်။

"ကောင်းသားပဲ .... "

သူက ဟိုဟိုသည်သည်ကြည့်ပြီး မလှမ်းမကမ်းရှိ စားသောက်ဆိုင်လေးတစ်ဆိုင်ကို ညွှန်ပြလိုက်သည်။

"မင်းဝန်းရီ .... ဟိုဆိုင်ကလေးကို သွားကြည့်ရင် မကောင်းဘူးလား .... "

မင်းဝန်းရီဆိုသောလူငယ် သဘောတူလိုက်သည်။

ထို့နောက် နှစ်ယောက်သား စားသောက်ဆိုင်လေးဆီသို့ ဦးတည်သွားလိုက်ကြသည်။

နံနက်စာစားချိန်ကို ကျော်လွန်လာခဲ့ပြီဖြစ်သော်လည်း စားသောက်ဆိုင်လေးမှာ စည်ကားနေဆဲ .... ။

ကောင်းစုံပုံးနှင့် မင်းဝန်းရီဆိုသော လူငယ်နှစ်ယောက်သည် ဆိုင်ရှေ့သို့ ရောက်သွားကြပြီး မြင်းများကို သစ်ပင်တစ်ပင်၌ ချည်နှောင်လိုက်၏။ ထို့နောက် ဆိုင်ထဲလှမ်းဝင်သွားကြလေတော့သည်။

ဆိုင်လုလင်များက ပျာပျာသလဲ ကြိုဆိုလာကြသည်။

"ကြွပါခင်ဗျာ .... ကြွပါ .... "

"ကျွန်တော်တို့ဆိုင်မှာ အကောင်းဆုံးစားသောက်ဖွယ်ရာတွေ ရနိုင်ပါတယ် .... "

"အစ်ကိုလေးတို့ ဘာများသုံးဆောင်ကြမလဲဗျာ .... "

စားသောက်ပြီးသွားသူအချို့ ထသွားကြသဖြင့် ကောင်းစုံပုံးတို့သည် ပြတင်းပေါက်နှင့်ကပ်လျက်ရှိသော စားပွဲတစ်လုံး၌ နေရာရလိုက်ကြသည်။

သူတို့ စားသောက်လိုသော ဟင်းလျာများမှာကြားလိုက်သည်။

အငွေ့တထောင်းထောင်းထနေသော စားစရာများက ချက်ချင်း ရောက်လာသည်။

ကောင်းစုံပုံးနှင့် မင်းဝန်းရီတို့ ဆာလောင်နေပြီ ဖြစ်ရကား အားရပါးရ စားသောက်လိုက်ကြလေ၏။

လူငယ်များပီပီ စားသောက်နိုင်ရကား စားစရာများမှာ .... တခဏအတွင်း တက်တက်စင် ပြောင်သွားလေတော့သည်။

မင်းဝန်းရီက ကျေနပ်သွားလေသည်။

"အား .... အခုမှပဲ နေသာထိုင်သာ ရှိတော့တယ် .... ကောင်းစုံပုံးကလည်း နှုတ်ခမ်းကို လက်ခုံဖြင့် သုတ်လိုက်လေသည်။

"အေးကွ .... သည်ဆိုင် မဆိုးဘူး .... "

အမှန်တော့ ထိုစားသောက်ဆိုင်မှ ဟင်းလျာများသည် သာမန်အဆင့်သာရှိပြီး သူတို့ ဆာလောင်နေကြ၍ စား၍ကောင်းနေခြင်း ဖြစ်ပါသည်။

မင်းဝန်းရီက ပြောလိုက်လေ၏။

"တာယင်းလမ်းဆုံကိုလည်းရောက်ပြီ .... စားသောက်လို့လည်း ပြီးသွားပြီ .... "

သူ၏စကားဆုံးသွားပုံ မရပါ။

အခြားအဓိပ္ပာယ်တစ်ခုခု ရှိနေသေးကြောင်း ပေါ်လွင်နေသည်။

ကောင်းစုံပုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... တို့နှစ်ယောက် လမ်းခွဲဖို့ပဲ ကျန်တော့တယ်"
မဆုံးသေးသော မင်းဝန်းရိ၏စကားကို ဆက်ပေးလိုက်လေသည်။

မင်ဝန်းရိက ....
"မင်း ဘယ်လိုနေသလဲ .... "
"ဘာကိုလဲ .... "
"ဆရာခိုင်းတဲ့ကိစ္စပေါ့ .... "
ကောင်းစုံး ပခုံးတွန့်လိုက်သည်။
"ဘယ်လိုနေရမလဲ .... ဆရာဟာ ငါတို့ကို ငယ်စဉ်ကတည်းက ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့တာ .... အရွယ်ရောက်လာတော့လည်း သိုင်းပညာသင်ပေးပြီး လူတစ်လုံး သူတစ်လုံးဖြစ်စေခဲ့တယ်၊ ဒါကြောင့် ဆရာက စိတ်ချလက်ချ တာဝန်ပေးလာတဲ့အခါ တသွေမတိမ်း လိုက်နာဆောင်ရွက်ရမှာပေါ့ .... "
မင်းဝန်းရိ ခေါင်းညိတ်လိုက်သည်။
"ဟုတ်ပါတယ် .... ဆရာ့ကျေးဇူးတွေဟာ တို့အပေါ်မှာ ဆပ်မကုန်နိုင်လောက်အောင် ကြီးမားလှပါတယ် .... ဆရာ့ကို ကျေးဇူးပြန်ဆပ်ခွင့်ရတာပဲ ဝမ်းသာစရာကောင်းနေပါပြီ .... "
သူ၏မျက်နှာ တည်သွားပြီးမှ စကားဆက်လိုက်လေသည်။
"ဒါပေမယ့် ဆရာခိုင်းတဲ့အတိုင်း ဆောင်ရွက်နိုင်ပါ့မလားလို့ စိတ်ပူနေတာ အမှန်ပဲကွ .... "
ကောင်းစုံးက ....
"ဒါကတော့ ဆရာ့စကားကို မင်း အလေးအနက်မထားလို့ ဖြစ်မှာပါ .... ဆရာဟာ တို့ထွက်လာခါနီးမှာ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်

ချရမယ် .... ငါတို့ရဲ့ သိုင်းပညာဟာ ထိပ်တန်းအဆင့် ရှိနေပြီ .... ရန်သူကို ကောင်းကောင်းယှဉ်ပြိုင်အနိုင်ယူနိုင်တယ်ဆိုတာ သေသေချာချာ ပြောလိုက်တာပဲ မဟုတ်လား .... မင်း သံသယရှိနေရင်တော့ ဆရာ့စကားကို မယုံကြည်လို့ ဖြစ်မှာပဲ .... "
သူ၏စကားကြောင့် မင်းဝန်းရိ ပျာပျာသလဲ ငြင်းဆန်လေ၏။
"ဆရာ့စကားကို မယုံကြည်တာ မဟုတ်ပါဘူး .... ငါတို့ဟာ ထိပ်တန်းသိုင်းပညာတွေ သင်ကြားခဲ့ရတယ်ဆိုပေမယ့် လက်တွေ့မှာ ဘယ်သူနဲ့မှ ယှဉ်ပြိုင်ခဲဖူးသေးတာ မဟုတ်လို့ မစုံမလင်ဖြစ်နေတာကို ငါဝန်ခံပါတယ် .... ဆရာ့ပညာနဲ့ ဆရာ့စကားကို မယုံလို့ မဟုတ်ပါဘူးကွာ .... "
ကောင်းစုံး ပြုံးလိုက်သည်။
"ဆရာ့ပညာနဲ့ ဆရာ့စကားကို ယုံကြည်တယ်ဆိုရင် မင်း ဘာမှတွေးမနေနဲ့တော့ .... ငါတို့မှာ အတွေ့အကြုံ လုံးဝ မရှိဘဲ .... အစိမ်းသက်သက် ဖြစ်နေတာကို ဆရာမသိဘဲ နေပါ့မလား .... သူခိုင်းလိုက်တဲ့အတိုင်း ငါတို့ အောင်မြင်အောင်ဆောင်ရွက်နိုင်မယ်ဆိုတာကို သိလို့သာ လွှတ်လိုက်တာပေါ့ကွာ .... ငါတို့ မလုပ်နိုင်မယ့်ကိစ္စမျိုးဆိုရင် ဆရာခိုင်းပါ့မလား .... "
မင်းဝန်းရိ၏မျက်လုံးများ အရောင်တဖိတ်ဖိတ်တောက်ပသွားသည်။
"ကျေးဇူးတင်လိုက်တာကွာ .... မင်းပြောမှပဲ ငါ့ရဲ့ရင်ထဲ ရှင်းသွားတော့တယ် .... ဆရာက တိကျပြတ်သားတယ် .... ရှေ့မှာ အာဖြစ်လာမယ်ဆိုတာကို ကြိုတင်မြင်တွေ့နိုင်စွမ်း ရှိတယ် .... မသေချာဘဲ အစိမ်းသက်သက် ဖြစ်နေတဲ့ ငါတို့ကို လွှတ်လိုက်မှာ မဟုတ်ဘူး၊

ငါလည်း ဆရာခိုင်းတဲ့အတိုင်း အောင်မြင်အောင် အစွမ်းကုန်ကြိုးစား ဆောင်ရွက်သွားမယ် .... "

ကောင်းစုံး ရယ်မောလိုက်သည်။

"သည်လိုမှပေါ့ကွာ .... ငါလည်း အောင်မြင်အောင် ကြိုးစား သွားမှာပါ .... ကဲကွာ .... တို့နှစ်ယောက် လမ်းခွဲရတော့မယ် .... "

"ဟုတ်တယ် .... "

"တို့ကိစ္စတွေကို အောင်မြင်အောင် ဆောင်ရွက်ပြီးရင် သည်ဆိုင်မှာပဲ ပြန်ပြီးဆုံတွေ့ကြတာပေါ့ .... "

"ကောင်းတယ် .... တို့နှစ်ယောက်အတူတူ ပြန်ဆုံတွေ့ပြီးမှ ဆရာ့ဆီကို အတူတူပြန်ကြတာပေါ့ .... "

ဆိုင်လုလင်တစ်ယောက်ကိုခေါ်ကာ ကျသင့်ငွေပေးချေလိုက်သည်။

ထို့နောက် ဆိုင်ထဲမှ ထွက်လာခဲ့ကြသည်။ ဆိုင်အပြင်ဘက် ရောက်သွားသောအခါ သူတို့ အလွန်အံ့သြသွားကြသည်။

"ဟင် .... "

"ဟာ .... "

ကောင်းစုံးနှင့် မင်းဝန်းရီတို့ ဒေါသဖြစ်သွားကြသည်။

ဆိုင်ရှေ့သစ်ပင်၌ ချည်နှောင်ထားရစ်ခဲ့သော သူတို့၏မြင်းနှစ်ကောင်ကို မတွေ့ရတော့ခြင်းကြောင့် ဖြစ်ပါသည်။

ကောင်းစုံးက ဆိုင်အပေါက်ဝ၌ ချည်ကြိုးနေသော ဆိုင်လုလင်တစ်ယောက်အား လှမ်းမေးလိုက်သည်။

"ကျွဲတို့ မြင်းတွေ ဘယ်ရောက်သွားပြီလဲ .... "

ဆိုင်လုလင်က ....

"အစ်ကိုလေးတို့က မြင်းစီးလာကြတာ ဟုတ်ရဲ့လား .... "

"ဟုတ်တယ်လေ .... ဆိုင်ရှေ့မှာ ထားခဲ့တာပဲ .... "

"ဒါဖြင့် တစ်ယောက်ယောက်ကို အပ်ထားခဲ့သေးသလား"

ကောင်းစုံး ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း .... "

ဆိုင်လုလင်က ....

"ဒါဆို ကျွန်တော်လည်း မသိဘူးဗျ .... "

ဆိုင်လုလင်လေးပြောသည်မှာ နည်းလမ်းကျသည်။ သူကိုအပ်မသွားသဖြင့် သူလည်း မသိပါဟု ဆိုလိုက်ခြင်း ဖြစ်သည်။

"ဟေ .... "

ကောင်းစုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။

ဆိုင်လုလင်က သူတို့အား အရေးမစိုက်တော့ဘဲ နောက်ထပ် ရောက်လာသည့် ခွေးသည်များအား ကြိုဆိုနေ၏။

ကောင်းစုံးနှင့် မင်းဝန်းရီတို့ အချင်းချင်း ကြည့်လိုက်မိကြလေသည်။

"ရုက်စရာ ကောင်းလိုက်တာ .... "

"ဟုတ်တယ် .... ငါတို့ မြင်းနှစ်ကောင်ကို .... တစ်ယောက်ယောက်က ခိုးသွားပြီ .... "

မြင်းအခိုးခံလိုက်ရသဖြင့် .... ရုက်လည်းရုက် ဒေါသလည်းထွက်လာကြသည်။

မင်းဝန်းရီ အံကြိတ်လိုက်သည်။

"တောက် .... မြင်းသူခိုးတွေ့ရင်တော့လားကွာ .... "

ကောင်းစုံးက ....

"နေဦး .... "

ဟုပြောကာ ဆိုင်အပေါက်ဝ၌ရပ်ကာ ဆိုင်လုလင်ထံသို့ ကိုယ်ကိုလှည့်လိုက်သည်။

ဆိုင်လုလင်က သူ့အား တစ်ချက်စောင်းငဲ့ကြည့်ပြီး မျက်နှာလွှဲထားလိုက်လေ၏။

ကောင်းစုဖုံးက ဆိုင်လုလင်ဂုတ်ကိုဆွဲလိုက်သည်။ ဆိုင်လုလင်က မကျေမနပ်ဖြင့် အော်လိုက်လေ၏။

"ဒါ ဘာလုပ်တာလဲ .... "

ကောင်းစုဖုံးက ....

"ငါတို့မြင်းတွေ ဘယ်မှာလဲ .... "

အသံမာမာဖြင့် မေးလိုက်သည်။

ဆိုင်လုလင်က ....

"ကျုပ် ဘယ်သိ .... "

သူ၏စကားမဆုံးမီ အနီးသို့ရောက်လာသော မင်းဝန်းရိုက ကြားဝင်အော်ငေါက်လိုက်လေသည်။

"မင်း မသိဘူးလို့ပြောရင် မင်းကိုလက်သီးစာ ကျွေးမယ်"

ဆိုင်လုလင် မျက်နှာ ပျက်သွားလေတော့သည်။

သို့သော် ....

"မင်းတို့ဘာတွေ ပြေနေတာလဲ .... ကျုပ်ကို လာစောကား ရင် ဆိုင်ရှင်က သည်းခံနေမှာ မဟုတ်ဘူးနော် .... "

ဆိုင်လုလင်က ဆိုင်ရှင်ဖြင့် စြိမ်းခြောက်လိုက်သည်။

ယခု ....

သူတို့ ဝင်ရောက်ခဲ့သော စားသောက်ဆိုင်လေးမှာ လူများ

သည်။ စားသောက်ဆိုင်ကို ဟန်ပြဖွင့်လှစ်ထားပြီး နောက်ကွယ်၌ မကောင်းမှုပြုနေကြသော ဒုစရိုက်သမားများ ဖြစ်နေကြောင်း ကောင်းစုဖုံးနှင့် မင်းဝန်းရိုတို့ ရိပ်မိကြလေ၏။ သူတို့၏ မြင်းနှစ်ကောင်ပျောက်ဆုံးသွားခြင်းမှာလည်း ဆိုင်လုလင်၏လက်ချက်ပင် ဖြစ်ရမည်မှု နားလည်လိုက်ကြသည်။

ထို့ကြောင့် ....

"မင်းရဲ့ဆိုင်ရှင်ကိုလည်း ငါ ဂရုမစိုက်ဘူး .... ငါတို့ မြင်းတွေ ဖြန်ပေးမလား မပေးဘူးလားပြော .... "

မင်းဝန်းရိုက ဒေါသတကြီး ငေါက်လိုက်သည်။

သူတို့နှစ်ယောက်က ထိုးမည်ကြိတ်မည်ရှိနေကြသောအခါ ဆိုင်လုလင်ပင် ကြောက်လန့်သွားသည်။

"မင်းတို့ မတရားမလုပ်နဲ့ .... "

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ဤတွင် ....

"ဘာဖြစ်တာလဲဟေ့ .... "

ဆိုင်ရှင်သည် လူသန်ကြီးလေးယောက်အား ခြံရံကာ ထွက်လာသည်ကို တွေ့လိုက်ရတော့သည်။

ဆိုင်လုလင်က ဆိုင်ရှင်အား အော်ဟစ်တိုင်တန်းလိုက်သည်။

"ဆိုင်ရှေ့မှာ .... သူတို့မြင်းနှစ်ကောင် ပျောက်သွားတာကို ကျွန်တော်တို့ဆိုင်မှာ တာဝန်ရှိတယ်လို့ ပြောနေပါတယ် .... "

ဆိုင်ရှင်က ကောင်းစုဖုံးတို့အား လုံးဝအရေးမထားဘဲ လက်ဝှေ့ယမ်းကာ မောင်းထုတ်လိုက်လေသည်။

"ဟေ့ .... ဘာရှုပ်နေတာလဲ .... ထွက်သွားကြစမ်း .... "

ကိုဝိစာရဆင်းအရေးသည်း သံယောင်လိုက်ကာ ပြောလိုက်သည်။

"မင်းတို့ ထွက်သွားကြပေတော့ .... "

မင်းဝန်းရိသည် ကောင်းစွမ်းထက်ပိုပြီး ဒေါသကြီးသူ ဖြစ်လေသည်။

သူတို့အား စော်ကားမော်ကားလုပ်လာသည်နှင့် ....

"ကဲကွာ .... "

ဆိုင်လုလင်၏မျက်နှာဆီသို့ လက်သီးတစ်လုံး ပစ်သွင်းလိုက်လေတော့သည်။

"ဖွပ် .... "

"အား .... "

ဆိုင်လုလင် ချက်ချင်း ပက်လက်လှန်လဲကျသွားလေတော့သည်။

"ဟေ့ .... မင်းဘယ်လို လုပ်လိုက်တာလဲ .... "

ဆိုင်ရှင်က အော်ငေါက်လိုက်သည်။

မင်းဝန်းရိက ....

"မြင်းသူခိုးတွေကို ဆုံးမလိုက်တာလေ .... "

"ဘာကွ .... "

"ခင်ဗျားတို့ လက်ချက်ဆိုတာ ကျုပ် သိတယ် .... ကျုပ်တို့ မြင်းကို ပြန်ပေးရင်ပေး .... မပေးရင် ခင်ဗျားတို့ဆိုင်ကို ဖျက်ဆီးပစ်မယ် .... "

"အံမယ် .... လာ .... လာချည်သေးတယ် .... တာယင်းလမ်း ဆုံမှာ ဘယ်သူက ငါ့ကိုစော်ကားဝံလို့လဲဟေ .... ဆုံးမလိုက်ကြစမ်း"

ဆိုင်ရှင်က လက်ဝှေ့ယမ်းပြလိုက်သောအခါ လူသန်ကြီးလေး

ယောက်သည် မင်းဝန်းရိအား ချက်ချင်း ဝိုင်းရံတိုက်ခိုက်လိုက်ကြလေတော့၏။

မင်းဝန်းရိကလည်း မကြောက်မရွံ့ ပြန်လည်တိုက်ခိုက်လိုက်သည်။

"ကျုပ်လည်း ရှိသေးတယ် .... "

တိုက်ပွဲအတွင်းသို့ ခုန်ဝင်လိုက်လေသည်။

သူတို့နှစ်ယောက် ခပ်သွက်သွက် လှုပ်ရှားလိုက်ကြသည်နှင့်

"ဝုန်း .... "

"အမလေး .... "

"သေပါပြီဗျ .... "

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။ လူသန်ကြီးလေးယောက်က အဝေးသို့ လွှင့်စဉ်သွားကြတော့သည်။

"ဟာ .... "

ဆိုင်ရှင် ထိတ်လန့်သွားလေတော့သည်။

ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

မင်းဝန်းရိတို့က ....

"ကဲ .... ပြောစမ်း .... ကျုပ်တို့ မြင်းတွေကို ပြန်ပေးလိုက်ရမလား .... "

ဆိုင်ရှင်ထိတ်လန့်နေပြီဖြစ်ရကား လက်ကာပြပြီး တောင်းပန်လိုက်လေသည်။

"ကျုပ်ဆိုင်ကိုတော့ မဖျက်ဆီးပါနဲ့ .... မင်းတို့ မြင်းတွေကို ပြန်ပေးပါမယ် .... "

ချက်ချင်းပင် နှာခေါင်းမှယိုစီးကျနေသည့်သွေးများ သုတ်နေ

သော ဆိုင်လုလင်ကား အော်ငေါက်လိုက်သည်။

"သူတို့ .... မြင်းတွေ ပြန်ပေးလိုက်စမ်း .... "

"ဟုတ် .... ဟုတ်ကဲ့ .... "

ဆိုင်လုလင် ထွက်သွားလေသည်။

တစ်ခဏအကြာမှာပင် မြင်းဟီသံများထွက်ပေါ်လာလေသည်။

ဆိုင်လုလင်က မြင်းနှစ်ကောင်ဆွဲကာ ပြန်လည်ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရတော့သည်။

မင်းဝန်းရီက သူတို့၏ မြင်းနှစ်ကောင်ကိုမြင်လျှင် သဘောကျစွာ ရယ်မောလိုက်လေသည်။

"ဆရာပြောတာ မှန်တယ် .... အကြောက်တရားနဲ့သာ အနိုင်ရမယ် .... ပြတ်သားမှုနဲ့ ရက်စက်ခြင်းဟာ အောင်မြင်မှု လမ်းစပဲ သည်ခံယူချက်ကို လက်တွေ့လေ့ကျင့်သုံးရမယဆိုတာလေ .... "

ကောင်းစုဖုံးအား ပြောလိုက်လေသည်။

ကောင်းစုဖုံး ပြုံးလိုက်သည်။

"ဟုတ်တယ် .... ဆရာ့စကားကို မြေဝယ်မကျ နားထောင်တာ အကောင်းဆုံးပဲ .... "

သူတို့သည် ဆိုင်ရှင်ကို ဂရုမစိုက်တော့ဘဲ မြင်းကိုယ်စီဆွဲကာ ထွက်လာခဲ့ကြလေတော့သည်။

ကောင်းစုဖုံးတို့ ခပ်လှမ်းလှမ်းသို့ ရောက်သွားကြလျှင် ....

ဆိုင်ရှင်က ကြမ်းပြင်ပေါ် ဒေါသတကြီး ခြေဆောင့်လိုက်သည်။ သူ မကျေမနပ် ပြောလိုက်သည်။

"အသုံးမကျတဲ့ကောင်တွေ .... "

လူးလိမ့်ထလာကြသည့် လူသန်ကြီးလေးယောက်အား ငေါက်

လိုက်သည်။ ထို့နောက် ဆိုင်လုလင်လေးအား အမိန့်ပေးလိုက်လေသည်။

"သွားစမ်း .... ဆရာတို့ကိုသွားပြီး အကြောင်းကြားလိုက်ကြစမ်း .... "

"ကောင်း .... ကောင်းပါပြီ .... "

ဆိုင်လုလင် ကပျာကယာ ပြောတွက်သွားလေ၏။ ဆိုင်ရှင်သည် ခပ်လှမ်းလှမ်းသို့ ရောက်သွားကြပြီဖြစ်သော ကောင်းစုဖုံးနှင့် မင်းဝန်းရီတို့အား မျှော်ကြည့်ကာ မချိုပြုံးပြုံးလိုက်လေသည်။

"မင်းတို့နှစ်ယောက် ဘယ်လောက်စွမ်းမလဲဆိုတာ ကြည့်ကြသေးတာပေါ့ .... တစ္ဆေဖြူဂိုဏ်းက တာဝန်ခံဆရာကိုးက မင်းတို့နှစ်ယောက်ကို ကောင်းကောင်းကြီး ဆုံးမပြလိမ့်မယ် .... "

သူသည် ကြိုးဝါးလိုက်လေတော့သည်။

* ◆ *

တာ နိမိတ်ပြနေတာပဲ .... ဆရာဆုံးမစကားအတိုင်း လိုက်နာကျင့်သုံးသွားရင် မအောင်မြင်နိုင်စရာ မရှိတော့ဘူး .... "

ကောင်းစုဖုံးက ....

"ဟုတ်တယ် .... ဒါပေမယ့် ပြတ်သားတိုင်း ကောင်းတာ မဟုတ်ဘူး .... "

"ဘာဖြစ်လို့လဲ .... "

"တစ်ခါတလေမှာ လိုက်လျောညီထွေ ကျင့်သုံးသင့်တယ်"

မင်းရီဝန်း မျက်မှောင်ကုတ်သွားသည်။

ကောင်းစုဖုံး၏စကားများသည် ထူးခြားမှုရှိနေကြောင်း သတိရမိလိုက်သည်။

သို့သော် သူက မစဉ်းစားတော့ပါ။

"ကဲ .... ငါ သွားမယ် .... "

"ကောင်းပြီ .... "

နှစ်ယောက်သား လမ်းခွဲရန် ဟန်ပြင်လိုက်ကြ၏။

ထိုစဉ် ....

"ခဏနေကြပါဦးလေ .... "

ဟန်တားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ကောင်းစုဖုံးနှင့် မင်းဝန်းရီတို့ လှမ်းကြည့်လိုက်ကြ၏။ ထိုအခါ အပြာရောင် အင်္ကျီဝတ်ဆင်ကာ စာပေသမားနှင့် တူသူတစ်ယောက် ရောက်လာသည်ကို တွေ့လိုက်ရ၏။ ထိုလူ၏မျက်နှာ ပြိုးရွှင်ကာ အလွန်ပင် သဘောမနောကောင်းသူ တစ်ယောက်အသွင်မျိုး ရှိနေသည်။ ကောင်းစုဖုံးတို့ အကဲခတ်ကြည့်လိုက်ကြ၏။ ထိုလူသည် ချက်ချင်းပင် ကောင်းစုဖုံးတို့အနီးသို့ ရောက်လာလေသည်။

အခန်း(၂၉)

အစွမ်းထက်သူနှစ်ဦး

ကောင်းစုဖုံးနှင့် မင်းဝန်းရီတို့သည် မြင်းကိုယ်စီဆွဲကာ ထွက်လာကြသည်။

သူတို့၏ မြင်းများခိုးယူခံရကာ ပျောက်ဆုံးသွားခဲ့သော်လည်း ပြန်ရအောင် ယူနိုင်ခဲ့ကြသဖြင့် ကိုယ့်ကိုယ်ကို ယုံကြည်မှုရကာ ကျေနပ်နေကြသည်။ ကောင်းစုဖုံးထက်စာလျှင် မင်းဝန်းရီက ပို၍တက်တက်ကြွကြွဖြစ်နေသည်။

လမ်းဆုံလမ်းခွသို့ ရောက်သောအခါ နှစ်ယောက်သား ခြေလှမ်းရပ်လိုက်ကြသည်။

သူတို့သည် ဆရာပေးအပ်လိုက်သော တာဝန်များထမ်းဆောင်ရန် လမ်းခွဲပြီး ခရီးဆက်ကြရတော့မည် ဖြစ်ပါသည်။

မင်းဝန်းရီက ....

"မြင်းတွေ အခိုးခံလိုက်ရပေမယ့် ပြန်ရအောင် ယူလိုက်နိုင်ကတည်းက ကျွပ်တို့ သွားရမယ့်ကိစ္စ ကျိန်းသေအောင်မြင်လိမ့်မယ်ဆို

ကောင်းစုဖုံးတို့အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ပြီးမှ မေးဟသည်။

"မိတ်ဆွေလေးတို့နှစ်ယောက် စားသောက်ဆိုင်မှာ ဆိုင်ရှင်ရဲ့ သူတွေကို ဆုံးမလိုက်တာ တွေ့ရလို့ ချီးကျူးပါတယ် .... မိတ်ဆွေလေးတို့ရဲ့ နာမည်ကို သိပါရစေလားဗျာ .... "

မင်းဝန်းရိုက ကျေနပ်သွားလေသည်။

"ကျွန်ုပ်တို့ မြင်းတွေကို ခိုးယူထားလို့ ဆုံးမပြီး ပြန်တောင်းလိုက်တာပါ .... ကျွန်ုပ်နာမည်က မင်းဝန်းရိပါ .... ကျွန်ုပ်ရဲ့ ပညာသင်ဘက် အစ်ကိုကတော့ ကောင်းစုဖုံးလို့ ခေါ်ပါတယ် .... "

"ဩော် .... ဩော် .... "

ထိုလူဦးခေါင်း တဆတ်ဆတ် ညိတ်လိုက်သည်။

"မိတ်ဆွေလေး .... တို့ရဲ့သတ္တိကို ချီးကျူးပါတယ် .... ဒါပေမယ့် သည်နေရာက မြန်မြန်ထွက်ပြေးတိမ်းရှောင်သွားရင် ကောင်းမယ် .... "

မင်းဝန်းရိုက ....

"ဘာဖြစ်လို့လဲဗျ .... "

"ဆိုင်ရှင်က မကျေမနပ် ဖြစ်နေတာပါ မောင်ရင်လေးတို့ကို ဆုံးမဖို့ ဆရာကိုးကိုသွားပြီး အကြောင်းကြားနေတယ် .... "

"ဘာဗျ .... "

ထိုလူက ရှင်းပြသည်။

"တာယင်းလမ်းဆုံမှ ဒုစရိုက်မှုများလှပါတယ် .... တစ္ဆေဖြူဂိုဏ်းရဲ့ ဂိုဏ်းခွဲတစ်ခုဟာ သည်နေရာမှာ ရှိနေတယ် .... ဒုစရိုက်သမားတွေကို သူတို့ကပဲ ချုပ်ကိုင်ထားပြီး နှိုင်းစားနေတာ .... ကျွှာ်ထောက်

နောက်ခံပြုပြီး အကာအကွယ်ပေးထားတဲ့ ဒုစရိုက်သမားတွေကို သွားထိလိုက်ရင် သူတို့က လိုက်ပြီးဆုံးမကြတာပဲ .... "

ကောင်းစုဖုံး မေးလိုက်သည်။

"သူတို့ဆိုတာ တစ္ဆေဖြူဂိုဏ်းသားတွေကို ပြောတာလား"

"ဟုတ်တယ် .... "

ကောင်းစုဖုံးနှင့် မင်းဝန်းရိတို့ အချင်းချင်း ကြည့်လိုက်မိကြလေသည်။ မင်းဝန်းရိက ....

"တစ္ဆေဖြူဂိုဏ်းဆိုပါလား .... "

ကောင်းစုဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... သိုင်းလောကထဲရောက်ရင် တစ္ဆေဖြူဂိုဏ်းနဲ့ ဝေးဝေးရှောင်ရမယ်လို့ ဆရာ သေသေချာချာ မှာလိုက်တာပဲ"

မင်းဝန်းရိက ....

"တစ္ဆေဖြူဂိုဏ်းနဲ့ မပတ်သက်ရဘူးဆိုတော့ ကျွန်ုပ်တို့သွားကြရင် ကောင်းမယ် .... "

"ဟုတ်တယ် .... "

နှစ်ယောက်သား ထွက်သွားရန် ဟန်ပြင်လိုက်ကြသည်။

စာပေသမားနှင့်တူသူက တဟားဟား ရယ်မောလိုက်လေသည်။

"ဟား .... ဟား .... ဟား .... မောင်ရင်လေးတို့ကလည်း တစ္ဆေဖြူဂိုဏ်းကို ကြောက်နေကြတာကိုး .... "

"ဘာဗျ .... "

ကောင်းစုဖုံးနှင့် မင်းဝန်းရိတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

မင်းဝန်းရီသည် ကောင်းစုံးထက် စိတ်မြန်သူဖြစ်ပါသည်။

"ခင်ဗျား ဘယ်လိုပြောလိုက်တာလဲဗျ .... "

ထိုလူက ....

"သြော် .... တစ္ဆေဖြူဂိုဏ်းဆိုတဲ့နာမည်ကြားလိုက်တာနဲ့ လူတိုင်း ကြောက်လန့်သွားတတ်ကြသလို **မောင်ရင်လေး**တို့လည်း .... ကြောက်လန့်သွားကြတာကိုတွေးပြီး **ရယ်စိတာပါဗျာ** .... "

"ခင်ဗျား ပါးစပ်ပိတ်ထားလိုက်စမ်း .... "

မင်းဝန်းရီက ငေါက်လိုက်လေသည်။

"ကျုပ်က တစ္ဆေဖြူဂိုဏ်းကို ကြောက်နေမယ် ထင်သလား။ ကျုပ်ကိုလာပြီး နှောင့်ယှက်ကြည့်စမ်း .... ကျုပ်အကြောင်း ကောင်း ကောင်း သိသွားရမယ် .... "

ထိုလူ လက်ကာပြလိုက်သည်။

"မလုပ်ပါနဲ့ကွယ် .... ဝါရင့်သိုင်းဆရာကြီးတွေတောင် တစ္ဆေဖြူဂိုဏ်းကို ကြောက်လန့်နေကြတာ .... မောင်ရင်လေးတို့က .... "

"ခင်ဗျား ပါးစပ်ပိတ်ထားလိုက်စမ်းပါဗျာ .... "

မင်းဝန်းရီသည် ဝို၍ဒေါသထွက်လာကာ ထိုလူယေ် စကားမဆုံးမီ ကြားဖြတ်အော်ငေါက်လိုက်သည်။

မင်းဝန်းသာမက ကောင်းစုံးသည်လည်း ဒေါသထွက်နေလေပြီ။ သို့သော် ထိုလူပါးစပ်ပိတ်မသွားချေ။

"မောင်ရင်လေးတို့ တကယ်မကြောက်ဘူးဆိုရင် **တစ္ဆေဖြူဂိုဏ်း**က ဆရာကိုးဆီကို ကျုပ် လိုက်ပို့ချင်ပါသေးတယ် .... "

မင်းဝန်းရီ နှာခေါင်းရှုံ့လိုက်သည်။

"ကျုပ်က ဂရုစိုက်ရမှာလား .... ကဲ .... ဆရာကိုး ဘယ်မှာ

ရှိသလဲ ပြောပါ .... "

ထိုလူ ခေါင်းညိတ်လိုက်သည်။

"ကျုပ်နောက်ကိုလိုက်ခဲ့ပါဗျာ .... "

ကောင်းစုံးက ကြားဝင်မေးလိုက်လေသည်။

"နေပါဦး .... ခင်ဗျားကလည်း တစ္ဆေဂိုဏ်းက လူတစ်ယောက်ပဲ မဟုတ်လား .... "

ထိုလူ၏ခြေလှမ်း တုန့်ခနဲ ရပ်သွား၏။

ကောင်းစုံးအား စိုက်ကြည့်လိုက်သည်။

သူ၏မျက်နှာပေါ်မှ အပြုံးရိပ်များ ပျောက်ကွယ်သွားပြီ ဖြစ်ပါသည်။

"မောင်ရင်လေး ဘယ်ဆိုးလို့လဲ .... ဟုတ်ပါတယ် .... ကျုပ်ဟာ တစ္ဆေဖြူဂိုဏ်းကပါ .... ကျုပ်နာမည် **ခိုးခွန်းပါ** .... တာယင်းလမ်းဆုံက တစ္ဆေဖြူဂိုဏ်းတာဝန်ခံ **ဆရာကိုးရဲ့ ထက်ထောက်ပါဗျာ**"

စာပေသမားသည် သူ့ကိုယ်သူ **မည်သူညည်ဖြစ်**ကြောင်း ပွင့်ပွင့်လင်းလင်း ပြောလိုက်သည်။

မင်းဝန်းရီ ဒေါပွသွားသည်။

"လက်စသတ်တော့ ခင်ဗျားလည်း တစ္ဆေဂိုဏ်းက လူတစ်**ယောက်**ဖြစ်နေတာကိုး .... ကောင်းပြီ .... ကျုပ်တို့ကို နှောင့်ယှက် **မယ်ဆိုရင်**တော့ ခင်ဗျားကို အရင်ဆုံး ဆုံးမရမှာပဲ .... "

စီရှမ်းက ....

"ကောင်းပြီ .... ကျုပ်ကို ဆုံးမနိုင်ရင် မင်းတို့ သည်ကထွက်သွားလို့ ဖြစ်ပါတယ် .... ဒါမှမဟုတ်ရင်တော့ .... "

သူစကားဆုံးအောင် မပြောလိုက်ရပါချေ။

မင်းဝန်းရီက အော်ငေါက်ကာ တိုက်ခိုက်လိုက်ခြင်းကြောင့် ဖြစ်ပါသည်။

"စိတ်ချ .... ကျုပ် ဆုံးမပြမယ် .... "

သူသည် ရှေ့သို့တိုးကာ လက်သီးနှစ်လုံး ဝင်သွင်းလိုက်သည်။

"ဝိုး .... ဝိုး .... "

သူ၏လက်သီးနှစ်လုံးသည် အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် စီရှမ်းထံသို့ တိုးဝင်သွားသည်။ စီရှမ်း ကဗျာကယာ ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း လွတ်အောင်မရှောင်နိုင်ဘဲ မင်းဝန်းရီ၏ လက်သီးတစ်လုံးမှာ သူ၏ဝဲဘက်ပခုံးကို ထိုးချလိုက်လေသည်။

"ဖက် .... "

"အွန့် .... "

စီရှမ်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရသည်။

ကောင်းစုဖုံးက မင်းဝန်းရီကို ဟန့်တားလိုက်လေသည်။

"တော်လောက်ပြီ .... "

မင်းဝန်းရီ ရယ်မောလိုက်လေသည်။

"ခင်ဗျားတို့တစ္ဆေဖြူဂိုစ်းက ဘာမို့လဲ .... ကျောက်သားကျောက်ဆိုင်နဲ့ ထုဆစ်ထားတဲ့ ဂိုဏ်းမို့လို့လား .... "

စီရှမ်း အံ့သြသွားသည်။

ကောင်းစုဖုံးနှင့် မင်းဝန်းရီတို့သည် လူငယ်လေးများ ဖြစ်ကြသော်လည်း သိုင်းပညာမခေကြောင်း ထင်ရှားပေါ်လွင်နေသည် မဟုတ်ပါလား။

သို့သော် ....

တစ္ဆေဖြူဂိုဏ်းသည် သိုင်းလောကတစ်ခွလုံး ကြောက်ရွံ့နေ

စေသည့် ဂိုဏ်းတစ်ခုဖြစ်နေရကား မင်းဝန်းရီအား ခြိမ်းခြောက်လိုက်သည်။

"မင်းတို့ မဆိုးပါဘူး .... ဒါပေမယ့် တစ္ဆေဖြူဂိုဏ်းကို မင်းတို့ ဘယ်နည်းနဲ့မှ ယှဉ်နိုင်ကြမှာ မဟုတ်ပါဘူး .... "

မင်းဝန်းရီတို့ လှောင်ပြောင်လိုက်လေသည်။

"သည်အချိန်မှာတောင် ခင်ဗျား လေသံမလျော့သေးပဲကိုး .... ကျုပ် အခုသီသွားပြီ .... တစ္ဆေဖြူဂိုဏ်းဟာ အသံအင်မတန်ကျယ်လောင်တဲ့ သင်္ကြန်အမြောက်ပဲကိုး .... "

စီရှမ်း ဒေါသထွက်လာလေ၏။

"တစ္ဆေဖြူဂိုဏ်းက မင်းတို့လို လူငယ်နှစ်ယောက်ကို အမှုထားမယ်ဆိုရင် သိုင်းလောကမှာ ဘယ်လိုလုပ်ပြီး နာမည်ရနိုင်မှာလဲ .... နာမည်ကြားတာနဲ့ လူတိုင်းကြောက်လန့်ရမယ့်အခြေအနေ ဘယ်လိုလုပ်ပြီး ရောက်လာနိုင်မှာလဲ .... "

ကောင်းစုဖုံး ကြားဝင်လိုက်သည်။

"ထားလိုက်ပါတော့လေ .... ကျုပ်တို့မှာ အရေးတကြီး သွားစရာ ရှိနေသေးလို့ ခွင့်ပြုပါဦးဗျာ .... "

သူက မင်းဝန်းရီကို ပြောလိုက်လေသည်။

"မင်းဝန်းရီ .... တစ္ဆေဖြူဂိုဏ်းနဲ့ မပတ်သက်ရဘူးလို့ ဆရာမှာထားတာ မမှေနေပြီလား .... တို့ သွားကြရင် ကောင်းမယ် .... "

မင်းဝန်းရီ သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ .... သွားကြတာပေါ့ .... "

နှစ်ယောက်သား ထွက်သွားရန် ဟန်ပြင်လိုက်ကြသည်။

ထိုစဉ် ....

"တစ္ဆေဂိုဏ်းကို စော်ကားမော်ကားပြောပုံတာ နည်းတဲ့သူ
မဟုတ်ဘူး .... မင်းတို့ သည်လိုထွက်သွားလို့ ရမလား .... "

ကျယ်လောင်သော စကားသံထွက်ပေါ်လာသည်။ ကောင်း
ပုံးကို လှမ်းကြည့်လိုက်သောအခါ မှတ်ဆိတ်ရှည်များရှိသော အဘိုး
တစ်ယောက်သည် လက်နက်ကိုယ်စီကိုင်ဆောင်ထားသူ တစ်စုကို
ရံကာ ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ထိုအခါ စီရှမ်းက မှတ်ဆိတ်ရှည်အဘိုးအိုအား ဦးညွှတ်လိုက်
"ဆရာကိုး .... သည်ကောင်လေးနှစ်ယောက်ဟာ အသက်
ယ်ပေမယ့် သိုင်းပညာ မဆိုးကြဘူး .... "

စီရှမ်းက အစီရင်ခံလိုက်၏။

တာယင်းလမ်းဆုံခွဲတာဝန်ယူထားသော တစ္ဆေဖြူဂိုဏ်းခွဲ
ခေါင်းဆောင်ဆရာကိုး ရောက်လာပြီဖြစ်ပါသည်။

ဆရာကိုးသည် ကောင်းစုပုံးတို့အား အကဲခတ်ကာ ဦးခေါင်း
တဆတ်ဆတ် ညိတ်လိုက်လေ၏။

"ကောင်းတယ် .... ကျွပ်တို့ တစ္ဆေဂိုဏ်းဟာ အလားအလာ
ရှိတဲ့ လူငယ်လူရွယ်တွေကို မြှောက်စားပြီး နေရာပေးတဲ့ထုံးစံ ရှိပါတယ်
မောင်ရင်လေးတို့ တစ္ဆေဖြူဂိုဏ်းမှာ တာဝန်ထမ်းဆောင်မယ်ဆိုရင်
နောင်တစ်ချိန်မှာ နေရာကောင်းရလာနိုင်တာပဲ .... "

မင်းဝန်းရီ တဟားဟား ရယ်မောလိုက်သည်။

"ကျွပ်တို့က သူတစ်ပါးဩဇာခံနေမယ် ထင်နေသလား ...
ကျွပ်တို့ကို မနှောင့်ယှက်ဘဲ လမ်းဖယ်ပေးလိုက်ပါ .... ဒါမှမဟုတ်
ရင်တော့ ဆရာကိုးရော ဘာရော နားမလည်ဘူး .... ဆုံးမရမှာပဲ"

သူ၏စကားကြောင့် ဆရာကိုး ဒေါသထွက်သွားတော့သည်။

"အလိုက်မသိတဲ့ကောင်းလေတွေကို ဆုံးမလိုက်ကြစမ်း"

သူ၏လူများအား အမိန့်ပေးလိုက်လေသည်။

ထိုအခါ ....

"ယား .... "

လက်နက်ကိုယ်စီကိုင်ဆောင်ထားကြသူများသည် ညာသံပေး
ကာ ပြေးဝင်တိုက်ခိုက်လာကြတော့သည်။

ကောင်းစုပုံး မနေနိုင်တော့ချေ။

"မင်းဝန်းရီ .... သတိထား .... "

မင်းဝန်းရီကို သတိပေးရင်း လက်တွဲတိုက်ပွဲဝင်လိုက်ရသည်။

တိုက်ပွဲဖြစ်ပွားလာခြင်းကြောင့် လမ်းပေါ်၌ ရုတ်ရုတ်သဲသဲ
ဖြစ်သွားသည်။

ဆူဆူညံညံအသံများလည်း ထွက်ပေါ်လာတော့သည်။

"ဝုန်း .... "

"အား .... "

"သေပါပြီဗျ .... "

ကောင်းစုပုံးနှင့် မင်းဝန်းရီတို့က ထက်တွဲညီညွတ်စွာ တိုက်ခိုက်လိုက်
ကြသောအခါ တစ္ဆေဖြူဂိုဏ်းသားများ ဇရိဖရဲ ဖြစ်သွားကြလေတော့
သည်။ စီရှမ်းက ....

"ဆရာကိုး .... သည်ကောင်လေးတွေ မလွယ်ဘူးဗျ .... "

ဒေါပွနေပြီဖြစ်သော ဆရာကိုးက မဲ့ပြီးပြီးလိုက်သည်။

"အသာနေစမ်းပါ .... သည်ကောင်လေးတွေကို ကျွပ် ဆုံးမ
ပြပါ့မယ် .... "

ချက်ချင်း ရှေ့တိုးလိုက်သည်။

"မင်းတို့နှစ်ယောက် ကျုပ်ကို သတိထားကြပါဦး .... "

ဓားတစ်လက်ဆွဲထုတ်ကာ တိုက်ခိုက်လိုက်၏။ ကောင်းစုဖုံး တို့မှာ လက်နက်ကိုင်ဆောင်ထားခြင်း မရှိကြပေ။ ထို့ပြင် ငယ်ရွယ်သူ များ ဖြစ်ကြသည်။

ဆရာကိုးလို ဝါရင့်သိုင်းသမားကြီးတစ်ယောက်က ဓားတ လက်ကိုင်ဆောင်တိုက်ခိုက်လိုက်ခြင်းသည် လူငယ်များအပေါ် မတရား အနိုင်ကျင့်သည့် သဘောမျိုး ဖြစ်နေပါတော့သည်။

သို့သော် ....

ဆရာကိုးသည် တစ္ဆေဖြူဂိုဏ်းမှလူတစ်ယောက်ဖြစ်သည့် သိုင်းလောက စည်းကမ်းကို ဂရုမစိုက်ချေ။ အနိုင်ယူနိုင်ရလျှင် ပြီးရော ဟူသော သဘောဖြင့် တိုက်ခိုက်ခြင်း ဖြစ်လေ၏။

"ဝုစ် .... ဝုစ် .... "

ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာကာ ပြင်းထန် သော ဓားချက်များသည် ကောင်းစုဖုံးနှင့် မင်းဝန်းရီတို့ထံသို့ တိုးဝင် သွားလေသည်။

ဓားချက်ထိလိုက်သည်နှင့် ကောင်းစုဖုံးတို့ ဒုက္ခရောက်သွား မည်မှာ သေချာနေတော့သည်။ စီရှမ်းက ရယ်မောလိုက်သည်။

"ဆရာကိုး .... ကျုပ် တောင်းပန်ပါတယ်ဗျာ .... ညာညာတာ တာ လုပ်ပါ .... "

ထိုစဉ် ....

"ယား .... "

မင်းဝန်းရီသည် ညာသံပေးရင်း နောက်မဆုတ်သည့်အပြင် ရှေ့ တိုးကာ ရင်ဆိုင်လိုက်သည်။

ဆရာကိုးနှင့် လူချင်းဝင်လုံးကား ဆရာကိုး၏လက်ထဲမှ ဓားကို လုယူလိုက်ခြင်း ဖြစ်သည်။

အံ့သြစရာကောင်းအောင်ပင် မင်းဝန်းရီသည် ရိုပ်ခနဲရောက်လာ ပြီး ဆရာကိုး၏ လက်ထဲမှ ဓားကိုလုယူပြီးသားဖြစ်သွားတော့သည်။

"ဟင် .... "

ဆရာကိုး မျက်လုံးပြူးထွက်သွား၏။

မင်းဝန်းရီက ....

"ခင်ဗျားရဲ့ဓားက ထက်ရဲ့လားဗျ .... "

သူသည် လုယူထားသောဓားကို တစ်ချက်ဝှေ့ယမ်းလိုက်လေ ၏။

"ဝုစ် .... "

ဓားရောင်များ ထွက်ပေါ်လာကာ ဆရာကိုး၏ ရှည်လျားသော မုတ်ဆိတ်များ တိခနဲ ပြတ်ကျသွားတော့သည်။

"ဟာ .... "

ဆရာကိုး အလန့်တကြားဖြင့် နောက်သို့ ခုန်ဆုတ်လိုက်ရသည်။ ခုန်မဆုတ်ပါက သူ့လည်ပင်း ပြတ်သွားမည်လား မဆိုနိုင်ပါ။

"ချွမ်း .... "

မင်းဝန်းရီက ဓားကို မြေပေါ်ပစ်ချလိုက်လေသည်။

သူက ကြောက်လန့်နေသော ဆရာကိုးတို့အား ဂရုမစိုက်တော့ ချေ။ ကောင်းစုဖုံးဘက်လှည့်ကာ မြောလိုက်သည်။

"တို့ သွားကြစို့ .... "

"ကောင်းပြီ .... "

မင်းဝန်းရီ သဘောတူလိုက်သည်။

ထို့နောက် .... သူတို့အား တားဆီးမည့်သူ မရှိတော့ချေ။

တာယင်းလမ်းဆုံမှ လမ်းခွဲထွက်သွားကြသောအခါ ဆရာကိုးနှင့် စီရှမ်းတို့က ကြောက်လန့်တကြား ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့ကြသည်။

"ခွပ်ခွပ် .... ခွပ်ခွပ် .... "

"ခွပ်ခွပ် .... ခွပ်ခွပ် .... "

မင်းဝန်းရီတို့၏ မြင်းခွာသံများသည် တစ်စထက်တစ်စ ဝေးသွားကာ နောက်ဆုံး မကြားရတော့ချေ။

ထိုအခါမှ ဆရာကိုးတို့ သတိဝင်လာကြသည်။

"တော်တော့်**ကို ကြောက်**စရာကောင်းတဲ့ ကောင်လေးတွေပဲ .... "

ဆရာ**ကိုးက ဆက်**ပြင်းချလိုက်သည်။

"ခုတ**ော့ ဘိုင်း**လောကမှာ အစွမ်းအစရှိတဲ့ လူငယ်သိုင်းသမားတွေ **ထွက်ပေါ်**လာတယ်လို့ သတင်းကြားရတာ မှန်နေပြီ .... တို့ရဲ့ လောက**ထဲမှာ** ကြေးစားဖြစ်တဲ့ သွေးမဲ့ဓားဝမ်းတဟိုး ပေါ်ပေါက်လာတယ် .... **ထီယန်မြို့**ပတ်ဝန်းကျင်မှာလည်း မိန်းကလေးတစ်ယောက် ပေါ်လာတယ် .... အခုတစ်ခါ လူငယ်နှစ်ယောက် ထွက်ပေါ်လာပြန်ပြီ .... ဘာပဲဖြစ်ဖြစ် သူတို့အကြောင်း ဂိုဏ်းချုပ်ကြီးဆီကို သတင်းပို့ရမယ် .... "

ဆရာကိုးသည် ထိုစကားကိုသာ နောက်ဆုံးပြောနိုင်လေတော့သည်။

* ◆ *

အခန်း(၃၀)

ချွဲကြားရှိုးဖု

စီးဝူမြို့ .... ။

စီးဝူမြို့သည် ညီကားသိုက်မြိုက်သော **မြို့**ကြီးတစ်**မြို့**ဖြစ်သည်။

စီးဝူ၌ ပန်းထိမ်လုပ်ငန်းများနှင့် စိန်ရွှေရတနာ လက်ဝတ်လက်စား ရောင်း**ချသောဆိုင်များ**လည်း အများအပြား ရှိသည်။

စီးဝူ၏ ရွှေပန်း**ထိမ်**လက်ရာသည် နိုင်ငံနှင့်အဝှမ်း ထင်ရှားကျော်ကြားလျက်ရှိသည်။

ယနေ့ ....

နေခြည်ဖြာကျကာ ရာသီဥတုကြည်လင်သာယာနေသောနေ့တစ်နေ့ဖြစ်ပါသည်။

စီးဝူမြို့က၏ အကျော်ကြားဆုံး အရှေ့လမ်းမကြီးအတွင်းသို့ ချည်ကြမ်းအင်္ကျီဝတ်ဆင်ထားသည့် မိန်းကလေးတစ်ယောက် ဝင်ရောက်လာသည်။

ထိုမိန်းကလေးမှာ သာမန်လူတစ်ဦးမှ မွေးဖွားကြီးပြင်းလာ

သည့်အသွင်ရှိသော်လည်း သူမ၏ရုပ်ဆင်းရုပကာများ ချောမောလှပနေသည်။

အဘိုးတန်ပိုးဖဲကတ္တီပါဝတ်ဆင်ထားခြင်း မရှိ။ အလှပြင်ဆင်ထားခြင်း မရှိပါဘဲ အလိုလိုချောမောလှပနေသူလေးဖြစ်ပါတော့သည်။

ရိုးသားဖြူစင်သော အလှမျိုးဖြစ်သည်။

သူမအား မြင်တွေ့လိုက်ရသူတိုင်း ရင်ထဲ၌ အေးမြသွားမည် ဖြစ်ပါသည်။

မိန်းမချောလေးသည် ပတ်ဝန်းကျင်ကို အကဲခတ်ရင်းနာမည်ကြီး အရှေ့လမ်းမအတွင်းသို့ ဝင်လာပြီး တစ်စုံတစ်ခုအား ရှာဖွေနေပုံမျိုး ဖြစ်လေသည်။

အရှေ့လမ်းမကြီး နာမည်ကြီးရသည့်အကြောင်းမှာ လမ်း၏ဝဲယာတစ်ဘက်၌ ပြည့်ကြပ်နေအောင် နေရာယူထားသော စိန်ရွေရတနာဆိုင်များ၊ ပန်းတိမ်ဖိုများကြောင့် ဖြစ်ပါသည်။

အရှေ့လမ်းမကြီးအတွင်းရှိ ရွှေပန်းထိမ်များမှ ထွက်ပေါ်လာသော လက်ဝတ်ရတနာပစ္စည်းများသည် တိုင်းပြည်နှင့်အဝှမ်းသို့ ပို့နှံရောက်ရှိသွားသည် မဟုတ်ပါလား။

အရှေ့ဘက်လမ်းသို့ ရောက်လာကြသူများသည်လည်း ရတနာကုန်သည်များ ပွဲစားများနှင့် ငွေပိုငွေလို့ရှိ၍ လက်ဝတ်လက်စားဝယ်ယူရမည့်သူများ ဖြစ်နေကြပါတော့သည်။

ယခု ....

ချည်ထည်ရိုးရိုးဝတ်ဆင်ထားသော မိန်းမချောလေးသည် လက်ဝတ်ရတနာဝယ်ယူရန် ရောက်လာခြင်းမျိုး မဟုတ်ပါ။

အရှေ့ဘက်လမ်းမကြီးအတွင်း၌ သွားလာလှုပ်ရှားနေကြသူ

များသည်လည်း သူမ၏အလှအပကို သတိပြုမိကြသော်လည်း သူမသည် လက်ဝတ်ရတနာပစ္စည်းဝယ်ယူမည့်သူ မဟုတ်ဟု နားလည်ကြသဖြင့် သူမ၏အလှကို လျစ်လျူပြုမိကြသည်။ မိန်းမချောလေးကိုယ်တိုင်ကလည်း လက်ဝတ်ရတနာများ ဝယ်ယူဖို့ စိတ်ဝင်စားခြင်း မရှိပါ။

သူမသည် ကြေးပြားတံဆိပ် ပန်းထိမ်ဖိုအား ရှာဖွေနေခြင်း ဖြစ်ပါသည်။

အရှေ့ဘက်လမ်းမကြီး၏ အရှေ့ဖျားမှ အနောက်ဖျားသို့တိုင် အောင် လျှောက်သွားပြီး ဝဲယာတစ်ဘက်တစ်ချက်မှ ရွှေဆိုင်များပန်းထိမ်ဖိုများအား ဂရုပြုကြည့်ခဲ့သော်လည်း သူမ ရှာဖွေနေသည့် ပန်းထိမ်ဖိုအား မတွေ့ရချေ။

"ချိုကျင့်ရွှေဆိုင် .... "

"တိုင်ဝန်း လက်ဝတ်ရတနာ .... "

"ဟိုမီ ငွေထည်ပစ္စည်း .... "

လက်ဝတ်ရတနာဆိုင်များကား တစ်ဆိုင်နှင့်တစ်ဆိုင် အပြိုင် အဆိုင် ရှိနေသည်။

မှန်ဗီရိုများဖြင့် ခင်းကျင်းပြသထားသော ရွှေထည်ပစ္စည်းများကြောင့် တစ်လမ်းလုံး ရွှေရောင်တောက်နေသည်။ မိန်းကလေးသည် လက်အနောက်ဖျားသို့ ရောက်လာသောအခါ စိတ်ပျက်သွားသည့် အသွင် ပေါ်လာလေသည်။

"ငါများ .... မျက်စိရှုမ်းသွားလို့လား .... "

သူမသည် လမ်းအရှေ့ဖျားသို့တိုင် နောက်ထပ်တစ်ခေါက် လျှောက်သွားပြီး ရှာဖွေကြည့်လိုက်သည်။

ရတနာဆိုင်များ ပန်းထိမ်ဖိုများအား သေသေချာချာကြည့်ရှု

ပါသော်လည်း သူမ ရှာဖွေနေသည့်ဆိုင်ကို မတွေ့ရချေ။
မိန်းကလေး စိတ်ပျက်သွားတော့သည်။
"ငါရှာနေတဲ့ဆိုင် မရှိတော့လို့များလား .... "
သူမသည် လက်ဝါးဖြန့်ကာ ငုံကြည့်လိုက်၏။
သူမ၏လက်ဝါးပေါ်၌ ရွှေဆွဲပြားလေးတစ်ခု ရှိနေ၏။
ဆွဲပြားလေး၏ ဝဘက်ထောင့်တစ်နေရာ၌ ....
"ကြေးပြားတံဆိပ်ပန်းထိမ်ဆိုင်။ စီးဂူမြို့ .... "
ဟု အလွန်သေးငယ်သော စာလုံးများဖြင့် ရေးထားသည့် အမှတ်အသား ရှိသည်။ မိန်းကလေး သက်ပြင်းချလိုက်သည်။
"လက်ဝတ်ရတနာပစ္စည်းတွေနဲ့ စီးဂူမြို့ဟာ နာမည်ကြီးနေတာပဲ .... ငါ မမှားနိုင်ပါဘူး .... "
ထိုစဉ် ပွဲစားဖြစ်ဟန်ရှိသူတစ်ယောက်က အနီးသို့ ရောက်ရှိလာလေသည်။
"မိန်းကလေးက ပစ္စည်းတစ်ခုခုများ ရောင်းချင်လို့ပလား"
ဟုလည်း မေးလာလေသည်။
မိန်းမချောလေး၏ ဝတ်စားဆင်ယင်ပုံအရ ရွှေထည်ပစ္စည်း ဝယ်ယူရမည့်သူ မဟုတ်ဘဲ ရောင်းချမည့်သူနှင့် ပို၍နီးစပ်သည်ဟု အကဲခတ်ထားပုံရလေသည်။
ပွဲစားက အသံတိုးတိုးဖြင့် နှစ်ကိုယ်ကြား ပြောသည်။
"နောက်ကြောင်းမရှင်းတဲ့ပစ္စည်းဆိုရင် ဘယ်ဆိုင်ကမှ ဝယ်ကြမှာမဟုတ်ဘူး .... ဒါပေမယ့် ကျွပ်ကတော့ အဆင်ပြေအောင် လုပ်ပေးနိုင်ပါတယ် .... ကျွပ်ကို ပွဲခနည်းနည်းပေးပေါ့ .... ဟုတ်ပြီလား"
မိန်းမချောလေး စိတ်တိုသွားလေသည်။

"ကျွန်မရှာနေတဲ့ဆိုင်ကို မတွေ့ရလို့ စိတ်ညစ်နေရတဲ့ကြားထဲ ရှင်က ဘာတွေ လာပြောနေတာလဲ .... ကျွန်မ ဘာပစ္စည်းမှလည်း မရောင်းဘူး .... ဘာပစ္စည်းမှလည်း မဝယ်ဘူး .... ကျွန်မကို မဟုတ်တာလုပ်လာတယ်ထင်နေရင် ဒါ စော်ကားတာပဲ .... ကျွန်မ သည်းခံမှာ မဟုတ်ဘူးရှင့် .... "
သူမ ခပ်ပြတ်ပြတ် ပြောလိုက်ခြင်းကြောင့် ပွဲစား နောက်ဆုတ်သွားသည်။
ဒါ့အတော် သူသည် မလျှော့ပေ။
"မိန်းကလေးက ဘာကို လာရှာတာလဲ .... "
သူသည် မေးဖြစ်အောင် မေးလိုက်သေး၏။
မိန်းမချောလေးက ထိုလူအား မောင်းမထုတ်ဘဲ ကောင်းကောင်းမွန်မွန် ပြောလိုက်လေသည်။
"ကျွန်မဟာ ကြေးပြားတံဆိပ် ပန်းထိမ်ဖိုကို ထာရှာတာရှင့်"
"ကြေးပြားတံဆိပ် .... "
"ဟုတ်တယ် .... "
"ကျွပ် တစ်ခါမှ မကြားဘူးပါလား .... "
ထိုစဉ် ပွဲစား၏အလယ်ဖြစ်ဟန်တူသူနှစ်ယောက် ရောက်လာလေသည်။
"ပစ္စည်းရောင်းမလို့လား .... ကျွပ်က စေးဝိုပေးပါ့မယ်"
ပွဲစား မကျေမနပ် ဖြစ်သွားလေသည်။
"လာမရှုပ်စမ်းပါနဲ့ကွာ .... သူက ဘာပစ္စည်းမှ ရောင်းမှာမဟုတ်ဘူး .... ပန်းထိမ်ဖိုတစ်ခုကို လာရှာတာကွ .... "
"ဘယ်က ပန်းထိမ်ဖိုလဲ .... "

"ကြေးပြားတံဆိပ် ပန်းထိမ်ဖိုပဲ .... ငါတော့ တစ်ခါမှ မကြားဖူးဘူး .... "

မိန်းမချောလေးက ....

"ဟုတ်ပါတယ်ရှင် .... ကြေးပြားတံဆိပ်ပန်းထိမ်ဖိုပါ .... "

ပွဲစား၏အလယ်လုပ်သူ သိကောင်းသိလေမည်လားဟူသော မျှော်လင့်ချက်ဖြင့် မေးလိုက်ခြင်း ဖြစ်ပါသည်။ ပွဲစားအလယ် မျက်မှောင်ကုတ်သွားလေသည်။

"ကြေးပြားတံဆိပ်ပန်းထိမ်ဆိုင် ဟုတ်လား .... အင်း .... ကြားဘူးသလိုပဲ .... "

"ကြားဖူးရင် ဘယ်မှာ ရှိတယ်ဆိုတာ ပြောပြပါလားရှင် .... ကျွန်မ ကျေးဇူးမမေ့ပါဘူး .... ရှင့်ကို ကျေးဇူးဆပ်ပါ့မယ် .... "

ပွဲစား၏ အလယ်က လက်ဖျောက်တစ်ချက် တီးလိုက်သည်။

"ဟုတ်ပြီ .... ကျုပ် သိပြီ .... လမ်းကြားထဲက ပန်းထိမ်ဖို ဖြစ်လိမ့်မယ် .... သူတို့က လက်ရာကောင်းတယ် .... သူတို့လက်ရာကို လိုက်တုကြမှာစိုးရိမ်တာကြောင့် လျှို့လျှို့ဝှက်ဝှက် လုပ်ကိုင်တတ်ကြတော့ .... ပစ္စည်းများများ မထွက်သလို နာမည်လည်း မထွက်ဘူးလေ .... "

မိန်းမချောလေး ဝမ်းသာသွားသည်။

"ကျွန်မကို လမ်းညွှန်ပေးပါလားရှင် .... "

ဟု တောင်းဆိုလိုက်ရာ ပွဲစား၏အလယ်က ....

"ဘာမှမပူနဲ့ .... ကျုပ် လိုက်ပြမယ် .... ကျုပ်နောက်ကို လိုက်ခဲ့ပါ .... "

"ကောင်းပါပြီရှင် .... "

ပွဲစားသည် သူ၏အလယ်အား လှမ်းပြောရန် ဟန်ပြင်လိုက်သည်။

အလယ်လုပ်သူက ပြုံး၍ မိန်းမချောလေး မမြင်အောင် မျက်လုံးတစ်ဖက် မှိတ်ပြလိုက်ရာ ပွဲစားလည်း အခြေအနေကို သဘောပေါက်သွားကာ ဘာမှ မပြောဘဲနေလိုက်လေတော့သည်။

မိန်းမချောလေးကား ပွဲစား၏အလယ်ခေါ်ဆောင်ရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားလေမိလေ၏။

ပွဲစား၏အလယ်က လမ်းကြားလေးတစ်ခုအတွင်းသို့ မိန်းမချောအား ခေါ်ဆောင်သွားသည်။

လမ်းကြားအတွင်း၌ အိမ်ဟိုဟောင်း အပျက်အစီးများသာတွေ့ရပြီး လူသူနေထိုင်ခြင်း မရှိချေ။

လူသွားလူလာ ပြတ်လှသည်။

"ပန်းပဲဖိုက ဘယ်မှာလဲရှင့် .... "

ပွဲစား၏အလယ်က **ချက်ချင်းပင်** ပြောင်းလဲသွားကာ ဓားခြောင်တစ်လက် ဆွဲထုတ်လိုက်လေသည်။

"မင်း အော်မယ်မကြံနဲ့ .... သေသွားမယ် .... မင်းလက်ထဲက ရွှေဆွဲပြားလေးပေးစမ်း .... "

ဟု ခြိမ်းခြောက်လာတော့သည်။

မိန်းမချောလေးမှာ ကျောချမှ ဓားပြမှန်း သိလိုက်ရသည်တကား ....

"ရှင်က အကောက်ကြံတာကိုး .... "

"စကားမရှည်နဲ့ .... မြန်မြန်ပေး .... "

"ကောင်းပါပြီရှင် .... "

မိန်းမချောလေးက လက်ဆန့်တန်းကာ ရှေ့ပြားလေးအား ယူ
လိုက်သည်။ ပွဲစား၏အလယ် လှမ်းယူလိုက်သည်။

ထိုအချိန်မှာပင် မိန်းမချောလေး၏ ကျန်လက်တစ်ဖက်က ရင်
သို့ ဆန့်တန်းလာပြီး ပွဲစားကိုင်ထားသော ဓားမြှောင်ကို ဆွဲယူသွား
တော့သည်။

"ဟင် .... "

ပွဲစား၏အလယ် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

မိန်းမချောလေးက သူ၏လက်ထဲမှ ဓားမြှောင်ကို အသာ
အယာ ဆွဲယူသွားခြင်း ဖြစ်သည်။

ကြမ်းကြမ်းတမ်းတမ်း လုယူလိုက်ပုံမျိုး မဟုတ်ပါ။

သို့သော် ....

ပွဲစား၏အလယ်သည် ကာကွယ်နိုင်စွမ်း မရှိဘဲ လက်လွတ်ပေး
လိုက်ရလေသည်။

မိန်းမချောလေးက လက်ကောက်ဝတ်ကို တစ်ချက် လှုပ်ရှား
လိုက်သည်နှင့် ဓားမြှောင်ဖြင့် ပွဲစားအလယ်၏ ရင်ဝကို ထောက်ထား
ပြီးသား ဖြစ်သွားတော့သည်။

"အမယ်လေးဗျ .... "

ပွဲစား၏အလယ်က အထိတ်တလန့် အော်လိုက်လေသည်။

မိန်းမချောလေးသိမှ လုယက်ဖို့ ကြိုးစားခဲ့သည်မှာ အောင်မြင်
ခြင်း မရှိသည့်ပြင် ဒုက္ခရောက်ရတော့မည် မဟုတ်ပါလား။

"ကျုပ် .... ကျုပ်ကို ချမ်းသာပေးပါ .... "

ကြောက်ကြောက်လန့်လန့်ဖြင့် တောင်းပန်လိုက်၏။

မိန်းမချောလေးက ဓားမြှောင်ကို ရုပ်သိမ်းလိုက်သည်။

"ကျုပ် .... ကျုပ်ကို ချမ်းသာပေပါ .... ပန်းတိမ်ဖိုတွေ
အကြောင်းသိတဲ့ အဘကျန်းစုံဆီကို လိုက်ပို့ပေးပါမယ်"

မိန်းကလေးက ပြုံးလိုက်သည်။

"ကောင်းပြီ .... သည်တစ်ခါထပ်ပြီး လှည့်စားဖို့ ကြိုးစားဦးမယ်
ဆိုရင်တော့ ကျွန်မ သည်းခံနေတော့မှာ မဟုတ်ဘူး .... "

"စိတ် .... စိတ်ချပါဗျာ .... "

ပွဲစားအလယ်သည် ယခင်က ဤအရှေ့လမ်းမကြီး၏ ပွဲစား
လုပ်ခဲ့ပြီး ယခုတော့ အသက်ကြီးရင့်ပြီဖြစ်၍ အနားယူနေသည့် အဘိုး
အိုကျန်းစုံထံသို့ လိုက်လံပို့ဆောင်ပေးလေတော့သည်။

ကျန်းစုမှာ အသက်ရှစ်ဆယ်ကျော်နေပြီ ဖြစ်ပါသည်။

ခြေတစ်ဖက် မသန်တော့သည်မှလွဲ၍ မျက်လုံးက ကောင်းစွာ
မြင်ပြီး နားလည်း ကြားလေသည်။

"အင်း .... ဒါဟာ ကြေးပြားတံဆိပ် ပန်းထိမ်ဖိုက ထွက်တဲ့
ပစ္စည်း အစစ်အမှန်ပဲ .... "

"အဲသည်ပန်းထိမ်ဖိုက ဘယ်မှာလဲရှင် .... "

"အဘိုးအို ခေါင်းခါယမ်းလိုက်သည်။

"မရှိတော့ဘူး .... ပျက်သွားပြီ .... "

"ရှင် .... "

အဘိုးအို ကျန်းစုံက ....

"သူတို့ဟာ လက်ရာသိပ်ကောင်းတော့ ဟိုဘစ်ချိန်က သူတို့
ခေတ်ဖြစ်ခဲ့တာပေါ့ .... လူတိုင်းက ကြေးပြားတံဆိပ်ပန်းတိမ်ဖိုက
ထွက်တဲ့ ပစ္စည်းမှ လက်ဝတ်ရတနာပစ္စည်းလို့ ထင်ကြတာ .... သူတို့
ဟာ အောင်မြင်မှုကို ဆက်မထိန်းနိုင်ဘဲ ငွေမျက်နှာကိုကြည့်ပြီး နောက်

ဝိုင်း လက်ရာတွေဟာပြီး အလွယ်လုပ်လိုက်တော့ တဖြည်းဖြည်း နာမည်ပျက်သွားတယ် .... နောက်ဆုံး အလုပ်မရှိတော့ဘဲ ပန်းတိမ်ဖိုကို ပါ ပိတ်ပစ်လိုက်ရတဲ့အဆင့် ရောက်သွားခဲ့တာပေါ့ .... "

မိန်းကလေး ငိုင်သွားလေသည်။

"ဒါဆိုရင် လမ်းစပြတ်သွားပြီပေါ့ .... "

သူမသည် တီးတိုးရေရွတ်လိုက်သည်။

သူမ အဘယ်ကြောင့် ထိုသို့ ရေရွတ်လိုက်သည်ကို သူမ ကိုယ် တိုင်သာ သိနိုင်ပေသည်။

လူဆိုသည်မှာ ကိုယ့်အကြောင်းနှင့်ကိုယ် ရှိကြသည် မဟုတ်ပါ လား။

"အဆိုးဆုံးကတော့ သည်ရွှေဆွဲပြားလေးတွေပဲ .... "

မိန်းမချောလေး အံ့သြသွားသည်။

"သည်ရွှေဆွဲပြားလေးတွေဟာ ဘာများဖြစ်လို့လဲရှင် .... "

သူမ ကပျာကယာ မေးလိုက်သည်။

အဘိုးအို ကျွန်းစုံက ....

"ဒါဟာ ကြေးပြားတံဆိပ်ပန်းထိမ်ဖိုက နောက်ဆုံး ထွက်တဲ့ ပစ္စည်းပဲ .... ဆွဲပြားပေါင်း တစ်ထောင်ထုတ်လုပ်ပေမယ့် ရွေးစစ်တာ ကော လက်ရာကြမ်းတာကော ချို့ယွင်းချက်တွေ ရှိနေတာနဲ့ အံ့သြ စရာကောင်းအောင် ဆွဲပြားဆယ်ခုလောက်ပဲ ရောင်းရတယ် .... "

အဘိုးအို ကျွန်းစုံသည် ဆွဲပြားလေးအား ထပ်မံစစ်ဆေးကြည့် ပြီးမှ မိန်းမချောလေးအား မေးလိုက်သည်။

"ဆွဲပြားပေါ်မှ ချွန်းယို့ဝါးလို့ နာမည်ရေးထားတယ် .... မင်းနာ မည်က ချွန်းယို့ဝါးလား .... ဒါမှမဟုတ် တခြားနာမည် ရှိနေသလား"

မိန်းမချောလေး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင် .... "

အဘိုးအိုကျွန်းစုံက ....

"မိန်းကလေးက သည်ဆွဲပြားလေးကိုင်ပြီး ကြေးပြားတံဆိပ် ပန်းတိမ်ဖိုအကြောင်း စုံစမ်းနေတာ ဘာကြောင့်များလဲကွယ် .... "

မိန်းမချောလေး(ဝါ) ချွန်းယို့ဝါး သက်ပြင်းချလိုက်လေသည်။

"သည်ဆွဲပြားလေးဝိုင်ရှင် ဘယ်သူလဲဆိုတာ သိချင်လို့ပါရှင် .... ကျွန်မအတွက် အလွန်အရေးကြီးပါတယ် .... "

"ဟေ .... "

အဘိုးအို ကျွန်းစုံ မျက်လုံးပြူးသွားလေသည်။

ချွန်းယို့ဝါးက ....

"ကျွန်မ ငယ်စဉ်က လူတစ်ယောက်ဟာ သည်ဆွဲပြားနဲ့အတူ ကျွန်မကို ဆရာထံမှာ မေးအပ်ပြီး သေဆုံးသွားခဲ့ပါတယ် .... သည်ဆွဲ ပြားလေးဟာ ကျွန်မနဲ့ ပတ်သက်နေမှာ မှန်ပေမယ့် ဘယ်လိုပတ်သက် နေသလဲ .... သေဆုံးသွားတဲ့လူကကော ဘယ်သူလဲ .... ဒါတွေကို ကျွန်မ သိချင်လို့ လိုက်ပြီး စုံစမ်းနေတာပါရှင် .... "

အဘိုးအို ကျွန်းစုံသည် တအံ့တသြဖြင့် **ချွန်းယို့ဝါး**ကို ကြည့်နေ **၏**။ အတော်ကလေး ကြာမှပြော**၏**။

"ဆွဲပြားပေါ်မှာ ချွန်းယို့ဝါးဆိုလို့ **ရေးထိုး**ထားတယ် .... မင်း နာမည်ကလည်း ချွန်းယို့ဝါးဆိုတော့ .... "

ချွန်းယို့ဝါးက ....

"ဆရာဟာ ဆွဲပြားကလေးနဲ့ ကျွန်မ ပတ်သက်နေမယ်ဆိုတာ ကို ရိပ်မိပါတယ် .... ကျွန်မကို နာမည်မှည့်တဲ့အခါ ဆွဲပြားပေါ်က

နာမည်ကိုပဲ မှည့်ခဲ့တာပါရှင် .... ဆွဲပြားနဲ့ ကျွန်မ တစ်ထပ်တည်း ဖြစ်သွားတာ ပေါ့ .... "

ကျန်းစုံ လက်ကာပြလိုက်သည်။

"ကျွပ် သဘောပေါက်ပြီ .... သည်ဆွဲပြားလေး ဝယ်ယူသွားတဲ့လူကို သိချင်လို့ ကြွေးပြားတံဆိပ်ပန်းထိမ်ဖိုကိုလိုက်ပြီး စုံစမ်းနေတယ် မဟုတ်လား .... "

ချန်းယို့ဝါး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင် .... "

"ဒါဆိုရင် မိန်းကလေး ကံကောင်းတယ်လို့ ပြောရမှာပဲ .... အလွန်အံ့သြစရာကောင်းတဲ့ တိုက်ဆိုင်မှုပေါ့ကွယ် .... "

"ရှင် .... "

ကျန်းစုံ အားရပါးရ ပြုံးလိုက်သည်။

"ကျွပ်ဟာ အသက်ဆယ့်နှစ်နှစ်အရွယ်ကစပြီး အရှေ့လမ်းမကြီးပေါ်မှာ ကျင်လည်ကျက်စားခဲ့တာပါ .... နာမည်ကြီး ကြွေးပြားတံဆိပ်ပန်းထိမ်ဖိုမှာလည်း အလုပ်လုပ်ဘူးတယ် .... ဒါကြောင့် သူတို့ အကြောင်းကို ကျွပ် ကောင်းကောင်း သိနေတာပေါ့ .... "

ချန်းယို့ဝါး အလွန်ဝမ်းသာသွားလေတော့သည်။

"ကျွန်မ ဘယ်လိုကံကောင်းတယ်ဆိုတာကို ပြောပြပါဦးရှင်၊ ကျွန်မ သိပါရစေ .... "

အဘိုးအို ကျန်းစုံက ....

"ပန်းထိမ်ဖိုဝိုင်ရှင်ဟာ နောက်ဆုံးထုတ်တဲ့ ဆွဲပြားလေးတွေကြောင့် နာမည်ပျက်ရပြီဆိုတာကို သိတာနဲ့ .... ဆွဲပြားအားလုံးကို ပြန်သိမ်းဆည်းပြီး အရည်ကျို ဖျက်ဆီးပစ်လိုက်တယ် .... ရောင်းချ

ထားတဲ့ ဆွဲပြားလေးတွေကိုလည်း လိုက်ဝယ်ခဲ့တယ် .... ဝယ်ယူသွားတဲ့ လူတွေကို တောင်းပန်ပြီး ကျွပ် ကြေးနှစ်ဆပေးပြီး ပြန်ဝယ်ခဲ့တာပေါ့ .... "

ချန်းယို့ဝါးက ဆွဲပြားလေးအား စိုက်ကြည့်လိုက်သည်။

သူမ၏ဆွဲပြားလေးသည် ဖျက်ဆီးခြင်း မခံရဘဲ ကျန်ရစ်ခဲ့သော ဆွဲပြားလေးဖြစ်နေသည်။

အဘိုးအိုကျန်းစုံက ....

"ဒါပေမယ့် ဆွဲပြားအားလုံး ပြန်မရခဲ့ဘူး .... ဝယ်ထားတဲ့လူတွေတည်းက သုံးယောက်ဆီကပေါ့ .... "

"ဆွဲပြားခုနစ်ပြားကိုတော့ သူ ပြန်ရခဲ့ပါတယ် .... "

"အဲသည်လူသုံးယောက်က ဘယ်သူတွေလဲဟင် .... "

အဘိုးအိုကျန်းစုံက ....

"တစ်ယောက်ကတော့ သေသွားပါပြီ .... သူဟာ ကြွေးပြားတံဆိပ်ပန်းထိမ်ဖိုနဲ့ ပြိုင်ဘက်ပန်းတိမ်ဖိုတစ်ခုပိုင်ရှင်ပေါ့ .... သူကပဲ ကြွေးပြားပန်းထိမ်ဖိုရဲ့ ဆွဲဟားဟာ လက်ရာကြမ်းပြီး ရွှေရည်မမီတဲ့ အကြောင်း ဖော်ထုတ်ခဲ့တာလေ .... ကြွေးပြားပန်းထိမ်ဖို ပျက်စီးသွားပြီး နောက်သုံးနှစ်အကြာမှာပဲ ကွယ်လွန်သွားခဲ့တာ .... နောက်တစ်ယောက်ကလည်း သည်မြို့ကပဲ .... သူကတော့ ထူးခြားတဲ့ စိတ်ထားရှိတတ်ကြောင်း ဝယ်ထားပြီးသား ပစ္စည်းကို ပြန်မရောင်းဘဲ သိမ်းထားခဲ့တာ .... ခုအချိန်အထိ သူ့လက်ထဲမှာ ရှိပါဦးမယ် .... မြို့တောင်ဘက်က ကျိကျိတက်ချမ်းသာကြွယ်ဝတဲ့ သူဌေးတစ်ယောက်ပေါ့"

ချန်းယို့ဝါးက ....

"နောက်ဆုံး ကျန်နေတဲ့လူကကော .... "

အဘိုးအိုကျန်းစုံက ဆက်လက်ပြောပြလေ၏။

"သိုင်းသမားတစ်ယောက်ဖြစ်လိမ့်မယ် .... လုယန်မြို့က လူ့တယ်လို့ သိရတာပဲ .... "

ချန်းယိုဝါး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

သူမမည်သူ မည်ဝါဖြစ်ကြောင်း သိရခါနီးလာပြီ မဟုတ်ပါလား လုယန်မြို့က သိုင်းသမား။ စုံစမ်းလျှင်တော့ သတင်းအစအန ရနိုင်သည်။ အဘိုးအိုကျန်းစုံက ....

"ပန်းတိမ်ဖိုပိုင်ရှင်က လုယန်မြို့က သိုင်းသမားကြီးကို သွားရှာဖို့ ခက်လှတယ် .... ဒါကြောင့် ရွှေဆွဲပြားသုံးပြားဟာ ဖျက်ဆီးလို့ မရဘဲ ကျန်ရစ်ခဲ့တော့မယ်လို့ မကြာခဏ ညည်းတွားနေတတ်ကြောင်း ကျွပ် ကောင်းကောင်းကြီး မှတ်မိနေတာပါ .... မိန်းကလေး လုယန်မြို့ကိုသွားပြီး စုံစမ်းကြည့်ရင် ကောင်းမယ် .... ဆွဲပြားပေါ်မှာ နာမည်တစ်ခုပါနေတော့ စုံစမ်းလို့ လွယ်ကူမှာပါ .... "

"ကျေးဇူးတင်ပါပဲရှင် .... သိပ် .... သိပ်ကို ကျေးဇူးတင်ပါတယ် .... "

ချန်းယိုဝါး ဦးညွှတ်လိုက်လေသည်။ သူမ ဝမ်းသာနေသည်။

အဘိုးအိုကျန်းစုံကိုလည်း ကျေးဇူးတင်နေမိသည်။

လုယန်မြို့သို့ရောက်လျှင် သူမ ငယ်ဘဝမှန်ကို သိရနိုင်တော့မည် မဟုတ်ပါလား။

ချို့တဲ့နေသော အဘိုးအိုကျန်းစုံအား ထိုက်ထိုက်တန်တန် ငွေကြေး လက်ဆောင်ပေးပြီး နှုတ်ဆက်ကာ ထွက်လာခဲ့လေတော့သည်။

* ◆ *

အခန်း(၃၁)

ကယ်တင်ရှင်

ချန်းယိုဝါးသည် အဘိုးအိုချန်းစုံအား နှုတ်ဆက်ကာ ထွက်လာခဲ့သည်။ သူမ အလွန်တရာ အားရနေ၏။ သူမ ရှာဖွေရန် လမ်းစပေါ်ခဲ့ပြီ မဟုတ်ပါလော။

သွက်သွက်ထွက်လာခဲ့လေတော့သည်။

အရှေ့ဘက်လမ်းမကြီးမှ ထွက်လာခဲ့ရာ လမ်းကြီးနှင့် အတော်ဝေးဝေးသို့ ရောက်လာခဲ့သည်။

ထိုစဉ် ....

"မိန်းကလေး ခဏနေပါဦး .... "

ဟန့်တားသံတစ်သံ ထွက်ပေါ်လာလေ၏။

ချန်းယိုဝါး ခြေလှမ်းရပ်ကာ လှည့်ကြည့်လိုက်၏။

ထိုအခါ ....

အနီရောင်ဝတ်ထားသော လူဝကြီးတစ်ယောက်သည်ဓားကိုယ်စီခါးချိတ်ထားသူ ငါးယောကျ်ား ခြံရံကာ အပြေးလိုက်လာသည်ကို တွေ့.

လိုက်ရသည်။

ချန်းယို့ဝါး မျက်မှောင်ကုတ်သွားသည်။

"ဘာကိစ္စများ ရှိလို့လဲရှင် .... "

လူဝကြီး ရယ်မောလိုက်သည်။

"မိန်းကလေးဟာ ချန်းယို့ဝါး မဟုတ်လား .... "

"ရှင် .... "

တစ်ကြိမ်တစ်ခါမှ မတွေ့ဘူးသူ တစ်ယောက်က သူမ၏အမည်ကို သိနေခြင်းကြောင့် ချန်းယို့ဝါး အံ့သြသွားသည်။

လူဝကြီးက ....

"မိန်းကလေးဟာ ထိယန်မြို့က လာခဲ့တာ မဟုတ်လားကွယ်"

ချန်းယို့ဝါး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင် .... "

"ထိယန်မြို့ကမှာ မိန်းကလေးအတော် နာမည်ထွက်ခဲ့တာပဲ၊ ချီးကျူးပါတယ်ဗျာ .... ချီးကျူးပါတယ် .... "

"နေပါဦး .... ရှင် ဘယ်သူလဲ .... ကျွန်မအကြောင်းကို လေ့လာထားတာ ဘာသဘောလဲရှင် .... လူတစ်ယောက် အေးအေးချမ်းချမ်းနေတာကို နောက်ကလိုက်ပြီး စုံစမ်းတာ ဘာအပြုအမူလဲ"

လူဝကြီးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် .... ကျုပ်က မိန်းကလေးကို စိတ်ဝင်စားနေပြီး မိန်းကလေးအကြောင်းကို စုံစမ်းထားရတာကတော့ အိပ်မက်နတ်သမီးဂေဟာပိုင်ရှင်က တာဝန်ပေးထားလို့ပါ .... "

ချန်းယို့ဝါးက ....

"နေပါဦး .... သူတို့ကကော ကျွန်မကို ဘာကြောင့် စိတ်ဝင်

စားနေရတာလဲရှင် .... "

လူဝကြီးက ပွင့်ပွင့်လင်းလင်း ပြောလိုက်သည်။

"မိန်းကလေးကို အိပ်မက်နတ်သမီးဂေဟာမှာ အလုပ်လုပ်စေချင်လို့ပါ .... "

"ရှင် .... "

"မိန်းကလေးအတွက် သူဌေးမလေးတစ်ယောက်လို ရွှေငွေစည်းစိမ်အပြည့်နဲ့ နေရမှာပါ .... "

"ရှင် .... ရှင် .... "

ချန်းယို့ဝါးမှာ ဘာမျှမပြောနိုင်ဘဲ ပါးစပ်အဟောင်းသား ဖြစ်နေလေ၏။

"မိန်းကလေးတာဝန်ကတော့ မိန်းကလေးရဲ့အလှကို မက်မောတဲ့ လူတွေကို ပြုစုပေးဖို့ .... "

လူဝကြီး စကားဆုံးအောင် မပြောလိုက်ရပါချေ။

ချန်းယို့ဝါးက ရှေ့သို့ လျှပ်တစ်ပြက်တိုးကာ ပါးရိုက်ချလိုက်ခြင်းဖြင့် အဖြေပေးလိုက်လေ၏။

ဖြန်းခနဲ မြည်သံနှင့်အတူ လူဝကြီး တစ်ပတ်လည်ထွက်သွားလေသည်။

သူ၏ပါးပြင် ရဲရဲနီကာ လက်ငါးချောင်းရာ အထင်းသား ပေါ်လွင်လာသည်။

ပါးစပ်ထဲမှ သွေးများကို ထွီခနဲ ထွေးထုတ်လိုက်သောအခါ သွားတစ်ချောင်း ထွက်ကျလာ၏။

လူဝကြီး ဒေါသခြောင်းခြောင်း ထွက်သွားတော့သည်။

"မင်း .... မင်း .... ငါ့ကို စော်ကားတယ် ဟုတ်လား .... "

ချန်းယို့ဝါးက ခါးထောက်ကာ ပြန်လည်အော်ငေါက်လိုက်သည်။

"ရှင်က .... လူမဆန်တဲ့စကား ပြောလိုက်တာကိုး .... ကျွန်မ ရှေ့က မြန်မြန်ထွက်သွားရင် ကောင်းမယ် .... "

လူဝကြီးက ထွက်မသွားသည့်အပြင် သူ၏လူများအား လူဝကြီးက ထွက်မသွားသည့်အပြင် သူ၏လူများအား **အမိန့်**ပေးလိုက်သည်။

"ဘာလုပ်နေကြတာလဲ .... **ဝင်တိုက်ပါ**တော့လား .... "

သူ၏လူများသည် ဓားများဆွဲထုတ်ကာ ....

"သေပေတော့ .... "

"ယား .... "

ညာသံပေးကာ ဝိုင်းရံတိုက်ခိုက်လိုက်ကြသည်။

ချန်းယို့ဝါး မဲ့ပြုံးပြုံးလိုက်သည်။

"အရူးတွေပဲ .... လူလည်း လာစော်ကားသေးတယ် .... သူတို့ကလည်း တိုက်ခိုက်သေးတယ် .... "

သူမ၏လက်တစ်ဖက် ဝှေ့ယမ်းပြီး တိုက်ခိုက်လိုက်၏။

"ဝုန်း .... "

"အား .... "

"အမယ်လေး .... "

"သေပါပြီဗျ .... "

စူးရှသော အောင်ဟစ်သံများ **ထွက်ပေါ်**လာကာ လူဝကြီး၏ လူများ ဖရိုဖရဲ ဖြစ်သွားကြလေတော့သည်။

လူဝကြီး ခံပြင်းသွားသည်။

"မင်းက သိုင်းပညာရှိနေတာကိုး .... ကောင်းပြီ .... ကျုပ်

အကြောင်း ပြရသေးတာပေါ့ .... "

လက်ဝါးနှစ်ဖက် ရှေ့သို့ဆန့်ထုတ်ကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ....

"**လူဝကြီး** .... ရှင်ဘာတွေ ဒေါသဖြစ်နေတာလဲရှင် .... "

ချိုလွင်သော စကားသံထွက်ပေါ်လာလေသည်။

ခရမ်းရောင်ဝတ်ဆင်ကာ အလွန်အကျွံ အလှပြင်ထားသည့် အသက်လေးဆယ်နီးပါးရှိသော အမျိုးသမီးတစ်ယောက် လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုအမျိုးသမီးကိုမြင်လျှင် လူဝကြီး ဝမ်းသာအားရ ဖြစ်သွားလေသည်။

"ဟော .... "ပေလင်း" .... မင်း ရောက်လာတာနဲ့ အတော်ပဲ"

ပေလင်းဆိုသော အမျိုးသမီးက ....

"ရှင် ဘာတွေစိတ်ဆိုးနေတာလဲ .... ဘာကို အတော်ဖြစ်နေတာလဲ .... ပြောစမ်းပါဦး .... "

"သူပေါ့ .... ကျုပ်ကို စော်ကားနေတာ .... "

"ဘာရှင့် .... "

ချန်းယို့ဝါး **မကျေမနပ်**ဖြစ်သွား၏။

"ဘယ်သူက **စော်ကားတာ**လဲ .... ရှင် စကားကြည့်ပြောပါ"

"မင်းက .... "

ပေလင်း ရယ်မောလိုက်လေသည်။

"ရှင် ပါးတစ်ချက်အရိုက်ခံရပြီး သွားတစ်ချောင်းကျိုးသွားတယ် ဟုတ်လား .... "

"တောက် .... သူ့ကို အိပ်မက်နတ်သမီးဂေဟာက လိုချင်နေ
တာ — သူ့ကို သွားပို့လိုက်ရင် လျှံဇွေတစ်သိန်းရမှာ .... "

"ဩော် .... "

ပေလင်းက ချန်းယို့ဝါးဘက်လှည့်ကြည့်လိုက်၏။

ချန်းယို့ဝါး ဒေါသထွက်နေသည်။

"လက်စသတ်တော့ ရှင်က ကျွန်မကို ကြေးစားဂေဟာမှာ
ရောင်းစားချင်တာကိုး .... သည်လောက်တောင်ယုတ်မာလှတာ ရှင့်
ကို ဆုံးမရမှ ကျေနပ်မယ် .... "

ချက်ချင်း ရှေ့တိုးလာပြီး လူဝကြီးအား တိုက်ခိုက်လိုက်လေ
သည်။

သူမသည် ပေလင်း၏ရှေ့မှ ဖြတ်ကာ လူဝကြီးထံသို့ ရိပ်ခနဲ
ရောက်သွားခြင်း ဖြစ်သည်။

သူမ၏လှုပ်ရှားမှုသည် လျှပ်ပြက်သကဲ့သို့ လျင်မြန်နေပါသည်။

"ညီမက .... "

ပေလင်းသည် ချန်းယို့ဝါးအား ဟန့်တားရန် ဟန်ပြင်လိုက်စဉ်
မှာပင် ချန်းယို့ဝါးသည် လူဝကြီး၏ရှေ့သို့ ရောက်ရှိသွားပြီ ဖြစ်လေ
သည်။

"ဖျောင်း .... "

"ခွပ် .... "

"အား .... "

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်။

ချန်းယို့ဝါးက နောက်သို့ ပြန်ဆုတ်သွားသည်။

ပေလင်း ကြည့်လိုက်ရာ လူဝကြီးမှာ ခြေနှစ်ဖက်လက်နှစ်ဖက်

ကျိုးကာ မြေပေါ်ပုံလျက်သား လဲကျနေလေပြီ။

ပေလင်း အံ့သြသွား၏။

ချန်းယို့ဝါး မည်သို့မည်ပုံ တိုက်ခိုက်လိုက်သည်ကိုပင် မမြင်နိုင်
အောင် ဖြစ်ရသည်။

ပေလင်းက ချန်းယို့ဝါးအား ပြုံးပြလိုက်သည်။

"ညီမရဲ့ သိုင်းပညာ အတော်ကောင်းနေပါလား .... ခိုးကျူး
ပါတယ် .... "

ချန်းယို့ဝါးအား ခိုးကျူးစကား ပြောပြီးလျှင် လူဝကြီး၏နောက်
လိုက်များဘက်သို့လှည့်ကာ ငေါက်လိုက်လေသည်။

"ဘာလုပ်နေကြတာလဲ .... မင်းတို့ဆရာကို သမားတော်ဆီ
ကို မြန်မြန်ခေါ်သွားကြပါတော့လား .... "

လူဝကြီး၏နောက်လိုက်များလည်း သတိဝင်လာကာ လူဝကြီး
အား ပွေ့ချီထမ်းပိုးပြီး ခေါ်ဆောင်သွားကြလေတော့သည်။

ပေလင်းက ချန်းယို့ဝါးဘက်သို့ ပြန်လှည့်လိုက်သည်။

"လူဝကြီးဟာ ငွေရရင် ဘာမဆိုလုပ်မယ့် လူစားမျိုးကွဲ"

ချန်းယို့ဝါး၏မျက်နှာ တည်ကြည်လေးနက်နေ၏။

"ရှင်ကကော .... "

ပေလင်းက ....

"ငါက မင်းကို ဒုက္ခမပေးပါဘူး .... "

ချန်းယို့ဝါးက သူမ၏စကားကို မယုံချေ။

ပေလင်းသည် လူဝကြီးနှင့် တရင်းတနှီးရှိနေသည် မဟုတ်ပါ
လား။

ကြေးစားဂေဟာများသည် အမျိုးသမီးသိုင်းသမားဆိုးများအား

အခန်းကြီးဥမေပေး ငှားရမ်းကာ မိန်းကလေးများကို သိမ်းသွင်းစေ
ကြောင်း သူမ သိရှိပြီးလေပြီ။

ပေလင်းက ....

"ငါက ညည်းကို ကူညီမလို့ပါ .... "

"ဘာရှင့် .... "

"ညည်းမှာ သိုင်းပညာရှိနေတယ်ဆိုတော့ သိုင်းလောကမှာ
နာမည်ကြီးနေတဲ့ တစ္ဆေဖြူဂိုဏ်းကို သိမှာပေါ့ .... "

ချန်းယို့ဝါး မျက်မှောင်ကုတ်သွားသည်။

တစ္ဆေဖြူဂိုဏ်းဟူသော အမည်ကြားလျှင် သိုင်းလောကသား
များ ထိတ်လန့်တုန်လှုပ်သွားကြောင်း သူမ သိရှိထားပြီဖြစ်သည်။

"တစ္ဆေဖြူဂိုဏ်းက ဘာဖြစ်လို့လဲ .... "

"ငါ့ညီမနောက်ကို လိုက်နေလို့ပါ .... "

"ရှင် .... "

ပေလင်းက ရှင်းပြလေသည်။

"အိပ်မက်နတ်သမီးဂေဟာဆိုတာ သိုင်းလောကမှာ နာမည်
အကြီးဆုံးပဲ .... ယေရွယ်ပြီး ချောပေလှပေဆိုတဲ့ မိန်းမချောလေးတွေ
စုဝေးနေတဲ့နေရာပဲ .... သူတို့ဟာ စာပေဂီတအနုပညာတတ်ကျွမ်း
ကြတယ် .... သိုင်းပညာလည်း မခေကြဘူး .... ပြီးတော့ ပြုစုယုယမှု
လည်း ကောင်းမွန်ကြတယ် .... ဒါကြောင့် အထက်တန်းလွှာတွေသာ
ဂေဟာကို ဝင်ထွက်နိုင်ကြတယ် .... "

ချန်းယို့ဝါး မျက်နှာနီရဲသွားသည်။

"ဪ ဘာတွေလာပြောနေတာလဲ .... အရှက်မရှိတဲ့ စကားတွေ
ကို ကျွန်မ မကြားချင်ဘူး .... "

သူမ၏အသံ မာသွားသည်။

ပေလင်း လက်ကာပြလိုက်သည်။

"နေပါဦးလေ .... ငါ ရှင်းပြနေတာ ဆုံးအောင်နားထောင်
ပါဦး .... "

ချန်းယို့ဝါးက မျက်မှောင်ကုတ်ကာ ကြည့်နေလိုက်၏။

ပေလင်းက ....

"အိပ်မက်နတ်သမီးဂေဟာကို တကယ်တမ်း ချုပ်ကိုင်ထား
တာ တစ္ဆေဖြူဂိုဏ်းပဲ .... သူတို့ဟာ ညည်းကို အိပ်မက်နတ်သမီး
ဂေဟာအတွက် အလိုရှိနေကြတယ် .... ကဲ .... ညည်းက တစ္ဆေဖြူ
ဂိုဏ်းကို ယှဉ်နိုင်ပါ့မလား .... "

ချန်းယို့ဝါး ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါရှင် .... တစ္ဆေဖြူဂိုဏ်းကို မှတ်လောက်သားလောက်
ဖြစ်အောင် ကျွန်မ ဆုံးမပြပါ့မယ် .... "

"ညည်း .... ညည်း .... "

"လူဝကြီးနဲ့ ပတ်သက်နေတော့ ရှင်ဟာ ဘယ်နည်းနဲ့မှ လူ
ကောင်း မဖြစ်နိုင်ဘူး .... ရှင်ကော တစ္ဆေဖြူဂိုဏ်းနဲ့ ဘယ်လိုပတ်
သက်နေသလဲဆိုတာပြောပါ .... "

ပေလင်းက ဝန်ခံလိုက်သည်။

"အေး .... ငါဟာ တစ္ဆေဖြူဂိုဏ်းဝင်တစ်ယောက်ပဲ .... ညည်း
ကို ဖမ်းဆီးခေါ်ဆောင်သွားနိုင်မယ်ဆိုရင် ငွေတစ်သိန်းရမယ်လေ"

ချန်းယို့ဝါး ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ .... ရှင် ကြိုးစားကြည့်ပါ .... "

"ညည်းကလည်း သတိထားပါ .... "

ပေလင်းကလည်း သတိပေးစကား ပြန်ပြောကာ ရှေ့သို့လှမ်း တစ်ပြက်တိုးကာ ချန်းယို့ဝါးအား တိုက်ခိုက်လိုက်သည်။

သူမ၏လက်ဝါးနှစ်ဖက်ကို ဆန့်ထုတ်လိုက်ရာ လက်ချောင်းကလေး ငါးချောင်းအား စုစည်းထားလိုက်သဖြင့် မြွေဟောက်ခေါင်းနှင့် တူသွား၏။

သူမ၏ခန္ဓာကိုယ် လှုပ်ရှားပုံမှာလည်း မြွေဟောက်တစ်ကောင် ထိမ်းခဲ့နေပုံနှင့် တူနေ၏။

သူမ၏ထူးခြားလှသော သိုင်းကွက်ကြောင့် သိုင်းလောကသားများက မြွေဟောက်မတူသော ဘွဲ့ထူးပေးအပ်ထားကြသည် မဟုတ်ပါလား။

"ဟူး .... ဟူး .... "

ပေလင်း၏ ပြင်းထန်သော တိုက်ကွက်များသည် ချန်းယို့ဝါးထံသို့ ဝင်သွားသည်။

သူမ တစ်ချက်ကလေးမှားလိုက်သည်နှင့် ပေလင်း၏ လက်ချက်မိကာ ဒုက္ခရောက်သွားရမည် ဖြစ်သည်။

သို့သော် ....

ချန်းယို့ဝါး တစ်စက်ကလေးမှ ကြောက်ရွံ့စိတ် မရှိချေ။

ညာသံတစ်ချက်ပေးကာ သူမ၏လက်ဝါးတစ်ဖက်နှင့် ရိုက်ချလိုက်လေ၏။

"ဗျောက် .... "

"အမလေး .... "

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာကာ ပေလင်း ကဗျာကယာ နောက်ဆုတ်သွားရလေတော့သည်။

သူမ မျက်နှာပျက်နေ၏။

သူမ၏လက်တစ်ဖက် သွင်သွင်ကျိုးကာ တွဲလောင်းကျသွားပြီ မဟုတ်လား။

သူမသည် ချန်းယို့ဝါးအား မျက်လုံးပြူးကာ ကြည့်လိုက်၏။

"ညည်း .... ညည်း ရက်စက်လှချည်လား .... "

ချန်းယို့ဝါး ပြုံးလိုက်သည်။

"တချို့ကလူတွေဟာ ကြင်နာသနားဖို့ကောင်းပေမယ့် တချို့လူတွေကျတော့ ရက်စက်မှ ရတယ်လို့ ကျွန်မဆရာက သေသေချာချာ မှာထားတာရှင့် .... ကျွန်မ မရက်စက်ချင်ပါဘူး .... ဒါပေမယ့် လိုအပ်ရင် ရက်စက်ဖို့ ဝန်မလေးပါဘူး .... ကျွန်မဟာ တွေးတောငေးမောနေမယ့် လူတစ်ယောက် မဟုတ်ဘူးဆိုတာ သိထားပါရှင်"

ပေလင်း ခံပြင်းသွားသည်။

"ညည်း ဆရာက ဘယ်သူလဲ ပြောစမ်းပါဦး .... "

ချန်းယို့ဝါ ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မရဲ့ ဆရာနာမည်ဟာ တွေ့တဲ့လူတိုင်းကို ပြောပြဖို့ မဟုတ်ပါဘူးရှင် .... "

"ညည်း .... ညည်း .... "

ပေလင်းသည် ဒေါသတကြီး ဖြစ်နေပြီး မြေပေါ်ခြေဆောင့်ကာ ခုန်အုပ်တိုက်ခိုက်လိုက်ပြန်တော့သည်။

ချန်းယို့ဝါးသည် ပေလင်းအား မည်သို့မျှ သဘောမကျနိုင်တော့ချေ။

ရုတ်တရက် ....

သူမ၏ခန္ဓာကိုယ်သည်လည်း လေထဲမြောက်တက်သွားကာ

ဆန့်ထုတ်လိုက်သော ခြေထောက်တစ်ဖက်အား မေလင်းဆီသို့ တည့်တည့်မတ်မတ်ကြီး ဝင်သွား၏။

"ဝုန်း ...."

"အမလေး ...."

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာကာ မေလင်းမှာ မြေပေါ် ခြေပစ်လက်ပစ် ပြုတ်ကျသွားလေတော့သည်။

ထို့နောက် တုတ်တုတ်မျှ မလှုပ်တော့ဘဲ သတိလစ်မေ့မျောသွားလေတော့၏။

ချန်းယို့ဝါးက မြေပေါ်ငြင်သာစွာ ပြန်ကျလာ၏။

သူမသည် မေလင်းအား တစ်ချက်ကြည့်ပြီး သက်ပြင်းချလိုက်သည်။

"ကျွန်မ ဂုက်စက်တယ်ဆိုပေမယ့် လူတော့ မသတ်ဘူး ... သူများဒုက္ခရောက်အောင်လည်း မလုပ်ချင်ဘူးဆိုတာ မှတ်ထားပါ"

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားလေတော့သည်။

* ◆ *

အခန်း(၃၂)

ဝရိယာယ်

နေဝန်းနီမှာ အနောက်ဘက်တွင် ငုတ်လျှိုးပျောက်ကွယ်သွားတော့မည် ဖြစ်ပါသည်။

အလင်းရောင်အားနည်းသွားကာ အမှောင်ရိပ်များ ကြီးစိုးလာသည်။

"ခွပ်ခွပ် .... ခွပ်ခွပ် .... "

"ခွပ်ခွပ် .... ခွပ်ခွပ် .... "

မြင်းခွာသံများ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်နေပါသည်။

ချန်းယို့ဝါးသည် လှယန်ဖြို့ဆီသို့ ဦးတည်ရိုးနှင့်နေခြင်း ဖြစ်သည်။

အလင်းရောင် ကွယ်ပျောက်သွားတော့မည်ဖြစ်ရကား ....

"ဟိုရွှေ့က တောအုပ်ထဲမှာ ခဏနားပြီး လထွက်အောင်စောင့်ရမယ် .... "

လရောင်ထွက်ပေါ်လာမှ ခရီးဆက်ရန် ဆုံးဖြတ်လိုက်သည်။

မြင်းကို အရှိန်လျှော့ချလိုက်သည်။

မြင်းကြီးမှာ တစ်လှမ်းချင်း သွားနေ၏။ သစ်ပင်ကြီးတစ်ပင် အောက်သို့ ရောက်သောအခါ မြင်းကို ရပ်တန့်လိုက်သည်။

မြင်းပေါ်မှအသာအယာ ဆင်းလိုက်၏။

သစ်ပင်ကြီးအောက်တွင် ထိုင်ချကာ အမောဖြေလိုက်လေသည်။

ဝန်းကျင်တစ်ခုလုံး အေးမြနေသည်။

လူနေအိမ်ခြေကင်းသော သစ်ပင်ချုံနွယ်များက နေရာယူထားလေသည်။

ညဂါဝိုးကောင်မွားကောင်လေးများ အော်မြည်သံများလည်း ထွက်ပေါ်လာလေသည်။

ချန်းယို့ဝါးက သစ်ပင်ကြီးကို ကျောမှီကာ မျက်လုံးမှိတ်ထားလိုက်လေသည်။

သာမန်မိန်းကလေးတစ်ယောက်သည် ဤသို့ ခရီးထွက်ရဲမည် မဟုတ်ချေ။ သူကတော့ ထွက်ရဲသည်။

သူမ ဝမ်းနည်းကြေကွဲနေမိသည်။

မိဘများ မည်သူမည်ဝါဖြစ်မှန်း မသိနိုင်လောက်အောင်ပင် ဘဝဆိုးခဲ့သည် မဟုတ်လား။

ဆရာဖြစ်သူကသာ ကယ်တင်မထားခဲ့ပါလျှင် သူမ၏ဘဝမှာ တွေးဝံ့စရာ မရှိတော့ပေ။

သူမအား သယ်ဆောင်လာသူသည် ဒဏ်ရာပြင်းထန်စွာရထားပြီး သူမအား ဆရာဖြစ်သူထံ အပ်နှံပြီးသည်နှင့် သေဆုံးသွားခဲ့သည်။

ထိုလူသည်ပင် ဘုမငယ်ဖခင် ဖြစ်နေသည်လော။

ချန်းယို့ဝါး တွေးတောစဉ်းစားရင်း ပတ်ဝန်းကျင်ကိုပင် မေ့ရောသွားလေသည်။

ရုတ်တရက် ....

"ဂင် .... "

ညဉ့်ငှက်တစ်ကောင်က စူးစူးဝါးဝါး အော်မြည်ကာ မလှမ်းမကမ်းမှ ဖြတ်ကျော်ပျံသန်းသွားသည်။

ချန်းယို့ဝါး ပြန်လည်သတိဝင်လာသည်။

ထိုင်ရာမှ ဆတ်ခနဲ ထရပ်ကာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်လေသည်။

ချန်းယို့ဝါး ရင်ထိတ်သွား၏။

"ညအချိန်မတော် လူသူကင်းဝေးတဲ့ တောအုပ်ထဲမှာ လူပ်ရှားနေတဲ့လူတွေဟာ ဘယ်နည်းနဲ့မှ လူကောင်းတွေ မဖြစ်နိုင်ဘူး .... "

သူမ သတိထားနေလိုက်သည်။

လူရိပ်များသည် ချက်ချင်း ပြန်လည်ပျောက်ကွယ်သွားလေသည်။

ပြန်လည်ငြိမ်သက်သွားသည်။ လူပ်ရှားမှုများ ပျောက်ကွယ်သွားသည်။

ချန်းယို့ဝါး ဝိုင်း သတိထားနေလိုက်သည်။

ထိုစဉ် ....

"ကယ်တော်မူကြပါရှင် .... "

မိန်းကလေးတစ်ယောက်၏ စူးစူးဝါးဝါး အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

တောအုပ်ထဲမှ စူးရှသော အော်ဟစ်အက္ခညီတောင်းသံ ထွက်ပေါ်လာသည်။

ချန်းယို့ဝါး တွေဝေသွားလေ၏။

"တစ်ယောက်ယောက်တော့ ဒုက္ခရောက်နေပြီ .... "

အော်ဟစ်သံ ထွက်ပေါ်လာရာဆီသို့ ပြေးသွားရန် ဟန်ပြင်လိုက်စဉ်မှာပင် မီးရောင်များ ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ချန်းယို့ဝါး မလွှဲမယွင်က ရပ်နေလိုက်၏။

မကြာပါချေ။

မီးတုတ် ကိုင်ဆောင်ထားသူတစ်စု တောအုပ်ထဲမှ ထွက်လာကြသည်ကို တွေ့ရသည်။

ထိုလူများသည် မိန်းကလေးတစ်ယောက်အား ကြိုးများဖြင့် တုပ်နှောင်ကာ ခေါ်ဆောင်လာကြသည်။

ရှေ့ဆုံမှ ဦးဆောင်လာသူမှာ အစိမ်းရောင်အင်္ကျီရှည် ဝတ်ဆင်ထားပြီး အရက်အိုးတစ်လုံး လက်ထဲဆွဲကိုင်လာ၏။

ထိုလူက အရက်မော့သောက်ရင်း သဘောကျစွာ ရယ်မောနေသေး၏။

"နင် ဘာမှကြောက်လန့်မနေနဲ့ .... နင့်ကို အိပ်မက်နတ်သမီးလေးတစ်ယောက် ဖြစ်လာအောင် ငါက မြှင့်တင်ပေးမလို့ .... နောက်တော့ ငါကိုတောင် ကျေးဇူးတင်လာမှာပါ .... ဟား .... ဟား .... ဟား .... "

ချန်းယို့ဝါးသည် ထိုလူ၏စကားကြားလျှင် ရင်ထိတ်သွား။

"လက်စသတ်တော့ မိန်းကလေးတစ်ယောက်ကို အဓမ္မဖမ်းဆီးခေါ်ဆောင်လာကြတာကိုး .... "

သူမ လက်ပိုက်ကြည့် မနေနိုင်ပါတော့ချေ။

"ရပ်လိုက် .... "

ဟန့်တားရင်း ထိုလူများသွားမည့်လမ်းကို ပိတ်ကာရပ်နေလိုက်လေသည်။

အစိမ်းရောင်ဝတ်ဆင်ထားသူက ပြန်လည်အော်ငေါက်လေ၏။

"ဟေ့ .... ဘယ်သူလဲ .... လမ်းပိတ်ထားတာ .... ငါတို့ဟာ တစ္ဆေဖြူဂိုဏ်းကပဲ .... ဒုက္ခရောက်ချင်ပြီ ထင်တယ် .... "

တစ်ဖန် လက်ဒေ့ယမ်းလိုက်ရာ တစ္ဆေဖြူဂိုဏ်းသားများသည် ချက်ချင်း လူခွဲကာ ပ,စောက်ပုံ ဝိုင်းရံထားလိုက်ကြလေတော့သည်။

ချန်းယို့ဝါး မဲ့ပြုံးပြုံးလိုက်သည်။

"နေရာတကာမှာ တစ္ဆေဖြူဂိုဏ်း သောင်းကျန်းနေတာကိုး၊ ကဲ .... မိန်းကလေးကို ထားပြီးသွားကြပါရှင် .... ဒါမှမဟုတ်ရင် ကျွန်မတို့ကိုခိုက်ရလိမ့်မယ် .... "

အစိမ်းရောင်ဝတ်ဆင်ထားသောလူက တဟားဟား ရယ်မောလိုက်လေသည်။

"မိန်းမလှလေးတစ်ယောက်က တို့ကိုခိုက်မယ်ဆိုပါလား .... ကောင်းပြီလေ .... မင်းက ကျွဲပ်ကို အနိုင်ရရင် ကြိုက်သလို စီရင်နိုင်ပါတယ် .... ဟဲဟဲ .... ကျွဲပ်က အနိုင်ရရင်တော့ .... "

သူစကားဆုံးအောင် မပြောလိုက်ရပါချေ။

"ဟူး .... "

ချန်းယို့ဝါးက အနီးသို့ ရောက်ရှိလာပြီး လက်ထဲမှ အရက်အိုးကို လှုပ်ကာ သူ၏ဦးခေါင်းကို ရိုက်ချခဲလိုက်ရလေသည်။

"ခွမ်း ...."

အရက်နှင့် သွေးများကို လူငယ်တစ်ကိုယ်လုံး ရွဲရွဲစိုသွားလေသည်။

"အမလေးဗျာ ...."

ထိုလူ ငယ်သံပါအောင် အော်လိုက်သည်။

သွေးရူးသွေးတန်း ထွက်ပြေးသွားတော့သည်။

ထိုလူငယ်နောက်လိုက်များ ကြောင်အမ်းအမ်း ဖြစ်သွားကြ၏

ချန်းယို့ဝါးက ....

"မသွားကြသေးဘူးလား ...."

အောက်ငေါက်ရင်း အကျီလက်ကို ဝှေ့ယမ်းလိုက်လျှင် ....

မီးတုတ်များ တစ်ချောင်းပြီး တစ်ချောင်း ငြိမ်းသွားလေတော့သည်။

"ဟင် ...."

"ဟာ ...."

အစိမ်းရောင်ဝတ်ထားသောလူ၏ နောက်လိုက်များ အထိတ်တလန့်ဖြစ်ကာ ဒရောသောပါး ထွက်ပြေးသွားကြလေတော့သည်။

မီးတုတ်များ ငြိမ်းသွားသော်လည်း မှောင်မည်းမသွားပါ။ ကောင်းကင်ပေါ်တွင် လဝန်းထွက်ပေါ်နေပြီ မဟုတ်လား။ လရောင် ထိန်ထိန်သာနေသဖြင့် ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်း ဖြစ်နေပါတော့သည်။

"ကျွန်မကို ကယ်ပါရှင် ...."

မိန်းကလေးက တောင်းပန်နေ၏။

ချန်းယို့ဝါးက ....

"ဘာမှ မပူပါနဲ့လေ .... သူတို့ ထွက်ပြေးသွားကြပါပြီ .... ဒုက္ခပေးနိုင်ကြတော့မှာ မဟုတ်ပါဘူး .... ဒီလူတွေဟာ ကျွန်မကိုလည်း ဒုက္ခပေးဖို့ လုပ်ကြံခဲ့သေးတယ် ...."

"အို .... ကျေးဇူးတင်လိုက်တာရှင် ...."

မိန်းကလေးက လိုက်လိုက်လဲလဲ ပြောလေသည်။

ချန်းယို့ဝါးက အနီးသို့ ချဉ်းကပ်သွားလိုက်ပြီး မိန်းကလေးအား ကြိုးဖြည်ပေးလိုက်လေသည်။

အနီးသို့ရောက်သွားတော့မှ ထိုမိန်းကလေးသည် ငယ်ရွယ်သူ တစ်ယောက် မဟုတ်ဘဲ အသက်လေးဆယ်ခန့်ရှိသူတစ်ယောက် ဖြစ်ကြောင်း သတိပြုမိလိုက်၏။

သူမ၏မျက်နှာပေါ်တွင် ကျောက်ပေါက်မာသဲသဲ ရှိနေပါသည်။

ဖြစ်ခဲ့ဆိုရလျှင် ဤအမျိုးသမီးကြီးသည် ရုပ်ဆိုးလှ၏။

ထိုအမျိုးသမီးအား အိပ်မက်နတ်သမီးဂေဟာသို့ ခေါ်သွားဖို့ ဆိုသည်ကား မည်နည်းနှင့်မျှ မဖြစ်နိုင်ချေ။ သူမသည် ရုပ်ဆိုးသော သက်ကြီးပုတစ်ယောက် ဖြစ်နေသည် မဟုတ်ပါလား။

ဤသို့ဆိုလျှင် ....

ချန်းယို့ဝါး၏ နှာခေါင်းထဲ၌ ထူးခြားသော အမွှေးနံ့တစ်ခုကို ရှူရှိုက်မိလိုက်လေသည်။

"ဗျောက် .... ဗျောက် ...."

အမျိုးသမီး၏ခန္ဓာကိုယ်ပေါ်၌ ချုပ်နှောင်ထားသော ကြိုးများ တစ်ထောက်ထောက် ပြတ်တောက်သွားလေသည်။

အမျိုးသမီးက ခုန်ထလာပြီး ချန်းယို့ဝါး၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ်ကိုင်လိုက်လေသည်။

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ချန်းယို့ဝါး မရှောင်နိုင်တော့ပါချေ။

လက်ကောက်ဝတ်ကို ဖမ်းဆုပ်ခံရသည်နှင့် သွေးကြောပိတ်ခံလိုက်ရတော့သည်။

ထို့အပြင် ....

အမှတ်မထင် ရှူးရှိုက်မိလိုက်သော အမွှေးနံ့ကြောင့် ဦးခေါင်းထဲမှ နောက်ရီဂေသွား၏။

ထိုအချိန်မှာပင် ....

အမျိုးသမီးသည် တဟားဟား ရယ်မောကာ ကြိုးတစ်ချောင်းဖြင့် ချန်းယို့ဝါးအား ရစ်ပတ်လိုက်လေတော့သည်။

ချန်းယို့ဝါး ရှောင်တိမ်းနိုင်ခြင်း မရှိတော့ပါ။

တစ်ကိုယ်လုံး ကြိုးများဖြင့် တုပ်နှောင်ခံရကာ မလှုပ်မယှက် ဖြစ်သွားတော့သည်။

အကောက်ကြံခဲ့သော အမျိုးသမီးက နှစ်ထောင်းအားရ ရယ်မောလိုက်လေသည်။ သူက ကျေနပ်စွာ ပြောလိုက်၏။

"ညည်း ဘာတတ်နိုင်သေးသလဲ .... ညည်းလိုကောင်မမျိုးကို ငါက ဆယ်ယောက်လောက်ဖမ်းနိုင်တယ် .... "

ချန်းယို့ဝါး ဘာမှမတတ်နိုင်တော့ပါ။

တစ္ဆေဖြူဂိုဏ်း၏ အကောက်ကြံခံရကာ ဖမ်းဆီးခံလိုက်ရပေပြီ။

တစ္ဆေဖြူဂိုဏ်း၏ လက်ထဲကျရောက်သွားပါက သူမ၏ဘဝမှာ မတွေးဝံ့စရာပင်။

ထိုစဉ် ....

"အယုတ်တမာမကြိုး .... "

"သူ မတတ်နိုင်ပေမယ့် .... ကျုပ် တတ်နိုင်ပါသေးတယ်ဗျာ"

အေးတိအေးစက် စကားသံထွက်ပေါ်လာ၏။

အမှောင်ရိပ်ထဲမှ လူတစ်ယောက် ထွက်ပေါ်လာသည်ကို တွေ့လိုက်ရလေသည်။

"ဘယ်သူလဲ .... မင်း ဘယ်သူလဲ .... "

ထိုလူက ရှေ့တိုးလာလေ၏။

"ကျုပ်က ဝမ်းတဟိုးပါ .... "

သူက အေးတိအေးစက် ပြောလာသည်။

အမျိုးသမီးကြိုး အုံသြသွား၏။

"ဝမ်းတဟိုး .... သွေးမဲ့ဓား ဝမ်းတဟိုး .... ဟုတ်လား"

"သွေးမဲ့ဓားက ဘယ်နှစ်ယောက်များ ရှိနေလို့လဲဗျာ .... "

ဝမ်းတဟိုးက ခါးမှဓားကိုဆွဲထုတ်ကာ အမျိုးသမီး၏ရင်ဝကို ထိုးသွင်းလိုက်၏။

အမျိုးသမီး ကြောင်အမ်းအမ်း ဖြစ်နေသည်။

ဝမ်းတဟိုး၏ဓားမှာ .... သံတူရွင်းပမာ ခပ်လုံးလုံးရှိနေသည် မဟုတ်ပါလား။

ထို့အပြင်

နှစ်ယောက်သား ခြေသုံးလှမ်းခန့်ကွာဝေးနေခြင်းကြောင့် သူမအားထိအောင် တိုက်ခိုက်နိုင်မည့် အခြေအနေ မရှိချေ။

"ရှင်က ဝင်ရှုပ်ချင်ရ .... "

အမျိုးသမီးစကား ဆုံးအောင်မပြောလိုက်ရပါ။

ဝမ်းတဟိုး၏လျှို့ဝှက်ဓား ထွက်ပေါ်လာပြီး သူမအသည်းနှလုံး

တည့်တည့်သို့ ထိုးစိုက်ဝင်သွားခြင်းကြောင့် ဖြစ်ပါသည်။

အမျိုးသမီး မျက်လုံးပြူးသွား၏။

"ချစ် .... "

ဝမ်းတဟိုးက လျှို့ဝှက်စားကို ပြန်လည်ရုပ်သိမ်းသည်။

ထိုအခါ ....

"ဝုန်း .... "

အမျိုးသမီးကြီးလည်း မြေပေါ်ပုံလျက်သား လဲကျသွားလေတော့သည်။

* ◆ *

သူဌေကိုယ်လေ

မင်းဝန်းရီသည် ပန်းပေါင်းစုံ ဝေဝေဆာဆာ ပွားပွင့်နေသည့် တောင်ကုန်းကလေးအပေါ်ဘက်သို့ မျှော်ကြည့်လိုက်၏။

တောင်ကုန်းလေးပေါ်၌ အိမ်ကလေးတစ်လုံး ရှိနေပြီး မီးခိုးများ ထွက်နေသည်ကို တွေ့ရသည်။

အိမ်ရှင်သည် ညနေစာ ချက်ပြုတ်နေပုံရသည်။

မင်းဝန်းရီက အတန်ကြာအောင် အကဲစောင့်ကြည့်ပြီးမှ မြင်းပေါ်မှဆင်းကာ တောင်ကုန်းလေးပေါ်သို့ တက်လာခဲ့သည်။

လမ်းတစ်လျှောက် မွေးကြိုင်သော ပန်းရနံ့များ လွှမ်းခြုံနေသည်။

မင်းဝန်းရီသည် ကဗျာဆန်လှသော တောင်ကုန်းလေးအပေါ်သို့ အံ့သြစိတ်ဖြင့် တက်လာခဲ့ခြင်း ဖြစ်လေသည်။

"သည်တောင်ကုန်းလေးအပေါ်မှာ သိုင်းဆရာလုရီနေတယ်လို့ ဆရာပြောလိုက်တယ် .... လုရီဟာ အင်မတန်ကြောက်စရာကောင်း

တဲ့ လူတစ်ယောက်လို့ ဆရာရဲ့ ရုန်သူဟောင်းကြီး တစ်ယောက်ဖြစ်လို့ သူ့ကို ဆုံးမဖို့ ငါကို လွှတ်လိုက်တာပဲ .... "

ကြောက်မက်ဖွယ်ကောင်းသူတစ်ယောက်က ပန်းများ ဝေဝေဆာဆာ ပွင့်ဖူးနေသည့် ကဗျာဆန်လှသော တောင်ကုန်းလေးတစ်ခု အပေါ်တွင် နေထိုင်လျက်ရှိသည်မှာ အံ့သြစရာကောင်းနေပါတော့သည်။

မင်းဝန်းရီ တွေးတောရင်း တစ်လှမ်းချင်း တက်သွားရာ တောင်ကုန်းလေးပေါ်သို့ ရောက်မှန်းမသိ ရောက်ရှိသွားလေသည်။

တောင်ကုန်းပေါ်၌ ထင်းရှူးသားများဖြင့် ဆောက်လုပ်ထားသည့် အိမ်ကလေးတစ်လုံး ရှိနေသည်။

မင်းဝန်းရီသည် ထိုအိမ်ကလေးရှေ့တွင် ခြေလှမ်းရပ်က အော်ခေါ်လိုက်လေသည်။

"အိမ်ရှင်တို့ .... အိမ်ရှင်တို့ .... "

သူ၏ခေါ်သံနှင့် မရှေ့မနှောင်းမှာပင် အိမ်ထဲမှ မေးမြန်းသံထွက်ပေါ်လာ၏။

"ဘယ်သူများလဲ .... "

အဘိုးအိုတစ်ယောက်သည် အိမ်ထဲမှ ထွက်လာလေတော့သည်။

ထိုအဘိုးအိုမှာ အသက်ခြောက်ဆယ်ကျော်ပြီ ဖြစ်သည်။ ပါးရည်နှာရည်များ တွန့်ကာ ဆံပင်များ ဖြူဖွေးနေသည့် ဟောင်းနွမ်းနေပြီဖြစ်သော ချည်ကြမ်းအင်္ကျီများ ဝတ်ဆင်ထားသည်။ မင်းဝန်းရီကတက်လူ အဘိုးအိုက ကျလှုပ်ဖြစ်၍ မည်သို့မျှ နှိုင်းယှဉ်မရတော့ပေ။

သဘောမနောကောင်းပြီး အေးအေးချမ်းချမ်း နေထိုင်လိုက်သည့် ပုံရှိလေသည်။

မင်းဝန်းရီသည် အဘိုးအိုအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ပြီးမှ မေးလိုက်သည်။

"ဦးနာမည် လုရီလားဗျာ .... "

အဘိုးအို အံ့သြသွား၏။

"မင်းက ငါ့ကို သိနေတာပဲကိုး .... ငါကတော့ မင်းကို မသိပါလား .... မင်းက ဘယ်သူလဲဆိုတာ ပြောစမ်းပါဦး .... "

မင်းဝန်းရီက ....

"ကျွန်တော်က မင်းဝန်းရီပါ ဦး .... အေးအေးချမ်းချမ်းမနေဘဲ သိုင်းလောကထဲဆင်းပြီး သူများကိစ္စ ဝင်ရှုပ်မှာကို စိုးရိမ်လို့ ဟန့်တားဖို့ ကျွန်တော့်ဆရာက လွှတ်လိုက်တာပါ .... ကျွန်တော့်ဆရာဟာ ပြတ်သားပါတယ်ခင်ဗျာ .... "

အဘိုးအို အံ့သြသွားလေတော့သည်။

"မင်း ဘာတွေပြောနေတာလဲ .... "

"ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင်တော့ ဦးနဲ့ သိုင်းပညာယှဉ်ပြိုင်ဖို့ လာခဲ့တာပါပဲ .... "

"ဘာကွ .... "

မင်းဝန်းရီက သူ၏ဆရာပြောပြခဲ့သည့်စကားများကို ပြန်လည်ပြောပြလိုက်သည်။

"သိုင်းဆရာလုရီဟာ သိုင်းလောကက အနားယူသွားခဲ့တာနှစ်ပေါင်း အတော်ကြာခဲ့ပါပြီ .... ဒါပေမယ့် သိုင်းလောကနဲ့ လုံးဝအဆက်အသွယ် ပြတ်သွားတာ မဟုတ်ဘဲ တပည့်တပန်းတွေနဲ့ ယခုတိုင်အောင် အဆက်အသွယ်ရှိနေသေးတာကြောင့် သိုင်းလောကကို

စိတ်မကုန်သေးတာ ထင်ရှားပါတယ် .... အကြောင်းကိစ္စကြီးငယ် မေ
ပေါက်လာရင် သိုင်းလောကထဲကို ပြန်ဆင်းမလာဘူးလို့ ပြောမရပါဘူး
ဒါကြောင့် ဘယ်တော့မှ သိုင်းလောကထဲ ပြန်ဆင်းမလာနိုင်အောင်
ဆုံးမဖို့ ကျွန်တော့်ကို လွှတ်လိုက်တာပါ .... "

အဘိုးအိုလုရီ မကျေမနပ် ဖြစ်သွားလေသည်။

"လက်စသတ်တော့ ရောက်လာတဲ့ ည့ည်သည်ဟာ ငါ့ကို မေ
ကားမယ့်လူ ဖြစ်နေတာကိုး .... နေပါဦး .... ငါက သိုင်းလောကထဲ
ဆင်းတာ မနှင်းတာ မင်းတို့နဲ့ ဘာဆိုင်သေးလဲ .... မင်းရဲ့ဆရာက
ကော ဘယ်သူလဲဆိုတာ ပြောစမ်းပါဦး .... "

မင်းဝန်းရီက ရင်ကော့လိုက်လေသည်။

"ကျွန်တော့်ဆရာဟာ "ထင်းယန်"ပါဗျာ .... "

"ထင်းယန် .... ဟုတ်လား .... ငါ မသိပါလား .... "

အဘိုးအို လုရီက မင်းဝန်းရီအား အကဲခတ်လိုက်သည်။

"တစ်ယောက်ယောက်ကတော့ မင်းကို ချောက်တွန်းလိုက်ဖို့
ထင်တယ် .... "

မင်းဝန်းရီ လက်ကာပြလိုက်သည်။

"ဒါတွေ အသာထားပါ .... ဘယ်လိုအကြောင်းကိစ္စပဲဖြစ်ပေါ်
လာပါစေ .... သည်နေရာက တဖဝါးမှ မခွာပါဘူး .... သိုင်းလောက
ထဲ မဆင်းပါဘူးလို့ ခင်ဗျား ကတိပေးနိုင်မလား .... "

အဘိုးအိုလုရီက ကျယ်လောင်စွာ ပြောလိုက်လေသည်။

"ငါ သဘောပေါက်ပြီ .... မင်းဟာ သိုင်းလောကကို ဖျက်ဆီး
ဖို့ ကြံစည်နေသူတွေနဲ့ ပတ်သက်နေလိမ့်မယ် .... ဒါကြောင့် ငါ့ဆီကို
ရောက်လာပြီး ကတိတောင်းနေတာ မဟုတ်လားကွ .... "

မင်းဝန်းရီ ဘာမှမပြောဘဲ နေလိုက်သည်။

အဘိုးအိုလုရီမှာ တစ်ချိန်က သိုင်းလောကၭ နေလိုလလို ထင်
ရှားကျော်ကြားခဲ့သူ ဖြစ်သည်။

သိုင်းလောကၭ လုရီ၏တပည့်တပန်းများစွာရှိပြီး မိတ်ဆွေ
သင်္ဃာလည်း ပေါများလှသည်။

လုရီသည် အသက်ရလာသောအခါ ရွှမ်ထွေးပွေလီလှသော
သိုင်းလောကကို ကျောခိုင်းလိုက်တော့သည်။

လူသူကင်းဝေးသည့်နေရာတစ်ခုၭ တစ်ယောက်တည်း အေး
ချမ်းစွာ နေထိုင်ခဲ့သည်။

လုရီအနားယူသွားပြီးသည့်နောက်ပိုင်းမှ တရွှေဖြူဂိုဏ်းသား
သည် သိုင်းလောကၭ ထွက်ပေါ်လာခဲ့ခြင်း ဖြစ်ပါသည်။

တရွှေဖြူဂိုဏ်း၏ ကြောက်မက်ဖွယ်ကောင်းမှုကြောင့် သိုင်း
လောကအရေး စိတ်မအားရသည်ကို မိတ်ဆွေများ တပည့်တပန်းများ
က လုရီထံသို့ သွားရောက်ကာ ပြောပြခဲ့ကြသည်။

တဖြည်းဖြည်း လူပြောသူပြောများလာသောအခါ လုရီလည်း
စိတ်လှုပ်ရှားလာသည်။

သိုင်းလောကသို့ ပြန်ဆင်းကာ တရွှေဖြူဂိုဏ်းအား ဆုံးမမည်
ဟူသော သတင်းများ ဖြစ်ပေါ်လာသည်။

လုရီနှင့် အရင်းနှီးဆုံး မိတ်ဆွေ "ထန့်ရှောင်"သည်လည်း ထို
နည်းနှင့်ပင် .... ။

ထန့်ရှောင်သည်လည်း လုရီနှင့် မရှေးမနှောင်းမှာပင် သိုင်း
လောကမှ အနားယူသွားခဲ့လေသည်။

တရွှေဖြူဂိုဏ်းက သိုင်းလောကၭ ခေါင်းထောင်လာချိန်၌ လုရီ

နှင့် ထန့်ရှောင်တို့ သိုင်းညီအစ်ကိုသည် သိုင်းလောကဌ မရှိကြတော့ပေ။

အနားယူသည်မှာ မကြာသေးရကား တစ္ဆေဖြူဂိုဏ်းအကြောင်း နားမဆန့်အောင် ကြားခဲ့ရသော်လည်း သိုင်းလောကသို့ ပြန်မဆင်းတော့ဟု တင်းခံခဲ့ကြသည်။

ထို့ကြောင့်လည်း တစ္ဆေဖြူဂိုဏ်းသည် သိုင်းညီအစ်ကိုနှင့် ရင်ဆိုင်ရမည့် အခက်အခဲမှ ကံကောင်းထောက်မကာ ရှောင်ရှားနိုင်ခဲ့ခြင်း ဖြစ်သည်။

တဖြည်းဖြည်းနှစ်များ ကြာညောင်းလာပြီး တစ္ဆေဖြူဂိုဏ်းက သိုင်းလောကအားတိုး၍ ဒုက္ခပေးလာသည့်အပြင် မိတ်ဆွေသင်္ဘာများ တပည့်တပန်းများရောက်လာကြသောအခါ ထန့်ရှောင်သည်လည်း လုရိအား သိုင်းလောကဌ ပြန်လည်ခြေချရန် စိတ်လည်စပြုနေပြီ ဖြစ်လေသည်။

"မင်းဟာ တစ္ဆေဖြူဂိုဏ်းက လူတစ်ယောက်ပဲ ဖြစ်ရမယ်" မင်းဝန်းရီ ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျား မှားနေပြီဗျ .... "

လုရိက ....

"ဘာပဲဖြစ်ဖြစ် မင်းရဲ့စကားတွေဟာ ကျူပ်ကို စော်ကားလွန်းတယ် .... ကျူပ်ကို ဒူးထောက်တောင်းပန်မှ ကျူပ် ကျေနပ်နိုင်မယ်" မင်းဝန်းရီက ရယ်မောလိုက်လေသည်။

"ဟား .... ဟား .... ဟား .... ရယ်စရာကောင်းလိုက်တာ၊ ကျူပ်က ခင်ဗျားကို ဆုံးမဖို့လာခဲ့တာ .... ခင်ဗျားကို တောင်းပန်ရဦးမလား .... "

"ဒါဆိုရင်တော့ .... မင်းကို ငါ ဆုံးမရလိမ့်မယ် .... "

မင်းဝန်းရီက ....

"ခင်ဗျားဟာ သိုင်းလောကထဲ ပြန်ဝင်ဖို့ တာစူနေပြီလို့ ဆရာမြောတာ မှန်နေပြီပေါ့ .... "

"မင်း ဆရာဘယ်သူပဲဖြစ်ဖြစ် ငါ ဂရုမစိုက်ဘူး .... မင်းကို ဆုံးမလိုက်ရင် သူနဲ့ ငါ တွေ့ရဦးမှာပဲ .... "

"ခင်ဗျားက ကျူပ်ကို ဆုံးမနိုင်ပါ့မလား .... "

"မင်း စောင့်ကြည့်ပေါ့ .... "

လုရိသည် ချက်ချင်းပင် လက်ဝါးနှစ်ဖက်၌ အတွင်းအားစုကာ တိုက်ခိုက်လိုက်လာသည်။

"ဟူး .... ဟူး .... ဟူး .... "

လေတိုးသံများထွက်ပေါ်လာလေသည်။

ပြင်းထန်သော လေပွေလိုင်းများသည် မင်းဝန်းရီ၏ရင်ဝသို့ တိုးဝင်လာတော့သည်။

"လုရိရဲ့ သိုင်းပညာ အတော်ထက်မြင်တယ် .... သတိထားရလိမ့်မယ် .... ဒါပေမယ့် ဘာမှ ကြောက်စရာ မလိုဘူး .... ငါ သင်ပေးထားတဲ့ သိုင်းပညာကိုသာ ယုံယုံကြည်ကြည်နဲ့ မှန်မှန်ကန်ကန် အသုံးမှုနိုင်အောင် ကြိုးစားပါ .... လုရိကို ကောင်းကောင်းယှဉ်နိုင်ပါလိမ့်မယ် .... "

မင်းဝန်းရီသည် ဆရာဖြစ်သူ၏စကားကို ကြားယောင်လာလေသည်။

အသက်ပြင်းပြင်း ရှူရှိုက်လိုက်သည်။

လက်ဝါးနှစ်ဖက်ကို ပူးကပ်ကာ နေမင်းကန်တော့သိုင်းကွက်

ကို အသုံးပြုကာ လုရိန့် ရင်ဆိုင်လိုက်လေသည်။

သူ၏ပူးကပ်ထားသော လက်ဝါးသည် ရေကိုကုထိုးခွဲသွားသည့် လှေဦးပမာ လုရိ၏ လေပွေလှိုင်းများကို ထိုးခွဲချေဖျက်ပြီးသား ဖြစ်သွားတော့သည်။ လုရီသည် မင်းဝန်းရီသိုင်းကွက်ကိုမြင်လျှင် မျက်မှောင်ကုတ်သွားလေသည်။

"မင်း မဆိုးဘူး .... "

ခိုးကျူးစကားပြောပြီး လက်တစ်ဖက်ကဓား၊ လက်တစ်ဖက် ကလက်သီးပုံသဏ္ဌာန် စက်ဝိုင်းပုံ ငွေယမ်းကာ လုရိ၏လက်ကောက်ဝတ်ကို လက်ဝါးစောင်းဖြင့် ခုတ်ချတိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

လုရီ မျက်နှာပျက်သွားသည်။

ရှေ့ဆက်တိုက်ခိုက်လျှင် သူ၏လက်ကောက်ဝတ် ကျိုးသွားနိုင်သည် မဟုတ်လား။

"သည်ကောင်လေး ဘယ်ဆိုးလို့လဲ .... သတိမထားလို့ မရတော့ဘူး .... "

လက်နှစ်ဖက်ကို ရုပ်သိမ်းပြီး မြေပေါ်ခြေဆောင့်ကာ အပေါ်ခုန်တက်လိုက်သည်။

တစ်ဆက်တည်းပင် ခြေထောက်နှစ်ချောင်းဖြင့် ဆက်တိုက် ကန်ကျောက်ပစ်လိုက်လေသည်။

"ယား .... "

မင်းရီဝန်းကလည်း ညာသံပေးကာ အပေါ်သို့ ခုန်တက်လိုက်သည်။

လေထဲ၌ ခန္ဓာကိုယ်လူးလွန့်ကာ လုရိ၏ခြေထောက်ကန်ချက်များကို ပွက်ကာသီကာရှောင်တိမ်းပေးလိုက်ပြီးလျှင် လုရိ၏ဦးဆစ်

နေရာသို့ ကန်ကျောက်ပစ်လိုလေသည်။

လုရီ မျက်လုံးပြူးသွား၏။

"သည်ကောင်လေးရဲ့ တိုက်ကွက်က ဘယ်လိုလဲ .... "

ကပျာကယာ နောက်ကျမ်းပစ်ကာ ရှောင်တိမ်းပြီး မြေပေါ်ခုန်ဆင်းလိုက်လေသည်။

"ဟူး .... "

မင်းဝန်းရီကလည်း ခုန်ဆင်းလာ၏။

ယခုတစ်ကြိမ် ....

မြေပေါ်ခြေလှမ်းလိုက်သည်နှင့် မင်းဝန်းရီက လက်ဦးမှုယူကာ တိုက်ခိုက်လိုက်သည်။

သူ၏ခြေလက်များသည် လက်သီးလက်ဝါး ကန်ချက်များ အသွင်အမျိုးမျိုးပြောင်းလဲသွားသည်။

ခြေလက်များသာမက လက်နက်ပုန်းလေးများလည်း ထွက်ပေါ်လာသည်။

မင်းဝန်းရီ၏လက်ထဲ ဓားပါးတစ်လက်လည်း ရောက်လာသည်။

သူ၏တိုက်ခိုက်မှုကား သိုင်းကွက်မျိုးစုံကို တခဏတာအချိန်အတွင်းမှာပင် ထုတ်ဖော်ကာ တရစပ်တိုက်ခိုက်လျှင် မည်သို့ရင်ဆိုင်ရမှန်း မသိနိုင်တော့ဘဲ ကပျာကယာနောက်ဆုတ်လိုက်ရသည်။

"ယား .... "

ညာသံပေးရင်း တရကြမ်းလိုက်သွားပြီး အဆက်မပြတ် တိုက်ခိုက်လိုက်သည်။

လုရိက သူ၏လက်သီးလက်ဝါးတိုက်ကွက်များအား မင်းဝန်းရီ

"တိုက်ခိုက်တယ်ဆိုတာ သူအသက် ကိုယ့်အသက်လုကြတာပဲ လေ .... သူနဲ့ငါ တစ်ယောက်ယောက်တော့ ခုလိုအဖြစ်ဆိုးနဲ့ ကြုံရမှာပဲ .... မဆန်းပါဘူး .... "

လုရီ၏အလောင်းကို ကျောခိုင်းလိုက်လေသည်။

သူက ခြေလှမ်းကျဲကျဲဖြင့် တစ်လှမ်းချင်း လှမ်းထွက်သွားစဉ် ဟင်းအိုးတူးခြစ်သော အနံ့များ ၅။ရှိုက်လိုက်ရ၏။ လုရီမှာ သူချက်ပြုတ်နေသော ဟင်းလျာများကို စားသွားနိုင်တော့မည် မဟုတ်ချေတကား။

* ◆ *

၏လက်ထဲမှ ဓားသည် ရုတ်တရက် ရှေ့သို့ပင် လွှင့်လာလေသောအား မရှောင်နိုင်အောင် ဖြစ်သွားရလေတော့၏။

နောက်ဆုတ်လိုက်သည့် လုရီ၏ ကျောပြင်မှာ အိမ်ကလေးနံရံနှင့် ကပ်မိလိုက်သည်။

"ဒုတ် .... "

မင်းဝန်းရီ၏ဓားသည် သူ၏ရင်ဝကို ဖောက်ထွင်းကာ အိမ်နံရံ၌ပင် စိုက်ဝင်သွား၏။

လုရီသည် နံရံကို မီလျှက်တောင့်တောင့်ကြီး ဖြစ်သွား၏။ ယခုထိအဖြစ်ဆိုး ကြုံရမည်ဟု ဘယ်တုန်းကမှ မျှော်လင့်ထားပုံမရချေ။

မင်းဝန်းရီအား မျက်လုံးကြီးပြူး၍ ကြည့်လိုက်သည်။

"မင်း .... "

စကားဆုံးအောင် မပြောနိုင်ဘဲ နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျလာပြီး ဇက်ကျိုးကျသွား၏။

မင်းဝန်းရီ ပင့်သက်ရှိုက်လိုက်လေသည်။

"ငါဟာ သိုင်းလောကကို အခုပဲ ခြေချလာခဲ့တယ် .... ငါ့ရဲ့ လက်ချက်နဲ့ လူတစ်ယောက် သေသွားရပြီ .... "

သူ၏နားထဲ၌ ဆရာဖြစ်သူ၏စကားကို ကြားယောင်လာလေသည်။

"မင်း သတိထားရမှာက ညာတာတဲ့စိတ်ကို မွေပျော်ပစ်ဖို့ပဲ .... မင်းက ပြတ်ပြတ်သားသား ရင်မဆိုင်ဘူးဆိုရင် လုရီလက်ချက်နဲ့ ဒုက္ခရောက်ရလိမ့်မယ် .... သူကတော့ မင်းကို ညာမယ်မထင်နဲ့၊ တစ်ချက်ကလေးမှားသွားတာနဲ့ မင်း သေသွားလိမ့်မယ် .... "

မင်းဝန်းရီ သက်ပြင်းတစ်ချက် ချလိုက်သည်။

အခန်း(၃၄)

ရတ်ခက်ခြင်းနှင့် မတွေ့တရား

ထန်ရှောင်သည် သူ၏ရှေ့သို့ ရောက်လာသည်။ လူငယ်လေးအား မျက်မှောင်ကုတ်ကာ ကြည့်နေ၏။

လူငယ်က မေးလိုက်၏။

"ဦးလေးဟာ ထန်ရှောင် မဟုတ်လားဗျာ .... "

ထန်ရှောင်က ....

"နေပါဦး .... လွန်ခဲ့တဲ့သုံးလေးရက်လောက်ကတည်းက လူငယ်တစ်ယောက်က ငါ့ကို လိုက်ရှာနေတယ်လို့ သတင်းကြားတယ်၊ အဲဒါ မင်းပဲလား .... "

"ဟုတ်ပါတယ်ခင်ဗျား .... ဦးဟာ သည်ရေကန်မှာ လာပြီး ငါးမျှားတတ်တယ်ဆိုတာ သိလို့ရလို့ လာစောင့်နေတာပါ .... "

"မင်းက ဘယ်သူလဲ .... "

"ကောင်းစုဖုံးပါ .... "

မလှမ်းမကမ်း၌ ရောက်ကြိုးတစ်ခု ရှိနေ၏။

မင်းဝန်းရှန့်နှင့် လမ်းခွဲခဲ့သည့် ကောင်းစုဖုံးမှာ သိုင်းညီအစ်ကို

တစ်ယောက်ဖြစ်သည့် ထန်ရှောင်ထံသို့ ရောက်ရှိလာပြီ ဖြစ်ပါသည်။

ထန်ရှောင်က ....

"မင်းက ဘာကြောင့်ငါ့ကို လိုက်ရှာနေရတာလဲ .... ပြောစမ်းပါဦး .... "

ကောင်းစုဖုံးက ....

"ကျွန်တော့်ဆရာက ဦးကို စကားတစ်ခွန်းပြောခိုင်းလိုက်လို့ပါ"

"ဩော် .... မင်း၏ ဆရာက ဘယ်သူလဲ .... ဘာပြောခိုင်းလိုက်တာလဲကွ .... "

ကောင်းစုဖုံးက တည်ကြည်သော မျက်နှာထားဖြင့် ပြော၏။

"ကျွန်တော့်ဆရာဟာ ထင်းယန်လို့ ခေါ်ပါတယ် .... ဦးကို သိုင်းလောကထဲ ဘယ်တော့မှ ပြန်မဆင်းပါနဲ့လို့ ပြောခိုင်းလိုက်တာပါ .... "

"ဘာကွ .... "

ထန်ရှောင် မျက်လုံးပြူးသွားသည်။

"ငါ့ကိုလာပြီး တားမြစ်တာ ဟုတ်လား .... ငါက လုံ၌နဲ့ တိုင်ပင်ပြီးပြီကွ .... သိုင်းလောကထဲဆင်းပြီး သောင်းကျန်းနေတဲ့ တစ္ဆေဖြူဂိုဏ်းကို ဆုံးမဖို့ ဆုံးဖြတ်ထားကြပြီးပြီ .... မင်းက ငါ့ကို လာတားတယ်ဆိုတော့ တစ္ဆေဖြူဂိုဏ်းကပဲ ဖြစ်လိမ့်မယ် .... "

ကောင်းစုဖုံး ရယ်မောလိုက်သည်။

"တစ္ဆေဖြူဂိုဏ်းဟာ ကျွန်တော်နဲ့ ဘယ်လိုမှ မပတ်သက်ပါဘူးဗျာ .... "

"အေး .... မင်နဲ့ မပတ်သက်ဘူးဆိုရင် မင်းကို ခိုင်းလိုက်တဲ့ မင်းရဲ့ဆရာနဲ့ ပတ်သက်နေမှာပေါ့ .... "

"ဗျာ .... "

မမျှော်လင့်ဘဲ ကြားလိုက်ရသောစကားကြောင့် ကောင်းစုံးကြောင်အမ်းအမ်း ဖြစ်သွားသည်။

ထန်ရှောင်က ....

"ငါက မင်းရဲ့ဆရာကို ဂရုမစိုက်ဘဲ သိုင်းလောကထဲ ဆင်းသွားမယ်ဆိုရင်ကော .... "

ကောင်းစုံးက ....

"ကျွန်တော် တားရမှာပါ .... "

ထန်ရှောင် စိတ်ပျက်သွားလေသည်။

"မင်း ပြန်သွားပြီး မင်းရဲ့ဆရာကို ပြောလိုက်ပါ .... ငါ့ကို ဟန်တားချင်ရင် သူကိုယ်တိုင်လာခဲ့တာ ပိုကောင်းလိမ့်မယ် .... "

ကောင်းစုံး ပြုံးလိုက်သည်။

"ဆရာဟာ သူကိုယ်တိုင်လာစရာ မလိုတဲ့အတွက် ကျွန်တော့်ကို လွှတ်လိုက်တာပါ .... "

"ဩော် .... "

ထန်ရှောင် ခံပြင်းသွားလေသည်။

"မင်း ဒုက္ခရောက်ချင်ပြီ ထင်တယ် .... "

ကောင်းစုံးက ....

"သည်အချိန်ဆိုရင် သိုင်းဆရာလုံရဲ့ ဒုက္ခရောက်နေလောက်ပါပြီ .... ဦးပဲ ကျန်ပါတော့တယ် .... "

"မင်း .... မင်း .... "

ထန်ရှောင် ဒေါသထွက်သွားသည်။

"မင်းတို့ တော်တော်ဒုက္ခပေးချင်နေကြတာကိုး .... ကောင်းပြီ

မင်းကို ဆုံးမလိုက်လို့လည်း သိုင်းလောကသားတွေက ကျုပ်ကို အပြစ်ဖြောကြမှာ မဟုတ်ဘူး .... ကဲ .... သတိထားပေတော့ .... "

လုံရီကိုပါ ဒုက္ခပေးရန် စီစဉ်ထားကြောင်း သိရလျှင် ထန်ရှောင် စိတ်တိုသွားကာ စတင်တိုက်ခိုက်လိုက်လေတော့သည်။

"ဟူး .... "

ထိပ်သီးသိုင်းသမားတစ်ယောက်ပီပီ သူ၏ပြင်းထန်သောတိုက်ကွက်က ကောင်းစုံး၏ ရင်ဝသို့ တိုးဝင်သွားလေသည်။

ကောင်းစုံးက အသက်အောင့်ကာ ဝမ်းဗိုက်ကို ရုပ်လိုက်ခြင်းကြောင့် ထန်ရှောင်၏လက်ငါးချောင်းသည် သူ၏ရင်ဝအား ကုတ်ချလိုက်မည့် အန္တရာယ်မှ ပွတ်ကာသီကာ လွတ်မြောက်သွား၏။

"မင်း ဘာပြောတာလဲ .... "

ထန်ရှောင်ပို၍ ဒေါပွကာ တိုက်ခိုက်ရန် ရှေ့တိုးရပ်လိုက်စဉ်မှာပင် ....

"ယား .... "

ကောင်းစုံးသည် ညာသံပေးကာ ခန္ဓာကိုယ် နောက်ပြန်လှန်ချလိုက်လေသည်။

ခန္ဓာကိုယ်အထက်ပိုင်းကို နောက်လှန်ချလိုက်သည်နှင့် ခြေနှစ်ချောင်းက အပေါ်မြောက်တက်လာကာ ထန်ရှောင်အား ကန်ကျောက်ပြီးသား ဖြစ်သွားလေတော့သည်။

သူ၏တိုက်ကွက်က ရိုးရိုးစင်းစင်းကလေးဖြစ်သော်လည်း မထင်မှတ်သည့်အချိန်တွင် ဖြစ်ပျက်သွားရကာ ဝါရင့်သိုင်းသမားကြီး ထန်ရှောင် မရှောင်နိုင်အောင် ဖြစ်သွားလေတော့သည်။

"ဝုန်း .... "

ကျယ်လောင်သော အသံထွက်ပေါ်လာကာ ထန်ရှောင်မှာ အဝေးသို့ လွင့်စင်သွားတော့သည်။

ကောင်းစုဖုံးသည် သိုင်းတစ်ကွက်အသာရလိုက်သည့်တိုင် ကေနဝ်မနေပါချေ။

ချက်ချင်း ထခုန်ကာ ထန်ရှောင်နောက်သို့ တဟုန်ထိုးပြေးလိုက်သွားပြီး ထပ်မံတိုက်ခိုက်လိုက်သည်။

ထန်ရှောင်သည် မမျှော်လင့်ဘဲ တိုက်ရသော်လည်း သတိကောင်းသူပီပီ အရှိန်ကိုထိန်းကာ ချက်ချင်း ခုန်ထလိုက်လေသည်။

ထိုစဉ် ....

"ဟူး ...."

ကောင်းစုဖုံး ရိပ်ခနဲ တိုးဝင်လာသည်။

"သွားစမ်း ...."

အော်ငေါက်ရင်း လက်ဝါးနှစ်ဖက်ဆန့်ထုတ်ကာ ရိုက်ထုတ်ပစ်လိုက်သည်။ အကယ်၍ကောင်းစုဖုံးကသာ အလောတကြီး မဆင်မခြင် တိုးဝင်သွားလျှင် ထန်ရှောင် ဆီးကြိုတုန့်ပြန်လိုက်သော လက်ဝါးရိုက်ချက်ကြောင့် ဒုက္ခရောက်သွားရမည် ဖြစ်ပါသည်။

ကောင်းစုဖုံးက အရှိန်ဖြင့် ပြေးဝင်လိုက်သော်လည်း မဆင်မခြင် တိုးဝင်ပုံမျိုး မဟုတ်ပါ။

သူ၏လက်ထဲ၌ ဓားပါးလေးတစ်လက် ရောက်ရှိနေပြီ ဖြစ်ပါသည်။ ထို့ကြောင့် ....

ထန်ရှောင်၏လက်ဝါးရိုက်ချက် မထိမီ။ သူက လက်ဦးအောင် ဓားဖြင့် ထိုးသွင်းလိုက်နိုင်ခဲ့လေတော့သည်။

"အား ...."

ထန်ရှောင်၏ စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာလေသည်။ ကောင်းစုဖုံးက ချက်ချင်း နောက်ဆုတ်လိုက်၏။ ထပ်မံ တိုက်ခိုက်စရာ မလိုတော့ကြောင်း နားလည်ထားသဖြင့် ဓားကို ဓားအိမ်ထဲသို့ ပြန်လည်သိမ်ဆည်းထားလိုက်ပြီးသား ဖြစ်သွားသည်။

"ဝုန်း ...."

ထန်ရှောင် မြေပေါ်သို့ကျကာ မလှုပ်မယှက် ငြိမ်သက်သွားသည်။ ကောင်းစုဖုံးသည် ထန်ရှောင်ကိုကြည့်ရင်း သူ၏မျက်နှာမှာ အေးတိအေးစက် ဖြစ်သွား၏။

ယခုပင် သိုင်းလောကဌ် ခြေချခဲ့ပြီး ယခုပင်သူ၏လက်ချက်ဖြင့် လူတစ်ယောက်သေဆုံးသွားပြီ ဖြစ်ပါသည်။ သို့သော် ....

ကောင်းစုဖုံး ထိတ်လန့်တုန်လှုပ်မနေပါ။ သိုင်းပညာအသုံးပြုကာ ယှဉ်ပြိုင်တိုက်ခိုက်ကြရာ၌ စိတ်ပျက်တတ်သည့်ကိစ္စများအား သူ၏ဆရာက ထောင့်စေ့အောင် ပြောပြထားပြီး မည်သို့ခံယူကျင့်သုံးရမည် ဆိုသည်ကို သင်ကြားပေးထားသည် မဟုတ်ပါလား။

ကောင်းစုဖုံးသည် သူ၏တာဝန်ကျေပြီဟု ယူဆလိုက်သည်။

ထို့ကြောင့် ....

ထန်ရှောင်၏ အလောင်းကို ကျောခိုင်းလိုက်လေတော့သည်။

* ◆ *

သိုင်းလောကဌ် ထူးထူးခြားခြား အစွမ်းပြခဲ့ကြသည့် လူငယ် သိုင်းသမားများ ထွက်ပေါ်လာခဲ့သည်။

ကောင်းစုံပုံး ....

မင်းဝန်းရီ ....

ဝမ်းတဟိုးနှင့် မိန်းမလှလေး ချန်းယို့ဝါးတို့ဖြစ်ကြ၏။ ထိုလူငယ် သိုင်းသမားများမှာ သိုင်းလောကတစ်ခုလုံး သတိမထားဘဲ မနေနိုင်အောင် ကျော်ကြားလာကြခြင်း ဖြစ်ပါသည်။

သို့သော် ....

ကျော်ကြာခြင်းသည် ဂုဏ်သတင်း မဟုတ်ပါချေ။

ကောင်းသည်ဘက်၌ ကျော်ကြားခြင်း မကောင်းသည့်ဘက်၌ ကျော်ကြားခြင်းဟု ကွဲပြားနေသေးသည် မဟုတ်ပါလား။

မကြာသေးမီကမှ ထွက်ပေါ်လာသော လူငယ်သိုင်သမားများဖြစ်ကြ၍ လူဆိုးလူကောင်းခွဲခြားဖို့ အချိန်စောနေသေးသော်လည်း မကြာမီ သူတို့၏လုပ်ရပ်များကား သက်သေခံမည်သာ ဖြစ်ပါသည်။

သိုင်းလောကအား သတိဖြင့် မျက်ခြည်မပြတ် စောင့်ကြည့်နေကြလေတော့သည်။

* ◆ *

ချန်းယို့ဝါး သတိရလာသောအခါ သန့်ရှင်းသပ်ရပ်သော အခန်းတစ်ခုအတွင်း၌ ရောက်ရှိနေသည်ကို တွေ့ရသည်။

"ဟင် .... "

သူမ ရင်ထိတ်ကာ ခုတင်ပေါ်မှ ကပျာကယာ လူးလိမ့်ထလိုက်လေသည်။

သူမ၏လက်နှစ်ဖက်ကို ရင်ဝဋ် ယှက်ထားလိုက်၏။

အထိတ်တလန့်ဖြင့် ဟိုဟိုသည်သည် ကြည့်မိသည်။

သူမ၏အတွေ့အကြုံအရ တည်းခိုခန်းတစ်ခု၌ ရောက်ရှိနေခြင်းဖြစ်ကြောင်း သတိပြုမိသည်။

"ငါ့ကို တောအုပ်ထဲမှာ တစ္ဆေဖြူဂိုဏ်းသားတွေက ခုက္ခပေးခဲ့ကြတာပဲ .... ဘယ်လိုလုပ်ပြီး သည်နေရာကို ရောက်လာတာလဲ"

သူမသည် မေ့ဆေးမိကာ သတိလစ်လဲကျခဲ့ခြင်းကြောင့် သတိရလာသည်။

တစ္ဆေဖြူဂိုဏ်း၏လက်ထဲ ရောက်ရှိနေခြင်းပေလား။

ချန်းယို့ဝါး ခေါင်းခါယမ်းလိုက်လေသည်။

"မဖြစ်နိုင်ဘူး .... တစ်ယောက်ယောက်က ငါ့ကို ကယ်တင်လာတာပဲ ဖြစ်မယ် .... "

သူမအား မည်သူက ကယ်တင်လခဲ့ပါသနည်း။

ချန်းယို့ဝါးသည် တံခါးပေါက်ဆီသို့ ကပျာကယာ ထသွားလိုက်သည်။

"ကျွီ .... "

တံခါးဆွဲဖွင့်ကာ ဟိုဟိုသည်သည် ကြည့်လိုက်သည်။ ထိုအခါ သူမ တွေးထားသည့် အတိုင်း တည်းခိုခန်းတစ်ခု၌ ရောက်ရှိနေခြင်းဖြစ်ကြောင်း တွေ့ရလေသည်။ သူမ အခန်းအပြင်ဘက်သို့ ထွက်လိုက်လျှင် ဆိုင်လုလင်တစ်ယောက်က သူမထံသို့ လှမ်းလာလေသည်။

"အစ်မလေး နိုးလာရင် ဟိုဘက်က စားပွဲကို လာခဲ့ဖို့ မှာထားပါတယ် .... ကြွပါခင်ဗျာ .... "

မလှမ်းမကမ်းတစ်နေရာ၌ စားပွဲတစ်လုံးသို့ ညွှန်ပြလိုက်သည်။

ဤဆိုင်သည် တည်းခိုခန်းနှင့် စားသောက်ဆိုင် တွဲဖက်ဖွင့်လှစ်ထားသော ဆိုင်တစ်ဆိုင် ဖြစ်ပါသည်။

ချန်းယို့ဝါးသည် အဖြစ်မှန်ကို သိလိုခြင်းကြောင့် ဆိုင်လုလင်နောက်သို့ လိုက်သွား၏။

ပြတင်းပေါက်နှင့်ကပ်လျက်ရှိသော စားပွဲတစ်လုံးသို့ ရောက်သွား၏။

စားပွဲပေါ်၌ စားသောက်ဖွယ်ရာများ အဆင်သင့်ပြင်ဆင်ထားလေသည်။

ချန်းယို့ဝါးမှာ ချက်ချင်းပင် ဆာလောင်လာသည်ဟု ထင်လိုက်ရသည်။

"ဒါ .... ကျွန်မအတွက် ပြင်ဆင်ထားတာလား .... "

ဆိုင်လုလင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် .... အမလေး .... "

"နေပါဦး .... ဘယ်သူက ပြင်ဆင်ခိုင်းထားတာလဲ .... "

"ဟို .... "

ဆိုင်လုလင်က ပြောမည်အပြုတွင် သူတို့ထံသို့ ဦးတည်ကာလူတစ်ယောက် လှမ်းလာနေသည်ကို တွေ့လိုက်ရလေသည်။

ဝမ်းတဟိုး ဖြစ်ပါသည်။

ဆိုင်လုလင်၏မျက်နှာ ပြုံးရွှင်သွားလေသည်။

"ဟော .... သူပဲ .... သူပါပဲဗျာ .... "

ချန်းယို့ဝါးက ဝမ်းတဟိုးအား သတိပြုကြည့်လိုက်၏။

ဝမ်းတဟိုး၏မျက်နှာ ပြုံးရွှင်နေ၏။

ဝမ်းသာပျော်ရွှင်နေသည်ကို မြင်ရုံနှင့် သိနိုင်ပေသည်။

သို့သော် ....

ချန်းယို့ဝါး၏စိတ်ထဲ၌ အလွန်ကြောက်စရာကောင်းပြီး .... အန္တရာယ်များသူတစ်ယောက်ဟု ခံစားလိုက်ရသည်။

"ညီမလေး .... နီးလာပြီကိုး .... ဗိုက်ဆာနေလိမ့်မယ်တဲ့ .... ကဲ .... စားလိုက်ပါဦး .... "

ဝမ်းတဟိုးက တရင်းတနှီး ပြောလာ၏။

ချန်းယို့ဝါးသည် အကြောင်းတစ်ခုခု ရှိရမည်ဟု တွေးကာ .... "ကောင်းပါပြီရှင် .... "

စားပွဲ၌နေရာယူလိုက်ရာ ဝမ်းတဟိုးလည်း မျက်နှာချင်းဆိုင် ထိုင်ချလိုက်၏။

ဆိုင်လုလင်က ထွက်ခွာသွားသည်။ သူ့တာဝန်မှာ ခေတ္တပြီးဆုံးသွားပြီ ဖြစ်ပါ၏။

ဝမ်းတဟိုး လက်ဝှေ့ယမ်းပြလိုက်သည်။

"ကဲ .... ညီမလေး .... အားရပါးရသာ စားပေတော့ .... "

ချန်းယို့ဝါး ဗိုက်ဆာနေသော်လည်း စားသောက်ဖွယ်ရာများအား လက်ဖျားနှင့်ပင် မတို့ပါချေ။

ဝမ်းတဟိုးအား စိုက်ကြည့်လိုက်လေသည်။

"ရှင်က ဘယ်သူလဲ .... "

သူမက မေးလိုက်လေ၏။

ဝမ်းတဟိုး ကြောင်အမ်းအမ်းဖြစ်သွားပြီးမှ ချက်ချင်း ရယ်မောလိုက်သည်။

"ဩော် .... ကျုပ်က ဝမ်းတဟိုး .... "

ချန်းယို့ဝါးက ....

"ရှင်က ကျွန်မနဲ့ ဘယ်လိုပတ်သက်ခဲ့တာလဲ .... "

ဝမ်းတဟိုးက ရှင်းပြလိုက်လေသည်။

"ကျွပ်က ညီမကိုလိုက်ရှာနေတာ .... မမျော်လင့်ဘဲ တော အုပ်တစ်ခုထဲမှာ တွေ့ခဲ့ရတာ .... "

"ကောင်းပြီ .... ကျွန်မကို ဘာကြောင့် လိုက်ရှာနေရတာလဲ ပြောပါရှင် .... "

"စိတ်ချ .... ကျွပ် ပြောပြပါ့မယ် .... "

ဝမ်းတဟိုးသည် အိပ်မက်နတ်သမီးဂေဟာမှ စုလင်းသည် သူ့ သေဆုံးသွားပြီဖြစ်သော ညီမလေးနှင့် ရုပ်ချင်းဆင်သဖြင့် ညီမ တစ်ယောက်အဖြစ် သဘောထားဆက်ဆံခဲ့ရာမှာ မကြာသေးမီက သတင်းတစ်ခုရလိုက်ကြောင်း စုလင်းနှင့်တူသည့် ချန်းယို့ဝါးဆိုသော မိန်းကလေးတစ်ယောက်အား ထိယန်မြို့၌ တွေ့ခဲ့သည့်သတင်းဖြစ် သည်။

အိပ်မက်နတ်သမီးဂေဟာပိုင်ရှင် ရှုမ်းရှမ်းသည် ချန်းယို့ဝါးအား သူမ၏ ဂေဟာအတွက် အလိုရှိနေကြောင်း ကြားထားကြောင်း ထို အကြောင်း စိတ်မချ၍ လိုက်ရှာခဲ့ရာမှ မြွေဟောက်မယ် ပေ့လင်၏ မေ့ဆေးမိကာ သတိလစ်နေသည့် ချန်းယို့ဝါးအား တွေ့ရှိကာ ကယ် တင်ခဲ့ကြောင်း စီကာပတ်ကုံး ရှင်းပြလိုက်လေသည်။ စီကာပတ်ကုံး ဟုဆိုသော်လည်း အပိုမရှိ အတိအကျ ပြောလိုက်ခြင်းသာ ဖြစ်ပါသည်။

ချန်းယို့ဝါး သက်ပြင်းချလိုက်သည်။

"တစ္ဆေဖြူဂိုဏ်းဟာ သိုင်းလောကတစ်ခုလုံးကိုတောင် ခြိမ်း ခြောက်ထားနိုင်တော့ အတော်ကို ကြောက်စရာကောင်းပါတယ် .... ရှင်က ဘာကြောင့် သူတို့နဲ့ ရင်ဆိုင်ချင်ရတာလဲ .... "

ဝမ်းတဟိုးက ....

"သူတို့ကသာ မင်ကို မနှောင့်ယှက်ဘူးဆိုရင် ကျွပ်ကလဲ သူတို့နဲ့ ရင်ဆိုင်စရာအကြောင်း မရှိပါဘူး .... "

"ရှင် .... "

ချန်းယို့ဝါးသည် ဝမ်းတဟိုးက သူမအတွက် တစ္ဆေဖြူဂိုဏ်းကို ပင် ရင်ဆိုင်ခဲ့သည်ဆိုခြင်းကြောင့် အံ့သြသွား၏။

"ရှင်က ဘာကြောင့် ကျွန်မအတွက် အသက်စွန့်ခဲ့ရတာလဲ .... ပြောပါဦးရှင် .... "

ဝမ်းတဟိုး ပြုံးလိုက်သည်။

"မင်းက ကျွပ်ရဲ့ညီမနဲ့ တူနေတာကိုး .... "

"ရှင် .... "

"ဘယ်သူလဲဖြစ်ဖြစ် ကျွပ်ရဲ့ညီမနဲ့ ရုပ်ချင်းတူမယ်ဆိုရင် သူ့ကို ကျွပ်ညီမလို သဘောထားရမှာပဲ .... ကျွပ်ညီမကို ဒုက္ခပေးချင်တဲ့ လူတွေရှိရင်လည်း ဆုံးမသွားရမှာပဲ .... "

ချန်းယို့ဝါးသည် ဝမ်းတဟိုးအား သေသေချာချာ အကဲခတ် ကြည့်လေ၏။

ဝမ်းဟတိုးမှာ ရူးသွပ်နေသည့် ပုံသဏ္ဌာန်မျိုးတော့ မရှိပါ။

သို့သော် ....

ထင်တိုင်လုပ်မည့် တစောက်ကန်းတစ်ယောက် အသွင်မျိုးရှိပြီး ကြောက်စရာကောင်းနေသည်ဟု အကဲခတ်ပါသည်။ သူမ၏အကဲဖြတ် မှာ မှန်ကန်လှပေ၏။

ချန်းယို့ဝါးမှာ ချောမောလှပပြီး ငယ်ရွယ်နုနယ်သူ ဖြစ်သော် လည်းထိပ်တန်းသိုင်းပညာရှိသကဲ့သို့အသိဉာဏ်ကြွယ်ဝသူလည်းဖြစ်သည်။

ဝမ်းတဟိုးက ....

"ကျုပ် အသက်ဆယ်နှစ်အရွယ် .... ကျုပ်ညီမလေးက ရှစ်နှစ်အရွယ်ပေါ့ .... မိုးရေထဲမှာ သုံးလေးရက်လောက် အိပ်လိုက်ရတော့ ညီမလေးအပြင်းဖျားသွားတယ် .... ဆေးကုဖို့ ကြိုးစားပေမယ့် ဘယ်သူကမှ လက်မခံကြဘူး .... မောင်းထုတ်ခဲ့ကြတယ် .... ကျုပ်တို့မောင်နှမနှစ်ယောက် လမ်းကူးတစ်နေရာမှာ တစ်ယောက်ကို တစ်ယောက် ဖက်ပြီး ငိုခဲ့ကြရတယ် .... နောက်ဆုံး ညီမလေးဟာ ကျုပ်ရဲ့ လက်ပေါ်မှာပဲ သေဆုံးသွားခဲ့ရပါတယ် .... "

ချန်းယို့ဝါးသည် ဝမ်းတဟိုး၏အချက်ကို သိလိုက်ရလေပြီ။

"ရှင့်ရဲ့ညီမလေးဟာ အတော်ကို သနားစရာကောင်းပါတယ် ရှင် .... ဒါပေမယ့် ကျန်မ တစ်ခုတော့ ပြောချင်ပါတယ် .... "

ဝမ်းတဟိုး ခေါင်းညိတ်လိုက်သည်။

"ပြောပါ .... "

ချန်းယို့ဝါးက ....

"ရှင့်ညီမလေးနဲ့ ရုပ်ချင်းဆင်တိုင်း ရှင့်ရဲ့ ညီမ မဟုတ်ဘူးဆိုတာပါပဲ .... "

ဝမ်းတဟိုး ရယ်မောလိုက်လေသည်။

"ကျုပ် သိပါတယ်ဗျာ .... ဘာပဲဖြစ်ဖြစ် တဒင်္ဂတော့ ကျုပ်စိတ်ချမ်းသာရတာပါလေ .... ကျုပ်အတွက်က အသက်ရှင်နေလို့လည်း မထူးဘူး .... သေးသွားလို့လည်း မထူးဘူး .... ညီမလေးကို မစောင့်ရှောက်နိုင်ခဲ့သမျှ ညီမလေးနဲ့တူတဲ့လူကို စောင့်ရှောက်နှင့်ရရင်ပဲ ကျုပ် ကျေနပ်နိုင်ပါတယ် .... "

ချန်းယို့ဝါး ပြုံးလိုက်သည်။

"ရှင့်ညီမနဲ့ ပတ်သက်ပြီး ရှင့်မှာ ခံစားချက်တစ်ခုခုတော့ ရှိနေမှာပေါ့နော် .... "

ဝမ်းတဟိုး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ .... ကျုပ်ညီမလေးက ကျုပ်ရဲ့လက်ပေါ်မှာတင် သေဆုံးသွားခဲ့တာ .... အဲသည်အချိန်တုန်းက ကျုပ်ဟာ မျက်ရည်ကျဖို့ကလွဲပြီး တခြား ဘာမှ မတတ်နိုင်ခဲ့ဘူးလေ .... "

ချန်းယို့ဝါးက ....

"ရှင့်ညီမဟာ ဘာကြောင့် သေဆုံးသွားရတာလဲရှင် .... စိတ်မဆိုးပါနဲ့နော် .... ကျန်မ သိချင်လို့ပါ .... "

"အစာငတ်ရေငတ်ပြီး သေသွားတာ .... "

"ရှင် .... "

ဝမ်းတဟိုး မျက်နှာချက်ချင်း အိုမင်းရင့်ရော်သွားသည်ဟု ထင်ရသည်။

"ကျုပ်တို့မောင်နှမနှစ်ယောက်ဟာ လူမှန်းသိတတ်တဲ့ အချိန်မှာ မိဘတွေ မရှိတော့ဘူး .... ကျုပ်တို့ဟာ လမ်းပေါ်ကို ရောက်နေကြပြီလေ .... "

ချန်းယို့ဝါး စိတ်မကောင်းဖြစ်သွားလေသည်။

ဝမ်းတဟိုးက ....

"ကျန်တော်တို့မောင်နှမနှစ်ယောက် ထမင်းမစားရဘဲနေတဲ့ ဆောင်းတွင်းကာလမှာ ချုံစောင်မရှိဘဲ စုတ်ပဲ့နေတဲ့ အင်္ကျီပါးလေးကိုယ်စီနဲ့ အိပ်ခဲ့ရဘူးတယ် .... ကျုပ်က သိပ်ငယ်သေးတော့ ညီမလေးကို ဘယ်လိုမှ မစောင့်ရှောက်နိုင်ဘူး .... "

ချန်းယို့ဝါး ခေါင်းညိတ်လိုက်သည်။

"ရှင့်လိုလူစားမျိုး ကျွန်မ တစ်ခါမှ မတွေ့ဖူးဘူး .... ရှင်ဘာပဲ ဖြစ်ဖြစ် ကျွန်မကို ကူညီခဲ့တဲ့အတွက်တော့ ကျေးဇူးတင်ပါတယ်ရှင်"

ဝမ်းတဟိုး လက်ကာပြလိုက်သည်။

"ကိစ္စမရှိပါဘူး .... ကဲ .... မင်းက ဘယ်သွားချင်သလဲပြော ပါ .... ကျွန်တော် လိုက်ပို့ပေးပါ့မယ် .... "

ချန်းယို့ဝါးက ....

"ကျွန်မမှာ အန္တရာယ်တွေရှိနေတာကြောင့် ရှင်က လိုက်ပြီး ကာကွယ်စောင့်ရှောက်ပေးချင်တာပဲ .... "

ဝမ်းတဟိုး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... ကျွန်တော်မှာ သိုင်းပညာရှိလာပြီးတဲ့နောက်ပိုင်း ကျွန်တော်ညီမလေး မပြောနဲ့ .... သူနဲ့ ရုပ်ချင်းဆင်တဲ့လူကိုတောင် ဘယ်သူ ကမှ ဒုက္ခမပေးစေရဘူး .... ကျွန်တော် ကာကွယ်စောင့်ရှောက်သွားမှာပဲ"

ချန်းယို့ဝါး သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကျွန်မ လက်မခံဘူးဆိုရင်ကော .... "

"မင်း .... "

"ကျွန်မကိုယ်တိုင်လည်း မိဘမဲ့တစ်ယောက်ပါ .... ခုချိန်အထိ ကျွန်မရဲ့ မိဘတွေ ဘယ်သူဘယ်ဝါဆိုတာ မသိရသေးပါဘူး .... ကျွန်မ ရဲ့ ဆရာကျေးဇူးကြောင့် အသက်ရှင် ကြီးပြင်းခဲ့ရတာပါ .... ကျွန်မဟာ သဲလွန်စလေးတစ်ခုကို ဆုပ်ကိုင်ပြီး မိဘတွေအကြောင်း လိုက်စုံစမ်း နေတာပါ .... ဦးတည်ရာမဲ့ သွားလာလှုပ်ရှားနေသလို ဖြစ်နေတာ ကြောင့် ကျွန်မကို ကာကွယ်စောင့်ရှောက်ဖို့ ကြိုးစားမယ်ဆိုရင် ရှင် ကိုယ့်ရှင် နှိပ်စက်သလို ဖြစ်သွားပါလိမ့်မယ် .... ကျွန်မကလည်း ဒုက္ခ မပေးချင်ပါဘူးရှင် .... "

ဝမ်းတဟိုး သက်ပြင်းချလိုက်သည်။

"တစ္ဆေဖြူဂိုဏ်းက မြွေဟောက်မယ်ပေလင်းကို ဆုံးမလိုက် တာကြောင့် မင်းရဲ့ သိုင်းပညာမခေါ်ဆိုတာ ကျွတ် ရိပ်မိပါတယ်၊ ဒါပေမယ့် မင်းမှာ အတွေ့အကြုံ လိုသေးတယ် .... "

ချန်းယို့ဝါးက ....

"ကျွန်မ သင်ခန်းစာရလိုက်ပါပြီ .... နောက်နောင် သတိထား ဆင်ခြင်သွားမှာပါ .... အငိုက်မိတဲ့အဖြစ်မျိုး ဘယ်တော့မှ မရှိစေရ တော့ပါဘူး .... "

ဝမ်းတဟိုး ခေါင်းခါယမ်းလိုက်သည်။

"သိပ်လည်း ခပ်ပေါ့ပေါ့မတွေးပါနဲ့ဦး .... တစ္ဆေဖြူဂိုဏ်းဟာ တကယ်ကြောက်စရာမကောင်းဘဲနဲ့ နာမည်ကြီးမှာ မဟုတ်ဘူး .... သူတို့က မင်းကို လိုချင်တယ်ဆိုရင် ရအောင်ယူကြလိမ့်မယ် .... "

ချန်းယို့ဝါး မျက်နှာတည်သွား၏။

"စိတ်ချ .... ကျွန်မအားလပ်သွားတာနဲ့ တစ္ဆေဖြူဂိုဏ်းကို ဆုံးမ ပို့ စီစဉ်သွားမှာပါ .... "

"မင်းဘာကြောင့် ခေါင်းမာချင်ရတာလဲ .... "

"ရှင်က ကျွန်မကို ကူညီမှာမို့ပေါ့ရှင် .... "

ချန်းယို့ဝါး၏စကားကြောင့် ဝမ်းတဟိုး ကြောင်အမ်းအမ်းဖြစ် သွားလေသည်။

ချန်းယို့ဝါးက ....

"ရှင်က ကျွန်မကို ကူညီမှာပဲ မဟုတ်လား .... တစ္ဆေဖြူဂိုဏ်း ကြောင့် ကျွန်မ ဒုက္ခရောက်ပြီဆိုရင် ရှင့်ကို လှမ်းပြီးအကြောင်းကြား လိုက်မှာပေါ့ရှင် .... "

ဝမ်းတဟိုး သဘောကျသွားသည်။

"ကောင်းတယ် .... ကောင်းတယ် .... မင်းရဲ့သတင်းကို ကျွပ် သိရအောင် မင်းဘယ်သွားမယ် ဘယ်လာမယ်ဆိုတာလည်း ကျွပ်ကို ပြောပြထားရင်ကောင်းမယ် .... ဒါဆိုရင် တစ်စုံတစ်ခု ဖြစ်လာတာနဲ့ မင်းဆီကို အလွယ်တကူ လိုက်လာနိုင်တာပေါ့ .... "

ချန်းယို့ဝါသည် အဘယ်ကြောင့်မှန်းမသိ ကြောက်စရာကောင်း သော ဝမ်းတဟိုးအား ခင်မင်သွားလေသည်။

ဝမ်းတဟိုးသည် ပွင့်ပွင့်လင်းလင်း မဟုတ်ပါလော။

"ခုလောလောဆယ်တော့ ကျွန်မက လုယန်မြို့ကို သွားမှာရှဲ့ နော်တော့ ဘယ်ရောက်မယ်ဆိုတာ မပြောနိုင်သေးဘူး .... "

ဝမ်းတဟိုးက ....

"ကိစ္စမရှိဘူး .... သည်လောက် သိထားရရင် ကျွပ် စုံစမ်းလို့ ရပါတယ် .... သိုင်းလောကထဲမှာ ကျွပ်ရဲ့အဆက်အသွယ်တွေ ရှိပါ တယ် .... "

သူ၏စကားသည် ချန်းယို့ဝါးနောက်သို့ တကောက်ကောက် ကျောကပ်လိုက်နေမည်မဟုတ်ကြောင်း လက်ပြရာရောက်လေသည်။

ချန်းယို့ဝါးက မေးလိုက်သည်။

"ကျွန်မဟာ ရှင့်ကို ဆက်သွယ်ချင်ရင်ကော .... "

ဝမ်းတဟိုက အနည်းငယ်စဉ်းစားလိုက်ပြီးမှ ....

"မြို့ကြီးအတော်များများမှာ အသက်နဲ့ငွေ အလဲအလှယ်လုပ် ပေးတဲ့ပွဲစားတွေ ရှိပါတယ် .... ပွဲစားတစ်ယောက်ယောက်နဲ့ ဆက် သွယ်လိုက်ရင် ကျွပ် ဘယ်မှာရှိတယ်ဆိုတာ သိရပါလိမ့်မယ် .... "

ချန်းယို့ဝါး အံ့သြသွားသော်လည်း ဝမ်းတဟိုး၏ စကားကို

သေသေချာချာ မှတ်သားထားလိုက်သည်။

ဝမ်းတဟိုးက ....

"ညီမလေး .... ဘယ်အချိန်ဖြစ်ဖြစ် သွားလို့ရပါတယ် .... ကျွပ် ကျေးမွေးတာကို စားသွားလိုက်ရင် ပိုကောင်းမယ် .... လမ်းမှာ ဗိုက် မဆာနိုင်တော့ဘူးပေါ့ .... "

"ကျေးဇူးပါပဲရှင် .... "

ချန်းယို့ဝါးသည် ဝမ်းတဟိုးအား အသိအမှတ်ပြုသည့် သဘော ဖြင့် စားသောက်လိုက်လေတော့သည်။

ဝမ်းတဟိုးလည်း ပျော်ရွှင်ကြည်နူးနေ၏။

စားသောက်ပြီးစီးသွားကြလျှင် ချန်းယို့ဝါးက နှုတ်ဆက်ကာ ထွက်သွားလေတော့သည်။

* ◆ *

မင်းဝန်းရီအား မှတ်မိသွားခြင်းကြောင့် ဖြစ်ပါသည်။

မမှတ်မိစရာအကြောင်းလည်း မရှိပါဘူး။

မင်းဝန်းရီ၏လက်သီးကြောင့် သူ၏နှာခေါင်းရိုး ကျိုးသွားခဲ့သည် မဟုတ်ပါလား။

မင်းဝန်းရီ ပြုံးပြလိုက်သည်။

"ကျုပ်ရဲ့ မြင်းကို သေသေချာချာကြည့်ထားမယ်ဆိုရင် မင်းအတွက် ဆုငွေကောင်းကောင်းချမယ်ကွ —"

"ဟုတ် .... ဟုတ်ကဲ့ ...."

ဆိုင်လုလင် ဦးညွှတ်လိုက်လေ၏။

မင်းဝန်းရီက ဆိုင်ထဲဝင်သွားပြီး လမ်းမကြီးပေါ်သို့ လှမ်းမြင်နေရသည့် ပြတင်းပေါက်နှင့်ကပ်လျက်ရှိသော စားပွဲတစ်လုံး၌ နေရာယူကာ စားသောက်ဖွယ်ရာများ မှာကြားလိုက်သည်။

ဆိုင်လုလင်များကလည်း ချက်ချင်းယူလာပေး၏။

မင်းဝန်းရီသည် စားသောက်ရန်ဟန်ပြင်လိုက်ပြီးမှ တစ်စုံတစ်ခု သတိရလာကာ အသင့်ဆောင်ထားသောငွေအပ်ကလေးတစ်ချောင်းထုတ်ကာ စားသောက်စရာများကို စစ်ဆေးကြည့်လိုက်လေသည်။

အံ့ဩစရာကောင်းအောင်ပင် ငွေအပ်ကလေးမှာ ချက်ချင်းမည်းနက်သွားလေတော့သည်။

မင်းဝန်းရီ မကျေမနပ်ဖြစ်သွားသည်။

"လက်စသတ်တော့ ငါ့ကိုအဆိပ်ခပ်ပြီး လုပ်ကြံကြမလို့ကိုး၊ ငါသတိရှိပေလို့ပေါ့ .... နို့မို့ရင် ငါ သေနေပြီ .... သိကြသေးတာပေါ့"

ဆိုင်ရှင်နှင့် ဆိုင်လုလင်များသည် သူ့အား ကောင်းစွာမှတ်မိနေကြောင်း ထင်ရှားနေ၏။

အခန်း(၃၅)

ပါးကိုရွှေ့

တာယင်းလမ်းဆုံ ....

မင်းဝန်းရီသည် တာယင်းလမ်းဆိုသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။

တာယင်းလမ်းဆုံသည် ထုံးစံအတိုင်း စည်ကားသိုက်မြိုက်နေသည်။

မင်းဝန်းရီသည် မြင်းကိုခြေလှမ်းမှန်မှန်ဖြင့် စီးနင်းလာရင်း စားသောက်ဆိုင်လေးတစ်ဆိုင်ရှေ့သို့ ရောက်လျှင်ရပ်လိုက်လေ၏။

ထို စားသောက်ဆိုင်ကား သူတို့၏မြင်းကို နိုးယူဖို့ ကြိုးစားခဲ့ဘူးသော ဆိုင်ပင်ဖြစ်ပါတော့သည်။

"သည်ဆိုင်ကလေးကပဲ ကောင်းစုံးကို စောင့်တော့မယ်"

သူသည် တီးတိုးရေရွတ်လိုက်ပြီး မြင်းပေါ်မှ ဆင်းလိုက်သည်။

ဆိုင်လုလင်တစ်ယောက်က ကြိုဆိုလာပါသည်။

"ကြွပါ .... အစ်ကိုလေး ကြွပါ .... ကျွန်တော်တို့ရဲ့ဆိုင်မှာ"

သူ၏စကား တစ်ဝိုင်းတစ်စဖြင့် ရပ်သွားသည်။

"အရင်တစ်ခါက ဆုံးမခဲ့တာတောင် မမှတ်သေးဘဲကိုး ... သည်တစ်ခါ မှတ်အောင်ဆုံးမပေးရမယ် .... "

သူသည် ဟင်းလျာများ ယူလာပေးသည့် ဆိုင်လုလင်အား လှမ်းခေါ်လိုက်လေသည်။

"ဟေ့ .... လာပါဦး .... "

"ဟုတ်ကဲ့ .... အစ်ကိုလေး .... "

ဆိုင်လုလင် ချက်ချင်းရောက်လာ၏။

မင်းဝန်းရိုက ....

"မင်းတို့ဆိုင်က ဟင်းလျာတွေ ညံ့လှချည်လား .... ဘာမှ လည်း အရသာမရှိပါလား .... မင်း မြည်းကြည့်စမ်းပါဦး .... "

သူက ခပ်အေးအေးပြောလိုက်သောအခါ ဆိုင်လုလင် မျက်နှာ ပျက်သွားတော့သည်။

"ဟို .... ဟို .... "

"ဟင်းတစ်ဘက်လောက် မြည်းလိုက်စမ်းပါ .... "

ဆိုင်လုလင်က တောင်းပန်လေသည်။

"အရသာမပြည့်စုံဘူးဆိုရင် ဟင်းလျာတွေကို ပြန်ပြီးပြင်ပေး ပါ့မယ် .... မီးဖိုချောင်ထဲကို ပြန်ယူသွားပါ့မယ် .... အကောင်းဆုံးဖြစ် အောင် လုပ်လာပေးပါ့မယ်ဗျာ .... "

မင်းဝန်းရိုက လက်မခံပါ .... ။

"မလိုချင်ဘူး .... မင်း မြည်းကြည့်ရမယ် .... "

"ဟာ .... မလုပ်ပါနဲ့ဗျာ .... "

"ကောင်းပြီ .... မင်း မမြည်းရဲဘူးဆိုရင် ဆိုင်ရှင်ကို ခေါ်လိုက်၊ သူ့ကို မြည်းခိုင်းမယ် .... "

"ဟုတ် .... ဟုတ်ကဲ့ .... "

ဆိုင်လုလင်သည် သူ လွတ်လျှောင်ပြီးရောဆိုသည့် သဘောဖြင့် ပြေးထွက်သွားပြီး ဆိုင်ရှင်ကို ခေါ်လာသည်။

ဆိုင်ရှင်က မျက်နှာထားတင်းတင်းဖြင့် လိုက်လာ၏။

"ဘာဖြစ်နေတာလဲဟေ့ .... "

မင်းဝန်းရိုက ....

"ခင်ဗျားဆိုင်က ဟင်းတွေ ဘယ်လောက်ညံ့ဖျင်းတယ်ဆိုတာ သိရအောင် ခင်ဗျားကို မြည်းခိုင်းမလို့ .... "

"ဘာ .... "

"ဟင်းတစ်ဖက်လောက် မြည်းလိုက်စမ်းပါ .... "

မင်းဝန်းရိ တိုက်တွန်းလိုက်သောအခါ ဆိုင်ရှင်မျက်နှာပျက်သွား လေတော့သည်။

"မင်း .... "

မင်းဝန်းရိ မဲ့ပြုံးပြုံးလိုက်သည်။

"ကိုယ့်ဆိုင်က စားသောက်စရာကိုတောင် ခင်ဗျား မမြည်းရဲ တော့ဘူးလား .... "

ဆိုင်ရှင် ဒေါသထွက်နေသည်။

"ဒါ တမင်သက်သက် ငါ့ကို စော်ကားတာပဲ .... ငါဆိုင်ထဲက မင်း ထွက်သွားရင်ကောင်းမယ် .... ဟေ့လာကြစမ်း .... "

သူ အော်လိုက်သောအခါ လူသန်ကြီးလေးယောက် ချက်ချင်း ပြေးထွက်လာကြလေသည်။

သို့သော် ....

မင်းဝန်းရိကို မြင်သောအခါ ထိတ်လန့်ကာ ချက်ချင်းနောက်သို့

ပြန်ဆုတ်သွားတော့၏။

မင်းဝန်းရီ ရယ်မောလိုက်လေ၏။

"ဟား .... ဟား .... ဟား .... ခင်ဗျားဆိုင်ကစားစရာတွေ အတွက် ခင်ဗျား တာဝန်ယူရလိမ့်မယ် .... "

ဆိုင်ရှင်လည်း နောက်ဆုတ်လိုက်သည်။

"မင်း .... မင်း .... "

ထိုစဉ် ....

"ဘာဖြစ်နေတာလဲဟေ့ .... "

ကျယ်လောင်သော စကားသံနှင့်အတူ အသက်လေးဆယ်ခန့် ရှိသူတစ်ယောက် ဆိုင်ထဲလှမ်းဝင်လာသည်ကို တွေ့လိုက်ရ၏။ ထိုလူကိုမြင်လျှင် ဆိုင်ရှင် ဝမ်းသာအားရ ဖြစ်သွားတော့သည်။

"အစ်ကိုကြီးပုကျင်း ရောက်လာတာနဲ့ အတော်ပဲ .... ကောင်လေးတစ်ယောက်က ကျုပ်ဆိုင်ကို ဒုက္ခပေးဖို့ ကြိုးစားနေတယ်ဗျ ... အစ်ကိုကြီး ကြည့်လုပ်ပါဦး ခင်ဗျာ .... "

ပုကျင်းဆိုသူက ....

"တော်တော်ဆိုးပါလား .... ဘယ်သူများလဲ ပြောပါဦး"

"ဟိုမှာ .... "

ဆိုင်ရှင်က မင်းဝန်းရီအား ညွှန်ပြလိုက်လေသည်။

မင်းဝန်းရီ ရယ်မောလိုက်လေသည်။

"ကျုပ်ပါဗျာ .... ခင်ဗျားကော အဆိပ်ခပ်ထားတဲ့ အစားအစာတွေကို ကျွေးရင်စားမလား .... "

"ဘာကွ .... "

"ကျုပ်ကို အဆိပ်ခပ်ထားတဲ့ အစားအစာတွေကို ကျွေးတော့"

ထိုလူက လက်ကာပြလိုက်လေသည်။

"မင်းက မကျေနပ်ဘူးဆိုရင် သည်ဆိုင်ထဲမှာပြောနေတာ .... နောင့်ယှက်တာနဲ့ အတူတူပဲ .... ဆိုင်အပြင်ဘက် ထွက်လာခဲ့ပါလား။ အေးအေးဆေးဆေး ပြောကြတာပေါ့ .... "

"ဩော် .... သည်လိုလား .... "

"မင်းဟာ လူတော်လူကောင်းလေးဖြစ်မှာပါ .... အပြင်မထွက်ရဲစရာအကြောင်း မရှိပါဘူး .... "

"သိပ်မှန်တာပေါ့ဗျာ"

ထိုလူက မိမိအား စိန်ခေါ်နေမှန်း သိလိုက်လေ၏။

မင်းဝန်းရီမှာ စိတ်အလိုလိုက်တတ်သူပီပီ စိန်ခေါ်မှုကို လက်ခံလိုက်လေ၏။

"ခင်ဗျားက စိန်ခေါ်တယ်လား .... စိန်ခေါ်တိမ်ပေါ်အထိ လိုက်တက်တဲ့လူဟာ ကျုပ်ပဲဗျ .... "

သူသည် တစ်ချက်မာန်သွင်းလိုက်၏။

"ဟိတ် .... "

ကြမ်းပြင်ပေါ် ခြေဆောင့်ကာ ညာသံတစ်ချက်ပေးလိုက်သည်နှင့် သူ၏ခန္ဓာကိုယ်သည် မြားတစ်စင်းပမာ ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ရောက်ရှိသွားလေတော့သည်။

ဆိုင်ရှင်နှင့် ဆိုင်လုလင်များသည် အသက်လေးဆယ်ခန့်ရှိသူအား ခြံရံကာ ဆိုင်အပြင်ဘက် ထွက်လာခဲ့ကြသည်။

ထိုလူအား ဆိုင်ရှင်က လေးလေးစားစား ရှိနေသည်။

ထိုလူသည် ခေသူတစ်ယောက် မဖြစ်နိုင်တော့ပါ။

ဆိုင်အပြင်ဘက်ရောက်လာသောအခါ လူက မင်းဝန်းရီနှင့်ရင်

ဆိုင်လိုက်လေ၏။

ဆိုင်ရှင်သည် ယခင်တစ်ကြိမ်ကလည်း မင်းဝန်းရီ၏လက်ချက်ခံခဲ့ရကြောင်း ပြောပြထားပုံရသည်။

ထိုလူက မင်းဝန်းရီအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

"မင်း ဘယ်သူပဲဖြစ်ဖြစ် တာယင်းလမ်းဆုံမှာ လူတွင်ကျယ်လုပ်လို့ မရဘူးဆိုတာကို နားလည်ထားရလိမ့်မယ် .... မင်း နားလည်ရင် နောက်မကျသေးဘူး .... "

မင်းဝန်းရီ ရယ်မောလိုက်သည်။

"ဟား .... ဟား .... ဟား .... "

သူက အရယ်ရပ်လိုက်ပြီး ....

"ဘယ်သူက လူတွင်ကျယ်လုပ်တာလဲ .... ကျွပ်ကလား .... ခင်ဗျားတို့ကလား .... "

ထိုလူက ....

"မင်းကို မဆုံးမရင်ပြီးပြတ်သွားတော့မှာ မဟုတ်ဘူးဆိုတာ ကျွပ် သဘောပေါက်ပြီ .... ကဲ .... မင်းက စမလား .... ကျွပ်က စရမလား .... "

မင်းဝန်းရီက ....

"ဘယ်သူကပဲစစ အရေးမကြီးပါဘူး .... "

"ဒါဖြင့် မင်း သတထားပေတော့ .... "

"စိတ်ချပါဗျာ .... "

ထိုလူသည် ချက်ချင်းရှေ့တိုးလာပြီး မင်းဝန်းရီအား တိုက်ခိုက်လိုက်သည်။

မင်းဝန်းရီက လက်ဝှေ့ယမ်းကာ ပြန်လည်ရင်ဆိုင်လိုက်၏။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်လိုက်ကြပြီး မရွေးမနောင်းမှာပင်။

"ဝုန်း .... "

"အား .... "

စူးရှကျယ်လောင်သော အသံများထွက်ပေါ်လာကာ ထိုလူမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလေတော့သည်။

ဆိုင်ရှင်နှင့် ဆိုင်လုလင်များ ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။

သူတို့အားထားပြုနေသူ အရေးနိမ့်သွားသည်ကို မြင်သောအခါ ကဗျာကယာ နောက်ဆုတ်လိုက်ကြသည်။

ထိုလူမှာ မျက်နှာကြီး ရှုံ့မဲ့နေ၏။

သူ၏လက်တစ်ဘက် သွင်သွင်ကျိုးသွားပြီဖြစ်ပါသည်။

မင်းဝန်းရီက မေးလိုက်၏။

"ခင်ဗျား နောက်ထပ်ယှဉ်ချင်သေးသလားဗျာ .... "

ထိုလူက ....

"မင်းဟာ ယခုအချိန်ကစပြီး တစ္ဆေဖြူဂိုဏ်းနဲ့ ရန်ငြိုးရှိသွားပြီ၊ မင်းရဲ့သိုင်းပညာ ဘယ်လောက်ပဲကောင်းကောင်း မကြာခင် ဒုက္ခရောက်ရတော့မယ် .... "

မင်းဝန်းရီက ရယ်မောလိုက်လေတော့သည်။

"ခင်ဗျား လက်တစ်ဖက်ကျိုးသွားတာတောင် လေသံက မလျော့သေးပါလားဗျာ .... "

ထိုလူက ....

"မင်းက တစ္ဆေဖြူဂိုဏ်းကို အထင်သေးနေတာလား .... "

မင်းဝန်းရီ အလျော့မပေးချေ။

"တစ္ဆေဖြူဂိုဏ်းက ဘာမို့လဲ .... ကျွပ်က ဂရမစိုက်ဘူးဗျ .... တစ္ဆေဖြူဂိုဏ်းသားတွေနဲ့ ကျွပ် ထပ်တွေ့ချင်သေးတယ် .... "

ထိုစဉ် ....

"ဟေ့ .... တစ္ဆေဖြူဂိုဏ်းကို စော်ကားမော်ကားပြောနေတာ ဘယ်သူလဲ .... "

ကျယ်လောင်သော စကားသံ ထွက်ပေါ်လာသည်။

မင်းဝန်းရီ လှမ်းကြည့်လိုက်ရာ အနီရောင်ဝတ်ဆင်ထားသူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရ၏။ ထိုလူမျာ အရပ်ထောင်ထောင်မောင်းမောင်းရှိပြီး လက်နှစ်ဖက်၌ သံဓားကြိုးများကို လက်ကောက်များပမာ စွပ်ထားသည်။ ထိုလူကို မြင်လျှင် လူတစ်ယောက် အားရဝမ်းသာ အော်လိုက်၏။

"သံမဏိရှောင် ရောက်လာပြီဟေ့ .... "

တစ္ဆေဖြူဂိုဏ်းမှ ထင်ရှားသော သံမဏိသိုင်းသမား ရောက်လာပြီ ဖြစ်တော့သည်။

သံမဏိရှောင် .... ။

သံမဏိရှောင်သည် တစ္ဆေဖြူဂိုဏ်းမှ အမာခံသိုင်းသမား တစ်ယောက်ဖြစ်သည်။

သူ၏ခန္ဓာကိုယ်မှ ကြွက်သားများသည် အလွန်မာကျောပြီး သံဓားအလား ရှိနေ၏။

တော်ရုံ၊ ဓားလှံလက်နက်မျိုးမပေါက်ဟု ဆိုကြသည်။

ထိုအပြင် ....

သံမဏိရှောင်၏လက်ကောက်ဝတ်နှစ်ဖက်၌ စွပ်ထားသော

သံမဏိလက်နက်များမှာလည်း ထူးခြားသော လက်နက်များ ဖြစ်နေပါသည်။

သံမဏိရှောင် ရောက်လာသဖြင့် အားလုံးက အရှိအသေပြုလိုက်ကြသည်။

လက်နှစ်ဖက်ဆုပ် ဂါရဝပြုကြသည်။

သံမဏိရှောင်က ဆိုင်ရှင်အား ပြောလိုက်သည်။

"ဆရာကိုး သတင်းပို့လိုက်လို့ .... တာယင်းလမ်းဆုံကို ကျွပ် ရောက်လာတာပဲ .... တစ္ဆေဖြူဂိုဏ်းကို အားခံမယ့်လူတွေ တာယင်းလမ်းဆုံမှာ ရောက်နေတယ်ဆိုတာကို ကျွပ် လုံးဝမယုံခဲ့ဘူး .... ဒါပေမယ့် အခုတော့လည်း လက်တွေ့ပဲကိုး .... "

ဆိုင်ရှင်က ....

"ဟုတ်ပါတယ်ဗျာ .... သည်ကောင်လေးအပြင် နောက်ထပ် တစ်ယောက် ရှိပါသေးတယ် .... သူတို့ကို ဆုံးမဖို့ လိုပါတယ် .... ကျွန်တော် အရင်ဆုံးမခဲ့တဲ့ လူတွေကတော့ .... "

ထိုအခါ .... မင်းဝန်းရီကြောင့် လက်တစ်ဖက်ကျိုးသွားသူက ဝင်ပြောလေ၏။

"သည်ကောင် အသက်သာငယ်တယ် သိုင်းပညာ မဆိုးဘူး .... ကျွပ်က ပေါ့ဆမိလိုက်လို့ ခံလိုက်ရတာ .... "

ထိုလူသည်လည်း တစ္ဆေဖြူဂိုဏ်းမှ သိုင်းသမားတစ်ဦး ဖြစ်၏။ ကျားမည်းဟု သိုင်းလောက၌ ကျော်ကြားခဲ့သူ ဖြစ်သည်။

ကျားမည်းကဲ့သို့ ထိပ်တန်းသိုင်းသမားတစ်ယောက် ခံလိုက်ရသည်ဖြစ်ရာ သံမဏိရှောင် မျက်မှောင်ကုတ်သွားလေတော့သည်။

မင်းဝန်းရီအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

"မင်းရဲ့ ဆရာက ဘယ်သူလဲပြောစမ်းပါဦး .... "

မင်းဝန်းရီ ပြုံးလိုက်သည်။

"ကျုပ်ကိုတောင် မယုဉ်နိုင်သေးဘဲ ကျုပ်ရဲ့ဆရာကို သိချင်နေတယ်ဆိုတော့ ရယ်စရာ မကောင်းဘူးလားဗျာ .... "

"ကျုပ်ရဲ့ဆရာကို သိချင်တယ်ဆိုရင်တော့ ကျုပ်ကို နိုင်အောင် တိုက်ခိုက်နိုင်မှ ဖြစ်မယ် .... ကျုပ်ကို မနိုင်လို့ကတော့ .... ကျုပ်ဆရာဘယ်သူဘယ်ဝါဆိုတာကို ခင်ဗျား ဘယ်လိုမှ မသိနိုင်ဘူး"

"ဩော် .... မင်းကတောင် စိန်ခေါ်သေးတယ်ပေါ့ .... ဟုတ်လား .... ကောင်းတယ် .... ကောင်းတယ် .... ကဲ .... ကြည့်ကြရအောင် .... "

သံမဏိရှောင်က တချမ်းချမ်းမြည်သံများ ထွက်ပေါ်လာအောင် လက်ကိုခွေ့ယမ်းလိုက်သည်။

သူလက်၌ စွပ်ထားသော သံကွင်းများက တချမ်းချမ်းမြည်နေခြင်း ဖြစ်သည်။

"နောက်ဆုတ်လိုက်ကြစမ်း .... "

ကျားမည်းနှင့် ဆိုင်ရှင်လူတစ်စုမှာ ချက်ချင်း နောက်ဆုတ်လိုက်ကြသည်။

တိုက်ပွဲဖြစ်မည့်အခြေအနေကြောင့် လူအများ ရှဲကုန်သည်။

စည်စည်ကားကားရှိနေသော တာယင်းလမ်းဆုံမှာ အံ့သြစရာကောင်းလောက်အောင် ခြောက်ကပ်ကပ် ဖြစ်သွားလေတော့သည်။

လမ်းပေါ်၌ သွားလာလှုပ်ရှားကြသူများ မရှိတော့ချေ။

လမ်းဘေးတစ်ဘက်တစ်ချက်မှ စားသောက်ဆိုင်များ ဈေးဆိုင်များလည်း ပိတ်သွားသည်။

ဆူဆူညံညံအသံများ မကြားရတော့ပါ။

တာယင်းလမ်းဆုံ၏ အခြေအနေ ရုတ်ခြည်းပြောင်းလဲသွားချိန်မှာပင် ....

"ခွပ်ခွပ် .... ခွပ်ခွပ် .... "

"ခွပ်ခွပ် .... ခွပ်ခွပ် .... "

အဝေးမှ မြင်းအသံများ ထွက်ပေါ်လာလေသည်။ မြင်းစီးသမား လူငယ်တစ်ယောက်မှာ တာယင်းလမ်းဆုံသို့ ရောက်ရှိလာလေ၏။

"ငါ နောက်ကျနေပြီ ထင်တယ် .... "

လူငယ်က တီးတိုးရေရွတ်လိုက်၏။

ထိုလူငယ်မှာ ကောင်းစုဖုံး ဖြစ်ပါသည်။

ကောင်းစုဖုံးသည် မင်းဝန်းရီနှင့် ချိန်းထားသည့်အတိုင်း တာယင်းလမ်းဆုံသို့ အရောက်ပြန်လာခဲ့ခြင်း ဖြစ်ပါသည်။

စည်စည်ကားကားရှိခဲ့သော တာယင်းလမ်းဆုံမှာ တိတ်ဆိတ်ငြိမ်သက်နေခြင်းကြောင့် အံ့သြသွားသည်။

"ထူးခြားမှုတစ်ခုတော့ ရှိနေပြီ .... "

ချက်ချင်းပင် မြင်းကိုသော့နှင်လိုက်လေသည်။

သူ၏မြင်းလိမ္မာကြီးက လျင်မြန်စွာ ပြေးသွားရင်း .... တာယင်းလမ်းဆုံ၏ အဓိကလမ်းမကြီးပေါ်သို့ ရောက်ရှိသွားသည်။

ဤတွင် လမ်းပေါ်၌ မင်းဝန်းရီနှင့် သံမဏိရှောင်တို့ ထိပ်တိုက်ရင်ဆိုင်နေကြသည့် မြင်ကွင်းကို တွေ့မြင်လိုက်ရတော့သည်။

ကောင်းစုဖုံးသည် သံမဏိရှောင်နောက်တွင် ရပ်နေကြသော စားသောက်ဆိုင်ဝိုင်ရှင်လူစုကို တွေ့ရသည်နှင့် အခြေအနေကို သဘောပေါက်လိုက်လေသည်။

ကောင်းစုံး သဘောကျစွာ ပြုံးလိုက်သည်။

"မင်းဝန်းရီ ပြန်ရောက်လာပြီကိုး .... ဆိုင်ရှင်က အပြီးထားပြီး ရဲနှာနေတာပဲ ဖြစ်မယ် .... "

မြင်းကိုရပ်ကာ အသာအယာဆင်းလိုက်သည်။

သူက မင်းဝန်းရီအား လှမ်းပြောလိုက်လေ၏။

"မင်းဝန်းရီ .... မင်း ရောက်နေပြီလား .... အဖော်တွေနဲ့ဆို တော့ အတော်ပျော်စရာကောင်းမှာပေါ့။ မင်းရဲ့အဖော်တွေကလည်း အဖော်ကောင်းတွေပဲကိုး .... "

မင်းဝန်းရီ ဟားဟား ရယ်မောလိုက်သည်။

"ကောင်းစုံး .... မင်းရောက်လာတာနဲ့ အတော်ပဲ .... ကောင်းပြီ .... အဲသည်နေရာမှာပဲနေပြီး အမောဖြေလိုက်ပါဦး .... ကျွပ်က တစ္ဆေဖြူဝိဏ်းကလူတွေကို ဆုံးမလိုက်ဦးမယ် .... "

ကောင်းစုံးက ....

"တစ္ဆေဖြူဝိဏ်းက လူတွေ ဟုတ်လား .... ကောင်းတယ်၊ ကောင်းတယ် .... "

ရှေ့တိုးမလာဘဲ ခြေလှမ်းရပ်ကာ လက်ပိုက်ကြည့်နေလိုက်သည်။ မင်းဝန်းရီက သံမဏိရှောင်ဘက်သို့ လှည့်လိုက်၏။

"ကျွပ်ရဲ့ပညာသင်ဘက်အစ်ကို .... ရောက်လာပြီဆိုတော့ ခင်ဗျားထွက်ပြေးလို့ ရတော့မှာ မဟုတ်ဘူး .... တကယ်လို့ ထွက်ပြေး ချင်စိတ်ပေါက်လာရင်ပေါ့ .... "

သံမဏိရှောင် ဒေါသခြောင်းခြောင်း ထွက်သွားလေတော့သည်။

"ကြီးကြီးကျယ်ကျယ် .... ငါက မင်းကို ကြောက်နေရမှာလား၊

သတိသာထားပေတော့ .... "

ချက်ချင်း ရှေ့တိုးလာကာ လက်နှစ်ဖက်ကို လှုပ်ရှားပြီး တိုက်နိုက်လိုက်လေတော့သည်။

"ချွမ်း .... ချွမ်း .... "

သံမဏိလက်ကောတိုရှောင်၏ တချွမ်းချွမ်းမြည်သံများ ထွက်ပေါ်လာသည်။

သံမဏိရှောင်မှာ အတွင်းအားအလွန်ကောင်းသူဖြစ်ကြောင်း မင်းဝန်းရီ ရိပ်မိလိုက်သည်။

ထို့ကြောင့် ....

"ခင်ဗျားပညာ ဒါအကုန်ပဲလား .... "

အော်ပြောရင်း ခန္ဓာကိုယ် ယိမ်းနဲ့ထိုး ပွက်ကာသီကာ ရှောင်တိမ်းကာ သံမဏိရှောင်၏ ရင်ဝကို လက်သီးတစ်လုံး ပစ်သွင်းလိုက်လေသည်။

"ဖုတ် .... "

သူ၏လက်သီးသည် သံမဏိရှောင်၏ ရင်ဝကို ထိုးသွင်းလိုက်လေသည်။

"အွန့် .... "

မသဲမကွဲညည်းသံ ထွက်ပေါ်လာသည်။

မင်းဝန်းရီ ညည်းတွားရင်း ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

"ဟား .... ဟား .... ဟား .... "

သံမဏိရှောင်က ဟားတိုက်ရယ်မောလိုက်လေသည်။

"မင်းရဲ့လက်သီးက မဆိုးပါလား .... "

မင်းဝန်းရီ အံ့သြသွား၏။

သူ၏လက်သီးထိုးချက် ထိသွားသော်လည်း သံမဏိရှောင် ဘာမှ မဖြစ်ချေ။ သူ၏လက်သီးထိသွားသောအခါ အထိခံရသူသည် အရိုးကျိုးမတတ် ခံစားရတတ်သည် မဟုတ်ပါလား။

သံမဏိရှောင်က ....

"ငါ့ရဲ့ ရင်ဘတ်အယား မပြေသေးလို့ နောက်ထပ်တစ်ချက် လောက်ထိုးလိုက်စမ်းပါဦး .... "

ပြောရင်း ရင်ကော့ကာ ရှေ့တိုးလာလေသည်။

မင်းဝန်းရီ ဒေါသထွက်သွားသည်။

"စိတ်ချ .... ခင်ဗျား ဆန္ဒပြည့်စေရမယ် .... "

သူသည် စားဆွဲထုတ်ကာ လျှပ်တစ်ပြက် ထိုးသွင်းလိုက်သည်။

သံမဏိရှောင်မှာ ဝါရင့်သိုင်းသမားတစ်ယောက်ဖြစ်ရကား စား ဖြင့် ထိုးသွင်းလာသည်ကို ရိပ်ခနဲ မြင်လိုက်သည်နှင့် လက်နှစ်ဖက် ဝှေ့ယမ်း ကာကွယ်လိုက်၏။

"ဆွမ်း .... "

သူ၏ထူးခြားသော သံမဏိလက်ကောက်များသည် မင်းဝန်းရီ စားကို ခုခံပြီးသား ဖြစ်သွားသည်။

တစ်ဆက်တည်း လက်နှစ်ဖက်ကို အားစိုက်ကာ တွန်းထုတ် လိုက်သည်။

"ဝုန်း .... "

မင်းဝန်းရီမှာ အဝေးသို့ လွင့်စင်သွားလေတော့သည်။

"ဟာ .... "

ကောင်းစွဲ့ဖုံး ထိတ်လန့်သွားသည်။

"မင်းဝန်းရီ .... "

ကဗျာကယာ မြင်းပေါ်မှ ခုန်ထွက်လိုက်လေတော့သည်။

* ◆ *

အေးစိမ့်သော ဓားဓါအငွေ့အသက်များ ထွက်ပေါ်လာသည်။ ဝင်းလက်တောက်ပသော ဓားရောင်များကလည်း ပတ်ဝန်းကျင်ကို လွှမ်းခြုံသွားသည်။

"ဟား .... ဟား .... ဟား .... "

သံမဏိရှောင် ဟားတိုက်ရယ်မောနေသည်။

မင်းဝန်းရီက ဓားဖြင့်တိုက်ခိုက်လာသော်လည်း လုံးဝအမှ မထားချေ။

သံမဏိရှောင် လက်ကောက်များ တချွင်ချွင်မြည်သွားအောင် လက်နှစ်ဖက် ဝှေ့ယမ်းလိုက်သည်။ မင်းဝန်းရီ၏ဓားပညာမှာ မခေပါ။ ထက်မြက်ပါသည်။

သို့သော် ....

ဒေါသဖြင့် ပြင်းပြင်းထန်ထန်တိုက်ခိုက်လိုက်သည့်တိုင် သံမဏိရှောင်အား ထိခိုက်နိုင်ခြင်း မရှိတော့ချေ။ သံမဏိရှောင်၏အင်အားကိုစကို ပင် ထိအောင် မတိုက်ခိုက်နိုင်တော့ပါ။

"သွားစမ်း .... "

သံမဏိရှောင်က အော်ငေါက်ရင်း တွန်းထုတ်လိုက်လျှင် ....

"ဝုန်း .... "

မင်းဝန်းရီမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေတော့၏။

သံမဏိရှောင်က ....

"ငါ့ရဲ့သံမဏိအစွမ်းကို ကြည့်ထားပါဦး .... "

သူ၏လက်ကို ဝှေ့ယမ်းလိုက်သည်နှင့် ....

"ဝိုး .... ဝိုး .... "

သံမဏိလက်ကောက်များသည် လက်ထဲမှ ကျွတ်ထွက်လာ

ဓားဓါကြဲသံ

ကောင်းစုံပုံးသည် မြင်းစပါမှ ရိပ်ခနဲ ခုန်ထွက်ကာ လေထဲ ကျွမ်းတစ်ပတ်ပစ်လိုက်လျှင် မင်းဝန်းရီအနီးသို့ ရောက်ရှိသွားလေ၏။

သူ၏လှုပ်ရှားမှုမှာ လေကဲ့သို့ လျင်မြန်လှသည်။

"သတိထား .... "

သတိပေးရင်း လက်နှစ်ဖက်ဆန့်ထုတ်ကာ အရှိန်ဖြင့် ကွင်း ထွက်လာသည့် မင်းဝန်းရီအား အသာထိန်းထားလိုက်သည်။

မင်းဝန်းရီသည် သံမဏိရှောင်ကို အရေးနိမ့်လိုက်ရသဖြင့် ဒေါသ ထွက်နေသည်။

"ကောင်းစုံပုံး .... စဏနေပါဦး .... သူကိုငါ ဆုံးမလိုက်ဦးမယ်"

သူသည် စကားဆုံးသည်နှင့် ....

"ယား .... "

ညာသံပေးရင်း သံမဏိရှောင်သည် ဝင်သွားလိုက်သည်။ သူ၏ ဓားကို ဝှေ့ယမ်းလိုက်သောအခါ တဝှစ်ဝှစ် မြည်သံများ ထွက်ပေါ်လာ သည်။

ကာ တစ်ဟုန်ထိုး လွှင့်ပျံလာသည်။

မင်းဝန်းရီ ထိတ်လန့်သွားသည်။

ဒယီးဒယိုင်ဖြင့် နောက်ဆုတ်ရာမှ တစ်ဟုန်ထိုးဝင်လာသော သံမဏီလက်ကောက်များကြောင့် အထိတ်တလန့်ဖြင့် ရှောင်တိမ်းလိုက်သော်လည်း လွတ်အောင်မရှောင်နိုင်ခဲ့တော့ချေ။

သံမဏီလက်ကောက်တစ်ကွင်းသည် မင်းဝန်းရီ၏ ဝဲဘက်ပခုံးခွထိမှန်သွားသည်။

"ဟောက် .... "

"အ .... "

မင်းဝန်းရီ လွတ်ခနဲ အော်လိုက်သည်။

ပခုံးတွင် ပြင်းပျသောနာကျင်မှုဝေဒနာ ပေါ်လာလေသည်။ မဟန်နိုင်တော့ချေ။

"ဝုန်း .... "

မြေပေါ် ဖင်ထိုင်ကျသွားတော့သည်။

"သတိထား .... "

ကောင်းစဖုံး ချက်ချင်းဝင်လာပြီး မင်းဝန်းရီအား .... အကာအကွယ်ပြုထားလိုက်လေတော့သည်။

"ရွှမ်း .... ရွှမ်း .... "

သံမဏီရှောင်သည် ဝေ့ကာဝဲကာဖြင့် လွှင့်ပျံလာသော သံမဏီကွင်းများကို အသာအယာ ဖမ်းယူထားလိုက်သည်။

"ဟား .... ဟား .... ဟား .... "

သဘောကျစွာဖြင့် ခေါင်းမော့ဟားတိုက်ကာ ရယ်မောနေလေတော့သည်။

မင်းဝန်းရီ ဒဏ်ရာရသွားပြီ ဖြစ်ပါသည်။

ကောင်းစဖုံး အံ့သြနေသည်။

"ငါ့ညီ နောက်ဆုတ်လိုက်ပါ .... "

မင်းဝန်းရီအား ဖေးမကာ နောက်ဆုတ်လိုက်၏။

မင်းဝန်းရီ မကျေမနပ်ဖြစ်နေသည်။

"ကျွပ်ရဲ့ လက်တစ်ဖက်ကျိုးသွားပြီ .... တစ္ဆေဂိုဏ်းကို ဖျက်ဆီးပစ်ရမှ ကျွပ် ကျေနပ်မယ် .... "

ဒေါသတကြီး အော်ဟစ်နေသည်ကိုင် သံမဏီရှောင်က ထပ်မံတိုက်ခိုက်လာလျှင် ရင်ဆိုင်နိုင်တော့မည် မဟုတ်ပါချေ။ ကောင်းစဖုံးကလည်း အခြေအနေမဟန်မှန်း ရိပ်မိထားလေသည်။

"ဆရာဟာ ငါတို့ကို ထိပ်တန်းသိုင်းပညာ ရိုနေပြီလို့ ပြောခဲ့တာ သိုင်းလောကမှာ ဘယ်သူကိုမဆို ယှဉ်နိုင်တယ် .... ပြိုင်ဘက်ကင်းတယ်လို့ ပြောထားတာမှ မဟုတ်တာ .... ငါတို့ သတိထားရမယ် အခြေအနကြည့်ပြီး ရင်ဆိုင်ကြမှာ မဟုတ်လား .... "

မင်းဝန်းရီက ....

"ကျွပ်တို့က သည်လူတွေကိုတောင် မယှဉ်နိုင်ဘူးဆိုရင် သိုင်းလောကထဲမှာ ဘယ်လိုလုပ်ကျင်လည် ကျက်စားနိုင်တော့မှာလဲ"

ကောင်းစဖုံးက ....

"စိတ်ချ .... ခေါင်းအေးအေးထားပြီး ရင်ဆိုင်ရင် .... ယှဉ်နိုင်မှာ သေချာပါတယ် .... ဒါပေမယ့် ခုချိန်မှာတော့ မင်း အနားယူလိုက်တာ အကောင်းဆုံးဖြစ်မယ် .... "

"ကျွပ် .... "

"မင်းဝန်းရီ .... ကျွပ်ရဲ့ စကားကို ဘာကြောင့်များ လက်မခံ

နိုင်ရတာလဲ .... "

မင်းဝန်းရီ အခက်ကြုံသွားလေသည်။

သူ၏အမြင်မှာ စားသောက်ဆိုင်ရှေ့၌ ရှိနေသော်လည်း ယခု ကောင်းစုဖုံးက သူ၏မြင်းပေါ်သို့ မင်းဝန်းရီအား ဖေးမကာတင်ပေး လိုက်လေသည်။

မင်းဝန်းရီ အံကြိတ်လိုက်လေသည်။

"ကျုပ် ထွက်မသွားနိုင်ဘူး .... "

ကောင်းစုဖုံးက ....

"စိတ်ချ .... သူတို့ကို ဆုံမပြီးမှ ကျုပ်တို့ သွားကြတာပေါ့"

"ဟုတ်တယ် .... "

မင်းဝန်းရီက သဘောထူလိုက်လေသည်။

သံမဏိရှောင်က ကောင်းစုဖုံးအား ခြေဆုံးခေါင်းဆုံးကြည့်လိုက် လေသည်။

"မင်းက ကျုပ်နဲ့ ရင်ဆိုင်မယ် ဟုတ်လား .... "

ကောင်းစုဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ .... "

"ဒါဆို မင်းက .... "

ဆိုင်ရှင်က အော်ပြောလိုက်လေသည်။

"သူကလည်း ဟိုကောင်နှင့်အတူတူပဲ .... "

သံမဏိရှောင်က ကောင်းစုဖုံးအား စိုက်ကြည့်လိုက်သည်။

"မင်းတို့ ဘာကြောင့် သည်လောက်တောင် မိုက်မဲချင်ရတာလဲ ကွ .... "

"ဘာဗျ .... "

"ငါတို့ တစ္ဆေဖြူဂိုဏ်းကို ပမာမခန့်လုပ်တာ ဒုက္ခရောက်ချင်လို့ ပေါ့ .... ငါတို့ဂိုဏ်းကို ဘယ်သူမှ မလှန်ရဲဘူး .... တွေ့ရင်ဝပ်ဆင်းသွား တာပဲ .... မင်းတို့က .... "

ကောင်းစုဖုံးက ....

"ကျုပ်တို့က ဒုက္ခပေးတာလား .... ခင်ဗျားတို့က ဒုက္ခပေးခဲ့ ကြတာလား စဉ်းစားကြည့်စမ်းပါဦး .... "

သံမဏိရှောင်က ....

"ဒါတွေထားလိုက်တော့ .... မင်းတို့ဟာ အလံားအလာရှိတဲ့ လူငယ်လူရွယ်လေးတွေ ဖြစ်နိုင်တယ် .... ဒါကြောင့် မင်းတို့ကို အခွင့် အရေးပေးလိုက်မယ် .... တစ္ဆေဖြူဂိုဏ်းကို ဒူးထောက်တောင်းပန်ပြီး ဂိုဏ်းထဲဝင်ပါ .... "

ကောင်းစုဖုံးက ရယ်မောလိုက်သည်။

"ကျုပ်တို့ကို အထင်သေးလှချည်လားဗျာ .... ကျုပ်က တစ္ဆေ ဖြူဂိုဏ်းကို ဂရုမစိုက်သေးဘူးဆိုတာ မှတ်ထားစမ်းပါ .... "

"ဘာကွ .... "

"ကျုပ်ညီက ဒေါသကြောင့် မှားသွားတာဗျ .... သူ ဒေါသကြီး လို့ ရှုံးရတာ .... ခင်ဗျားအနေနဲ့ ကိုယ့်ကိုယ်ကို သိပ်ပြီးအထင်ကြီးမနေ ပါနဲ့ဗျာ .... "

"မင်း .... မင်း .... "

ကောင်းစုဖုံးက ....

"ကျုပ်က ခင်ဗျားကို ဆုံးမပြပါဦးမယ် .... ဒီတစ်ခါ ခင်ဗျား နိုင်မလားဆိုတာ ကြည့်ရသေးတာပေါ့ .... "

သံမဏိရှောင် ဒေါပွကာ ချက်ချင်းရှေ့တိုးလာ၏။

"ယား .... "

ညာသံပေးကာ ကောင်းစုံး၏ မျက်နှာဆီသို့ လက်သီးတစ်လုံး ပစ်သွင်းလိုက်လေသည်။

ကောင်းစုံးက ခေါင်းငုံ့ရှောင်လိုက်သည်။

"ဝိုး .... "

ပြင်းထန်သောလက်သီးထိုချက်သည် သူ၏ဦးခေါင်းပေါ်မှ ပွတ်ကာသီကာ ဖြတ်ကျော်သွားသည်။

ကောင်းစုံးသည် လက်သီးထိုးချက်ကို ရှောင်တိမ်းပြီးသည်နှင့် ရှေ့တိုးပြီး သံမဏိရှောင်ရင်ဝကို တိုက်ခိုက်အောင် ပြောလိုက်သည်။

"သူဟာ ဓနွာကိုယ်တစ်ခုံး သံမဏိလိုမာကျောနေအောင် လေ့ကျင့်ထားတယ် သတိထား .... "

မင်းဝန်းရိ၏သတိပေးစကားကြောင့် ကောင်းစုံး ရင်ထိတ်သွားလေသည်။

သံမဏိရှောင်အား သာမန်တိုက်ကွက်များဖြင့် တိုက်ခိုက်၍ မရနိုင်ကြောင်း သဘောပေါက်သွားသည်။

သံမဏိရှောင်၏ရင်ဝကို လက်သီးဖြင့် ထုနှက်ရန် ဟန်ပြင်ပြီးမှ ချက်ချင်း သိုင်းကွက်ပြောင်းလဲကာ အဓိကကျသော သွေးကြောနေရာသုံးခုသို့ လက်ချောင်းကလေးများဖြင့် ထောက်ချတိုက်ခိုက်လိုက်သည်။

"ထောက် .... ောက် .... "

ကောင်းစုံး၏ လက်ချောင်းကလေးများသည် သံမဏိရှောင်၏ရင်ဝမှ အဓိကကျသော သွေးကြောသုံးနေရာသို့ ထောက်ချမိလိုက်သည်။

သို့သော် ....

ကျောက်သားကျောက်စိုင် သံတွေခဲတုံးကြီးအား ထောက်ချမိသကဲ့သို့ရိုက လက်ချောင်းကလေးများပင် ထုံကျဉ်သွားလေတော့သည်။

"ဟင် .... "

ကောင်းစုံး ရင်ထိတ်သွား၏။

"ဟား .... ဟား .... ဟား .... "

သံမဏိရှောင်က ဟားတိုက်ရယ်မောလိုက်လေသည်။

"ဘယ်လိုလဲ .... ဒါ မင်းရဲ့အစွမ်းကုန်ပဲလား .... လုပ်ပါဦး၊ သွေးကြောကို ထောက်ပါဦး .... "

ချက်ချင်းပင် လက်ကောက်ဝတ်နှစ်ဖက်၌ စွပ်ထားသော သံမဏိကွင်းကလေးများဖြင့် ကောင်းစုံး၏နားထင်နှစ်ဖက်ကို ထုချလိုက်၏။

"ဩမ် .... "

ကောင်းစုံး ထိတ်လန့်သွားလေသည်။

ယခုအချိန်၌ နောက်ဆုတ်ရှောင်၍လည်း လွတ်မြောက်နိုင်တော့မည် မဟုတ်ချေ။

မရှောင်ပြန်လျှင်လည်း သံမဏိရှောင်၏ လက်ချောင်းဖြင့် ဦးခေါင်းတစ်ခုလုံး ကွဲအက်ကြေမွကာ သေဆုံးသွားလိမ့်မည် ဖြစ်သည်။

ကောင်းစုံး အကြပ်ရိုက်သွား၏။

မထူးတော့ဟု သဘောထားကာ သူသေကိုယ်သေရင်ဆိုင်ရန် ဟန်ပြင်လိုက်ပြီးမှ ဆရာဖြစ်သူ ပြောခဲ့ဘူးသည့် စကားအချို့ကို လျှပ်တစ်ပြက် ပြန်လည်သတိရလိုက်လေ၏။

"တချို့ ကြွေနိုင်သန့်စွမ်းပြီး မာကြောတဲ့လူတွေနဲ့တွေ့ရင် သူတို့ရဲ့ အရိုးအဆစ် အကွေးအဆက်နေရာတွေကို တိုက်ခိုက်တတ်ရမယ်၊ သူတို့ရဲ့ ကြွက်သားတွေကို သံမဏိလို မာကျောအောင် လေ့ကျင့်ထားနိုင်ကြပေမယ့် အရိုးအဆစ်နေရာတွေကိုတော့ လေ့ကျင့်လို့ မဖြစ်နိုင်ဘူး .... ဥပမာ တံတောင်၊ ဒူးဆစ်လို နေရာမျိုးပေါ့ .... ခန္ဓာကိုယ်လှုပ်ရှားမှုတွေဟာ ပျော့ကွက်တွေဖြစ်နေလို့ အဓိပပစ်မှတ်ထားပြီး တိုက်ခိုက်မယ်ဆိုရင် အနိုင်ရလိမ့်မယ် .... "

ကောင်းစုံး အချိန်မီ သတိရလိုက်ခြင်း ဖြစ်ပါသည်။ ချက်ချင်းပင် ဒူးကွေးကာ ထိုင်ချလိုက်၏။

"ဆွမ်း .... "

သံမဏိရှောင်၏ သံမဏိကွင်းများ ရှိနေသော လက်နှစ်ဖက်သည် ကောင်းစုံး၏ဦးခေါင်းပေါ်မှ ပွက်ကာသီကာ ဖြတ်ကျော်သွားကာ ဆွမ်းခံနေမြည်အောင် အချင်းချင်း ရိုက်ချမိလိုက်သည်။

သံမဏိလက်ကောက်များဖြင့် နားထင်နှစ်ဖက်ကို ညှပ်ရိုက်ခံလိုက်ရလျှင် ဦးခေါင်းတစ်ခုလုံးကွဲအက်ကြေမွကာ သေဆုံးသွားရလိမ့်မည် ဖြစ်ပါသည်။

သံမဏိရှောင်သည် ကောင်းစုံးက ခေါင်းငုံ့ထိုင်ချကာ ရှောင်တိမ်းသွားခြင်းကြောင့် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ထိုအချိန်မှာပင် ကောင်းစုံးက သူ၏ဒူးဆစ်နှစ်ဖက်ကို တိုက်ခိုက်လိုက်သည်။

သံမဏိရှောင် ထိတ်လန့်သွားသည်။

ကျွာကယာ ရှောင်တိမ်းရန် ကြိုးစားလိုက်သကဲ့သို့ ခြေတစ်ဖက်ဆန့်ထုတ်ကာ ကန်ကျောက်ရန်လည်း ကြိုးစားလိုက်သည်။

သို့သော် ....

ကောင်းစုံးက လက်ဦးနေပြီ ဖြစ်ပါသည်။

ဒူးခေါင်းနှစ်ဖက် မခံမရပ်နိုင်အောင် နာကျင်သွားသကဲ့သို့ ချက်ချင်းထုံကျဉ်သွားကာ ....

"အား .... "

စူးရှစွာ အော်ဟစ်လိုက်ပြီး မြေပေါ်သို့ ဝုန်းခနဲ လဲကျသွားလေတော့သည်။

သံမဏိရှောင်မှာ ကောင်းစုံး၏လက်ချက်မိကာ လဲကျသွားပြီ ဖြစ်ပါသည်။

"ဟင် .... "

"ဟာ .... "

စားသောက်ဆိုင်ပိုင်ရှင် ကျားမည်းနှင့် ဆိုင်လုလင်များ အထိတ်တလန့် ဖြစ်သွားကြသည်။

ကောင်းစုံးက ....

"တစ္ဆေဖြူကိုဏ်းက မစွဲသေးပါဘူးလေ .... ခင်ဗျားတို့လူကို ခေါ်ပြီး ထွက်သွားကြရင် ကောင်းမယ် .... ဒါမှ မဟုတ်ရင်တော့"

သူစကားဆုံးအောင် မပြောလိုက်ရချေ။

ဆိုင်ရှင်နှင့် ကျားမည်းသည် သံမဏိရှောင်ကို ဖေးမကာ ကယာကယာ ထွက်သွားကြတော့သည်။

သူတို့သည် သံမဏိရှောင်၏ခန္ဓာကိုယ်ကြီးကို မနည်းမသွားကြရသည်။ ကောင်းစုံး ပင့်သက်ရှိုက်လိုက်သည်။

သံမဏိရှောင်အား သယ်ဆောင်သွားကြသူများ အဝေးသို့ရောက်သွားတော့မှ မင်းဝန်းရိဘက်သို့လှည့်လိုက်သည်။

မင်းဝန်းရိုက ရှိုးကျူးလိုက်သည်။

"ကောင်းစုဖုံး .... မင်းဟာ ဆရာပြောသလို ကိုယ့်ထက် အရင် အားကြိုးမာန်တဲ့ ရန်သူနဲ့ တွေ့ရတဲ့အခါ ဉာဏ်ကိုလွှာသုံးပြီး အနိုင်ယူနိုင်ခဲ့တာကိုး .... "

ကောင်းစုဖုံးက ....

"သူကိုက အနိုင်ရလို့ ကျေနပ်လို့ မဖြစ်သေးဘူး .... တစ္ဆေဖြူဂိုဏ်းမှာ ထိပ်သီးသိုင်းသမားတွေ အများကြီး ရှိနေတယ် .... ရှေ့ဆက် ရင်ဆိုင်ဖို့ မလွယ်ဘူး .... တို့သည်က အမြန်ဆုံး ထွက်သွားကြတာ အကောင်းဆုံးဖြစ်လိမ့်မယ် .... "

မင်းဝန်းရီ မျက်နှာပျက်ကာ ဘာမှမပြောဘဲ နေလိုက်သည်။

ကောင်းစုဖုံးက ....

"မင်းရဲ့ဒဏ်ရာပျောက်ကင်းအောင် ဆေးကုဖို့က အရေးကြီးတယ် .... ကဲ .... တို့ သွားကြစို့ .... "

"ကောင်းပါပြီဗျာ .... "

မင်းဝန်းရီ သဘောတူလိုက်သည်။

ကောင်းစုဖုံးသည် မြင်းဇက်ကြိုးကိုဆွဲကာ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားကြလေတော့၏။

* ◆ *

နန်းကုန်းမင်သည် မမျှော်လင့်ဘဲ ကြားလိုက်ရသည့် စကားကြောင့် မျက်လုံးပြူးသွားသည်။

"ဘာပြောတယ်ကွ .... သံမဏိရှောင် ဒဏ်ရာရသွားတယ် ဟုတ်လား .... "

လာရောက်သတင်းပို့သည့် တစ္ဆေဖြူဂိုဏ်းမှ ခေါင်းဆောင်တစ်ဦးဖြစ်သူ လုံဖွေး ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ် .... တာယင်းလမ်းဆုံမှာ လူငယ်နှစ်ယောက်က တိုက်ခိုက်သွားတာပါ .... "

နန်းကုန်းမင်က ....

"တစ္ဆေဖြူဂိုဏ်းမှာ ဘာတွေဖြစ်နေပြီလဲ .... ကျွပ်ကို အသေးစိတ်ပြောစမ်းပါဦး .... "

ပြဿနာများ ဖြစ်ပေါ်လာရသည့်အကြောင်းရင်းကို ရှင်းပြရန် ပြောဆိုမေးမြန်းလိုက်သည်။

နေဘီလူးသည် မီးနဂါးကို အသုံးချရင် သိုင်းလောကအား ချုပ်ကိုင်ရန် ကြံစည်ခဲ့သော်လည်း မီးနဂါးအား ယုံကြည်စိတ်ချသည်တော့ မဟုတ်ပါချေ။

မီးနဂါးလက်အောက်၌ အင်အားတောင့်တင်းသော မီးနဂါးဂိုဏ်းရှိသည်ဖြစ်၍ အင်အားချိန်ခွင်ညှာကို ကြိုတင်ညှိထားသော သဘောဖြင့် တစ္ဆေဖြူဂိုဏ်းကို ထူထောင်ခဲ့သည်။

နေဘီးလူးသည် ကျင်းမိသားစု၏ လူယုံနန်းကုန်းမင်ကို စည်းရုံးသိမ်းသွင်းထားနိုင်ခဲ့သည်ဖြစ်၍ နန်းကုန်းမင်ကိုပင် တစ္ဆေဖြူဂိုဏ်းအား တာဝန်ယူ၍ လွှဲပေးထားခဲ့လေသည်။

တစ္ဆေဖြူဂိုဏ်းနှင့် နန်းကုန်းမင်သည် မီးနဂါး၏ မီးနဂါးဂိုဏ်းနှင့် ရင်ဘောင်တန်းလာနိုင်ခဲ့သည်အပြင် သိုင်းလောကၽိုဝှေ့၍ ထင်ရှားလာတော့သည်။

ယခု ....

နန်းကုန်းမင်တာဝန်ယူထားသည့် တရွှေဖြူဂိုဏ်းဌ ပြဿနာများ ပေါ်ပေါက်လာနေပြီ ဖြစ်ပါသည်။

ခေါင်းဆောင်လုံဖွေးက ရှင်းပြသည်။

"သိုင်းလောကမှာ အေးချမ်းနေတာပါ .... စီးပွားရေးလုပ်ငန်းတွေကို ဦးစားပေးခဲ့ပါတယ် .... တာယင်းလမ်းဆုံမှာ ဆရာစုံကန်းတာဝန်ယူပြီး ဂိုဏ်းအတွက် ငွေရှာပေးပါတယ် .... မကြာသေးခင်က လူငယ်နှစ်ယောက်နဲ့ ဆရာစုံကန်း ပြဿနာဖြစ်ခဲ့လို့ အကူအညီတောင်းတာကြောင့် သံမဏိရှောင်ကို လွှတ်လိုက်တာ .... "

"သူလည်း အခြေအနေမကောင်းဘူး ဆိုပါတော့ .... "

"ဟုတ်ပါတယ် .... "

နန်းကုန်းမင်က ဆက်မေးလိုက်၏။

"ဒါထက် ထိယန်မြို့ဘက်မှာလည်း ပြဿနာပေါ်ခဲ့သေးတယ်ဆို .... "

လုံဖွေး ဦးညွှတ်လိုက်သည်။

"ဟုတ်ပါတယ် .... "

"ဘယ်လိုဖြစ်ဝဘဲ .... ပြောစမ်းပါဦး .... "

လုံဖွေးက ရှင်းပြသည်။

"ကျွပ်တို့ဂိုဏ်းအတွက် ရုန်ပုံငွေရအောင် ထူထောင်ထားတဲ့ အိပ်မက်နတ်သမီးဂေဟာအတွက် သင့်လျော်မယ့် မိန်းကလေးတစ်ယောက်ကို တွေ့ခဲ့လို့ သူ့ကို ခေါ်ယူတဲ့အခါ ငြင်းဆန်တဲ့အပြင် အာခံတိုက်ခိုက်ခဲ့လို့ ကျွပ်တို့ လူအတော်များများ ထိခိုက်ခဲ့ပါတယ် .... "

နန်းကုန်းမင် မကျေမနပ်ဖြစ်သွားသည်။

တရွှေဖြူဂိုဏ်းနှင့်ပတ်သက်၍ နောဘီလူးက နန်းကုန်းမင်အား မျက်နှာလွှဲထားသကဲ့သို့ နန်းကုန်းမင်ကတစ်ဆင့် လုံဖွေးအား တာဝန်လွှဲပေးထားသည်။ ယခုနောက်ပိုင်း တရွှေဖြူဂိုဏ်း၏ လှုပ်ရှားမှုမှန်သမျှ လုံဖွေးက တာဝန်ယူကာ စီစဉ်ဆောင်ရွက်နေခြင်း ဖြစ်သည်။

ထို့ကြောင့် ....

အမှားအယွင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက နောဘီလူးက အပြစ်တင်လာမည်ကို နန်းကုန်းမင် စိုးရိမ်လာသည်။

လုံဖွေးအား စိုက်ကြည့်လိုက်သည်။

"မင်း ဘာဆက်လုပ်မလဲ .... "

သူက အေးစက်စက် မေးလိုက်သည်။

လုံဖွေးက ....

"သံမဏိရှောင်ကို ဒုက္ခပေးသွားတဲ့ကောင်လေးနှစ်ယောက်နောက်ကို "သိုင်းငါးဖော်" လွှတ်လိုက်ဖို့ စီစဉ်ထားပါတယ် .... "

နန်းကုန်းမင် ကျေနပ်သွား၏။

"ကောင်းတယ် .... သိုင်းငါးဖော်ဟာ အားကိုးအားထားပြုလို့ရတဲ့ လူတွေပဲ .... သံမဏိရှောင်ကိုတောင် ဆုံးမသွားတယ်ဆိုတော့ သည်ကောင်လေးနှစ်ယောက်က ခေမှာ မဟုတ်ဘူး .... သိုင်းငါးဖော်ကို လွှတ်လိုက်တာပဲ ကောင်းပါတယ်လေ .... "

လုံဖွေးသည် သူ၏အစီအစဉ်ကို နန်းကုန်းမင်က လက်ခံသဖြင့် အားတက်သွားလေသည်။

"ထိယန်မြို့မှာတွေ့ခဲ့တဲ့ မိန်းကလေးနဲ့ ပတ်သက်လို့ကတော့ "

သူ၏စကားမဆုံးမီ နန်းကုန်းမင်က ကြားဖြတ်ပြောလိုက်လေသည်။

"ကိစ္စမရှိပါဘူး .... ဟိုကောင်လေးနှစ်ယောက်ကို တာဝန်ယူရတာပဲ ဝန်လေးနေပါပြီ .... ထိယန်မြို့က မိန်းကလေးကိစ္စကို မီးနဂါးကို တာဝန်လွှဲပေးလိုက်မယ် .... သည်ကိစ္စမျိုးကို သူတို့အထူးကျွမ်းကျင်ကြတာပဲ .... မင်းလည်း ခေါင်းပေါ့သွားတာပေါ့ .... "

လုံဖွေးက ဦးညွှတ်လိုက်သည်။

"ကျေးဇူးပါပဲဗျာ .... "

နန်းကုန်းမင်၏မျက်နှာ တည်ကြည်လေးနက်သွား၏။ ထိုင်ရာမှ ထကာ လက်နှစ်ဖက်နောက်ပစ်၍ အခန်းတွင်း၌ ခေါက်တုန့်ခေါက်ပြန် လျှောက်လိုက်သည်။ လုံဖွေး အသာငြိမ်နေလိုက်သည်။

တခဏကြာမှ နန်းကုန်းမင် ခြေလှမ်းရပ်လိုက်လေသည်။

"လုံဖွေး .... "

"ဟုတ်ကဲ့ .... အမိန့်ရှိပါခင်ဗျာ .... "

"မီးနဂါးဂိုဏ်းကို မင်းဘယ်လိုမြင်သလဲ .... ပြောစမ်းပါဦး"

လုံဖွေး ကြောင်အမ်းအမ်းဖြစ်သွားသည်။

သို့သော် အကြောင်းရှိ၍ မေးခြင်းဖြစ်ကြောင်း သဘောပေါက်လိုက်သည်။ ထို့ကြောင့် သူအမြင်ကို ရှင်းပြရသည်။

"မီးနဂါးဂိုဏ်းဟာ တစ္ဆေဖြူဂိုဏ်းက သူတို့ထက်ဝိုင်းပြီး ကျော်ကြားလာတာ .... သိုင်းလောကမှာ နေရာရလာတာကိုသိပ်ပြီး .... သဘောကျပုံမရဘူး ထင်ပါတယ် .... "

မီးနဂါးဂိုဏ်းအား သဘောကျနေလျှင် နန်းကုန်းမင် ဤသို့မေးမည်မဟုတ်ဟု ယုံကြည်သည်။

နန်းကုန်းမင် ပြုံးလိုက်လေ၏။

"သိပ်မှန်တာပေါ့ကွာ .... တို့ တစ္ဆေဖြူဂိုဏ်း ထင်ပေါ်ကျော်

ကြားလာတာတောင် မီးနဂါးက သိပ်ပြီးသဘောကျတာ မဟုတ်ဘူး၊ သူတို့က ကျွပ်တို့ထက် ကျော်ချင်နေတာ .... "

လုံဖွေးက နန်းကုန်းမင်အား အကဲခတ်နေ၏။

တစ္ဆေဖြူဂိုဏ်းနှင့် မီးနဂါးဂိုဏ်းသည် မဟာမိတ်များဖြစ်ကြပြီး အတူလက်တွဲကာ သိုင်းလောကအား လွှမ်းမိုးချုပ်ကိုင်နိုင်ရန် ကြံစည်ကြိုးစားခဲ့ကြသည်။ အောင်မြင်သင့်သလောက်လည်း အောင်မြင်နေပြီဖြစ်ပါသည်။

နန်းကုန်းမင်က ဆက်ပြောသည်။

"မီးနဂါးဟာ တစ္ဆေဖြူဂိုဏ်းနဲ့ မဟာမိတ်ဖွဲ့ထားပေမယ့် သူတို့ထက်ဝိုင်းပြီး အရှိန်အဝါကြီးမားသွားမှာကို မလိုလားဘူး .... ဒါကြောင့် သူတို့ကို သတိနဲ့ ဆက်ဆံရမယ် .... နောက်ဆိုရင် တစ္ဆေဖြူဂိုဏ်းက ပေးတဲ့အမိန့်နဲ့ တာဝန်ကို လိုက်နာထမ်းဆောင်ရတဲ့ အခြေအနေမျိုးဖြစ်အောင် အခုကတည်းက စီမံထားရမယ် .... "

လုံဖွေးက ....

"ကောင်းပါပြီ .... သည်ကိစ္စကို .... "

နန်းကုန်းမင် လက်ကာပြလိုက်သည်။

"မင်းဘာမှ လုပ်စရာမလိုဘူး .... ကျွပ်ကိုယ်တိုင် အကြောင်းကြားလိုက်မယ် .... "

"ဟုတ်ကဲ့ .... "

"ကဲ .... မင်းသွားပေတော့ .... သိုင်းငါးဖော်ကို အမြန်ဆုံးလွှတ်နိုင်အောင် စီစဉ်ပါ .... မင်းမှာ ဒီတာဝန်တစ်ခုပဲ ရှိပါတယ် .... ဒါကိုပဲ စိုက်စိုက်မတ်မတ် ဦးဆောင်နိုင်အောင် တာဝန်တစ်ခုပဲ ပေးတာ .... "

"ကောင်းပါပြီဗျာ .... "

လုံမွေးက ဦးညွတ်ကာ ထွက်သွားလေတော့သည်။

နန်းကုန်းမင်သည် အခန်းထဲ၌ တစ်ယောက်တည်းကျန်ရစ်ခဲ့တော့မှ သက်ပြင်းချလိုက်သည်။ မီးနဂါးသည် သိုင်းလောကအား လွှမ်းမိုးရန် ကြံစည်ရင်း နေဘီလူးနှင့် ပေါင်းမိခဲ့သည်။ သူကလည်း ကွင်းမိသားစု၌ တာဝန်ထမ်းဆောင်ရင်း နေဘီလူးနှင့် ပေါင်းမိခဲ့သည်။

သူ .... နေဘီလူးနှင့် မီးနဂါးတို့သုံးယောက် ပေါင်းလိုက်သော အခါ သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော "ကွင်းဂေဟာ" ချန်းစံအိမ်နှင့် ကောင်းမိသားစုခြံဝန်းတို့မျာ မလွှမလှပျက်စီးပျောက်ကွယ်သွားခဲ့ကြရသည်။

မီးနဂါး(ဝါ)ကုန်းစွန်းချီ၏မြို့နဂါးဂိုဏ်းသည်လည်း သိုင်းလောကၽ လျှမ်းလျှမ်းတောက်အောင်မြင်ကျော်ကြားလာသည်။

ထို့အတူ ....

နေဘီလူးဖွဲ့စည်းလိုက်သည့် တစ္ဆေဖြူဂိုဏ်းကလည်း အောင်မြင်လာသည်။

သူသည် တစ္ဆေဖြူဂိုဏ်း၏ အကြီးအကဲရာထူးကို ရရှိခဲ့ပြီး သိုင်းလောကၽ လက်မထောင်နိုင်ခဲ့သည်။

နေဘီလူး၏စွမ်းဆောင်မှုများကြောင့် တစ္ဆေဖြူဂိုဏ်းသည် မီးနဂါးဂိုဏ်းထက်ဝိုၽ ကျော်ကြားလာလေသောအခါ ....

နန်းကုန်းမင် မဲ့ပြုံးပြုံးလိုက်လေသည်။

"နေဘီလူးဟာ တစ္ဆေဖြူဂိုဏ်းကို အကြောင်းမဲ့ထူထောင်ခဲ့တာမှ မဟုတ်ဘဲ .... တစ်နေ့ကျရင် မီးနဂါးဂိုဏ်းကို ဖယ်ရှားပစ်ဖို့ ကြိုတင်ခြေလှမ်းပြင်ထားတာ .... ဒါကို သူလည်း ရိပ်မိမှာပါလေ"

မီးနဂါးနှင့် တစ္ဆေဖြူဂိုဏ်းတို့ လက်တွဲဖြတ်လိုက်ကြပြီဆိုသည်နှင့် မဟာမိတ်အဖြစ်မှ မဟာရန်သူတော်များ ဖြစ်သွားကြလိမ့်မည်။

ဂိုဏ်းနှစ်ဂိုဏ်းထိပ်တိုက်ရင်ဆိုင်ကြပြီဆိုလျှင် "နေဘီလူး"ရှိနေခြင်းကြောင့် တစ္ဆေဖြူဂိုဏ်းအသာစီးရကာ မီးနဂါးဂိုဏ်း ပြိုကွဲပျက်စီးသွားရမည်ဟု ယုံကြည်ထားသည်။

မီးနဂါးဂိုဏ်းအား ချေမှုန်းပြီး နေဘီဘူးအား လုပ်ကြံနိုင်ခဲ့မည်ဆိုပါလျှင်။ မည်သို့နည်း။ သိုင်းလောက၏ ဦးသျှောင် မည်သူဖြစ်လာနိုင်ပါသနည်း။

နန်းကုန်းမင်သည် တစ်နေ့တွင် သိုင်းလောက၏ ထိပ်ဆုံးနေရာသို့ ကိုၽန်းသေရောက်ရှိသွားလိမ့်မည်ဟု တစ်ထစ်ချ ယုံကြည်နေမိလေသည်။

* ◆ *

အခန်း(၃၇)

သတ်ရှိသောမိန်းကလေး

မီးနဂါးဂိုဏ်းချုပ် ကုန်းစွန်းချီသည် လက်ထဲ၌ စာတစ်စောင်ကို ကိုင်ထားရင်း မျက်မှောင်ကုတ်ထားသည်။

တစ္ဆေဖြူဂိုဏ်းနှင့်အပြိုင် လျှို့ဝှက်သော တစ္ဆေဖြူဂိုဏ်း ပေါ်ပေါက်လာသောကြောင့် သဘောမကျသဖြင့် စုံစမ်းခဲ့ရာ နောက်ပိုင်းတွင် နေဘီလူးထူထောင်ခြင်းဖြစ်ကြောင်း သိခဲ့ရသည်။ နေဘီလူးက နန်းကုန်းမင်က ဦးဆောင်စေခဲ့ကြောင်း သိခဲ့ရသည်။ နေဘီလူးနှင့် နန်းကုန်းမင်တို့သည် တစ္ဆေဖြူဂိုဏ်းအား ထူထောင်ကာ လျှို့ဝှက်ထားခဲ့ကြသော်လည်း နောက်ပိုင်း၌ ကုန်းစွန်းချီက သိရှိသွားသဖြင့် အမှန်အတိုင်း ဝန်ခံခဲ့ကြသည်။

မီးနဂါးဂိုဏ်းနှင့် တစ္ဆေဖြူဂိုဏ်းတို့အား ညီအစ်ကိုဂိုဏ်းအဖြစ် သတ်မှတ်ခဲ့ကြသည်။

သို့သော် ....

မီးနဂါးကုန်းစွန်းချီသည် တစ္ဆေဖြူဂိုဏ်း ပေါ်ပေါက်လာသည်

ကို မည်သည့်နည်းနှင့်မျှ သဘောမကျနိုင်ခဲ့ချေ။

"တစ္ဆေဖြူဂိုဏ်းသား သိုင်းလောကမှာ ခြေကုပ်ရာသွားမယ်ဆိုရင် ငါ့ရဲ့မီးနဂါးဂိုဏ်းကို ဘေးချိတ်ထားလိုက်ကြတော့မှာပဲ .... နေဘီလူးက တစ္ဆေဖြူဂိုဏ်းကို ထူထောင်ခဲ့တာ ဂိုးသားတဲ့ကိစ္စ မဖြစ်နိုင်ဘူး .... ဂိုဏ်းတစ်ဂိုဏ်းရှိနေရင် လုံလောက်နေပါပြီ .... သည်တော့သူက တစ္ဆေဖြူဂိုဏ်းကို တည်ထောင်တယ် .... ဒါဟာ အပြိုင်သဘောပဲ .... ဘယ်နည်းနဲ့မှ ရှေ့အလာအလာ ကောင်းမှာ မဟုတ်ဘူး"

ကုန်းစွန်းချီသည် တစ္ဆေဖြူဂိုဏ်းနှင့် နေဘီလူးဂိုဏ်းတို့၏ လှုပ်ရှားမှုများကို မျက်ခြည်မပြတ်စောင့်ကြည့်နေခဲ့တော့သည်။ အောက်လမ်းသိုင်းလောကသားများသည် အထက်လမ်းသိုင်းသမားများကဲ့သို့ မဟုတ်ကြဘဲ အချင်းချင်းအပေါ်၌ပင် မယုံသင်္ကာရှိကြတတ်ကြသည်။ သစ္စာမဲ့တတ်ကြသည်။

မီးနဂါးသည် မဟာရန်သူတော်များဖြစ်ကြသည့် ကျင်းဂေဟာ ဗုန်းစံအိမ်နှင့် ကောင်းခြံဝန်းတို့အား ချေမှုန်းပြီးလျှင် သိုင်းလောက၌ ပိုင်ဘက်ကင်းမဲ့သွား၏။

ယခုတော့ ....

နေဘီလူးနှင့် တစ္ဆေဖြူဂိုဏ်းသည် သူ၏ပြိုင်ဘက်ပမာ ပေါ်ပြန်ချေပြီ။

"နေဘီလူးဟာ ဉာဏ်များတယ် .... သိုင်းပညာလည်း ထက်မြက်တယ် .... သူ့ကိုအရင်က ငါ့ရန်သူတွေကို ရင်ဆိုင်သလို ရင်ဆိုင်လို့ မဖြစ်သေးဘူး .... ကြိုတင်နည်းလမ်းရှာထားရလိမ့်မယ် .... ပရိယာယ်ရှိထားရမယ် .... သူ့ထက်ခြေတစ်လှမ်းဦးအောင် ဦးဆောင်ထားရမယ် .... "

ဒုစရိုက်သမားများသည် မြွေမြွေချင်းခြေမြင်တတ်ကြသည်တကား .... ။

"ထိယန်မြို့က မိန်းကလေးဟာ ဂရုစိုက်ရမယ့်လူတစ်ယောက်ပဲ .... ဘာပဲဖြစ်ဖြစ် တစ္ဆေဖြူဂိုဏ်းနဲ့ ပူးပေါင်းဆောင်ရွက်တာ မမှားပါဘူးလေ .... ဒါမှ ငါ့ကို ယုံကြည်စိတ်ချနေကြမှာ .... သူတို့ရဲ့ခွေးလှမ်းကို အနီးကပ် စောင့်ကြည့်ဖို့ လွယ်ကူသွားလိမ့်မယ် .... "

တစ္ဆေဖြူဂိုဏ်းနှင့် ပတ်သက်၍ လစ်လျူရှုထားကြောင်း ပြသလိုက်လျှင် သူအပေါ် ပေါ့ပေါ့တန်တန် သဘောထားသွားကြလိမ့်မည်ဟု ယူဆသည်။

ထိုသို့ ပေါ့ပေါ့တန်တန် သဘောထားသည်နှင့် တစ္ဆေဖြူဂိုဏ်းအား ဖြိုခွဲရန် လွယ်ကူသွားမည် မဟုတ်ပါလား။ ကုန်းစွန်းချီ ပြုံးလိုက်သည်။

မလှမ်းမကမ်း၌ မလှုပ်မယှက်ရပ်နေသည့် ကိုယ်ရံတော်ဂုဏ်ဆိုးဘက်သို့ လှည့်လိုက်၏။

ဌက်ဆိုးက ကျောက်ရုပ်တစ်ရုပ်ပမာ ရပ်နေခြင်း ဖြစ်သည်။

ရန်သူမိသားစုအား ဖြိုခွဲကာ မီးနဂါးဂိုဏ်းအောင်မြင်လာပြီးသည့်နောက်တွင် အခြေအနေအရပ်ရပ် ပြောင်းလဲသွားခဲ့သည်။

အောင်မြင်မှုနှင့် သိုင်းလောကဌ် တွင်ကျယ်လာမှုသည် အစွဲအရေးများစွာ ဖြစ်ပေါ်လာစေသည်။

ဌက်ဆိုးနှင့် သံမဏိတို့ ဆရာတပည့်များ သိုင်းပညာတိုးတက်လာသဖြင့် သူ ပို၍ အားကိုးအားထား ပြုလာနိုင်သည်။

ကုန်းစွန်းချီက မေးလိုက်သည်။

"ဌက်ဆိုး .... တို့လူတွေရဲ့ အခြေအနေ ဘယ်လိုရှိသလဲ"

ဌက်ဆိုး ဦးညွှတ်လိုက်သည်။

"အကောင်းဆုံးအနေအထားမှာ ရောက်နေပါပြီ .... "

"ဟုတ်ပြီ .... "

ကုန်းစွန်းချီ သဘောကျသွားသည်။

"သူတို့ကို ထိယန်မြို့မှာ ထွက်ပေါ်လာတဲ့ မိန်းကလေးတစ်ယောက်ကို ဆုံးမဖို့ လွှတ်ရလိမ့်မယ် .... "

ဌက်ဆိုး ဦးညွှတ်လိုက်ပြန်သည်။

"ကောင်းပါပြီ .... "

ကုန်းစွန်းချီက သတိပေးလိုက်သည်။

"အဲသည့်မိန်းကလေးကို အရှင်လိုချင်တယ်နော် .... "

ဌက်ဆိုးက ခေါင်းညိတ်ပြလိုက်လေ၏။

* ◆ *

အိမ်ကလေးထဲ၌ ဆေးနံ့များ လွှင်နေ၏။

မင်းဝန်းရီသည် ခန္ဓာကိုယ်အပေါ်ပိုင်း အကျီမပါဗလာကျင်းလျက်ရှိပြီး သူ၏ဝဲဘက်ပခုံးမှ လက်မောင်းတစ်လျှောက် ပတ်တီးများစပ်ကြပ်ကြပ်စည်းထားသည်။

ကောင်းစုဖုံးက မလှမ်းမကမ်းမှ အကဲခတ်ကြည့်နေ၏။

မင်းဝန်းရီအား ဆေးကုပေးသူမှာ အဘိုးအိုတစ်ယောက်ဖြစ်ပါသည်။

ထိုအဘိုးအိုသည် တာယင်းလမ်းဆုံ၏ တောင်ဘက်ဆယ်မိုင်

အကွာတွင် နာမည်ထင်ရှားသော သမားတော်တစ်ယောက် ဖြစ်ပါသည်။

သမားတော်ကြီးသည် မင်းဝန်းရီအား ဆေးလိမ်းကာ စိတ်ရှည်လက်ရှည် ပတ်တီးစည်းပေးပြီးလျှင် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ဘာမှ စိုးရိမ်စရာ မလိုတော့ပါဘူး .... ကျွဲက အကောင်းဆုံး အကြောဆေးကို အသုံးပြုထားပါတယ် .... ငါးရက်လောက်နေလို့ ပတ်တီးဖြေလိုက်တာနဲ့ မင်းရဲ့ ဝေဒနာ သက်သာပျောက်ကင်းသွားမှာပါ .... "

မင်းဝန်းရီက ....

"ဟုတ်ကဲ့ .... ကျေးဇူးတင်ပါတယ်ခင်ဗျာ .... "

ကောင်းစုဖုံး ပြုံးလိုက်သည်။

"သည်လိုဆိုရင် ကျွန်တော်တို့ ခရီးဆက်လို့ဖြစ်ပြီပေါ့နော်"

သမားတော်ကြီး ခေါင်းညိတ်လိုက်သည်။

"ရပါပြီကွယ် .... ငါးရက်ပြည့်တာနဲ့ ပတ်တီးဖြေလိုက်ရုံပါပဲ၊ ဘာမှအခက်အခဲ မရှိပါဘူး .... ကောင်းသွားမှာပါ .... "

"ကျေးဇူးပါပဲခင်ဗျာ .... "

သမားတော်ကြီးက စေတနာအပြည့်ဖြင့်ပြောသည်။

"မောင်ရင်လေးတို့ အရေးကြီးဘူးဆိုရင် ကျွဲဆီမှာနေလို့ ဖြစ်ပါတယ် .... ငါးရက်ပြည့်မှ ပတ်တီးဖြေပြီးသွားကြပါလား .... "

မင်းဝန်းရီက ပြေပြစ်စွာ ပြောသည်။

"ရပါတယ်ခင်ဗျာ .... ကျွန်တော်တို့မှာ အရေးကြီးတဲ့ ကိစ္စရှိနေတာကြောင့် မသွားလို့ မဖြစ်လို့ပါ .... "

– "သည်လိုဆိုရင်လည်း ပြီးတာပါပဲကွယ် .... "

သမားတော်ကြီးက ခွင့်ပြုလိုက်လျှင် ကောင်းစုဖုံးနှင့် မင်းဝန်းရီတို့သည် နှုတ်ဆက်ကာ ထွက်လာခဲ့ကြသည်။ သူတို့သည် သမားတော်ကြီးအား ထိုက်ထိုက်တန်တန် ငွေကြေးများပေးခဲ့ကြသည်။ သူတို့သည် သမားတော်ကြီးထံမှ ထွက်ခွာလာခဲ့ကြတော့သည်။

လမ်းကတစ်စထက်တစ်စ ကျယ်ဝန်းလာသည်။

လမ်းဘေးဘက်၌ သစ်ပင်ချုံနွယ်များ တောအုပ်များ ရှိနေပြီး ဝဲဘက်၌ လယ်ကွင်းများ ရှိနေသည်။

အဝေးတွင် မှိုင်းညို့ညို့တောင်တန်းကြီးများကို တွေ့မြင်လာရသည်။

မြို့ရွာများသည် အနေက်ဘက်အတော်ဝေးဝေး၌ ကျန်ရစ်ခဲ့ပြီ ဖြစ်ပါသည်။

သမားတော်ကြီး နေထိုင်သည့် ရွာကလေးနှင့် အတော်ဝေးဝေးသို့ ရောက်လာတော့မှ ကောင်းစုဖုံးက လှမ်းပြောလိုက်သည်။

"မင်းဝန်းရီ .... တကယ်ဆိုရင် မင်းရဲ့ဒဏ်ရာ ရှင်းရှင်းပျောက်ကင်းသွားတဲ့အထိ သမားတော်ကြီးဆီမှာ နေဖို့ကောင်းတာကွ"

မင်းဝန်းရီ ပြုံးလိုက်သည်။

"ဒါပေမယ့် နေလို့မဖြစ်ဘူးဆိုကာ မင်း သိပါတယ်လေ"

ကောင်းစုဖုံး ခေါင်းညိတ်လိုက်သည်။

"ဒါအမှန်ပဲကွ .... မင်းဒဏ်ရာရသွားလို့ သမားတော်ဆီမှာ ဆေးကုလိမ့်မယ်ဆိုတာကို တစ္ဆေဖြူဂိုဏ်းက မသိဘဲနေမှာ မဟုတ်ဘူး .... သူတို့က အလွတ်မပေးဘဲ လိုက်လာကြမှာ .... ဆေးကုပေးရင်ကောင်းလားဆိုပြီး သမားတော်ကိုပါ ရန်ရှာနေမှာ စိုရိမ်ရတယ် ....

တို့ထွက်လာတာ အကောင်းဆုံးပဲ .... "

မင်းဝန်းရိုက ညည်းတွားလိုက်လေ၏။

"ငါ ဒဏ်ရာရသွားတယ်ဆိုတာကိုသာ ဆရာသိသွားရင် ကျိန်းသေ အပြစ်တင်မှာပဲ .... ဆရာဟာ သူ့ရဲ့တပည့်တွေကို သိုင်းလောကမှာ လူတကာမော်ကြည့်ရတဲ့ အခြေအနေမျိုး ရောက်စေချင်တာကွ"

ကောင်းစုံးက နှစ်သိမ့်လိုက်သည်။

"သည်လောက်လည်း တွေးပူမနေပါနဲ့ကွာ .... ဆရာနိုင်းတို့ အတိုင်း တာဝန်ကျေအောင် မင်း ဆောင်ရွက်နိုင်ခဲ့တာပဲ မဟုတ်လား သံမဏိရှောင်ရဲ့ သိုင်းပညာက ထူးဆန်းနေလို့ အမှတ်တမဲ့ ဖြစ်သွားပြီး ဒဏ်ရာရသွားတာ အပြစ်မဟုတ်ပါဘူး .... ပြောမယ်သာ ပြောရတာ သံမဏိရှောင်ဟာ အတော်ကို ကြောက်စရာကောင်တဲ့ လူတစ်ယောက်ပဲကွ .... ငါတောင် သေတော့မလို့ သီသီကလေးလိုသွား တယ် .... "

သူတို့သည် ဆရာထံမှ ထိပ်တန်းသိုင်းပညာများ သင်ခဲ့ရသဖြင့် သိုင်းလောကဌ် ကောင်းစွာရပ်တည်နိုင်မည်ဟု ယုံကြည်ထားကြသည်။

ဆရာတာဝန်ပေးလိုက်သည့်အတိုင်း အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြသဖြင့် ကိုယ့်ကိုယ်ကိုပို၍ ယုံကြည်လာကြသည်။

သို့သော် ....

ထူးခြားသော သိုင်းပညာရှိသည့် သံမဏိရှောင်နှင့် ရင်ဆိုင်လိုက်ရသောအခါ အခက်ကြုံခဲ့ရပြန်သည်။

"သိုင်းလောကထဲမှာ ကျင်လည်ကျက်စားဖို့ဆိုတာ ငါတို့ အတွေ့အကြုံအများကြီး လိုနေသေးတာပဲ .... သံမဏိရှောင်လို လူစားမျိုးတွေ သိုင်းလောကမှာ အများကြီး ရှိသေးတယ် .... "

မင်းဝန်းရိုက ....

"သိပ်လည်း စိတ်မပျက်ပါနဲ့ကွာ .... သည်လိုဖြစ်လာနိုင်တာကို ဆရာ သိထားလို့ တာဝန်ထမ်းဆောင်ပြီးတာနဲ့ သိုင်းလောကထဲ ခြောက်လလုည့်လည်သွားလာပြီး အတွေ့အကြုံ ရှာခွင့်ပြုခဲ့တာပဲ မဟုတ်လား .... "

မှန်ပေသည်။ သူတို့၏ဆရာသည် တာဝန်ကျေပြန်စွာ ထမ်းဆောင်နိုင်ပြီဆိုလျှင် ခြောက်လအတွေ့အကြုံရှာခွင့် ပြုထားခဲ့လေသည်။

ခြောက်လပြည့်မှ ဆရာထံ ပြန်သွားရမည် ဖြစ်ပါသည်။

"ခြောက်လပြည့်လို့ ဆရာဆီကို ပြန်သွားတဲ့အခါ မင်း ဒဏ်ရာရခဲ့တဲ့အကြောင်း မပြောဘဲနေရင် ကောင်းမယ် ထင်တယ် .... "

မင်းဝန်းရိ ရယ်မောလိုက်လေသည်။

"ငါတို့မပြောဘဲ ဆရာကငါတို့အကြောင်းကို သိနေမယ်ဆိုရင်ကော .... "

ကောင်းစုံး ငိုင်သွားလေသည်။

မင်းဝန်းရိုက ....

"ဆရာဟာ အင်မတန်ထူးခြားတဲ့လူတစ်ယောက်ဆိုတာ မင်းသိပါတယ် .... ကဲ .... စိတ်ပျက်စရာတွေ တွေးနေမယ့်အစား သိုင်းလောကထဲသွားဖို့ စဉ်းစားတာက ပိုကောင်းလိမ့်မယ် .... "

ကောင်းစုံး သဘောတူလိုက်လေသည်။

"ဟုတ်တယ် .... နှစ်ပေါင်းများစွာကတည်းက မြို့တော်ကြီး ဖြစ်ခဲ့ဘူးတဲ့ လုယန်မြို့ကို မင်း ဘယ်လိုသဘောရသလဲ .... "

မင်းဝန်းရိုက ....

"လုယန်မြို့ဟာ သိုင်းလောကသားတွေ ကျင်လည်ကျက်စား နေတဲ့ မြို့တော်ကြီးတစ်ခုပဲ .... သွားကြတာပေါ့ .... "

နှစ်ယောက်သား စိတ်သစ်လူသစ်ဖြစ်သွားကြသည်။

ရွှင်လန်းတက်ကြွသော စိတ်ထားဖြင့် လုယန်မြို့ဆီသို့ ဦးတည် ခရီးနှင်လိုက်ကြလေတော့သည်။

* ◆ *

ချယ်ရီတောင်ကုန်း .... ။

ချယ်ရီတောင်ကုန်းသည် လုယန်မြို့သို့ သွားရာလမ်းပေါ်၌ တည်ရှိသော တောင်ကုန်းဖြစ်သည်။

ချယ်ရီတောင်ကုန်းဟု အမည်ရှိသည့်အတိုင်း တောင်ကုန်းတစ် ခုလုံး ချယ်ရီပင်များ ဖုံးလွှမ်းထားသည်။

ချယ်ရီတောင်ကုန်းသည် အလွန်သာယာလှပသော တောင် ကုန်းတစ်ခုဖြစ်ပြီး တောင်ခြေမှ ချယ်ရီမြို့ကလေးမှာလည်း နွေ၊ မိုး၊ ဆောင်းသုံးရာသီစလုံး စည်ကားသိုက်မြိုက်နေသော မြို့ကလေးဖြစ်နေ ပါသည်။

လုယန်မြို့သို့ ဦးတည်လာကြသည့် ခရီးသည်အများစုသည် ချယ်ရီမြို့၏ကလေးဌ တည်းခိုကာ ချယ်ရီတောင်ကုန်းပေါ်ရှိ ကဗျာ ဆရာကြီးဟိုး၏အုတ်ဂူသို့ သွားရောက်ကြည့်ရှုဂါရဝပြုတတ်ကြသည်။

ကဗျာဆရာကြီးဟိုးသည် တိုင်းပြည်နှင့် အဝှမ်း ထင်ရှားကျော် ကြားသော စာဆိုတော်ကြီးတစ်ယောက် ဖြစ်ခဲ့သည် မဟုတ်ပါလား။

လုယန်မြို့သို့ ဦးတည်လာခဲ့ကြသော ကောင်းစုဖုံးနှင့် မင်းဝန်း ရီတို့သည် ချယ်ရီမြို့ကလေးသို့ ရောက်ရှိလာသောအခါ တည်းခိုခန်း တစ်ခုဌ ဝင်ရောက်တည်းခိုလိုက်ကြလေသည်။

မင်းဝန်းရီ၏ ဒဏ်ရာသက်သာပျောက်ကင်းသွားပြီး ပတ်တီး ဖြေလိုက်ပြီ ဖြစ်သည်။

လမ်းခရီးတစ်လျှောက် မည်သည့်အနှောင့်အယှက်မှ မတွေ့ခဲ့ ရသဖြင့် နှစ်ယောက်သား ရွှင်ရွှင်လန်းလန်း ဖြစ်နေကြသည်။

တည်းခိုခန်းဌ အခန်းငှားရမ်းပြီး အနားယူစားသောက်လိုက် ကြသည်။ ပြီးလျှင် ....

"နာမည်ကျော် ချယ်ရီတောင်ကုန်းပေါ်က ကဗျာဆရာကြီးဟို ရဲ့ ဂူဗိမာန်ကို သွားကြည့်ရင်ကောင်းမယ် ထင်တယ် .... "

မင်းဝန်းရီက ပြောလာသည်။

ကောင်းစုဖုံး သဘောတူလိုက်သည်။

နှစ်ယောက်သား စိတ်တူကိုယ်တူဖြင့် ဆရာဟို၏ဂူဗိမာန်သို့ ထွက်လာခဲ့ကြသည်။

မြို့ပြင်တောင်ကုန်းပေါ်သို့ တက်သည့်လမ်းတစ်လျှောက်၌ ချယ်ရီပင်များ နေရာယူထားကြသည်။

ချယ်ရီပင်များပေါ်၌ ဆရာဟိုကဗျာလက်ာများ ရေးသားထား သည့် ဆိုင်းဘုတ်များ ချိတ်ဆွဲထားသည်။ ချယ်ရီမြို့သူမြို့သားများသည် သူတို့မြို့ကတို ဆရာဟိုကြောင့် ဂုဏ်ယူဝင့်ကြွားနိုင်ကြသည်ဖြစ်ရကား ဆရာဟို၏ဂူဗိမာန်ကိုလည်း ကောင်းမွန်စွာစောင့်ရှောက်ထားကြ သည်။

ကောင်းစုဖုံးနှင့် မင်းဝန်းရီတို့သည် ကဗျာလက်ာများကို ဖတ်ရှု

ရင်း တောင်ကုန်းပေါ်သို့ တက်လာခဲ့ကြရာ တစ်နေရာသို့အရောက်တွင် တောင်ကုန်းပေါ်မှ ဆင်းလာသည့် အစိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်အား တွေ့မြင်လိုက်ရသည်။

ထိုမိန်းကလေးသည် တောင်ကုန်းပေါ်ရှိ ဆရာဟို၏ဂူဖိမှ ကို သွားရောက်ကြည့်ရှုလေ့လာပြီး ပြန်ဆင်းလာခဲ့ပုံရလေသည်။

ကောင်စုံးနှင့် မင်းဝန်းရီတို့ ခြေလှမ်းရပ်သွားကြ၏။ ပတ်ဝန်းကျင်ကို မှေလျှော်ကာ အစိမ်းရောင်ဝတ်မိန်းကလေးအား ငေးမော်မိသွားကြ၏။

ထိုမိန်းကလေးမှာ အလှပြင်ဆင်ခြင်းမရှိ။ ယဉ်ယဉ်ကလေး ချောမောလှပနေသည် မဟုတ်ပါလား။

သူမသည် ကောင်းစုံးတို့က ငေးမော်ကြည့်နေကြခြင်းကြောင့် မျက်မှောင်ကုတ်သွား၏။

တောင်ကုန်းအောက်ဘက်သို့ ခပ်သွက်သွက်ဆင်းသွားတော့သည်။

မိန်းမချောလေး မြင်ကွင်းမှပျောက်ကွယ်သွားတော့မှ ကောင်းစုံးတို့ သတိဝင်လာကြလေသည်။

အချင်းချင်း ကြည့်လိုက်ကြသည်။

မင်းဝန်းရီ ပြုံးလိုက်သည်။

"အတော်ချောတာပဲကွ ...."

ကောင်းစုံး ရယ်မောလိုက်လေသည်။

"ဟုတ်တယ် .... ငါတစ်သက်မှာ သည်လောက်ချောမောလှပတဲ့ မိန်းကလေးမျိုး မတွေ့ဖူးသေးဘူး .... "

ထိုစဉ် ....

"ဟူး .... ဟူး .... "

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာကာ တောင်ကုန်းပေါ်မှ ပြေးဆင်းလာသူနှစ်ယောက်အား တွေ့မြင်လိုက်ရသည်။

ထိုလူနှစ်ယောက်သည် ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ကာ ဓားကိုယ်စီ ခါးချိတ်ထားခြင်းကြောင့် သိုင်းလောကသားများဖြစ်ကြောင်း ကောင်းစုံးတို့ သတိပြုမိလိုက်လေသည်။

"ဟို .... မိန်းကလေးလွတ်သွားမယ် .... "

"မြန် .... မြန်လာ .... "

ထိုလူနှစ်ယောက်သည် ကောင်းစုံးတို့အား အမှုမထားဘဲ အချင်းချင်းပြောလိုက်ဆိုကာ မိန်းမချောလေးနောက်သို့ လိုက်သွားကြလေသည်။ ကောင်းစုံးတို့ ရင်ထိတ်သွားကြသည်။

"သည်လူတွေကိုကြည့်ရတာ မရိုးသားဘူးကွ .... "

"ဟုတ်တယ် .... ဟိုမိန်းကလေးကို ဒုက္ခပေးမယ် ထင်တယ်"

မင်းဝန်းရီက ....

"ကျုပ်တို့ အခြေအနေလိုက်ကြည့်ရင် မကောင်းဘူးလား"

"သဘောပဲလေ .... "

ကောင်းစုံးလည်း သဘောတူလိုက်သည်။

နှစ်ယောက်သား တောင်ကုန်းပေါ်သို့ဆက်၍ မတက်ကြတော့ဘဲ နောက်ကြောင်းလှည့်လိုက်ကြလေတော့သည်။

* ◆ *

"နတ်သမီးလေး မဟုတ်ဘဲ မကောင်းဆိုးဝါးမလေး ဖြစ်နေရင်ကော ...."

"ဟာ .... မဖြစ်နိုင်ပါဘူးကွာ ...."

မင်းဝန်းရီမှာ မိန်းမချောလေးအား တစ်စက်ကလေးမှမကောင်းဖြောမခံနိုင်အောင် ဖြစ်နေပါတော့သည်။

ကောင်းစုဖုံးက

"ကဲ .... တို့တည်းခိုမယ့်နေရာကို ပြန်ရောက်တော့မယ် .... ရှေ့ဆက်ပြီး မြို့တစ်ပတ်လျှောက်မလား .... တည်းခိုခန်းမှာဝင်ပြီး အနားယူကြတော့မလား ...."

မင်းဝန်းရီ အားမလိုအားမရ ဖြစ်နေ၏။

"ပျောက်ကွယ်သွားတာ နာတာပဲ ...."

ကောင်းစုဖုံး၏အမေးကို မဖြေဘဲ ညည်းတွားနေ၏။

ထို့ကြောင့် ကောင်းစုဖုံးက ရှေ့ဆက်လှမ်းမသွားတော့ဘဲ ခြေလှမ်းရပ်လိုက်လေသည်။

"ဟင် ...."

မလှမ်းမကမ်း၌ တွေ့လိုက်ရသူနှစ်ယောက်ကြောင့် အံ့သြသွားရသည်။

"မင်းဝန်းရီ .... ဟိုမှာ ကြည့်လိုက်စမ်း ...."

သူက ကပျာကယာ ပြောလိုက်သည်။

မင်းဝန်းရီ ကြည့်လိုက်သောအခါ လူပ်လူပ်ရှားရှား ဖြစ်သွားလေတော့သည်။

"တောင်ကုန်းပေါ်မှာတွေ့ခဲ့ရတဲ့ နှစ်ယောက်ပဲကွ ...."

"အေး ...."

ညနေဆည်းဆာအချိန် ....

တိမ်တောက်နေသောကြောင့် ဝန်းကျင်တစ်ခုလုံး လှပနေသည်ဟု ဆိုနိုင်ပါတော့သည်။

လမ်းများပေါ်၌ အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြသူများ ဥဒဟိုသွားလာနေကြ၏။

ကောင်းစုဖုံးနှင့် မင်းဝန်းရီတို့မှာ ချယ်ရီမြို့ကလေးအတွင်းသို့ ပြန်လည်ရောက်ရှိလာခဲ့ကြပြီ ဖြစ်ပါသည်။ သူတို့သည် အစိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေးနောက်သို့ လိုက်သွားကြသော်လည်း မိန်းကလေးအား မတွေ့ရတော့လဲ မျက်ခြည်ပြတ်သွား၏။

မိန်းကလေးအား တွေ့ရနိုးနိုးလိုက်လံရှာဖွေရင်း မြို့ထဲပြန်လည်ရောက်လာခဲ့ကြခြင်း ဖြစ်သည်။

ဟိုဟိုသည်သည် ရှာဖွေကြည့်ရင်း လျှောက်လာခဲ့ကြရာ သူတို့အခန်းဌားထားသော တည်းခိုခန်းသို့ပင် ပြန်လည်ရောက်ရှိလာကြလေတော့သည်။

"တကယ့်နတ်သမီးလေးပဲ .... ဖြူနှန်းခနဲ ပျောက်ချင်းမလို ပျောက်သွားတာပဲ ...."

သူ၏စကားကြောင့် ကောင်းစုဖုံးက ရယ်မောလိုက်၏။

"သူတို့နှစ်ယောက်က ဟိုမိန်းကလေးနောက်ကို လိုက်နေကြတာ ...."

"ဟုတ်တယ် .... "

ထိုလူနှစ်ယောက်သည် လမ်းဘေးရှိ သစ်ပင်တစ်ပင်အောက်၌ရပ်ကာ တစ်နေရာဆီသို့ အကဲခတ်ကြည့်နေကြသည်ကို တွေ့ခဲ့ရလေသည်။

မလှမ်းမကမ်းရှိ စားသောက်ဆိုင်လေးတစ်ဆိုင်သို့ စောင့်ကြည့်နေကြခြင်း ဖြစ်သည်။

မင်းဝန်းရီ ဝမ်းသာသွားလေ၏။

"သူတို့နှစ်ယောက်ကိုတွေ့ရရင် ဟိုမိန်းကလေးကိုလည်း တွေ့ရနိုင်တာပေါ့ .... သူဟာ .... "

ရုတ်တရက် သူ၏စကားတစ်ဝိုင်းတစ်စဖြင့် ရပ်တန့်သွားသည်။

အဘယ်ကြောင့်ဆိုသော် စားသောက်ဆိုင်လေးထဲမှ မိန်းမချောလေး ထွက်လာသည်ကို တွေ့မြင်လိုက်သောကြောင့်ပေတည်း။

မင်းဝန်းရီ ဝမ်းသာအားရ ဖြစ်သွားသည်။

"ဟဲဟဲ .... နပူးစာပါလို့ ပြန်တွေ့တာပဲ .... "

သူ၏စကားကြောင့် ကောင်းစုံး ရယ်မောလိုက်လေသည်။ အစိမ်းရောင်ဝတ် မိန်းမချောလေးသည် စားသောက်ဆိုင်ထဲမှ ထွက်ကာ ဟိုဟိုသည်သည် ကြည့်လိုက်၏။

ထို့နောက် ကောင်းစုံးတို့ အခန်းငှားထားသည့်တည်းခိုခန်းဆီသို့ ဦးတည်လှမ်းသွားသည်ကို တွေ့လိုက်ရ၏။ မင်းဝန်းရီ ပိုပြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ကျွပ်တို့ အခန်းငှားထားတဲ့ တည်းခိုခန်းမှာ တည်းခိုမလို့ ထင်တယ် .... "

မိန်းမချောလေးသည် တည်းခိုခန်းထဲ ဝင်ရောက်ကာ မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။

သူမအား အကဲခတ်စောင့်ကြည့်နေသူနှစ်ယောက်လည်း အချင်းချင်း တီးတိုးတိုင်ပင်ပြီးနောက် အလျင်အမြန် ထွက်သွားကြလေတော့သည်။

ကောင်းစုံးနှင့် မင်းဝန်းရီတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေတော့သည်။

ကောင်းစုံးနှင့် မင်းဝန်းရီတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။

မင်းဝန်းရီက ပြုံးလိုက်သည်။ အပြုံးက ကျေနပ်ပြုံးဖြစ်သည်။

"ပွဲကြိုးပွဲကောင်းပဲ .... "

သူက နှစ်ထောင်းအားရစွာ ပြောလိုက်ကြလေတော့သည်။

* ◆ *

"တုံ .... "

အဝေးမှ မောင်းခေါက်သံတစ်ချက် ထွက်ပေါ်လာသည်။ ည၌ တစ်ချက်တီးပြီ ဖြစ်သည်။

စည်ကားသိုက်မြိုက်ခဲ့သော ချယ်ရီမြို့ကလေးမှာ ညအချိန်တွင် တိတ်ဆိတ်ငြိမ်သက်စွာ အိပ်မောကျနေပါတော့သည်။ ည၌နက်ပြီဖြစ်သော်လည်း ဝိန်းဝိတ်အောင် မှောင်မိုက်နေခြင်း မရှိပါ။

ကောင်းကင်၌ လဝန်းထိန်ထိန်သာနေသည် မဟုတ်ပါလား။

အေးမြသော လရောင်သည် ဝန်းကျင်တစ်ခုလုံးသို့ ဖြာကျနေသည်။ အုန်းမောင်းခေါက်သံထွက်ပေါ်လာပြီး မရွှေ့မနှောင်းမှာပင် တည်းခိုခန်းလေး ပတ်ဝန်းကျင်၌ လူရိပ်များ ထွက်ပေါ်လာတော့သည်။

သူတို့သည် တည်းခိုခန်းတစ်ခုလုံးအား ဝိုင်းရံထားလိုက်ကြသည်။

တစ်ဖန် ....

လူတစ်ယောက်က တည်းခိုခန်းထဲသို့ ထိုးဖောက်ဝင်ရောက်သွားသည်။

ထိုလူသည် မိန်းမချောလေး တည်းခိုနေသော အခန်းအနီးသို့ လျင်မြန်စွာ ချဉ်းကပ်သွား၏။

သူ၏လက်ထဲ၌ မှုတ်ပြောင်းရှည်တစ်ခုရှိနေပြီး အခန်းရှေ့သို့ ရောင်လျှင်တံခါး ပတ္တာကြားမှနေ၍ အခန်းအတွင်းသို့ တစ်စုံတစ်ခု မှုတ်သွင်းလိုက်သည်။

ချယ်ရီပန်းရနံ့ သင်းပျံနေသော လေပြည်တွင် စိမ်းရွှေ့ရွှေ့နံ့ ထွက်ပေါ်လာသည်။

မလှမ်းမကမ်းရှိ အမှောင်ရိပ်ထဲ၌ လူနှစ်ယောက်ရှိနေပါ၏။

ကောင်းစုဖုံးနှင့် မင်းဝန်းရီတို့ပင် ဖြစ်ပါသည်။ သူတို့သည် ဤသို့ ဖြစ်လာမည့် အခြေအနေကို ကြိုတင်သိရှိထားကြသည်။

မင်းဝန်းရီက ....

"အခန်းထဲသို့ မေ့ဆေးငွေ့ မှုတ်သွင်းပြီး ဟိုမိန်းကလေးကို လက်ရဖမ်းဖို့ ကြိုးစားတာပဲ .... "

ကောင်းစုဖုံး ခေါင်းညိတ်လိုက်သည်။

"သူတို့ဟာ တည်းခိုခန်းအပြင်ဘက်ကနေပြီး အထပ်ထပ်ဝိုင်းရံထားကြတယ် .... လူစုလူဝေးနဲ့ လာပုံထောက်ရင် မိန်းကလေးကို မပေါ်ဆစုံတဲ့ သဘောပဲ .... "

မင်းဝန်းရီ မျက်မှောင်ကုတ်သွားသည်။

"မိန်းကလေးကို မပေါ်ဆရဲကြဘူး ဟုတ်လား .... "

ကောင်းစုဖုံး ပြုံးလိုက်သည်။

"သူတို့ဂရုမစိုက်ကြဘူးဆိုရင် လူစုလူဝေးနဲ့ လာစရာအကြောင်း မရှိဘူးပေါ့ .... "

မင်းဝန်းရီ သက်ပြင်းချလိုက်လေသည်။

မိန်းမချောလေးမှာ ခေသူမဟုတ်ကြောင်း ပေါ်လွင်နေပြီ မဟုတ်ပါလား။

ထိုအချိန်မှာပင် မွေ့ဆေးငွေ့များ အခန်းတွင်းသို့ မှုတ်သွင်းခဲ့သူသည် အခန်းတံခါးဖွင့်ဖို့ ကြိုးစားနေသည်ကို တွေ့မြင်ရလေသည်။

"သူ့ရဲ့ မွေ့ဆေးကြောင့် အခန်းထဲက မိန်းကလေးမွေ့မျော်သွားပြီကို ယူဆနေပုံရတယ် .... "

ကောင်းစုဖုံး၏စကားကို မင်းဝန်းရီက စောဒက တက်လိုက်လေသည်။

"ဟုတ်တယ်လေ .... သည်အတိုင်း မဖြစ်နိုင်ဘူးလား .... "

ကောင်းစုဖုံး ပို၍ စိတ်ပျက်သွား၏။

မိန်းမချောလေးမှာ ခေသူမဟုတ်လျှင် သူမအား ကူညီဖို့ အခွင့်အရေးရနိုင်တော့မည် မဟုတ်ပါ။

အခွင့်အရေးရနိုင်တော့မည် မဟုတ်ပါ။

အခွင့်အရေးမရလျှင် ရင်းနှီးခွင့်လည်း ကြိုနိုင်တော့မည် မဟုတ်ပါချေ။

"ချပ် .... "

မြည်သံသဲ့သဲ့ ထွက်ပေါ်လာသည်။

အခန်းတံခါးပွင့်သွားလေပြီ။

ဤလူသည် အခန်းတွင်းသို့ ဝင်သွား၏။

မင်းဝန်းရီက ....

"မိန်းကလေးကို ဖမ်းခေါ်လာရင်တော့ ကျုပ်အကြောင်း ကောင်းကောင်းသိရမယ် .... "

သို့သော် ....

အခန်းတွင်းသို့ ဝင်သွားသူ ပြန်ထွက်မလာတော့ချေ။

အချိန်များ တရွေ့ရွေ့ ကုန်သွားလေသည်။

"တုံ .... တုံ .... "

အုန်းမောင်းခေါက်သံ နှစ်ချက်ထွက်ပေါ်လာလေသည်။

မင်းဝန်းရီ လူပ်လူပ်ရှားရှား ပေါ်လာလေသည်။

"အခြေအနေသွားကြည့်ရင်း ကောင်းမယ် .... "

ကောင်းစုဖုံးက ....

"ခဏလောက် စောင့်ကြည့်လိုက်စမ်းပါ .... ထူးခြားတာတွေ့ ရပါလိမ့်မယ် .... "

သူ၏စကားမဆုံးမီမှာပင် ထူးခြားမှုဖြစ်ပေါ်လာလေသည်။ အခန်းထဲမှ လူတစ်ယောက် ထွက်လာခြင်း ဖြစ်လေသည်။

ထိုလူက ပခုံးပေါ်၌ လူတစ်ယောက်ကို ထမ်းပိုးကာ ထွက်လာခြင်း ဖြစ်သည်။

မင်းဝန်းရီ ဒေါသထွက်သွားလေသည်။

"ဟော .... မိန်းကလေးကို ဖမ်းခေါ်သွားကြတော့မယ် "

ကောင်းစုဖုံးက လက်ကာ၍ တားလိုက်သည်။

"ခဏလောက် စောင့်ကြည့်ပါကွာ .... ထူးကိုထူးခြားလာပါလိမ့်မယ် .... "

သူ အတင်းတားမြစ်လိုက်ခြင်းကြောင့် မင်းဝန်းရီလည်း ငြိမ်သွားသည်။

ထိုလူသည် ပေါ့ပါးစွာဖြင့် တည်းခိုခန်း အပြင်ဘက်သို့ ခုန်ထွက်လာ၏။ ယခုအချိန်အထိ ကောင်းစုဖုံး ပြောသလို ထူးခြားမလာသေးချေ။ တည်းခိုခန်း အပြင်ဘက်သို့ ရောက်သည်နှင့် တစ်ဟုန်ထိုး ပြေးလွှားသွားလေသည်။ သူ၏ကိုယ်ဖော့ပညာမှာ အလွန်ကောင်းသည်။ လူတစ်ယောက် ထမ်းပြေးသည်တိုင် ပေါ့ပါးလှသည်။

တည်းခိုခန်းအပြင်ဘက်၌ အသင့်စောင့်နေကြသူများလည်း ပြေးလွှားလိုက်ပါသွားကြ၏။

ကောင်းစုဖုံးက ....

"ကဲ .... တို့လည်း ကိုယ်သွားကြမယ် .... "

ဟုပြောလျှင် မင်းဝန်းရီက စိတ်လူပ်ရှားစွာဖြင့် မှောင်ရိပ်ထဲမှ လှမ်းထွက်လိုက်လေတော့သည်။

"ဟူး .... ဟူး .... "

အဝတ်အစား လေတိုးသံများ ထွက်ပေါ်နေသည်။ တိတ်ဆိတ်နေသော ညဉ့်တွင် လူပ်ရှားနေသူများ ထွက်ပေါ်လာကြသည်။

လူတစ်စုသည် မြို့ထဲမှ ပြေးထွက်လာကြပြီး မြို့ပြင် ချယ်ရီတောင်ကုန်းလေးသို့ ရောက်ရှိလာကြလေတော့သည်။

ထိုလူငယ်အပေါင်းအဖော်များ ချက်ချင်း ရောက်ရှိလာကြလေသည်။

"ပါတုံးရဲ့ မေဆေးက အတော်ကို အသုံးဝင်တာပဲ .... "

အားလုံးဝိုင်းပြီး ချီးကျူးလိုက်ကြသည်။

တည်းခိုခန်းထဲမှ ထွက်လာသူက ပခုံးပေါ်မှ ထမ်းလာသူအား မြေပေါ်ပစ်ချလိုက်လေ၏။

"ဝုန်း .... "

ထိုလူသည် မြေပေါ်၌ သုံးလေးပတ် လိမ့်သွားကာ လရောင် အောက်သို့ ရောက်ရှိသွားလေသည်။ သူမျက်နှာလည်း ပေါ်သွားသည်။

ဣ၂တွင် ....

"ဟင် .... "

"ဟာ .... "

"ပါတုံးပါလား .... "

ဝိုင်းရံထားသူများ၏ တအံ့တသြရေရွတ်သံများ ထွက်ပေါ်လာတော့သည်။

မြေပေါ်၌ မလှုပ်မယှက် ဖြစ်နေသူကား မေဆေးဌေး အသုံးမြို့ခဲ့သည့် ပါတုံးဆိုသူ ဖြစ်နေပါတော့သည်။

ပါတုံးက မေမျှောနေပြီဆိုလျှင် သူအား ပခုံးပေါ်ထမ်းခေါ်လာသူမှာ မည်သူဖြစ်ပါသနည်း။

ထိုလူက ဦးခေါင်းကို တစ်ချက်ခါယမ်းလိုက်ရာ နှုးညံ့ပျော့ပျောင်းသော ဆံကေသာများက ပခုံးပေါ် ဝဲကျလာ၏။ ထိုလူသည် ကောင်းစုဖုံးနှင့် မင်းဝန်းရီတို့ စိတ်ဝင်စားနေကြသည့် မိန်းမချောလေးပင် ဖြစ်နေပါတော့သည်။

ကောင်းစုဖုံး ပြုံးလိုက်သည်။

"ကဲ .... ငါ မပြောဘူးလား .... တစ်ခုခု ထူးခြားတယ်ဆိုတာလေ .... "

မင်းဝန်းရီ ဝန်ခံလိုက်သည်။

"မင်းက လူကဲခတ် ဘယ်ဆိုးလို့လဲ .... "

မိန်းမချောလေး၏ ချိုလွင်သော စကားသံ ထွက်ပေါ်လာသည်။

"ရှင်တို့က ကျွန်မကို တွေ့ချင်နေကြတယ် မဟုတ်လား .... အခု ကျွန်မ ရောက်လာပြီလေ .... "

ပါတုံးဆိုသူ၏ အပေါင်းအဖော်များသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေကြတော့ဘဲ ....

"ဆုံးမလိုက်စမ်းကွာ .... "

"ယား .... "

ညာသံများပေးကာ မိန်းမချောလေးထံ ပြေးဝင်တိုက်ခိုက်လိုက်ကြလေတော့သည်။

မိန်းမချောလေးကလည်း ပြန်လည်ရင်ဆိုင်လိုက်ရာ ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာလေတော့သည်။

လရောင်ဖြင့် သာယာလှပနေသည့် ချယ်ရီတောင်ကုန်းလေးရှေ့၌ အကျည်းတန်သော တိုက်ပွဲဖြစ်ပေါ်နေသည်။ တိုက်ပွဲမှာ အကျည်းတန် လှပါသည်။ မိန်းမချောလေးတစ်ယောက်အား .... ယောကျ်ားရင့်မာကြီး ဆယ်ယောက်ခန့်က ဝိုင်းဝန်းတိုက်ခိုက်နေကြခြင်း ဖြစ်ပါသည်။

မင်းဝန်းရီက အကျိုလက်မောင်းကို ပင့်တင်လိုက်၏။

"သည်ပွဲ .... သိပ်ကြည့်မကောင်းဘူး .... "

မိန်းမချောလေးဘက်မှ ပါဝင်ကူညီရန် ဟန်ပြင်လိုက်ခြင်း ဖြစ်ပါသည်။ သို့သော် သူ ဟန်ပြင်နေရုံရှိသေးသည်။ တိုက်ပွဲက ပြီးဆုံးမတတ် ဖြစ်သွားတော့သည်။

"ဝုန်း .... "

"အား .... "

"အမယ်လေးဗျ .... "

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။ မိန်းမချောလေးဟာ ဝိုင်းရံတိုက်ခိုက်ခဲ့ကြသူများ အခြေမလှဖြစ်ကာ ဖရိုဖရဲလွှင့်စင်သွားကြလေတော့သည်။

ညလူများသည် အထိတ်တလန့် နောက်ဆုတ်လိုက်ကြခြင်း ဖြင့် တိုက်ပွဲပြီးဆုံးသွားလေတော့သည်။

မိန်းမချောလေး လက်ဝှေ့ယမ်းပြလိုက်သည်။

"ရှင်တို့ဘာသာ ထွက်သွားကြမလား .... ဒါမှမဟုတ် ကျွန်မက မောင်းထုတ်ပေးရမလား .... "

သူ၏အသံ ချိုလွင်နေသည်။

သို့သော် အဓိပ္ပာယ်က လေးနက်မှု ရှိနေ၏။

ညလူများမှာ အခြေအနေ မဟန်ကြောင်း ကောင်းကောင်းကြီး သဘောပေါက်သွားကြပြီ ဖြစ်ပါသည်။

ထို့ကြောင့် ....

"မင်း သတိနဲ့ နေပါ .... ငါတို့ကပိုပြီး ကြိုးစားဦးမယ် .... ငါတို့လက်ထဲက မင်း မလွတ်ပါဘူး .... "

တစ်ယောက်တစ်ပေါက် ခြိမ်းခြောက်လိုက်ပြီး ပြေးလွှားထွက်

သွားကြတော့သည်။

ညလူများသည် ဒရောသောပါး ပြေးသွားကြပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားကြတော့သည်။ ညလူများအား ဆုံးမလိုက်သည့် မိန်းမချောလေးက ထွက်မသွားသေးပါချေ။

သူမသည် ကောင်းစုံဖုံးတို့ ရှိနေသော နေရာဘက်သို့ မျက်နှာမူလိုက်လေသည်။

"ရှင်တို့ကော ဘာကြောင့် ထွက်မသွားကြသေးတာလဲ"

ကောင်းစုံဖုံး သက်ပြင်းချလိုက်သည်။

"တို့ရှိနေတာကိုလည်း သူ သိနေတာပဲ .... "

မင်းဝန်းရိုက ....

"သိနေတော့ ဝိုကောင်းတာပေါ့ .... "

သူသည် လရောင်အောက်သို့ လှမ်းထွက်လိုက်သည်။ ကောင်းစုံဖုံးလည်း လိုက်သွားလေသည်။ မိန်းမချောလေးက သူတို့နှစ်ယောက်အား အကဲခတ်ကြည့်လိုက်လေသည်။

"ရှင်တို့နှစ်ယောက် ထွက်မသွားကြသေးဘူးဆိုတော့ ကျွန်မနဲ့ ယှဉ်ပြိုင်ချင်လို့ ဖြစ်မယ်ထင်တယ် .... "

မင်းဝန်းရိုက ....

"ကျုပ်တို့က မင်းကို ဒုက္ခပေးဖို့ လာတာ မဟုတ်ပါဘူး"

ကောင်းစုံဖုံးက ရှင်းပြလိုက်သည်။

"တည်းခိုခန်းမှာ .... "

မိန်းမချောလေး အံ့သြသွားလေသည်။

"လက်စသတ်တော့ ရှင်တို့က ကျွန်မကို ကူညီချင်လို့ လိုက်လာကြတာကိုး .... "

"ဟုတ်ပါတယ်ဗျာ .... "

မိန်းမချောလေး ရယ်မောလိုက်လေသည်။

"ကျွန်မ တစ်ယောက်တည်း သိုင်းလောကထဲကို ဆင်းလာတော့ ကျွန်မကို ဒုက္ခပေးချင်တဲ့လူတွေ ရာနဲ့ ချီပြီး တွေ့ခဲ့ရတယ်၊ ကျွန်မကို ကူညီချင်တဲ့ လူတော့ သုံးယောက်ပဲ တွေ့ရသေးတယ်ရှင့်"

"ညီမကို သူတို့ ဘာကြောင့် ဒုက္ခပေးချင်နေရတာလဲ .... "

ထိုစဉ် ....

"ဘယ်သူက ဒုက္ခပေးချင်နေတာလဲ .... သူကို ကူညီချင်လို့ဆိုတာ မင်း နားမလည်ဘူးလား .... "

ကျယ်လောင်သော စကားသံ ထွက်ပေါ်လာသည်။

စကားသံက မိုးခြိမ်းသံပမာ ကျယ်လောင်၏။

သို့သော် မိုးပေါ်က ထွက်လာပုံမျိုး မဟုတ်ဘဲ မြေကြီးထဲမှ ထွက်လာပုံမျိုး ဖြစ်နေသည်။

ကောင်းစုဖုံးတို့ လှမ်းကြည့်လိုက်ကြသောအခါ လူပုလေးတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရလေတော့သည်။

* ◆ *

လေတ်အော်းကို

လူပုလေးသည် အရပ်သုံးပေပင် မပြည့်ပါချေ။ သို့သော် သူ၏ မုတ်ဆိတ်ရှည်များက သူ၏ အရပ်ထက်ဝက်ခန့် ရှိနေသည်။

အသက်ငါးဆယ်ကျော်ခန့်ရှိပြီဟု မှန်းဆရသည်။ မိန်းမချောလေးသည် လူပ်စီလူပ်စီဖြင့် လှမ်းလာနေသည့် လူပုလေးကိုမြင်သောအခါ ခပ်တည်တည်မနေနိုင်တော့ဘဲ ရယ်မောလိုက်လေသည်။

"ခစ် .... ခစ် .... ခစ် .... "

ကောင်းစုဖုံးနှင့် မင်းဝန်းရိတို့က အခြေအနေ စောင့်ကြည့်နေလိုက်ကြသည်။

"မင်း ဘာရယ်တာလဲ .... "

မိန်းမချောလေးက ....

"ရှင့်ကိုကြည့်ရတာ ရယ်စရာကောင်းနေလို့ပါ .... "

"ဘာ .... "

"ရှင်ဟာ သူများလို လူစဉ်မမီတဲ့ လူပုလေးတစ်ယောက်ဖြစ်နေ

ဗြိုး စကားပြောတော့ သူများထက်ကြီးကျယ်နေတော့ ရယ်စရာ မကောင်းဘူးလားရှင် .... "

"မင်း .... မင်း .... "

လူပုလေး ဒေါသထွက်သွားသည်။

"ငါ့ကို လူစဉ်မမီဘူးလို့ပြောတာ ဟုတ်လား .... "

စကားဆုံးလျှင် မြေပေါ် ခြေဆောင့်ခုန် လိုက်လေသည်။

"ဟူး .... "

လူပုလေးသည် ရုတ်တရက် အပေါ်မြောက်တက်သွားရာ ဝါးတပြန်ခန့်အမြင့်သို့ဝင် ရောက်ရှိသွားလေတော့သည်။

လူပုလေးက လေထဲကျွမ်းတစ်ပတ်ပစ်ကာ သစ်ကိုင်းတစ်ခုပေါ်၌ ခြေချလိုက်၏။

"ဟား .... ဟား .... ဟား .... ခုတော့ မင်းတို့ ငါ့ကို မော့ကြည့်နေရပြီ မဟုတ်လား .... "

လူပုလေး မခေမှန်း ရိပ်မိလိုက်သော်လည်း မိန်းမချောလေးအား မျက်နှာလိုမျက်နှာရ လုပ်ချင်နေသည့် မင်းဝန်းရီက ရှေ့သို့ လှမ်းထွက်လိုက်သည်။

"ခင်ဗျားကို မော့ကြည့်ရတာ သစ်ပင်ပေါ်က မျောက်တစ်ကောင်ကို ကြည့်ရသလို ဖြစ်နေပြီ .... "

သူ၏စကားကြောင့် မိန်းမချောလေးက ခစ်ခနဲ ရယ်မောလိုက်သော်လည်း လူပုလေးကား ဒေါသခြောင်းခြောင်းထွက်သွားလေတော့သည်။

"မင်း .... မင်း စော်ကားလိုက်တာပဲ .... သိကြအေးတာပေါ့"

ချက်ချင်းပင် သစ်ကိုင်းပေါ်မှ ခုန်ဆင်းလာသည်။

"ဝိုး .... ဝိုး .... ဝိုး .... "

သူ၏ခန္ဓာကိုယ်သည် လေပွေပမာ လေထဲမှပင် တဝိုးဝိုး မြည်အောင် လှည့်ပတ်ကာ မင်းဝန်းရီထံသို့ တိုးဝင်လာသည်။

မင်းဝန်းရီက လက်ဝါးနှစ်ဖက်၌ အတွင်းအား စုစည်းကာ ရိုက်ထုတ်လိုက်သည်။

"ဝိုး .... "

လူပုအဘိုးအို၏ မုတ်ဆိတ်ရှည်များသည် ကြာပွတ်ပမာ မင်းဝန်းရီအား ရိုက်ချလိုက်ပစ်လိုက်သည်။

မင်းဝန်းရီ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

မုတ်ဆိတ်မွေးများသည် သံကြိုးမျှင်ကလေးများကဲ့သို့ ရှိနေရကား ရိုက်ထုတ်လိုက်သည်။ လက်ဝါးနှစ်ဖက်ကို ချက်ချင်း ရုပ်သိမ်းကာ ကပျာကယာ နောက်ဆုတ်လိုက်ရသည်။

မုတ်ဆိတ်ရှည်များသည် မင်းဝန်းရီ၏လက်နှစ်ဖက်အနီးမှ ပွတ်ကာသီကာ ကျော်ဆွား၏။

ရိုက်ချလိုက်ပါက သက်သာမည် မဟုတ်ဘဲ လက်နှစ်ဖက်စလုံး သွင်သွင်ကျိုးသွားနိုင်ပါသည်။

လူပုအဘိုးအိုအား ပေါ့ပေါ့ဆဆ တိုက်ခိုက်၍ ရမည်ဖြစ်ကြောင်း ထင်ရှားလာလေတော့သည်။

လူပုအဘိုးအိုသည် မြေပေါ်ရောက်လာပြီး ....

"ဟိတ် .... "

ခြေဆောင့်ခုန်ကာ မင်းဝန်းရီ၏ ယေထိပ်ကို လက်ဝါးဖြင့် ရိုက်ချလာပြန်သည်။

ဟန်ချက်ပျက်ကာ ဖရိုဖရဲဖြစ်နေသော မင်းဝန်းရီ ဘာမှမတတ်

သာတော့ဘဲ မြေပေါ် ကဗျာကယာ လဲချကာ လူးလိမ့်ရှောင်တိမ်း လိုက်ရလေတော့သည်။

"ဟား .... ဟား .... ဟား .... "

လူပုအဘိုးအို သဘောကျစွာ ရယ်မောလိုက်လေသည်။

"မင်းကိုကြည့်ရတာ ခွေးကလေးကြောင်ကလေးတစ်ကောင်လို မြေပေါ်လိမ့်နေတာ သိပ်ကြည့်လို့ ကောင်းပါလားဟေ့ .... "

မင်းဝန်းရီ ဒေါသသွားလေသည်။

"ကျုပ်က ကြောက်နေမယ် ထင်သလား .... ခင်ဗျားကို ဆုံးမပြမယ် ကြည့်ထား .... "

ခုန်ထရင်း ခါးမှဓားကို ချွမ်းခနဲမြည်အောင် ဆွဲထုတ်ကာ လူပုအဘိုးအိုထံသို့ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

"ဝှစ် .... ဝှစ် .... "

ဓားရောင်များ ဝင်းလက်သွား၏။

ပြင်းထန်သော ဓားချက်များသည် လူပုအဘိုးအိုထံ တိုးဝင်သွားလေသည်။

"ဟား .... ဟား .... ဟား .... "

အဘိုးအိုက ဟားတိုက်ရယ်မောလိုက်လေသည်။

"မင်းက ဘာတတ်နိုင်မှာမို့လဲ .... "

သူ၏ဦးခေါင်းကို တစ်ချက်ခါယမ်းလိုက်လျှင် ....

"ဝှီး .... "

မုတ်ဆိတ်ရှည်များသည် ကြာပွတ်တစ်ချောင်းပမာ ဝှေ့ယမ်းလာကာ မင်းဝန်းရီ၏လက်ကောက်ဝတ်ကို ရစ်ပတ်လိုက်မိလေသည်။

"ဟာ .... "

ကောင်းစုဖုံး ရင်ထိတ်ကာ လွတ်ခနဲ အော်လိုက်မိသည်။

လူပုအဘိုးအိုက ....

"ဓားလွတ်လိုက်စမ်း .... "

ဦးခေါင်းကို နောက်သို့ လှန်ချလိုက်ရာ မင်းဝန်းရီအား ဆောင့်ဆွဲလိုက်သကဲ့သို့ ဖြစ်သွားလေတော့သည်။

ကောင်းစုဖုံးက ....

"ဓားမြန်မြန်လွတ်လိုက် .... "

ကဗျာကယာ အော်ပြောလိုက်လေသည်။

မင်းဝန်းရီသည် ဓားမလွတ်ဘဲ လက်ကိုနောက်သို့ ပြန်ရုပ်လိုက်မည်ဆိုပါလျှင် အဘိုးအိုဆောင့်ဆွဲလိုက်သည့် အရှိန်ဖြင့် ရှေ့သို့ ငိုက်ကျသွားမည် ဖြစ်ပါသည်။

လူပုအဘိုးအိုက လက်ဝါးဖြင့် ရိုက်ချသည်ဖြစ်စေ ခြေထောက်ဖြင့် ကန်ကျောက်လိုက်သည်ဖြစ်စေ ရှောင်တိမ်းနိုင်မည် မဟုတ်ဘဲ မရွမလှ ခံလိုက်ရတော့မည်သာ ဖြစ်သည်။

မင်းဝန်းရီ ဘာမှ မတတ်နိုင်တော့ပါ။

"တောက် .... "

မကျေမနပ်တက်ခေါက်ကာ ဓားကို လက်လွတ်ပေးလိုက်ရလေတော့သည်။

"ဝှီး .... "

"ချွမ်း .... "

လူပုအဘိုးအို၏ မုတ်ဆိတ်ရှည်များသည် သက်ရှိလူသား၏ လက်တစ်ဖက်အလား ဓားကို ဆွဲယူသွားသည်။ လူပုအဘိုးအိုက ဓားကို အသာအယာပင် ဖမ်းယူထားလိုက်လေသည်။

မင်းဝန်းရီ ဒေါသထွက်နေပါသည်။

ကောင်းစုံပုံးက ရှေ့သို့ ထွက်လာ၏။

"မင်း အနားယူလိုက်ဦး .... "

သူသည် လူပုအဘိုးအိုနှင့် ရင်ဆိုင်လိုက်သည်။

"ဆွမ်း .... "

ဓားတစ်လက်ဆွဲထုတ်ကာ ဓားသိုင်းဖြင့် ရင်ဆိုင်ရန် တာစူလိုက်သည်။

လူပုအဘိုးအိုက သူ၏လက်ထဲ ရောက်နေသည့် မင်းဝန်းရီ၏ ဓားကို ဆကြည့်လိုက်သည်။

"ဓားကောင်းတစ်လက်ပဲ .... "

တစ်ဖန် ကောင်းစုံပုံးအား စိုက်ကြည့်လိုက်လေသည်။

"မင်း သတိထားပါ .... "

စကားဆုံးသည်နှင့် လျှပ်တစ်ပြက် ရှေ့တိုးလာကာ ဓားဖြင့် တိုက်ခိုက်လိုက်သည်။

"ဝှစ် .... ဝှစ် .... "

ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာကာ ဓားရိပ်များသည် ကောင်းစုံပုံး၏တစ်ကိုယ်လုံး လွှမ်းခြုံသွားလေတော့သည်။

လူပုအဘိုးအိုသည် အရပ်ပုလှသော်လည်း တိုက်ပွဲဆင်နွှဲသော အခါ တစ်ချက်ကလေး အငြိမ်မနေဘဲ ခြေပေါ်ခြေထောင်ကာ အပေါ်ခုန်တက်လိုက် အောက်ဘက်သို့ ပြန်ကျသွားသည်နှင့် နောက်တစ်ကြိမ် ခြေဆောင့်ကာ အပေါ်ခုန်တက်လိုက်ဖြင့် တိုက်ခိုက်နေရာ အရပ်ပုသူ တစ်ယောက်နှင့် တိုက်ခိုက်နေရသည့်အသွင်မျိုး လုံဝမရှိတော့ချေ။

အဘိုးအိုအရပ်ပုသည်ကို အခွင့်ကောင်းယူမည်ဟု ယူဆလျှင်

အမှားကြီး မှားသွားမေလိမ့်မည်။ လူပုအဘိုးအို၏ ဓားသိုင်းပညာကလည်း ထက်မြက်နေပါသည်။

ကောင်းစုံပုံး မပေါ့ဆဝံ့ဘဲ သတိကြီးစွာထားကာ ရင်ဆိုင်လိုက်ရသည်။ သူ မင်းဝန်းရီထက် သာသည်မှာ ဒေါသမထွက်ဘဲ ရဲနှံသူကို ရင်ဆိုင်တတ်ခြင်းဖြစ်သည်။ ဓားနှစ်လက် ပြင်းထန်စွာ ထိတွေ့မိလိုက်သည်။

"ဆွမ်း .... ဆွမ်း .... ဆွမ်း .... "

ကောင်းစုံပုံး၏ ဓားကိုင်ထားသော လက်ဖဝါးမှာ အက်ကွဲမတတ် နာကျင်သွား၏။

ထိပ်တိုက်ရင်မဆိုင်တော့ဘဲ ကပျာကယာ နောက်ဆုတ်လိုက်ရလေတော့သည်။

"ဟား .... ဟား .... ဟား .... "

လူပုအဘိုးအို ဟားတိုက်ရယ်မောလိုက်လေသည်။

ကောင်းစုံပုံးနှင့် မင်းဝန်းရီတို့ ခံပြင်းနေကြ၏။ သူတို့သည် ထိပ်တန်းသိုင်းပညာများ တတ်မြောက်ကာ သိုင်းလောကၵံလက်မထောင်ပြီး ကျင်လည်ကျက်စားနိုင်မည်ဟု ယုံကြည်ထားခဲ့ကြသည်။

ဆရာခိုင်းလိုက်သည့်အတိုင်း တာဝန်ကျေအောင် ထမ်းဆောင်နိုင်ခဲ့ကြသည်ဖြစ်ရာ ကိုယ့်ကိုယ်ကိုဝို၍ ယုံကြည်ခဲ့ကြသည်။

ယခုတော့ ....

လူပုအဘိုးအိုတစ်ယောက်အား မယှဉ်နိုင်အောင် ဖြစ်နေကြချေပြီ။ သံမဏိရှောင်၏လက်ချက်ဖြင့် ဒဏ်ရာရခဲ့သည်ကိုလည်း သူတို့သတိရလိုက်ကြသည်။

သိုင်းလောကမှာ ရှုပ်ထွေးပွေလီကာ အပြောကျယ်လှလေ

သည်။ သိုင်းပညာရပ်အသီးသီးမှာ အစွမ်းထက်မြက်မှုများ ရှိနေသည်။

တောင်များကဲ့သို့ မြင့်သည်တောင်ထက်ဝိုး၍ မြင့်သောတောင်များ ရှိနေတတ်သည် မဟုတ်လား။

လူပုအဘိုးအိုက ....

"မင်းတို့ သိုင်းပညာမဆိုးပါဘူး .... **သိုင်းလောကမှာ** အလားအလာ ရှိပါတယ် .... ရှေ့ဆက် ကြိုးစားသွားကြရင် တစ်နေ့ ထိပ်တန်းရောက်လာကြမှာပါ .... ဒါပေမယ့် အဆိုးအကောင်းကိုတော့ ဝေဖန်ဝိုင်းခြားတတ်ဖို့ လိုသေးတယ် .... မင်းတို့ထက် ဝါရင့်သိုင်းပညာရှိတဲ့ လူတွေ အများကြီး ရှိနေသေးတယ်ဆိုတာ မှတ်ထားရမယ် .... "

ဟု ဆုံးမစကား ပြောလေသည်။

မင်းဝန်းရီ ခံပြင်းသွားလေသည်။

မင်းဝန်းရီ ခံပြင်းသွားလေသည်။

"ခင်ဗျားကို မယှဉ်နိုင်စရာ အကြောင်းမရှိပါဘူး .... သတ္တိရှိရင် **ခင်ဗျားနာမည်** ဘယ်လိုခေါ်သလဲပြောပါ .... "

လူပုအဘိုးအို ပြုံးလိုက်သည်။

"**မင်း** မှတ်ထားသင့်ပါတယ်လေ .... ငါ့ရဲ့နာမည်က "လက်မ" လို့ **ခေါ်တယ်** .... "

"ဘာဗျ .... "

"သည်လောက်ရိုးစင်းတဲ့နာမည်ကိုတောင် မင်း မမှတ်မိနိုင်ကြဘူးလား .... "

"ခင် .... ခင်ဗျာ .... "

အဘိုးအိုမှာ အရပ်ပုသူဖြစ်ရကား လက်မဆိုသောအမည်နှင့် လိုက်ဖက်နေပါတော့သည်။

မိန်းမချောလေးက ရယ်မောလိုက်လေသည်။

"ရှင့်နာမည်က တော်တော်ရယ်စရာကောင်းတာပဲ .... ရှင်က လက်မဆိုရင် လက်ညှိုးလက်ခလယ်ဆိုတဲ့ လူတွေလည်း ရှိနိုင်ကြသေးတာပေါ့ .... "

"ဒါပေါ့ .... "

မိန်းမချောလေးက ....

"ရှင်က ကျွန်မကို လာရှာတာလား .... "

လူပုအဘိုးအို ခေါင်းခါယမ်းလိုက်သည်။

"မ၊ ဟုတ်ဘူး .... "

"ဒါဆိုရင် .... "

လူပုအဘိုးအိုက ကောင်းစုံဖုံးနှင့် **မင်းဝန်းရီတို့အား** ညွှန်ပြလိုက်လေသည်။

"သူတို့နှစ်ယောက်အတွက် ကျွေး လာခဲ့တာပဲ .... "

ကောင်းစုံဖုံးက ....

"ခင်ဗျားဟာ တစ္ဆေဖြူဂိုဏ်းက လူတစ်ယောက် ဟုတ်လား" သံသယစိတ်ဖြင့် မေးလိုက်လေသည်။

လူပုအဘိုးအို၏ မျက်နှာ တည်သွားသည်။

"ဟုတ်တယ် .... **မင်းတို့နှစ်ယောက်အကြောင်းကို** ကျွေးတို့ ဘာမှ မသိရသေးဘူး .... ဒါပေမယ့် သံမဏိရှောင်ကို တိုက်ခိုက်သွားနိုင်တယ်ဆိုကတည်းက မခေဘူးဆိုတာသိလို့ ကျွေးတို့ လိုက်လာခဲ့ကြတာပါ .... "

သူ၏စကားကြောင့် တပည့်များရှိနေသောကြောင့် ကောင်းစုံဖုံးတို့ နားလည်လိုက်ကြသည်။

လူပုအဘိုးအိုသည်ပင်လျှင် ကြောက်စရာကောင်းနေလျှင် သူ၏ တပည့်များသည် မည်သို့ ရှိကြမည်နည်း။

တွေးရင်း ကောင်းစုံးတို့ ရင်လေးလာကြလေသည်။

လူပုအဘိုးအိုက ....

"ကဲ .... မင်းတို့ဆရာ ဘယ်သူလဲ .... ဘာကြောင့် တန္ဆေးပြုရိုးကို ဒုက္ခပေးချင်တာလဲ ပြောပါ .... "

မင်းဝန်းရီ ရယ်မောလိုက်လေသည်။

"ကျွပ်တို့က ဒုက္ခပေးတာလား .... ခင်ဗျားတို့က ဒုက္ခပေးတာလား ပြောပါဦး .... "

"ဘာကွ .... "

"ကျွပ်တို့ ကိုယ့်လမ်းကိုယ်သွားကြတာပေါ့ .... မြင်းခိုးဖို့ ကြိုးစားတာကစပြီ အငြိုးထားပြီး ဒုက္ခပေးခဲ့ကြတာ ဘာပြောမလဲ"

လူပုအဘိုးအို လက်ကာပြလိုက်လေသည်။

"ဒါတွေထားလိုက်တော့ .... မင်းတို့ဆရာ ဘယ်သူလဲ ပြော စမ်း .... "

မင်းဝန်းရီက ....

"ဝမ်းနည်းပါတယ်ဗျာ .... ကျွပ် မပြောနိုင်ပါဘူး .... "

လူပုအဘိုးအို မဲ့ပြုံးပြုံးလိုက်သည်။

"မင်းမပြောလည်း မင်းရဲ့ သိုင်းပညာကို ကြည့်လိုက်ရင် မင်းရဲ့ ဆရာဘယ်သူလဲဆိုတာ ငါ ပြောနိုင်မှာပဲ .... ကဲ .... သေရေးရှင်ရေးမှ အသုံးပြုရတဲ့ သိုင်းကွက်တွေ ထုတ်သုံးပေတော့ .... "

စကားဆုံးလျှင် မင်းဝန်းရီထံသို့ ခုန်ဝင်ကာ တိုက်ခိုက်လိုက်လေသည်။

"ကျွပ်လည်း ရှိပါသေးတယ်ဗျာ .... "

အော်ပြောရင်း တိုက်ပွဲအတွင်း ခုန်ဝင်လိုက်လေတော့သည်။

ကောင်းစုံးနှင့် မင်းဝန်းရီတို့မှာ ဆရာတစ်ဦးတည်းထံ၌ အတူတကွ သိုင်းပညာသင်ကြားခဲ့ကြသူများ ဖြစ်ပါသည်။

ထို့ကြောင့် သူတို့နှစ်ယောက်၏ သိုင်းပညာမှာ အတူတူပင် ဖြစ်နေသည် ဆိုနိုင်သည်။

သို့သော် ....

လက်တွေ့တွင် ဆရာတစ်ဦးတည်းထံ၌ သင်ကြားခဲ့သော သိုင်းပညာကို ထုတ်လုပ်အသုံးပြုကြရာတွင် စိတ်နေသဘောထားနှင့် အကျင့်စရိုက်ကြောင့် ကွာခြားမှုများ ရှိလာတော့သည်။

ကောင်းစုံးနှင့် မင်းဝန်းရီတို့အတူလက်တွဲကာ တိုက်ခိုက်လိုက်ကြသောအခါ သူတို့၏သိုင်းကွက်များဝိုင်း ထက်မြက်လာလေတော့သည်။

"ဟူး .... ဟူး .... "

လေတိုးသံများ ထွက်ပေါ်လာသည်။

လက်သီးလက်ဝါးရိုပ်များသည် လူပုအဘိုးအိုထံသို့ ဝဲယာတစ်ဖက်တစ်ချက်မှနေ၍ ညှပ်ပူးညှပ်ဝိတ်တိုးဝင်သွားသည်။

လူပုအဘိုးအိုသည် မင်းဝန်းရီအား [illegible]နိုင်ရယူခဲ့သည်ဖြစ်ရကား ပေါ့ပေါ့တန်တန် သဘောထားမိခြင်းကြောင့် နှစ်ယောက်ပေါင်းကာ တိုက်ခိုက်လိုက်ကြသောအခါ အခက်ကြုံသွားတော့သည်။

အပေါ်ခုန်တက်သွားဖို့လည်း အခွင့်အရေး မပေးကြချေ။ လူပုအဘိုး၏တိုက်ကွက်ကို တစ်ကြိမ်တွေ့မြင်ခဲ့ပြီးပြီ ဖြစ်ရကား ယခုတစ်ကြိမ်တွင် လက်ဦးမှု ရယူလိုက်ကြသည့်အပြင် တုန့်ပြန်ဖို့ အချိန်မရ

အောင် တိုက်ခိုက်လိုက်ကြခြင်းဖြစ်သည်။

နှစ်ယောက်သား တက်ညီလက်ညီ တိုက်ခိုက်လိုက်ကြရာ လူပုအဘိုးအို အကြပ်ရိုက်သွားတော့သည်။

"မင်းတို့ တော်တော်ဉာဏ်များပါလား .... အော်ပြောရင်း လက်နှစ်ဖက်ကိုလည်းကောင်း .... မုတ်ဆိတ်ရှည်ကြီးကိုလည်းကောင်း ဝှေ့ယမ်းလိုက်သည်။

"ဒိုး .... ဒိုး .... "

ထိပ်တိုက်ရင်ဆိုင်လျှင် တစ်ယောက်မဟုတ် တစ်ယောက် တော့ ဒဏ်ရာရသွားတော့မည့် အခြေအနေရှိနေပါသည်။

ထို့ကြောင့် ....

"ဆတိထား .... "

ကောင်းစုံးက နောက်သို့ ခုန်ဆုတ်လိုက်လေသည်။ မင်းဝန်းရီလည်း နောက်ဆုတ်လိုက်၏။ လူပုအဘိုးအိုကလည်း ဆက်၍တိုက်ခိုက်ခြင်း မပြုဘဲ နောက်ဆုတ်လိုက်လေတော့သည်။

* ◆ *

အခန်း(၃၉)

အဂ္ဂိုးရသူ

လူပုအဘိုးအိုက နပူးပေါ်မှ ချွေးများကို သုတ်လိုက်သည်။

သူက မင်းဝန်းရီနှင့် ကောင်းစုံးတို့အား အထင်သေးခဲ့သည်မှာ မှားယွင်းနေပြီဖြစ်ကြောင်း သဘောပေါက်သွားသည်။

ကောင်းစုံးနှင့် မင်းဝန်းရီတို့သည်လည်း တစ်ဦးချင်းထက်နှစ်ဦးပေါင်လိုက်ခြင်းက သိုင်းပညာဝိုင်၍ ထက်မြက်လာသည်ကို သတိပြုမိသွားကြသည်။ လူပုအဘိုးအို မဲ့ပြုံးပြုံးလိုက်သည်။

"မင်းတို့နှစ်ယောက်က ပညာလျှိုထားကြတာကိုး .... ဘာပဲဖြစ်ဖြစ် ငါက မင်းတို့ကို ဆုံးမပြမယ်ဆိုတာ မှတ်ထားပါ .... ငါအလကား လေကြီးနေတာ မဟုတ်ဘူး .... "

ဒေါသတကြီးဖြစ်ကာ တိုက်ခိုက်ရန်ဟန်ပြင်လိုက်စဉ် ဟန့်တားသံပေါ်လာလေ၏။

"ရပ်လိုက် .... "

လူတစ်စု ရောက်ရှိလာသည်ကို တွေ့လိုက်ရသည်။ မိန်းမချော

လေးအား တိုက်ခိုက်ခဲ့ကြပြီး အရေးမလှသဖြင့် ထွက်ပြေးသွားကြသူများသည် အဖော်များဧေါ်ကာ ပြန်လည်ရောက်ရှိလာကြခြင်း ဖြစ်ပါသည်။

ထိုလူများသည် သူအဖော်ခေါင်းတုံးကြီးနှင့် အဘွားအိုတစ်ယောက်တို့အား ခေါ်ဆောင်လာကြခြင်း ဖြစ်ပါသည်။

သူ၏အဖော်က ကျယ်လောင်သောအသံဖြင့် ဟန့်တားလိုက်ခြင်းဖြစ်သည်။

လူပုအဘိုးအို လှည့်ကြည့်လိုက်၏။

သူတော်တို့ကို မြင်သောအခါ မကျေမနပ်ဖြစ်သွားသည်။

"ခင်ဗျားတို့ ဘာလာလုပ်တာလဲ .... "

သူတော်က ....

"သည်စကားကို ကျွန်ုပ်ကမေးရမှာ .... ကျွန်ုပ်တို့ မီးနဂါးဂိုဏ်းကို တစ္ဆေဖြူဂိုဏ်းက အကူအညီတောင်းတယ် .... ထိယန်ဖြို့က မိန်းကလေးကို ဖမ်းဆီးပေးဖို့ပဲ .... "

လူပုအဘိုးအိုက မိန်းမချောလေးအား ညွှန်ပြလိုက်၏။

"သူကို ပြောတာလား .... "

သူတော် ခေါင်းညိတ်လိုက်သည်။

"ဒါဖြင့် ခင်ဗျားတို့ကိစ္စ ကျွန်ုပ်နဲ့ မဆိုင်ဘူး .... ကျွန်ုပ်က သူတို့နှစ်ယောက်အတွက်လာခဲ့တာ .... "

ကောင်းစုံဖုံးတို့အား ညွှန်ပြလိုက်၏။

အခြေအနေက ရှုပ်ထွေးသွားသည်။

သိုင်းလောကတွင် နာမည်ဆိုးဖြင့် ကျော်ကြားနေသော တစ္ဆေဖြူဂိုဏ်းမှ သိုင်းသမားများနှင့် မီးနဂါးဂိုဏ်းမှ သိုင်းသမားများ ရောက်

လာကြပြီး ဆုံတွေ့မိကြခြင်း ဖြစ်လေသည်။

မီးနဂါးဂိုဏ်းနှင့် တစ္ဆေဖြူဂိုဏ်းသည် သိုင်းလောကအား လွှမ်းမိုးရန် ကြံစည်ကြိုးစားနေကြပြီး မဟာမိတ်ဖွဲ့ထားကြ၏။

သို့သော် ....

သူတို့အချင်းချင်း အပြိုင်အဆိုင်ဖြစ်နေပြီး တစ်ခါတစ်ရံပြဿနာဖြစ်ပေါ်တတ်သည်။

မီးနဂါးသည် ထိုကိစ္စအတွက် နေဘီလူးအား မကြာခဏ ပြောဆိုလေ့ရှိသည်။

နေဘီလူးက တစ္ဆေဖြူဂိုဏ်းထူထောင်ကာ တစ်စဟုတ်တစ်စ အရှိန်အဝါကြီးလာသည်ကို မီးနဂါးက သဘောမကျနိုင်အောင် ဖြစ်လာခဲ့သည်။

ထို့ကြောင့်လည်း မီးနဂါးဂိုဏ်းမှ သိုင်းသမားများနှင့် တစ္ဆေဖြူဂိုဏ်းမှ သိုင်းသမားများသည်လည်း တစ်ခါတစ်ရံ အပြိုင်အဆိုင် ဖြစ်လာတတ်သည်။

အဘွားအိုက ဝင်ပြောလိုက်လေသည်။

"ကောင်းတယ် .... ကောင်းတယ် .... ကျွန်ုပ်တို့နဲ့ မပတ်သက်ရဲပြီးတာပဲ .... တစ္ဆေဖြူဂိုဏ်းက လေက်မလေးနဲ့ ပတ်သက်ရရင် သိပ်မကောင်းဘူး .... "

သူမ၏စကားကြောင့် လူပုအဘိုးအို ဒေါသသွားလေတော့သည်။

"ဘာဗျ .... ခင်ဗျား စကားကြည့်ပြောရင် ကောင်းမယ်"

အဘွားအိုက မကြားချင်ဟန်ဆောင်နေလိုက်၏။

ယခု ....

တစ္ဆေဖြူဂိုဏ်းသားများကော မီးနဂါးဂိုဏ်းသားများပါ စုရုံး

ရောက်ရှိလာကြသည်။

သို့သော် ....

လူပုအဘိုးအိုနှင့် သူတော်တို့ စကားပြောဆိုကြပြီးနောက် အုပ်စုနှစ်စု ကွဲသွား၏။

လူပုအဘိုးအိုတို့ ဦးဆောင်သော တစ္ဆေဖြူဂိုဏ်းသားများသည် ကောင်းစုဖုံးနှင့် မင်းဝန်းရိတို့နှစ်ယောက်အား ဝိုင်းရံထားလိုက်ကြလေသည်။

သူတော်အဘွားအိုနှင့် ခေါင်းတုံးကြီးတို့ ဦးဆောင်သော လူစုသည် မိန်းမချောလေးအား ဝိုင်းရံထားလိုက်ကြသည်။ မိန်းမချောလေး စိတ်ပျက်သွား၏။

"ကျွန်မမှာ အရေးတကြီး သွားစရာရှိနေတယ်ရှင့် .... ဘာကြောင့် ကျွန်မကို နှောင့်ယှက်ချင်ရတာလဲ .... လမ်းဖယ်ပေးကြပါ"

သူမရှေ့သို့ လှမ်းထွက်လိုက်သောအခါ မီးနဂါးဂိုဏ်းသားများက လက်နက်ကိုယ်စီဆွဲထုတ်လိုက်ကြသည်။ မိန်းမချောလေး စိတ်ပျက်သွား၏။

"ရှင်တို့ဆက်ပြီး နှောင့်ယှက်နေကြမယ်ဆိုရင်တော့ ကျွန်မ သည်းခံမှာ မဟုတ်ဘူး .... "

သူတော်က ရယ်မောလိုက်လေသည်။

"မိန်းကလေးက ဒေါသကြီးတာကိုး .... ကျွဲပ်တို့ဂိုဏ်းချုပ်နဲ့ လိုက်တွေ့ပြီးမှ သွားချင်ရာသွားလို့ ရလိမ့်မယ် .... "

"ဘာရှင့် .... "

"မိန်းကလေး အေးအေးဆေးဆေးလိုက်ခဲ့ရင် ကောင်းလိမ့်မယ် .... "

မိန်းမချောလေး စိတ်ဆိုးသွားသည်။

"ရှင်တို့ လမ်းဖယ်မပေးဘူးဆိုရင်တော့ ကျွန်မ ထိုးဖောက်သွားရမှာပဲ .... ရှင်တို့ ဘယ်လောက်စွမ်းသလဲဆိုတာ စမ်းကြည့်ရတော့မှာပေါ့ .... "

သူတော် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ .... မိန်းကလေး သွားချင်ရင်သွားပါ .... ကျွဲပ်တို့ကို ကျော်ဖြတ်သွားနိုင်မှာတော့ တားမနေပါဘူး .... "

"ဒါဖြင့် ရှင်တို့ သတိထားပါ .... "

မိန်းကလေးက ရှေ့သို့တစ်လှမ်းချင်း တိုးသွားလိုက်သည်။

သူမသည် သိုင်းပညာတတ်မြောက်ထားခြင်း မရှိသည့် သာမန် မိန်းကလေးတစ်ယောက်ဟု ထင်ရအောင်ပင် ရိုးရိုးယဉ်ယဉ်ကလေး ရှိလေသည်။

သို့သော် သူမကို ရင်ဆိုင်နေရသူများသည် ....

သူမကိုကြည့်ရင်း ရင်ထဲ၌ အေးစိမ့်မှုများ ဖြစ်ပေါ်လာသည်ဟု ခံစားလာကြရလေ၏။

ညကဝို၍ နက်ရှိုင်းလာ၏။

လရောင်ကဝို၍ တောက်ပလာသည်။

ညသည် အေးချမ်းတိတ်ဆိတ်မနေတော့ပါ။

တိုက်ပွဲများဖြစ်ပေါ်လာတော့မည် မဟုတ်ပါလား။

မိန်းကလေးက အမှန်ပင် ထိုးဖောက်ထွက်သွားတော့မည် ဖြစ်ရကား သူတော်သည် တစ္ဆေဖြူဂိုဏ်းသားများအား မသိမသာ အချက်ပြလိုက်လေသည်။

အသင့်ပြင်ထားကြသည့် တစ္ဆေဖြူဂိုဏ်းသားများကလည်း သူ

တော်အချက်ပြလိုက်သည်နှင့် ....

"ယား ...."

"သေပေတော့ ...."

ညာသံများပေးကာ မိန်းမချောလေးထံ ပြေးဝင်တိုက်ခိုက်လိုက်ကြတော့သည်။

တိုက်ပွဲစတင်ဖြစ်ပေါ်လာချေပြီ။

ကောင်းစုဖုံးနှင့် မင်းဝန်းရီတို့က မလွှဲမယွင်ရပ်နေကြ၏။

လူပုအဘိုးအိုကလည်း တိုက်ခိုက်ခြင်း မပြုသေးဘဲ မီးနဂါးဂိုဏ်းသားများ၏ အခြေအနေကို အကဲခတ်ကြည့်နေ၏။

မိန်းမချောလေးသည် မီးနဂါးဂိုဏ်းသားများ အနီးသို့ ရောက်လာသည်နှင့် စတင်တိုက်ခိုက် လိုက်လေတော့သည်။

ငယ်ရွယ်နုပျိုပြီး နတ်မိမယ်လေးအလား ချောမောလှပသည့် မိန်းမချောလေးမှာ သိုင်းပညာခေသူမဟုတ်ကြောင်း ချက်ချင်း ပေါ်လွင်လာသည်။

သူမ၏လက်တစ်ဖက် ဝှေ့ယမ်းလိုက်လျှင် အေးစိမ့်သော အငွေ့အသက်များ ထွက်ပေါ်လာသည်။

သူမသည် မီးနဂါးဂိုဏ်းသားများကြားသို့ ရိပ်ခနဲ ရောက်သွားပြီး ခပ်သွက်သွက် လှုပ်ရှားလိုက်ရာ ....

"အင့် ...."

"အအွန် ...."

"အမလေး ...."

မီးနဂါးသားများ၏ ညည်းတွားသံများ ထွက်ပေါ်လာလေတော့သည်။ ဝိုင်းရံတိုက်ခိုက်ကြသည့် ၉ နဂါးဂိုဏ်းသားဆယ်ဦးခန့်မှာ ကိုင်

ဆောင်ထားသော ဓားလုံလက်နက်များ လွတ်ကျသွားပြီး ကျောက်ရုပ်များအလား မလှုပ်မယှက် ဖြစ်သွားကြလေတော့သည်။

သူတော် မကျေမနပ် ဖြစ်သွားသည်။

"တော်တော် အသုံးမကျတဲ့ ကောင်တွေပဲ ...."

သူ၏လူများသွေးကြောဝိတ်ခံလိုက်ရကြောင်း ရိပ်မိပြီး ညည်းတွားလိုက်၏။

ထိုစဉ် ....

"ညည်းရဲ့ပညာကို ငါ စမ်းသပ်ကြည့်ချင်သေးတယ် ...."

အဘွားအိုက အော်ငေါက်ကာ ရှေ့သို့လှမ်းထွက်လာလေသည်။

သူမ၏လက်ထဲမှ တောင်ဝှေးဖြင့် ဒုန်းခနဲ မြည်အောင် မြေပေါ်ဆောင့်ချလိုက်သည်။

"ဟား .... ဟား .... ဟား ...."

ကျယ်လောင်သော ရယ်မောသံထွက်ပေါ်လာသည်။ လူပုအဘိုးအိုက ရယ်မောလိုက်ခြင်း ဖြစ်လေသည်။

အဘွားအို လှည့်ကြည့်လိုက်သည်။

"ရှင်က ဘာသဘောနဲ့ ရယ်တာလဲ .... ရှင် ရန်စတဲ့ သဘောလား ...."

လူပုအဘိုးအိုက ....

"သဘောကျလို့ပေါ့ ...."

"ဘာရှင့် ...."

"ဩော် .... ခင်ဗျားတို့ဟာ မီးနဂါးဂိုဏ်းသားတွေပဲ ဦးဆောင်ရေရတော့တာပေါ့လေ ...."

"လေက်မ .... စကားကြည့်ပြော .... "

"ဘာ .... "

လေက်မဟုခေါ်ခံလိုက်ခြင်းကြောင့် လူပုအဘိုးအို ဒေါသူးလေသည်။

သူအား စော်ကားသည်ဟု ယူဆသည်။ အမှန်တော့ ....

လူပုအဘိုးအိုနှင့် အဘွားအို သူတော်ခေါင်းတုံးကြီးတို့မှာ ယင်ဧက မီးနဂါးဂိုဏ်းဌ အတူတူပါဝင်ခဲ့ကြသူများ ဖြစ်ပါသည်။

ကုန်းစွန်းချီ၏ မီးနဂါးဂိုဏ်းသည် နေဘီလူးနှင့် ပတ်သက်ခဲ့ပြီး အရှိန်အဝါကြီးမားလာခဲ့သည်။

သိုင်းလောက၏ သူရဲကောင်းမိသားစုသုံးစုအား ကုန်းစွန်းချီက ဖိုခွဲရာတွင် နေဘီလူးကမျှားစွာ အထောက်အကူ ပြုခဲ့သည်။

ဖိုခွဲအောင်မြင်ပြီးသည်နောက် မီးနဂါးဂိုဏ်းဆိုလျှင် ကြားရသူတိုင်း ဖိန့်ဖိန့်တုန်သွားရတော့သည်။

ကုန်းစွန်းချီသည် မီးနဂါးဂိုဏ်းအား ဦးဆောင်ကာ သိုင်းလောကတစ်ခုလုံးအား လွှမ်းမိုးရန် ကြံစည်ထားသော်လည်း နေဘီလူးက အကြံသမားဖြစ်နေ၍ အထမြောက်အောင်မြင်ခြင်း မရှိတော့ချေ။

နေဘီလူးသည် ကုန်းစွန်းချီ၏မီးနဂါးအင်အားကို သူ၏လက်အောက်ခံ အင်အားအဖြစ် တဖြည်းဖြည်း အသွင်ပြောင်းရန် ကြံစည်ကာ လျှို့ဝှက်သော တရွှေဖြူဂိုဏ်းကို ထူထောင်ခဲ့သည်။

ထိုစဉ်က တရွှေဖြူဂိုဏ်းဟူသည် လျှို့ဝှက်သော အမည်အဖြစ် သာရှိခဲ့ပြီး အမှန်တော့ မီးနဂါးဂိုဏ်းပင်ဖြစ်သည်။ နောက်ပိုင်းမှသာ နေဘီလူးက မီးနဂါးဂိုဏ်းမှ လူတော်သိုင်းအကျော်အမော်များကို ဆွဲဆောင်စည်းရုံးကာ တရွှေဖြူဂိုဏ်းအဖြစ် ပေါ်ပေါ်ထင်ထင် ထူထောင်

နဲ့ခြင်း ဖြစ်သည်။

တရွှေဖြူဂိုဏ်းဝင် သုံးပုံနှစ်ပုံခန့်မှာ မီးနဂါးဂိုဏ်းသားဟောင်းများ ဖြစ်ကြပြီး ကျန်တစ်ပုံမှာ နေဘီလူးအသစ်ခေါ်ယူထားသော သိုင်းသမားများ ဖြစ်ကြသည်။

နေဘီလူးသည် တရွှေဖြူဂိုဏ်းကို ထူထောင်ကာ နှန်းကုန်းမင်ကို ဦးဆောင်စေခဲ့ပြီး နောက်ကွယ်မှ ကြိုးကိုင်ခဲ့သည်။ ကုန်းစွန်းချီ၏ မီးနဂါးဂိုဏ်းသည်လည်း နေဘီလူး၏လောင်းရိပ်အောက်မှ လွတ်မြောက်သေးသည် မဟုတ်ပါချေ။ ကုန်းစွန်းချီသည် အလွန်ဆိုးသွမ်းသူဖြစ်ရကား တစ်ချိန်ချိန်၌ သူ ဘယ်လိုမြားဦးပြန်လှည့်လာမည်ဖြစ်ကြောင်း နေဘီလူးကောင်းစွာ သိထား၏။

ကုန်းစွန်းချီကလည်း နေဘီလူးမှာ သူ၏မီးနဂါးဂိုဏ်းအား အပိုင်စီးလိမ့်မည်ဆိုသည်ကို ရှေးမဆွကပင် ရိပ်မိထားခဲ့သည်။

နေဘီလူးက တရွှေဖြူဂိုဏ်းကို ဖန်တီးလိုက်ရာ ကုန်းစွန်းချီက မသိလိုက်မသိဟာသာ နေခဲ့လေသည်။

ဟန်မဟုတ်ဘဲ နေဘီလူးနှင့် မဟာမိတ်ပမာ ဆက်ဆံနေခဲ့သည်။

သို့သော် ....

တရွှေဖြူဂိုဏ်းနှင့် မီးနဂါးဂိုဏ်းများ မသိမသာ အပြိုင်အဆိုင် နေကြပြီး တစ်နေ့နေ့ ထိပ်တိုက်ရင်ဆိုင်တွေ့မည်မှာ သေချာနေပေတော့သည်။

လူပုအဘိုးအိုက အဘွားအိုထံသို့ လျှောက်သွားသည်။ သူတော်နှင့် ခေါင်းတုံးကြီးတို့ လူပ်လူပ်ရှားရှား ဖြစ်သွားကြ၏။ သူတို့သည် ရှေ့သို့ လှမ်းတက်လာပြီး အဘွားအိုနှင့် ရင်ဘောင်တန်းကာ ရပ်လိုက်ကြလေသည်။ လူပုအဘိုးအို သက်ပြင်းချလိုက်သည်။

သူတော်တို့လူစု ထွက်သွားကြသည်ဖြစ်၍ မိန်းမချောလေးကြောင့်အမ်းအမ်း ဖြစ်သွားလေသည်။

လူပုအဘိုးအိုကား မကျေမနပ်ဖြစ်သွား၏။

အဘွားအိုတို့သည် မီးနဂါးဂိုဏ်းမှ ဖြစ်သည်။ မိန်းမချောလေးအား ဖမ်းဆီးရန် တစ္ဆေဖြူဂိုဏ်းမှတစ်ဆင့် မီးနဂါးဂိုဏ်းအား တာဝန်ပေးခဲ့ခြင်း ဖြစ်သည်။

ယခင်ကဆိုလျှင် ....

မည်သို့သော်အကြောင်းကိစ္စရှိသည်ဖြစ်စေ မီးနဂါးဂိုဏ်းနှင့် တစ္ဆေဖြူဂိုဏ်းတို့အတူတကွ လက်တွဲဆောင်ရွက်ခဲ့ကြသည်ချည်း ဖြစ်သည်။

အဘွားအိုတို့သည် မီးနဂါးရဂိုဏ်း၏ကိစ္စ မဟုတ်ဟု သဘောထားကာ မိန်းကလေးအား အမှုမထားတော့ဘဲ ထွက်သွားကြပြီ ဖြစ်ပါသည်။

လူပုအဘိုးအို အံကြိတ်လိုက်သည်။

"မင်းတို့ကိစ္စမဟုတ်ရင် ကျွန်ုပ်ကိစ္စလိုပဲ သဘောထားပြီး ကျွန်ုပ်ပဲ တာဝန်ယူလိုက်မယ် .... ပြီးမှ မင်းတို့ နောက်ကုလိုက်လာပြီး စာရင်းရှင်းမယ် .... "

"ကျွန်ုပ်မှာ တာဝန်ရှိသေးတယ် .... ဧင်ဗျားတို့မှာလည်း တာဝန်ရှိနေသေးတယ် .... ဒါကြောင့် တာဝန်ထမ်းဆောင်ပြီးတော့မှ အေးအေးဆေးဆေး စကားပြောကြတာပေါ့ဗျာ .... "

သူ၏စကားက အဓိပ္ပာယ်ရှိနေ၏။

အဘွားအို ရယ်မောလိုက်သည်။

"ကောင်းသားပဲ .... "

သူမသည် သူတော်နှင့် အဘိုးအိုတို့အား လှမ်းပြောလိုက်သည်။

"တို့ရဲ့ တာဝန်က တကယ့်တာဝန် မဟုတ်ဘူးနော် .... "

သူတော်ကော အဘိုးအိုပါ ခေါင်းညိတ်လိုက်ကြ၏။

"သေချာတာပေါ့ .... "

"ဒါအမှန်ပဲ .... "

အဘွားအိုက ....

"ဒါဖြင့် ဘာကြောင့်အချိန်ကုန်ခဲ့နေမှာလဲ .... "

သူတော်က ....

"ဒါလည်း မှန်တာပဲ .... "

အဘွားအိုက လူပုအဘိုးအိုအား လှမ်းပြောလိုက်၏။

"မြို့တောင်ဘက်မှာ ဘုံကျောင်းတစ်ခု ရှိတယ် .... အဲသည်မှာ ကျွန်မတို့ စောင့်နေမယ် .... "

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားလေတော့သည်။ သူတော်နှင့် အဘိုးအိုတို့လည်း လိုက်သွားကြကာ တခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

* ◆ *

သူက လှမ်းအော်ပြောလိုက်သည်။

အတွင်းအားကောင်းသူဝီဝီ သူ၏အသံက ကျယ်လောင်စွာ ထွက်ပေါ်လာတော့သည်။

အဝေးမှ ရယ်သံများ ပြန်လည်ထွက်ပေါ်လာ၏။

ထိုရယ်သံများသည် တဖြည်းဖြည်း ဝေသွားကာ နောက်ဆုံး ပျောက်ကွယ်သွားလေတော့သည်။

လူပုအဘိုးအို ကောင်းစုဖုံးနှင့် မင်းဝန်းရီတို့ဘက်သို့ လှည့် လိုက်လေသည်။

"မင်းတို့နှစ်ယောက်ကို အရင်ဆုံးမရမယ် .... "

ပြောပြီးသည်နှင့် လျှပ်တစ်ပြက် ခုန်ဝင်တိုက်ခိုက်လိုက်လေ သည်။

အမှတ်တမဲ့ဖြစ်နေချိန်၌ တိုက်ခိုက်လာသည်ဖြစ်ရကား .... ကောင်းစုဖုံးနှင့် မင်းဝန်းရီတို့ အငိုက်မိသွားကြ၏။ ကပျာကယာ ခုခံ ရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားကြလေသည်။

"ဝုန်း .... ဝုန်း .... "

လူပုအဘိုးအို၏ ခြေထောက်ကန်ချက်မိကာ အဝေးသို့ လွင့် စင်သွားကြတော့သည်။

လူပုအဘိုးအိုက ဆက်၍ တိုက်ခိုက်ခြင်း မပြုဘဲ မိန်းမချောလေး ဘက်သို့ လှည့်လိုက်လေသည်။

"မိန်းကလေး သတိထားပါ .... "

ပြောပါ ခြေဆောင့်ကာ ခုန်ဝင်လိုက်လေသည်။

လူပုအဖိုးအိုမှာ တိုက်ပွဲအတွေ့အကြုံရင့်ကျက်သည့် ဝါရင့်သိုး သမားကြီးတစ်ယောက် ဖြစ်နေသည်။ ထိပ်တန်းသိုင်းပညာလည်း ရှိနေ

ကား ကြောက်မက်ဖွယ်ကောင်းသူ ဖြစ်နေပါတော့သည်။

မိန်းမချောလေးမှာ မြွေဟောက်မယ်နှင့် ခံရပြီးကတည်းက အငိုက်မိမခံတော့ပေ။ ကောင်းစုဖုံးတို့ကဲ့သို့ မဟုတ်ဘဲ အစဉ်သတိရှိ နေသူလေး ဖြစ်သည်။

လူပုအဘိုးအို ခုန်ဝင်လာသည်နှင့် လက်တစ်ဖက်ဝှေ့ယမ်းခုခံ လိုက်လေသည်။

လူပုအဘိုးအိုက ခုန်ဆင်းရင်း လေထဲမှာပင် သိုင်းကွက်ပြောင်း လိုက်လေသည်။

မုတ်ဆိတ်ရှည်များ ဝှေ့ယမ်းကာ မိန်းမချောလေး၏ လက်ကို ရစ်ပတ်လိုက်သည်။

မြေပေါ် ခြေချမိလိုက်သည်နှင့် ဦးခေါင်းကို ဆတ်ခနဲ နောက် လှန်လိုက်လေသည်။

"ဖတ် .... "

မုတ်ဆိတ်ရှည်များသည် မိန်းမချောလေး၏ လက်ကောက်ဝတ် ကို ရစ်ပတ်မိလိုက်လေ၏။

လူပုအဘိုးအိုက ဦးခေါင်းကို နောက်လှန်လိုက်သော်အခါ ဆောင့်ဆွဲကိုင်ပေါက်လိုက်သကဲ့သို့ ဖြစ်သွား၏။ မိန်းမချောလေးအပေါ် မြောက်တက်သွားလေသည်။

"ဟူး .... "

မိန်းမချောလေး လေထဲမြောက်တက်သွားသည်နှင့် လူပုအဘိုး အို ညာသံပေးလိုက်သည်။

"ယား .... "

ညာသံပေးကာ ခြေဆောင့်၍ လေထဲခုန်တက်လိုက်သည်။လေ

ထဲ လူးလိမ့်ရင်း ခြေထောက်နှစ်ချောင်းဖြင့် မိန်းမချောလေးအား အဆက်မပြတ် ကန်ကျောက်ပစ်လိုက်သည်။

ကောင်းစုဖုံးနှင့် မင်းဝန်းရီတို့သည် လူပုအဘိုးအို၏ တိုက်ကွက်ကို မြင်လျှင် ထိတ်လန့်သွားကြလေသည်။

"ကြောက်စရာကောင်လိုက်တဲ့ သိုင်းကွက် .... "

"မိန်းကလေးတော့ ဒုက္ခပါပဲ .... "

မိန်းမချောလေးအတွက်စိုးရိမ်ပူပန်သွားကြကာ နှစ်ဦးသား ဖြိုင်တူလေထဲ ခုန်တက်လိုက်ကြလေသည်။ ထိုအချိန်မှာပင် ....

"ရှင်တော်တော် ရက်စက်ပါလား .... ရှင့်ကို မဆုံးမလို့ မရတော့ဘူး .... "

မိန်းမချောလေး၏အသံ ထွက်ပေါ်လာသည်။ သူမသည် လက်ကောက်ဝတ်ကို တချက်လှုပ်ရှားလိုက်ရာ လူပုအဘိုးအို၏ မုတ်ဆိတ်ရှည်များသည်ပို၍ ရစ်ပတ်ထားလိုက်ပြီးသား ဖြစ်သွား၏။

မိန်းမချောလေးက ထိုမုတ်ဆိတ်ရှည်ရစ်ပတ်နေသော လက်ကို တအား ဆောင့်ဆွဲလိုက်လျှင် ....

"ဟူး .... "

အပေါ်သို့ ခုန်တက်လိုက်သည့် အရှိန်ဖြင့် လူပုအဘိုးအိုမှာ မိန်းမချောလေးထံသို့ ပို၍လျင်မြန်စွာ ချဉ်းကပ်သွားသကဲ့သို့ ဖြစ်သွား၏။

"သွားစမ်း .... "

မိန်းမချောလေးက အော်ငေါက်ရင်း ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။

လူပုအဘိုးအိုကလည်း လေထဲခုန်တက်ကာ မိန်းမချောလေးအား ခြေထောက်ဖြင့် ကန်ကျောက်လိုက်ခြင်း ဖြစ်၏။ တစ်ယောက်

က ခုန်တက်ပြီး တစ်ယောက်က စောင့်ဆွဲလိုက်ခြင်းကြောင့် တစ်ဦးနှင့်တစ်ဦး အလွန်လျင်မြန်စွာ နီးကပ်သွား၏။

တစ်ဦးကိုတစ်ဦးလည်း ခြေထောက်ဖြင့် ကန်ကျောက်လိုက်ကြသည်။

ဤတွင် ....

လူပုအဘိုးအိုမှာ အရပ်ပုနေသဖြင့် ခြေတံတိုနေပြီး မိန်းကလေး၏ခြေတံက ပိုရှည်နေခြင်းကြောင့် မိန်းမချောလေး၏ ခြေထောက်က လူပုအဘိုးအို၏ရင်ဝကို ဦးစွာကန်ကျောက်မိလိုက်တော့သည်။

မိန်းမချောလေးက လက်ကောက်ဝတ်ကို ဖျတ်ခနဲလှည့်ကာ ခါထုတ်လိုက်လျှင် ရစ်ပတ်နေသော မုတ်ဆိတ်ရှည်များကို ဖြေပြီးသား ဖြစ်သွားတော့သည်။ မိန်းကလေး၌ အနှောင်အဖွဲ့ မရှိတော့ချေ။

"ဝုန်း .... "

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

လူပုအဘိုးအိုသည် ကန်ကျောက်ခံလိုက်ရသည့် အရှိန်ဖြင့် နောက်သို့ ပြန်လည်လွှင့်စင်သွားတော့သည်။ ထိုအချိန်၌ ....

"ဟူး .... ဟူး .... "

ကောင်းစုဖုံးနှင့် မင်းဝန်းရီတို့က ခုန်တက်လာကြရာ ထိပ်တိုက်တိုးမိတော့သည်။

ကောင်းစုဖုံးတို့ကလည်း လက်ဦးမှုရယူကာ ကန်ကျောက်ပစ်လိုက်သည်။

"ဝုန်း .... "

လူပုအဘိုးအိုမှာ လေထဲပြန်လည်မြောက်တက်သွားသည်။ ကျောက်တုံးတစ်တုံးပမာ မြေပေါ်ပြုတ်ကျသွားတော့သည်။

ကောင်းစုပုံး မင်းဝန်းရီနှင့် လူပုအဘိုးအိုတို့ မြေပေါ်ပြန်လည် ခုန်ဆင်းလိုက်ကြလေ၏။

လူပုအဘိုးအို ကပျာကယာ လူးလိမ့်ထလိုက်သည်။

မရွမလှခံလိုက်ရသည်ဖြစ်၍ ဒေါသခြောင်းခြောင်းထွက်နေပါသော်လည်း မဟန့်နိုင်တော့ချေ။

သူနှစ်ချက်တိတိ အကန့်ခံလိုက်ရသည်။

"ဝေါ့ .... "

ပါးစပ်ထဲမှသွေးများ အန်ထုတ်ကာ ဒယီးဒယိုင်ဖြင့် နောက် ဆုတ်လိုက်သည်။

မိန်းမချောလေး သက်ပြင်းချလိုက်သည်။

"ရှင်သာ ရက်ရက်စက်မတိုက်ခိုက်ခဲ့ဘူးဆိုရင် အခုလို ဖြစ်မှာ မဟုတ်ရပါဘူးရှင် .... "

လူပုအဘိုးအို အံကြိတ်လိုက်သည်။

"မင်း .... မင်းတို့ သတိထားနေကြပေတော့ .... "

စကားဆုံးလျှင် ချာခနဲ လှည့်ကာ ပြေးထွက်သွားလေတော့သည်။

* ◆ *

အခန်း(၄၀)

အမိုကလူ

လူပုအဘိုးအိုသည် မရွမလှ အရေးနိမ့်ကာ ထွက်ပြေးသွားပြီဖြစ်ပါသည်။

ကောင်းစုပုံးက မှတ်ချက်ချလိုက်၏။

"သူဟာ အတွင်းဒဏ်ပြင်းပြင်းထန်ထန်ရသွားပြီး သိုင်းပညာကို ပြန်ပြီး အသုံးပြုနိုင်ဖို့တောင် မလွယ်တော့ဘူး ထင်တယ် .... "

မိန်းမချောလေး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင် .... ကျွန်မရဲ့ တိုက်ကွက်နဲ့ ရှင်တို့ရဲ့တိုက်ကွက် ဆုံမိလိုက်တော့ သူ ကံဆိုးသွားတာပါပဲ .... စိတ်တော့ မကောင်းပါဘူး .... ဒါပေမယ့် တရွေ့ဖြူကိုကားကလူတွေဟာ ဘယ်နည်းနဲ့မှ လူကောင်းတွေ မဖြစ်နိုင်ပါဘူး .... တွေ့သမျှလူတွေဟာလည်း တစ်ဘက်သားကို ရန်မူဖို့ တိုက်ခိုက်ဖို့ မကောင်းတာကြီဖို့ လုပ်နေတဲ့လူပါပဲ .... "

မင်းဝန်းရီက ....

"သေချာတာပေါ့ဗျာ .... မကောင်းတာမှန်သမျှ လုပ်နေလို့ ကျူပ်တို့နဲ့ ပြဿနာဖြစ်ခဲ့ရတာပဲ .... သူဂို့ ဆုံးမလိုက်လို့ ဘာမှ နောင်တရနေစရာ မလိုပါဘူး .... သူကိုသာ မဆုံးမနိုင်ရင် ကျူပ်တို့ကို ဘယ်လောက်ဒုက္ခပေးပြီး နှိပ်စက်မလဲ မပြောနိုင်ဘူး .... "

ကောင်းစုဖုံးနှင့် မင်းဝန်းရီတို့မျှော မိန်းမချောလေးအား အထင် မသေးဝံ့တော့ပါ။

မိန်းမချောလေး၏ သိုင်းပညာထက်မြက်နေသည်ကို လက်တွေ့မြင်ခဲ့ရပြီ မဟုတ်ပါလား။

ကောင်းစုဖုံးက မေးလိုက်သည်။

"ဒါထက် ညီမိကကော မီးနဂါးဂိုဏ်းနဲ့ ဘယ်လိုပြဿနာဖြစ်ပေါ်ခဲ့တာလဲ .... "

မိန်းမချောလေး ပြုံးလိုက်လေသည်။

"ကျွန်မနာမည် ချန်းယို့ဝါးလို့ ခေါ်ပါတယ် .... အိပ်မက်နတ်သမီးဂေဟာအတွက် ကျွန်မကို အလိုရှိတယ်ဆိုပြီး လိုက်ဖမ်းနေကြတာပါ .... "

အိပ်မက်နတ်သမီးဟူသော အမည်ကိုကြားရသည်နှင့် မည်သို့သော ဂေဟာအမျိုးအစားဖြစ်ကြောင်း ကောင်းစုဖုံးတို့ပ ရိပ်မိလိုက်ကြသည်။

"မီးနဂါးဂိုဏ်းကစွေဖြူဂိုဏ်းဟာ တကယ်တမ်းကျတော့ အတူတူပဲဆိုတာ ကျွန်မ သိထားပါတယ် .... မီးနဂါးဂိုဏ်းဟာ ဟိုတစ်ချိန်ကတည်းက ကျွန်မနဲ့ ပတ်သက်နေသူတွေကို ဒုက္ခပေးခဲ့ကြလို့ သူတို့ကို ပြတ်ပြတ်သားသား ရင်ဆိုင်သွားရမယ်လို့ ကျွန်မဆရာက မှာထားပါတယ် .... "

ကောင်းစုဖုံး ထောက်ခံလိုက်လေသည်။

"ဟုတ်တယ် .... သူတို့ ထင်တိုင်းကျဲမင်းမှုနေကြတာ ကျူပ်တို့ကိုလည်း တမင်ဒုက္ခပေးကြတာပဲ .... "

သူက မိန်းမချောလေး ချန်းယို့ဝါးအား ဦးညွှတ်လိုက်သည်။

"ကျူပ်နာမည် ကောင်းစုဖုံးလို့ ခေါ်ပါတယ် .... "

သူက မင်းဝန်းရီအား ညွှန်ပြလိုက်သည်။

"သူကတော့ မင်းဝန်းရီပါ .... ကျူပ်နဲ့ ပညာသင်ဘက်ညီအစ်ကိုပါ .... "

ချန်းယို့ဝါးက ....

"ဟုတ်ကဲ့ .... သိရတာ ဝမ်းသာပါတယ်ရှင် .... ကျွန်မကိုလည်း မိတ်ဆွေတစ်ယောက်လို သဘောထားနိုင်ပါတယ် .... "

မင်းဝန်းရီ ရယ်မောလိုက်သည်။

"ဒါဖြင့် ကျူပ်တို့ မိတ်ဆွေဖြစ်တဲ့ အထိမ်းအမှတ်နဲ့ တစ်ခုခု ကျွေးမွေးပါရစေလား .... "

"ကောင်းပါပြီရှင် .... "

ချန်းယို့ဝါးက လက်ခံလိုက်လေသည်။

သူတို့သည် မမျှော်လင့်ဘဲ ဆုံတွေ့မိကြသည်။ သူတို့သုံးယောက်ပတ်သက်ဆက်နွယ်ခဲ့သည့် အတိတ်ကအကြောင်းတရားများ ရှိနေသည်ကို မသိကြပါ။

ရှေးအတိတ်ကံကြောင့် ဆုံတွေ့မိကြခြင်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

* ◆ *

လုယန်မြို့ .... ။

လုယန်မြို့သည် ထင်ရှားသော မြို့ကြီးများတွင် ရှေ့ဆုံးမှပါဝင်နေရကား ....

နေ့ကောညပါ ကြက်ပျံမကျ စည်ကားသိုက်မြိုက်နေသည်။

ချန်းယိုဝါးသည် လုယန်မြို့ထဲသို့ ရောက်လာသည်နှင့် ရင်ထဲလေးလံတင်းကြပ်သွားတော့သည်။

"သည်လောက်စည်ကားသိုက်မြိုက်နေတဲ့ မြို့ကြီးတစ်မြို့မှာ ချန်းလွေဆိုတဲ့လူကိုဘယ်လိုလုပ် လိုက်ရှာရပါ့မလဲ .... "

လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်ခန့်က ချန်းလွေဆိုသော လူတစ်ယောက်ကို ရှာဖွေရမည်ဖြစ်ပါသည်။

ချန်းယိုဝါးသည် ဟိုဟိုသည်သည်ငေးမောရင်း မြို့ထဲဝင်လာခဲ့လေသည်။

ယခုတစ်ကြိမ်တွင် ချန်းလွေအား ရှာဖွေရာ၌ သူမပါးနပ်နေပြီဖြစ်ပါသည်။ ရွှေဆွဲပြားလေးကိုင်ကာ ဟိုလူမေးသည်လူမေးဖြစ်ရပ်ကသင်ခန်းစာရခဲ့ခြင်း ဖြစ်သည်။

"ချန်းလွေဟာ သိုင်းသမားတစ်ယောက် ဖြစ်တယ် .... ဒါ

ကြောင့် လုယန်မြို့မှာ နေထိုင်တဲ့ သိုင်းပညာတတ်ပြီး ရှေ့မီနောက်မီ သိုင်းသမားတွေဆီမှာ စုံစမ်းကြည့်ရမယ် .... "

ဝါရင့်သိုင်းသမားကြီးများအား လူသိများကြပေမည်။

ထိုယူဆချက်ဖြင့် ချန်းယိုဝါးက စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ကာ ဆိုင်လုလင်တစ်ယောက်ထံ၌ စုံစမ်းကြည့်လိုက်၏။ စားသောက်ဆိုင်များသည် လူဝင်လူထွက်များပြီး သတင်းစုံစုံလင်လင် ရရှိနိုင်သော နေရာမျိုး မဟုတ်ပါလား .... ။

ချန်းယိုဝါး၏ယူဆချက် မှန်ကန်နေပါတော့သည်။

မကြာမီ လုယန်မြို့၌ ထင်ရှားသော သိုင်းသမားကြီးများ ဖြစ်ကြောင်း သိလာရ၏။

ချန်းယိုဝါး သိခဲ့ရသည့် သိုင်းသမားကြီးများအနက် လုယန်ဂောတ်ဖြစ်ပြီး ယနေ့ထက်တိုင် နေထိုင်လျက် ရှိသူများကို ရွေးထုတ်လိုက်ရာ သိုင်းသမားကြီးနှစ်ယောက်ကို တွေ့ရှိရ၏။

"ပညာရှိတစ်ယောက်ဆိုတော့ ထူးခြားမှုတွေ ရှိခဲ့ရင် အသေးစိတ်မှတ်မိနေမှာ သေချာတယ် .... "

လုယန်မြို့သည် ကြီးမားကျယ်ဝန်းကာ လူဦးရေထူထပ်လှသော်လည်း ယခုအချိန်တွင် ချန်းယိုဝါးအတွက် ခက်ခဲသောကိစ္စမဟုတ်တော့ချေ။ သူမသည် အလွန်အကင်းပါးလှသဖြင့် ရန်သူမိတ်ဆွေစသည်ကို ခွဲခြားနိုင်စွမ်း ရှိခဲ့လေ၏။

သူမသည် ဟည်ရှိဝမ်နေထိုင်သည့်နေရာကို စုံစမ်းကာ ချက်ချင်း ထွက်လာခဲ့လေတော့သည်။

လုယန်မြို့တောင်ဘက်မြို့စွန်တွင် လူနေအိမ်ခြေ ကျဲပါးနေပါသည်။

ခြံဝန်းကျယ်ကြီးများရှိနေပြီး ထိုခြံဝန်းကြီးများဆုံးလျှင် သစ်ပင်ချုံနွယ်ထူထပ်သည့် မြို့ပြင်သို့ ရောက်သွားမည် ဖြစ်သည်။

ပညာရှိဝမ်သည် နာမည်ရှိသော သိုင်းသမားကြီးတစ်ဦးဖြစ်သော်လည်း စာပေပညာလေ့လာလိုက်စားသူ ဖြစ်ရကား မြို့စွန်ရှိ ခြံဝန်းတစ်ခု၌ အနေများသည်။

သူ၏မိသားစုသည် မြို့လယ်တွင် ဂေဟာတစ်ခု ထူထောင်ကာ အခြေချနေထိုင်လျက် ရှိကြသည်။

ချန်းယို့ဝါးသည် ဆိုင်လုလင် လမ်းညွှန်ပေးလိုက်သည့်အတိုင်း တောင်ဘက်မြို့စွန်သို့ ထွက်လာခဲ့ရာ တစ်နေရာသို့ အရောက်တွင် လူနှစ်ယောက်နှင့် ဆုံတွေ့မိလိုက်လေသည်။

ထိုလူနှစ်ယောက်ကိုမြင်လျှင် ချန်းယို့ဝါးအံ့သြသွား၏။ ထိုလူနှစ်ယောက်မှာ ကောင်းစုဖုံးနှင့် မင်းဝန်းရိတို့ ဖြစ်နေကြသည် မဟုတ်ပါလား။

"ရှင်တို့နှစ်ယောက်ကို သည်နေရာမှာတွေ့ရလိမ့်မယ်လို့ ကျွန်မ မမျှော်လင့်မိခဲ့ဘူးရှင် .... "

ကောင်းစုဖုံးနှင့် မင်းဝန်းရိတို့လည်း ဝမ်းသာအားရဖြစ်သွားကြလေသည်။

"ညီမကို့ .... "

"ညီကလည်း လုယန်မြို့ကို လာခဲ့တာပဲ ဟုတ်လား .... သည်လိုမှန်းသိရင် အတူတူလာခဲ့ကြလို့လည်း ဖြစ်တာပဲ .. "

ချန်းယို့ဝါးက ....

"ကျွန်မဟာ သည်မြို့မှာ လူတစ်ယောက်ကို လာရှာတာပါ"

ကောင်းစုဖုံး ခေါင်းညိတ်လိုက်သည်။

"ကျုပ်တို့ကလည်း လုယန်မြို့ကိုရောက်ရင် ပညာရှိဝမ်ဆီကို ဝင်ပါလို့ ဆရာက မှာလိုက်တာကြောင့် လာခဲ့ကြတာ .... "

မင်းဝန်းရိက ....

"ကျုပ်တို့ကို ဆရာက သိုင်းလောကထဲ လှည့်လည်ပြီးတော့ သုတရှာဖွေခွင့်ပြုလိုက်တာပါ .... ဒါကြောင့် ကျုပ်တို့ လွတ်လွတ်လပ်လပ် ဖြစ်နေကြတာပေါ့ .... "

ချန်းယို့ဝါးက ....

"ကျွန်မလည်း ပညာရှိဝမ်ဆီကို သွားမလို့ရှင့် .... ရှင်တို့နဲ့ သိကျွမ်းတယ်ဆိုတော့ ကောင်းတာပေါ့ .... ကျွန်မတို့ အတူတူ သွားကြမယ်လေ .... "

ကောင်းစုဖုံးတို့ ဝမ်းသာသွားကြသည်။

"ဟာ .... သိပ်ကောင်းတာပေါ့ .... "

နှစ်ယောက်သား ချက်ချင်း သဘောတူလိုက်ကြလေသည်။ သူတို့သည် ယောကျ်ားဝီသစွာ ချောမောခန့်ညားပြီး သိုင်းပညာရှိသော လူငယ်လူရွယ်များ ဖြစ်ကြသည်။

ချန်းယို့ဝါးကလည်း နတ်မိမယ်လေးအလား ချောမောလှပသူလေး ဖြစ်သည်။ ထို့ကြောင့် ချန်းယို့ဝါးနှင့် ရင်းရင်းနှီးနှီးရှိရသည်ကို ကျေနပ်မိကြသည်မှာ မဆန်းပါချေ။

"ကဲ .... ကျွန်မတို့ သွားကြပါစို့ .... "

"ကောင်းပြီ .... "

သုံးယောက်သား လမ်းသွယ်အတွင်းသို့ဝင်ကာ ခပ်သွက်သွက် လှမ်းသွားလိုက်ကြရာ မကြာပါချေ။ ပညာရှိဝမ်နေထိုင်သည့် ခြံဝင်းသို့ ရောက်ရှိသွားကြလေတော့သည်။

ခြံဝန်းက ကျယ်ဝန်းပြီး သစ်ပင်ပန်းပင်များဖြင့် စိမ်းစိမ်းစိုစို ရှိနေသည်။ ခြံဝန်းအတွင်း၌ သစ်သားဖြင့် ဆောက်လုပ်ထားသော အိမ်ကလေးတစ်လုံး ရှိနေသည်။

ထိုသစ်သားအိမ်ကလေးရှေ့ မြေကွက်လပ်၌ ထိုင်ခုံတစ်လုံး ဖြင့်ထိုင်ကာ စာဖတ်နေသော အဘိုးအိုတစ်လက်ရှိနေပါသည်။

အဘိုးအိုသည် စာကိုသဲကြီးမဲကြီးဖတ်နေရာ ချန်းယို့ဝါးတို့ ရောက်လာသည်ကိုပင် သတိမပြုမိနိုင်အောင် ရှိနေမိသည်။

ချန်းယို့ဝါး ကောင်းစုံဖုံးနှင့် မင်းဝန်းရီတို့ သုံးယောက်သည် မလှမ်းမကမ်း၌ ငြိမ်သက်စွာ ရပ်နေလိုက်ကြ၏။

ပညာရှိဝမ်အား အနှောင့်အယှက်မဖြစ်စေလိုခြင်းကြောင့် ဖြစ်ပေသည်။ သို့ဖြင့် ....

ထမင်းတစ်အိုးချက်အချိန်ကြာသွားတော့မှ ပညာရှိဝမ်က အပျင်းတစ်ချက်ဆန့်ကာ လက်ထဲမှ စာအုပ်ကို ချလိုက်လေသည်။

အညောင်းပြေအညာပြေ လမ်းလျှောက်ဖို့ထိုင်ရာမှထရန် ဟန်ပြင်လိုက်တော့မှ ကောင်းစုံဖုံးအား သတိပြုမိသွားသည်။

"ဟင် .... "

ပညာရှိဝမ် အံ့သြသွားလေသည်။

"မင်း .... မင်းတို့ .... "

ကောင်းစုံဖုံးက ဦးညွတ်လိုက်သည်။

"ကျွန်တော်က ကောင်းစုံဖုံးပါ .... "

မင်းဝန်းရီက ....

"ကျွန်တော်ကတော့ မင်းဝန်းရီပါ .... ဆရာက လုယန်ဖြို့ကို ရောက်ရင် ဦးဆီကို ဝင်ပြီး ဂါရဝပြုပါလို့ မှာလိုက်တာကြောင့် လာခဲ့

ကြတာပါခင်ဗျာ .... "

ပညာရှိဝမ် ခေါင်းညိတ်လိုက်သည်။

"မင်းတို့ဆရာက ဘယ်သူများလဲ ပြောပါဦး .... "

မင်းဝန်းရီက ....

"ထင်းယန်လို့ ပြောလိုက်ရင် ဦးသိတယ်လို့ ဆရာမှာလိုက်ပါတယ် .... "

ပညာရှိဝမ် မျက်မှောင်ကုတ်သွား၏။

"ထင်းယန် .... "

"ဟုတ်ပါတယ် ခင်ဗျာ .... "

ပညာရှိဝမ်သည် ထင်းယန်ဟူသောအမည်ကို တီးတိုးရေရွတ်လိုက်လေသည်။

ကောင်းစုံဖုံးနှင့် မင်းဝန်းရီတို့ အံ့သြသွားကြ၏။ သူတို့၏ ဆရာနှင့် ပညာရှိဝမ်တို့မှာ ခင်မင်ရင်းနှီးသော မိတ်ဆွေများ မဟုတ်ကြကြောင်း ချက်ချင်း သတိပြုမိသွားကြတော့သည်။

ခင်မင်ရင်းနှီးသော မိတ်ဆွေများ မဟုတ်ကြပါဘဲ လုယန်ဖြို့သို့ ရောက်လျှင် ပညာရှိဝမ်ထံသို့ ဝင်ဖို့ အဘယ်ကြောင့်များ ကြားလိုက်ပါသနည်း။ ပညာရှိဝမ်ကိုတွေ့လျှင် ပြောရမည့်စကားတစ်ခွန်းကိုလည်း မှာကြားလိုက်သေးသည် မဟုတ်လား။ ပညာရှိဝမ်က ....

"အင်း .... ထင်းယန်ဆိုတဲ့ အမည်ဟာ ထူးခြားတဲ့နာမည်တစ်ခုပါပဲ .... ကျုပ်ရဲ့မိတ်ဆွေတွေထဲမှာ ထင်းယန်လို့ အမည်ရှိတဲ့လူက သုံးလေးယောက်ရှိနေတာကြောင့် ကျုပ်က ဇဝေဇဝါဖြစ်သွားတာပါ"

သူက ချန်းယို့ဝါးအား ကြည့်လိုက်လေသည်။

ချန်းယို့ဝါး ဦးညွတ်လိုက်လေသည်။

"ကျွန်မက ပညာရှိဝမ်ကို လာရှာတာပါ .... "

ပညာရှိဝမ် ပြုံးလိုက်သည်။

"ကျုပ်ဟာ ပညာရှိဝမ်ပဲလေ .... "

ချန်းယို့ဝါးက ....

"ကျွန်မ အကူအညီတစ်ခု တောင်းချင်လို့ပါရှင် .... "

ပညာရှိဝမ်က ....

"ဘာများလဲ .... ပြောပါကွယ် .... "

ချန်းယို့ဝါးက ရွှေဆွဲပြားလေးထုတ်လိုက်သည်။

"သည်ဆွဲပြားလေးဝိုင်ရှင် သိုင်းသမားချန်းလွေဟာ လုယန်ဖြို့မှာ နေထိုင်တယ်လို့ သိရပါတယ် .... "

သူမ မဝံ့မရဲပြောလိုက်သည်။

"လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ဆယ်လောက်ကပါရှင် .... "

ပညာရှိဝမ် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"မိန်းကလေးပြောတာ ကျုပ် သဘောမပေါက်ဘူး .... ကျုပ်ကို ရှင်းပြပါလား .... "

ချန်းယို့ဝါး သက်ပြင်းချလိုက်သည်။

"ကျွန်မ စကားပြောလောကြီးသွားပါတယ် .... အမှန်က သည်လိုပါရှင် .... "

ဆရာဖြစ်သူသည် ဒဏ်ရာပြင်းထန်စွာ ရထားသူတစ်ယောက်အား တွေ့ခဲ့ရကြောင်း ထိုလူက ကလေးငယ်တစ်ယောက်နှင့် ဆွဲပြားလေးကို ပေးအပ်ပြီး သေဆုံးသွားခဲ့ကြောင်း ရှင်းပြလိုက်သည်။

"ကလေးငယ်ဟာ ကျွန်မပါပဲ .... ဆရာရဲ့ကျေးဇူးကြောင့် ကျွန်မ အသက်ရှင်ကြီးပြင်းခဲ့ရပါတယ် .... ဒါပေမယ့် ကျွန်မ ဘယ်သူ

လဲ .... ကျွန်မ မိဘတွေဟာ ဘယ်သူတွေလဲ .... ဘာမှ မသိခဲ့ရပါဘူး ကျွန်မအတွက်သက်သေခံပစ္စည်းလို့ သည်ဆွဲပြားလေးတစ်ခုပဲ ကျွန်ရစ်ခဲ့ပါတယ်ရှင် .... "

သူမသည် စကားကြားလျှင် ပညာရှိဝမ်သာမက ကောင်းစုံးနှင့် မင်းဝန်းရီတို့ပါ စိတ်မကောင်းဖြစ်သွားကြလေသည်။ ပညာရှိဝမ် သက်ပြင်းချလိုက်သည်။

"မိန်းကလေးရဲ့ အဖြစ်က စိတ်မကောင်းစရာပါလား .... "

ချန်းယို့ဝါးပေးသော ဆွဲပြားလေးကိုယူကာ စစ်ဆေးကြည့်လိုက်လေသည်။

ကောင်းစုံးတို့သည် စိတ်ဝင်စားသွားကြ၏။

မင်းဝန်းရီက ချန်းယို့ဝါးကို အားပေးလိုက်သည်။

"ကျုပ်တို့နှစ်ယောက်လည်း ငယ်စဉ်ကတည်းက ဆရာက ကျေးမွေးစောင့်ရှောက်ခဲ့လို့ အခုအချိန်အထိ အသက်ရှည်ကြီးပြင်းလာခဲ့ရတာပါ .... မိဘတွေ ဘယ်သူဘယ်ဝါဆိုတာတောင် မသိရပါဘူး"

ကောင်းစုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်ညီမ .... ကျုပ်တို့လည်း ကိုယ့်မိဘဘယ်သူဘယ်ဝါဆိုတာတောင် မသိရတဲ့လူတွေပါပဲ .... "

ချန်းယို့ဝါး အံ့သြသွား၏။

"ဒါ .... ဒါ တကယ်ပဲလား .... "

"တကယ်ပါ ညီမရယ် .... "

"ဒါဆိုရင် ကျွန်မတို့ဟာ ဘဝတူတွေဖြစ်နေကြပြီပေါ့"

"ဟုတ်ပါတယ် .... "

သုံးယောက်သား အချင်းချင်း ကြည့်လိုက်မိကြလေသည်။

တခဏအတွင်းပိုပြီး ရင်းရင်းနှီးနှီးရှိလာသည်ဟု ခံစားလိုက်ကြရသည်။

ပညာရှိဝမ်က ရွှေဆွဲပြားလေးအား သေသေချာချာစစ်ဆေးကြည့်လိုက်သည်။

တစ်ဖန် ချန်းယို့ဝါးအား မေး၏။

"ဆွဲပြားလေးတစ်ဖက်မှာ ချန်းယို့ဝါးလို့ ရေးထားပါလား"

ချန်းယို့ဝါးက ....

"ဟုတ်ပါတယ်ရှင် .... ဆရာကတော့ ဆွဲပြားလေးပေါ်က နာမည်ဟာ ကျွန်မနဲ့ ပတ်သက်နေမယ်လို့ ယူဆပြီး ကျွန်မတို့ ချန်းယို့ဝါးလို့ အမည်ပေးခဲ့တာပါ .... "

ပညာရှိဝမ်က မေးမြန်းသည်။

"သည်ဆွဲပြားလေးနဲ့ ချန်းလွေက ဘာများပတ်သက်နေလို့လဲ ကျွပ်စစ်ဆေးတွေ့ရှိတာကတော့ ဆွဲပြားပေါ်မှာ ကြေးပြားတံဆိပ်ပန်းတိမ်ဖို့ရဲ့ အမှတ်အသားရှိနေတယ် .... တစ်ချိန်က လျှမ်းလျှမ်းကောက် ကျော်ကြားခဲ့တဲ့ ပန်းတိမ်ဖိုပေါ့ .... သည်ဆွဲပြားဟာ သူတို့ပန်းတိမ်မှာ လုပ်တာပဲ ဖြစ်မယ် .... "

"ဟုတ်ပါတယ်ရှင် .... "

"မင်းက အဲသည့်ပန်းတိမ်ဖိုမှာ သွားပြီးစုံစမ်းကြည့်ပါလား"

ချန်းယို့ဝါး သက်ပြင်းချလိုက်သည်။

"ကျွန်မ သွားပြီးပါပြီရှင် .... "

"အော် .... "

"အဲသည်ကတောင် သည်ဆွဲပြားလေးကို သိုင်းသမားချန်းလွေက ဝယ်ယူသွားခဲ့တယ်ဆိုတာ သိရလို့ လုယန်ဖြို့ကို လိုက်လာခဲ့တာပါ"

ပညာရှိဝမ် မျက်လုံးပြူးသွားသည်။

"ဟုတ်သားပဲ .... ကျွပ်က ဘာကြောင့်မေ့နေတာလဲ .... "

ပညာရှိဝမ်က အမှတ်တမဲ့ အော်ပြောလိုက်ခြင်းကြောင့် ချန်းယို့ဝါး အံ့သြပြီး ပညာရှိဝမ်ကို အားကိုးစွာကြည့်လိုက်မိ၏။

ပညာရှိဝမ်က ....

"ချန်းလွေကို ကျွပ် ကောင်းကောင်းသိတာပေါ့ .... "

"ဒါ .... ဒါဆို .... "

ချန်းယို့ဝါး စိတ်လှုပ်ရှားသွား၏။

သဲလွန်စတစ်ခုပြီးတစ်ခု ရရှိလာကာ သူမငယ်ဘဝမှန်ကို သိရတော့မည် မဟုတ်ပါလား။ ပညာရှိဝမ်က ....

"လုယန်ဖြို့မှာ ထိပ်တန်းသိုင်းသမားတွေ အတော်များများ ရှိပါတယ် .... အမျိုးအနွယ်တွေလည်း စုံလင်နေတာပဲ .... ဒါပေမယ့် လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်ကတော့ ချန်းအမျိုးအနွယ် သိုင်းသမားတွေထဲမှာ ထင်ရှားခဲ့တာ တစ်ယောက်ပဲ ရှိတယ် .... "

"သူ .... သူဟာ .... "

"ကျွပ်က အသက်ကြီးလာတော့ မှတ်ဉာဏ်ချို့ယွင်းလာတယ်၊ ဒါပေမယ့် ချက်ချင်း မမှတ်မိတာသာ ရှိတာပါ .... တဖြည်းဖြည်း စဉ်းစားလိုက်ရင် အားလုံးပေါ်လာတာပါပဲ .... လုယန်မှာ လွန်ခဲ့တဲ့ နှစ်ဆယ်လောက်က နာမည်အကြီးဆုံးနေရာကို ပြပါဆိုရင် ချန်းစံအိမ်ကို ညွှန်ပြရမှာပဲ .... စံအိမ်ပိုင်ရှင်ကတော့ မိန်းကလေးပြောတဲ့ ချန်းလွေပါ .... "

ချန်းယို့ဝါးမှာ စိတ်လှုပ်ရှားလွန်းသဖြင့် အသားများပင် တဆတ်ဆတ်တုန်ယင်လာသည်။

ဆွဲပြောကလေးက သူမ၏ဘဝမှန်ကို လမ်းညွှန်ပေးနေပြီ မဟုတ်ပါလား။

လုယန်မြို့တွင် ချန်းစံအိမ်ဆိုသည်မှာ ရှိခဲ့သည်။ ချန်းစံအိမ်ပိုင်ရှင်မှာ ချန်းလွေဆိုသူ ဖြစ်နေသည်။ ချန်းလွေနှင့်တွေ့.ရလျှင် သူမ မည်သူ မည်ဝါဖြစ်မှန်း သိရတော့မည် ဖြစ်ပါသည်။ သဲလွန်စ မဟုတ်။ အဖြေက သက်သေကြီးကိုရတော့မည် မဟုတ်ပါလား။

ချန်းယို့ဝါး အလောတကြီး မေးလိုက်သည်။

"ချန်းစံအိမ်ပိုင်ရှင် ချန်းလွေကို ဘယ်မှာရှာတွေ့.ရနိုင်မလဲရှင်"

ပညာရှိဝမ် ခေါင်းခါယမ်းလိုက်သည်။

"ဘယ်မှာမှ မတွေ့.ရနိုင်တော့ပါဘူးကွယ် .... "

"ရှင် .... "

"ချန်းလွေက သေ ပုံးသွားပြီး ချန်းစံအိမ်လည်း ပျက်စီးသွားခဲ့တာ ကြာပါပြီကွယ် .... "

ပညာရှိဝမ်၏စကားကြောင့် ချန်းယို့ဝါးငူငူကြီးဖြစ်သွားရလေတော့သည်။

စာစဉ်(၃)ပြီး၏။

စာစဉ်(၄-ဇာတ်သိမ်းပိုင်း)ကို ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ်နေလင်းအောင်